www.burmeseclassic.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဥပနိဿယအတိုင်း

# မိုးကုတ်ယောဂီလက်စွဲ

အမှတ်(၁)

## အခြေခံပဋိစ္စသမုပ္ပါဒ်သင်တန်းတရား


မဟာသဒ္ဓမ္မဇောတိကဓဇ သဒ္ဓမ္မဇောတိကဓဇ
သီဟသုဓမ္မမဏိဇောတဓရ ဦးမြင့်ဆွေ
မိုးကုတ်ဓမ္မကထိက၊ ဥက္ကဋ္ဌ၊
ရာသက်ပန်အမြဲတမ်းတရားစခန်း ဓမ္မရိပ်သာကြီးမှ
ပြုစုတင်ပြသည်။

၁၃၅၉-ခုနှစ် သာသနာနှစ် ၂၅၄၁ ၁၉၉၇-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓမ္မဇောတိကဓဇ
သီဟသုဓမ္မမဏိဇောတဓရ
ဦးမြင့်ဆွေ

www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်ဘုရားကြီး၏ အမရပူရမြို့တွင်
ကျန်ရှိနေသည့် မီးမခသောအံပွားတော်



ဆရာတော်ဘုရားကြီး၏ အရိုး၊ အသွေး၊ အသားတော်
တို့မှဖြစ်ပေါ်လာသော ဓာတ်တော်များ

www.burmeseclassic.com

www.burmeseclassic.com




ဆရာတော်ဘုရားကြီး၏ အရိုး၊ အသွေး၊ အသားတော်
တို့မှဖြစ်ပေါ်လာသော ဓာတ်တော်များ



ဆရာတော်ဘုရားကြီး၏ မီးမခသော မျက်လုံးတစ်စုံအနက်မှ
မိုးကုတ်မြို့တွင် ကျန်ရှိနေသော မျက်လုံးတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ

၁။ တရားစဉ်
၂။ လုပ်ငန်းစဉ်
၃။ လုပ်ငန်းခွင်တို့ဖြစ်ပါသည်။

၁။ တရားစဉ်ဆိုသည်မှာ ။ ။ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ ဓာတ်တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ ဖြစ်သည်။

၂။ ~~လင်္ကာ~~ဆောင်ပုဒ်

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု
လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊
တရားကိုယ်များနှင့် သုံးပါးအထပ်
နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်
ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်
သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

၃။ ပဋိစ္စသမုပ္ပါဒ် လင်္ကာကျက်နည်း

(၂) . . . . မူလနှစ်ဖြာ
(၂) . . . . သစ္စာနှစ်ခု
(၄) . . . . လေးခုအလွှာ
(၁၂) . . . . အင်္ဂါတစ်ဆယ့်နှစ်ပါးတရားကိုယ်များနှင့်
(၃) . . . . သုံးပါးအစပ်နှစ်ရပ်မူလ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၃)..... ဝဋ်သုံးဝနှင့်
(၃).... ကာလသုံးဖြာ
(၂၀)..... ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊
အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ
လွတ်ကြောင်းတည်း။

BURMESE CLASSIC .com

## ပဋ္ဌိစ္စသမုပ္ပါဒ် လက်ာရှင်းလင်းချက်

၁။ မူလနှစ်ဖြာဆိုသည်မှာ.. အဝိဇ္ဇာနှင့် တဏှာ
၂။ သစ္စာနှစ်ခုဆိုသည်မှာ.. သမုဒယသစ္စာနှင့်
ဒုက္ခသစ္စာ
၃။ လေးခုအလွှာဆိုသည်မှာ
(၁) အကွက်..အတိတ်အကြောင်းတစ်လွှာ
(၂) အကွက်.. ပစ္စုပ္ပန်အကျိုးတစ်လွှာ
(၃) အကွက်.. ပစ္စုပ္ပန်အကြောင်းတစ်လွှာ
(၄) အကွက်.. အနာဂတ်အကျိုးတစ်လွှာ
၄။ အင်္ဂါတစ်ဆယ့်နှစ်ပါးဆိုသည်မှာ
– အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ
ယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊
ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့ဖြစ်ပါသည်။
တရားကိုယ်များနှင့်ဆိုသည်မှာ..အထက်ပါတရားများ အဝိဇ္ဇာ
အစ ဇရာ၊ မရဏ အဆုံးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ သုံးပါးအစပ်ဆိုသည်မှာ

(၁) အကွက်နှင့် (၂)အကွက်ကြား သင်္ခါရနှင့် ဝိညာဏ်အစပ်

(၂) အကွက်နှင့် (၃)အကွက်ကြား ဝေဒနာနှင့် တဏှာအစပ်

(၃) အကွက်နှင့် (၄)အကွက်ကြား ကမ္မဘဝနှင့် ဇာတိအစပ်တို့ဖြစ်ပါသည်။

နှစ်ရပ်မူလဆိုသည်မှာ . . .တဏှာနှင့် အဝိဇ္ဇာ၊

၆။ ဝဋ်သုံးဝနှင့် ဆိုသည်မှာ

(၁) ကိလေသဝဋ် ၃–ပါး

(၂) ကမ္မဝဋ် ၂–ပါး

(၃) ဝိပါကဝဋ် ၈–ပါး ဖြစ်သည်။

(၁) ကိလေသဝဋ်သုံးပါးဆိုသည်မှာ . . . အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။

(၂) ကမ္မဝဋ်နှစ်ပါးဆိုသည်မှာ . . သင်္ခါရနှင့် ကမ္မဘဝ။

(၃) ဝိပါကဝဋ်ရှစ်ပါးဆိုသည်မှာ . . ဝိညာဏ်၊ နာမ်ရုပ်။

သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ဥပတ္တိဘဝ တို့ဖြစ်ပါသည်။

၇။ ကာလသုံးဖြာဆိုသည်မှာ

(၁) – လွန်လေပြီးသော အတိတ်ကာလ

(၂) – ယခုဖြစ်စဉ် ပစ္စုပ္ပန်ကာလ

(၃) – နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

www.burmeseclassic.com

www.burmeseclassic.com



၈။ ခြင်းရာနှစ်ဆယ်ဆိုသည်မှာ–
- နံပါတ် (၁) အကွက်အတိတ်အကြောင်း အခြင်းအရာ ငါးပါးသည် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတို့ ဖြစ်သည်။
- နံပါတ် (၂) အကွက် ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါးသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။
- နံပါတ် (၃) အကွက် ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါးသည် တဏှာ၊ ဥပါဒါန်ဘဝ၊ အဝိဇ္ဇာ၊သင်္ခါရ။
- နံပါတ် (၄) အကွက် အနာဂတ်အကျိုး အခြင်းအရာ ငါးပါးသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ ဖြစ်၍ တစ်ကွက်လျှင် ငါးပါး၊ (၄)ကွက်ဆိုတော့ ၅x၄=၂၀ တို့ဖြစ်ပါသည်။

ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

## **ခန္ဓာငါးပါး**

(၁) (ရုပ်) **ရူပက္ခန္ဓာ** ဆိုသည်မှာ ဖောက်ပြန်ပျက်စီးတတ်သောအစုဖြစ်ပျက်မှု။

(၂) (နာမ်) **ဝေဒနာက္ခန္ဓာ** ဆိုသည်မှာ ကောင်းမကောင်း ခံစားတတ်တဲ့သဘောအစုဖြစ်ပျက်မှု။

(၃) (နာမ်) **သညာက္ခန္ဓာ** ဆိုသည်မှာ ဖြူ၊ နီ၊ ကြောင်ကျား မှတ်တတ်တဲ့သဘောအစုဖြစ်ပျက်မှု။

www.burmeseclassic.com

www.burmeseclassic.com



(၄) (နာမ်) **သင်္ခါရက္ခန္ဓာ** ဆိုသည်မှာ ပြုပြင်စေ့ဆော်တတ်တဲ့သဘော အစုဖြစ်ပျက်မှု။

(၅) (နာမ်) **ဝိညာဏက္ခန္ဓာ** ဆိုသည်မှာ သိတတ်တဲ့သဘော အစုဖြစ်ပျက်မှု။

## အာယတန ၁၂-ပါး ဆိုသည်မှာ

အတွင်းအာယတန ၆ပါး၊အပြင်အာယတန ၆ပါးတို့ဖြစ်သည်။

အတွင်းအာယတနာ ၆ပါး ဆိုသည်မှာ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် တို့ဖြစ်ပါသည်။

အပြင်အာယတန ၆ပါး ဆိုသည်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ တို့ဖြစ်ပါသည်။

အတွင်း၆ပါးနှင့် အပြင် ၆ပါးတို့ပေါင်းသော် အာယတန ၁၂ပါးဖြစ်ပါသည်။

## ဓာတ် ၁၈ပါး ဆိုသည်မှာ

၁။ အခံဓာတ် ၆ပါး။

၂။ အတိုက်ဓာတ် ၆ပါး။

၃။ အပွင့်ဓာတ် ၆ပါး။

အထက်ပါ ဓာတ် ၃မျိုးကို ပေါင်းသော် (၆x၃=၁၈) ဓာတ် ၁၈ပါးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(က) **အခံဓာတ် ၆ ပါး** ဆိုသည်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

(ခ) **အတိုက်ဓာတ် ၆ ပါး** ဆိုသည်မှာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာတို့ ဖြစ်သည်။

(ဂ) **အပွင့်ဓာတ် ၆ ပါး** ဆိုသည်မှာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်းစိတ်၊ တွေးတောစိတ်တို့ ဖြစ်ပါသည်။

အခံဓာတ် ၆၊ အတိုက်ဓာတ် ၆၊ အပွင့်ဓာတ် ၆၊ ပေါင်းသော် ၁၈ ဖြစ်ပါသည်။

## သစ္စာလေးပါးဆိုသည်မှာ

၁။ ဒုက္ခသစ္စာ . . . ဒုက္ခအကျိုးအမှန်။

၂။ သမုဒယသစ္စာ . . ဒုက္ခဖြစ်ကြောင်းအမှန်။

၃။ နိရောဓသစ္စာ . . ဒုက္ခချုပ်ကျိုးအမှန်။

၄။ မဂ္ဂသစ္စာ . . ဒုက္ခ၊ သမုဒယ ချုပ်ရာချုပ်ကြောင်း၊ လမ်းကောင်းအကျင့်မှန်

အကြောင်းအကျိုးနည်းအရဆိုလျှင်

(၁) သမုဒယသစ္စာ၊ (၂) ဒုက္ခသစ္စာ၊ (၃) မဂ္ဂသစ္စာ၊ (၄) နိရောဓသစ္စာ။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ–

အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟု

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါသည်။ ရှေ့မှာ ပဋိစ္စသမုပ္ပါဒ် လက်ကျိုက်နည်းနှင့် စက်ဝိုင်းကြီးလှည့်တတ်အောင် တင်ပြပြီးပါပြီ။

ယခုအခါ အင်္ဂါ ၁၂ ပါး၏ အဓိပ္ပါယ်ကို ရှင်းပြပေးပါမည်။

(၁) အဝိဇ္ဇာ . . သစ္စာလေးပါး မသိတာ။
(၂) သင်္ခါရ . . ပြုပြင်စေ့ဆော်တာ။
သင်္ခါရ ၃ မျိုးရှိပါသည်။
ယင်းတို့မှာ– (က) ပုညာဘိ သင်္ခါရ။
(ခ) အပုညာဘိ သင်္ခါရ။
(ဂ) အာနေဉ္ဇာဘိသင်္ခါရ တို့ဖြစ်ပါသည်။

| | |
|---|---|
| ပုညာဘိသင်္ခါရ | ပုည = ကုသိုလ်<br>အဘိ = လွန်ကဲစွာ<br>သင်္ခါရ = ပြုလုပ်ခြင်း<br>(ကုသိုလ်ကောင်းမှုကို လွန်ကဲစွာ ပြုလုပ်ခြင်း) |
| အပုညာဘိသင်္ခါရ | အပုည = အကုသိုလ်<br>အဘိ = လွန်ကဲစွာ<br>သင်္ခါရ = ပြုလုပ်ခြင်း<br>(မကောင်းမှု အကုသိုလ်ကို လွန်ကဲစွာ ပြုလုပ်ခြင်း) |
| အာနေဉ္ဇာဘိသင်္ခါရ | အာနေဉ္ဇ = ဈာန်သမာဓိအလုပ်<br>အဘိ = လွန်ကဲစွာ<br>သင်္ခါရ = ပြုလုပ်ခြင်း<br>(သမထဘာဝနာပွားများခြင်း) |

www.burmeseclassic.com

www.burmeseclassic.com



(၃) ဝိညာဏ် ပဋိသန္ဓေစိတ်၊ ပဋိ= တစ်ဖန် သန္ဓိ= စပ်၍ဖြစ်ခြင်း။

(ပဋိသန္ဓေ= တစ်ဖန်စပ်၍ဖြစ်ခြင်း၊ ဤနေရာ၌ ပဝတ္တိဝိညာဏ်ကို မယူရပါ။ (ပဋိသန္ဓေဝိညာဏ်ကို ရယူရပါမည်။)

(၄) နာမ်ရုပ် နာမ်နှင့်ရုပ်ဖြစ်ပါသည်။

(၅) သဠာယတန မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

(၆) ဖဿ တွေ့ထိခြင်း

(၇) ဝေဒနာ ကောင်း၊မကောင်း ခံစားခြင်း

(၈) တဏှာ လိုချင်တက်မက်ခြင်း

(၉) ဥပါဒါန် စွဲလမ်းခြင်း

(၁၀) ကမ္မဘဝ (က)ကိုယ်နှင့်ပြုလုပ်ခြင်း၊ကာယကံ
(ခ) နှုတ်ဖြင့်ပြောဆိုခြင်း၊ ဝစီကံ။
(ဂ) စိတ်ဖြင့်ကြံစည်ခြင်း၊ မနောကံ

(ကာယ–သင်္ခါရ၊ ဝစီ–သင်္ခါရ၊ စိတ္တ–သင်္ခါရ)

(၁၁) ဇာတိ ပဋိသန္ဓေနေခြင်း။

(၁၂) ဇရာ–မရဏ အိုခြင်း၊ သေခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## လင်္ကာဆောင်ပုဒ်

အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်ကံကြောင့်၊
ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊
အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊
ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ
အဖန်ဖန်၊ ဖြစ်ပြန်နည်းအလျော်
ဗြဟ္မာသိကြား၊ စသည်များက
ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း
အကြောင်းရင်းကြောင့်၊ လူနတ်များစွာ
သတ္တဝါတို့၊ ဖြစ်လာရမှု မဟုတ်ဟု ဉာဏ်ဖြင့်ရှုမျှော်။

အဝိဇ္ဇာဆိုသည်မှာ၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကိုမသိခြင်း၊ အမှန်မမြင်အောင် ဖုံးလွှမ်းတတ်ခြင်းကြောင့် မျက်ကန်းနှင့်တူသည်၊ အဝိဇ္ဇာသည် အတိတ်ကာလ၏ ခေါင်းဆောင်ဖြစ်သည်။

တဏှာဆိုသည်မှာ တပ်မက်ခြင်း၊အလွန်နှစ်သက်ခြင်း၊ မရောင့်ရဲတတ်သောသဘောရှိပါသည်။ ပစ္စုပ္ပန်ကာလတွင် တဏှာခေါင်းဆောင်ဖြစ်သည်။

ထိုကဲ့သို့အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလတို့မှာ အဝိဇ္ဇာ တဏှာတို့က အရင်းခံခေါင်းဆောင်များဖြစ်ကြပြီး သူတို့နောက်က စွဲလန်းတဲ့ဥပါဒါန်က ကပ်လိုက်လာတော့ ကာယ

www.burmeseclassic.com

www.burmeseclassic.com



ကံ။ ဝစီကံ၊ မနောကံဆိုတဲ့ ကံတွေပြုလုပ်မိတာပေါ့။ သစ္စာနဲ့ ပြောရရင်တော့ သမုဒယသစ္စာတွေ လုပ်လိုက်မိပြီဆိုတာနဲ့ တစ်ပြိုင်နက် အကျိုးဒုက္ခသစ္စာပဲ ရတော့မှာ သေချာတာပေါ့။ အကျိုးဒုက္ခသစ္စာအနေနဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာ ၅ ပါးကြီးပဲ ပြန်ရတော့တာပဲပေါ။

အတိတ်အကြောင်းက အဝိဇ္ဇာ၊ တဏှာအရင်းခံတဲ့ သမုဒယသစ္စာအကြောင်းတရားတွေကြောင့် ပစ္စုပ္ပန် အကျိုးအကြောင်း၊ အဝိဇ္ဇာ၊ တဏှာအရင်းခံတဲ့ သမုဒယသစ္စာ အကြောင်းတရားတွေ ပြန်လုပ်ကြပြန်တော့ အနာဂတ်အကျိုး ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးပဲရမှာ သေချာတော့တာပေါ့။

အဲဒီလိုပဲ အပင်မှမျိုး၊ မျိုးမှအပင်ဆိုသလို၊ သရက်ပင်က သရက်သီးတွေသီးမယ်၊ သရက်သီးမျိုးစေ့တွေကပဲ သရက်ပင်တွေ ပြန်ပေါက်ကြဦးမှာပေါ့။ မျိုးဆက်တွေ အမျှင်မပြတ်ဆက်စပ်နေမှာ သေချာတော့တာပေါ့။

နှလုံးသွင်းမှားတဲ့မြေပေါ်မှာ၊ အဝိဇ္ဇာမျိုးစေ့တွေချပြီး တဏှာရေလောင်းလိုက်တာနဲ့တစ်ပြိုင်နက်၊ ခန္ဓာငါးပါး အဆိပ်ပင်ကြီးပေါက်လာတော့တာပေါ့။ ဒီခန္ဓာငါးပါးအဆိပ်ပင်ကြီးကနေ အဝိဇ္ဇာအဆိပ်သီး၊ အဆိပ်မျိုးစေ့တွေ နှလုံးသွင်းမှားတဲ့ မြေပေါ်ပြန်ကျပြီး တဏှာရေဆက်လောင်းလိုက်တာနဲ့ ခန္ဓာငါးပါး အဆိပ်ပင်ကြီးပဲ ပြန်ပေါက်မှာ သေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လို့ အဝိဇ္ဇာ၊ တဏှာအရင်းခံ၊ လွှမ်းမိုးခံ၊ အချယ်လှယ်ခံ၊ အအုပ်ချုပ်ခံ၊ ဦးဆောင်မှုခံယူနေသမျှကာလ ပတ်လုံး၊ သစ္စာနဲ့ဝေး၊ သာသနာတော်နဲ့ဝေး၊ ဆရာကောင်း သမားကောင်းနဲ့ဝေး၊ မဂ္ဂင်လမ်းနဲ့ဝေး၊ နိဗ္ဗာန်ချမ်းသာမြတ်ကြီး နဲ့ ဝေးသထက်ဝေးပြီး၊ သံသရာ့ရေယာဉ်ကြောမှာ ဘဝပေါင်း အသချေ်အနန္တ ဝေးခဲ့ကြရတာပဲပေါ့။

အဝိဇ္ဇာတဏှာရဲ့ လက်ချက် ခံနေရသမျှ တဏှာ ဉပါဒါန်၊ ကံတွေဆက်ပြီး နာမ်ရုပ်တွေပဲ ရနေမှာပဲ။ နာမ်ရုပ်တွေ ရနေတာနဲ့၊ နာမ်ရုပ်တွေ ရနေတာနဲ့အမျှ တဏှာ၊ ဉပါဒါန် ကံ တွေ ပြန်ဆက်နေမှာပဲ။ သံသရာရေယာဉ်ကြောမှာ အဆုံးအစ မရှိ၊ အဖန်ဖန်မျောနေတော့မှာပဲ။

ဒါတွေဟာ နာမ်ရုပ်ခန္ဓာတွေရဲ့ ဖြစ်စဉ်တွေပဲပေါ့။ ဘယ်ဗြဟ္မာသိကြားတွေကမှ ဖန်ဆင်းလို့ ဖြစ်လာကြတာ မဟုတ် ဘူး။

အဝိဇ္ဇာတဏှာဒဏ်ချက်က မလွတ်ထွက်သေးသမျှ၊ သစ္စာတရားနဲ့ဝေး၊ နိဗ္ဗာန်နဲ့ အဝေးကြီးဝေးနေကြမှာပဲ။ ကိုယ် ပြုလုပ်ခဲ့တဲ့ ကံအကြောင်းတရားတိုင်း လူ၊ နတ် စတဲ့ သတ္တဝါ အများ၊ အကျိုးတရားရနေကြမှာပဲ။

ဒါကြောင့် ရတောင့်ရခဲတဲ့ လူ့ဘဝကို ရတုန်းလေး အခိုက်မှာ လူ့ဘဝရဲ့ အနှစ်သာရကို ရအောင်ယူနိုင်ကြဖို့ အရေးကြီးပါတယ်။ လူဖြစ်ရကျိုးနပ်အောင် လုပ်ဆောင်နိုင်ကြ ဖို့ အရေးအကြီးဆုံးဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝရဲ့အနှစ်သာရဆိုတာ၊ ဆင်းရဲတာချမ်းသာတာနဲ့ လုံးဝ မဆိုင်ပါ၊ ဗုဒ္ဓရဲ့အဆုံးအမကို နာခံတတ်ဖို့ပဲ၊ သစ္စာသိတဲ့၊ ဉာဏ်နဲ့ကျင့်ကြံ ပွားများအားထုတ်နိုင်ဖို့ပဲ၊ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အကျင့်ကောင်း၊ အကျင့်မြတ်တို့ဖြင့် ကိုယ်ကိုယ်ကို ကယ်တင်နိုင်ကြမှသာ လူ့ဘဝရဲ့အနှစ်သာရကို ရရှိနိုင်ကြပြီး လူဖြစ်ရကျိုးနပ်မှာဖြစ်ပါတော့သည်။

## ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားတော်

ပဋိစ္စသမုပ္ပါဒ် ဆိုသည်မှာ ဇာတိသည် ဇရာ၊ မရဏာ၏ အကြောင်းတရားဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်ဟုခေါ်ပါသည်။ ဇရာ၊ မရဏာ တည်းဟူသော အကျိုးတရားကို ပဋိစ္စသမုတ်ပန္နဟုခေါ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကြီးတွင်(၁)အကွက်၊ (၂) အကွက်၊ (၃) အကွက်နှင့် (၄) အကွက်ဟူ၍ အကွက် (၄)ကွက်ရှိပါတယ်။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါးမှာ–

(၁) အကွက်တွင် အဝိဇ္ဇာနှင့် သင်္ခါရဟူ၍ (၂)ပါး။

(၂) အကွက်တွင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ (၅)ပါး။

(၃) အကွက်တွင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟူ၍ (၃)ပါး။

(၄) အကွက်တွင် ဇာတိ (ဥပပတ္တိဘဝ)၊ ဇရာ မရဏာဟူ၍ (၂)ပါး၊ စုစုပေါင်း (၁၂)ပါးဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်းဒေသနာအရ (၁) အကွက်တွင် အဝိဇ္ဇာနှင့် သင်္ခါရအင်္ဂါ နှစ်ပါးပါဝင်ပါတယ်။ အဝိဇ္ဇာဆိုသည်မှာ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကိုမသိခြင်း၊ ယင်းတရားတို့အပေါ်၌ တွေဝေခြင်း၊ အာရုံ၌ရှိသောတရားတို့ကို အမှန်မမြင်မသိအောင် ဖုံးလွှမ်းတတ်ခြင်း၊ အာသဝလျှင်နီးသော အကြောင်းရှိခြင်းကြောင့် အဝိဇ္ဇာသည် မျက်ကန်းနှင့် တူပါတယ်။ သင်္ခါရဆိုသည်မှာ အားထုတ်ခြင်းကိစ္စ၊ စေ့ဆော်တတ်သော စေတနာလျှင် ပြဋ္ဌာန်းသောတရားဖြစ်ပါတယ်။ သင်္ခါရ(၃) မျိုးရှိပါတယ်။ (၁)ကာယသင်္ခါရ(ကိုယ်ဖြင့်အားထုတ် ပြုလုပ်ခြင်း)၊ (၂)ဝစီသင်္ခါရ(နှုတ်ဖြင့်အားထုတ်ပြုလုပ်ခြင်း)၊ (၃) စိတ္တသင်္ခါရ(စိတ်အားဖြင့်တွေးတောကြံစည်ခြင်း)။

၁။ ပုညာဘိသင်္ခါ(ရ) (အဝိဇ္ဇာဂတော၊ ပုညာဘိသင်္ခါရောတိ) အဝိဇ္ဇာတရား ကိန်းသောပုဂ္ဂိုလ်သည် ပုညတည်းဟူသော ကုသိုလ်ကောင်းမှုတို့အား အဘိလွှန်ကဲစွာ၊ သင်္ခါရောတိ ပြုလုပ်လေ့ရှိပါသည်။ သစ္စာမသိဘဲ ပြုလုပ်သောကုသိုလ်ကောင်းမှုကို ဆိုလိုပါတယ်။ ကုသိုလ်ကောင်းမှုပြုလုပ်ရာတွင်

(က)ဒိဋ္ဌိစွာ၊ ဝိပဿနာခြံရံသော ကုသိုလ်သာနိဗ္ဗာန်ကိုအကျိုး ပေးနိုင်ပြီး၊

(ခ) ဒိဋ္ဌိမစွာ၊ ဝိပဿနာမခြံရံသော ကုသိုလ်၏ စွမ်းရည်မှာ လူ့ကတိ (ဒုက္ခသစ္စာ)ကိုသာအကျိုးပေးမည်ဖြစ်ပါတယ်။

ထို့ကြောင့် ကုသိုလ်ဆိုလျှင် နည်းယောင်း၊ များယောင်း (တောင်းပြည့်)ဟူ၍ မမှတ်ပါနှင့်၊ ဝဋ်ဆက်သောကုသိုလ်၊ ဝဋ်ဖြတ်စေတတ်သောကုသိုလ်၊ ဒုက္ခရောက်စေတတ်သော

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်သင်္ခါရ၊ နိဗ္ဗာန်ရောက်စေတတ်သော ကုသိုလ် သင်္ခါရတို့ကို သစ္စာသိသော ဉာဏ်ဖြင့် ဝေဖန်၍ (၂)မျိုး သိရပါမည်။

၂။ အပုညာဘိသင်္ခါရ = အပုည – အကုသိုလ်တရားအစုကို
အဘိ – လွန်ကဲစွာ
သင်္ခါရ – ပြုလုပ်ခြင်း

မကောင်းမှုဒုစရိုက်တရားများဖြစ်သည့် ဒုရာဇီဝစသော တံငါ၊ မုဆိုး၊ အမြတ်ကြီးစားလုပ်ငန်းဖြင့် လွန်ကဲစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်ခြင်း။

၃။ အာနေဥ္စာဘိသင်္ခါရ = အာနေဥ္စ – ဗြဟ္မာ့ပြည်ရောက်ကြောင်းရျာန်လမ်းဖြစ်တဲ့ သမထဘာဝနာပွားများခြင်းအလုပ်ကို သင်္ခါရပြုလုပ်ခြင်း(အဘိ–လွန်ကဲစွာ၊ သင်္ခါရ ပြုလုပ်ခြင်း)။

ထို့ကြောင့် အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ၊
အဝိဇ္ဇာပစ္စယာ အပုညာဘိသင်္ခါရ၊
အဝိဇ္ဇာပစ္စယာ အာနေဥ္စာဘိသင်္ခါရ၊

တို့ကို ဖြစ်ပေါ်စေပါတယ်။

ဤတွင် သင်္ခါရသည် အကျိုးတရား၊ အဝိဇ္ဇာသည် အကြောင်းတရားဖြစ်ပါသည်။ ပစ္စယာဆိုတာ 'ကြောင့်' လို့ အဓိပ္ပါယ်ရပါတယ်။

စက်ဝိုင်း(၁)အကွက် အဝိဇ္ဇာနှင့် သင်္ခါရ(၂)ပါးပါဝင်ပြီး မသိမှုအဝိဇ္ဇာ အကြောင်းတရားကြောင့် သင်္ခါရ(၃)ပါး အကျိုးတရားများကို ပြုလုပ်ခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာနှင့်သင်္ခါရ အင်္ဂါနှစ်ပါးသည်

(၁) ကာလမှာ (လွန်ခဲ့လေပြီးသော အတိတ်ကာလ)၊

(၂) အလွှာမှာ (အတိတ်အကြောင်းတစ်လွှာ)၊

(၃) အခြင်းအရာမှာ အတိတ်အကြောင်း အခြင်းအရာ (၅) ပါး။

(၄) သစ္စာမှာ (သမုဒယသစ္စာ) ဖြစ်ပါတယ်။

အဝိဇ္ဇာတရားသည် အတိတ်ကာလစက်ဝိုင်း(၁)အကွက်တွင် ဦးဆောင်၍ (၂)အကွက် ဝိညာဏ်အစ ဝေဒနာအဆုံးအထိ သူ၏ သတ္တိဖြစ်ပါတယ်။ တဏှာတရားသည် ပစ္စုပ္ပန်ကာလ၊ (၃)အကွက်တွင် ဦးဆောင်ပြီး၊ (၄)အကွက် ဇရာမရဏအထိ သူ့ သတ္တိဖြစ်ပါတယ်။

အတိတ်အကြောင်းအခြင်းအရာ (၅)ပါးမှာ –
မသိမှုက (အဝိဇ္ဇာ)၊ ပြုလုပ်မှုက (သင်္ခါရ)၊ လိုချင်မှုက (တဏှာ)၊ စွဲလမ်းမှုက (ဥပါဒါန်)၊ အားထုတ်မှုက (ဘဝ) တို့ ဖြစ်ပါတယ်။

**စက်ဝိုင်း**(၁)အကွက်တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ တည်းဟူသော ကိလေသာဝဋ် (၃)ပါး၊ သင်္ခါရနှင့် ဘဝတည်းဟူသော ကမ္မဝဋ်(၂)ပါးတို့ ရှိပါတယ်။ ကိလေသာဝဋ်သည် အကြောင်းတရား၊ ကမ္မဝဋ်သည် အကျိုးတရားဖြစ်ပြီး ကိလေသာဝဋ်အကြောင်းကြောင့် ကမ္မဝဋ်သည် ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဝိပါကဝဋ်မှာ **ဝိညာဏ်၊ နာမ်ရုပ်** သဠာယတန၊ ဖဿ၊ ဝေဒနာ၊

www.burmeseclassic.com

www.burmeseclassic.com



ဇာတိ (ဥပပတ္တိဘဝ)၊ ဇရာ မရဏဟူ၍ (၈)ပါးဖြစ်ပါတယ်။

ဥပပတ္တိဘဝဟူသည် အကြောင်းကံကြောင့် ဖြစ်ရသော လောကီဝိပါက်စိတ်နှင့် ကမ္မဇရုပ်များဖြစ်ပါတယ်။

ယခုဘဝ၌ ကုသိုလ် အကုသိုလ်ကံကြောင့် နောက်ဘဝ၌ ဖြစ်ရသော အကျိုးဝိပါက်များ ဖြစ်ပါတယ်။

ဝဋ် (၃)ပါးလည်ပုံမှာ တရားအားထုတ်ကြသော ယောဂီအပေါင်းတို့သည် အတိတ်ကာလက ဒုက္ခေအညာဏံ အဝိဇ္ဇာ၊ ဒုက္ခသမုဒယေ အညာဏံ အဝိဇ္ဇာ၊ ဒုက္ခနိရောဓေ အညာဏံ ဒုက္ခနိရောဓ ဂါမိနိယာ ပဋိပဒါယ၊ အညာဏံ အဝိဇ္ဇာဟူ၍ အရိယာတို့ သိအပ်သည့် သစ္စာတရား(၄)ပါးတို့တွင် အရိယာတို့ပယ်အပ်သည့် အယုတ်သစ္စာ(၂)ပါး ကျင့်အပ်သည့် မဂ္ဂသစ္စာနှင့် မျက်မှောက်ပြုအပ်သည့် နိရောဓသစ္စာ (နိဗ္ဗာန်)ကို အဝိဇ္ဇာတည်းဟူသော မသိမှုတရားကြီးက ဦးဆောင်ခဲ့ပြီး သင်္ခါရတရား (၃)ပါးကို ပြုလုပ်ပါတယ်။ သိလို့ လုပ်တာလား၊ မသိလို့လုပ်တာလားဆိုတော့ မသိမှု အဝိဇ္ဇာကြောင့် သင်္ခါရ ပြုလုပ်ခြင်းဖြစ်ပါတယ်။ ကုသိုလ်သင်္ခါရများကို ပြုလုပ်ပင် ပြုလုပ်ငြားသော်လည်း၊ အဝိဇ္ဇာဦးစီးသည့် ကုသိုလ် သင်္ခါရဖြစ် လေသောကြောင့် အကျိုးပေးသည့်ခန္ဓာ–၅ပါး (ဝိပါကဝဋ်) သာရရှိခြင်းဖြစ်ပါတယ်။ သစ္စာနှင့်အကြောင်းအကျိုးဆက်တော့ အကြောင်းသမုဒယသစ္စာကြောင့် အကျိုးတရားဒုက္ခသစ္စာ (ခန္ဓာ– ၅ပါး) ရရှိခြင်းဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက အဝိဇ္ဇာဦးစီးပြီး မသိလို့လုပ်တာက သမုဒယသစ္စာ၊ ရလာတာက ခန္ဓာ ၅ပါး ဒုက္ခသစ္စာဖြစ်လေသောကြောင့် အဝိဇ္ဇာဦးစီးသည့် ကုသိုလ်သင်္ခါရကို လုပ်လည်းလုပ်ရသေး၊ ဒုက္ခလည်းရောက်ရသေး၊ဟု မိန့်တော်မူခြင်းဖြစ်ပါတယ်။ သို့သော်လည်း ယောဂီတို့မှာ ခန္ဓာ၅ပါး ဝိပါကဝဋ်ကို စက်ဝိုင်း(၂)ကွက်တွင် ယခုရရှိပြီး (၄)အကွက် အနာဂတ်ခန္ဓာ ၅ပါးဖြစ်ကြောင်း သမုဒယသစ္စာကို စက်ဝိုင်း(၃)အကွက်တွင် အားထုတ်လျက် ရှိပါတယ်။ သေကြောင်းက သမုဒယသစ္စာ၊ သေထည်ကခန္ဓာ (၅)ပါး ဒုက္ခသစ္စာဖြစ်လေသောကြောင့် စက်ဝိုင်းဒေသနာတွင် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်(တစ်နည်း)သေကြောင်း သေထည်၊ သေကြောင်းသေထည်နှင့် လုံးလည်လိုက်နေရခြင်းကို ဝဋ်လည်သည်ဟု မှတ်ပါ။

သုံးပါးအစပ်ဆိုသည်မှာ သင်္ခါရနှင့်ဝိညာဏ်သည် (ပထမ) အစပ်၊ ဝေဒနာနှင့် တဏှာသည် (ဒုတိယ)အစပ်၊ ကမ္မဘဝနှင့် ဇာတိသည် (တတိယ)အစပ်ဖြစ်ပါတယ်။ (၁) အကွက်နှင့် (၂)အကွက်စပ် အတိတ်အကြောင်းအခြင်းရာ ၅ပါးနှင့် ပစ္စုပ္ပန်အကျိုးအခြင်းအရာ ၅ပါးစပ်။ သင်္ခါရနှင့်ဝိညာဏ်စပ်၊ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလစပ်။ အတိတ်အကြောင်းတစ်လွှာနှင့် ပစ္စုပ္ပန်အကျိုးတစ်လွှာစပ်၊ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာစပ်၊ အကြောင်းနှင့်အကျိုးစပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဝိညာဏ် – ပဋိသန္ဓေ ဝိညာဏ်ဟု ယူပါ။ သန္ဓဟန = ပစ္စုပ္ပန္နာန်ဟု ဆိုသဖြင့် စုတိ ပဋိသန္ဓေဟူသော ဘဝနှစ်ပါး ကို တစ်စပ်တည်းကဲ့သို့ စပ်တတ် သောတရားဖြစ်ပါတယ်။

၂။ နာမ်–ရုပ် – နာမ်ဓာတ်(၄)ပါးတွင် ဝိညာဏ်သည် စိတ်နာမ်ဓမ္မဖြစ်ပြီး၊ ဝေဒနာ၊ သညာ နှင့် သင်္ခါရတို့သည် စေတသိက်နာမ် ဓမ္မများ ဖြစ်ပါသည်။ ချုံ့လျှင် စိတ် (၈၉)ပါး၊ စေတသိက် (၅၂)ပါး၊ ရုပ် ဓာတ် (၁)ပါး၊ ချုံ့လျှင် ရုပ် (၂၈)ပါး၊ ပေါင်းလိုက်သော် ရုပ်နာမ်ခန္ဓာ (၅) ပါး၊ စေတသိက်နှင့် ရုပ် (၁၆၉)ပါး။

၃။ သဠာယတန – သို့မဟုတ် – ဆဠာယတန = မျက်စိ အကြည်၊ နားအကြည်၊ နှာခေါင်း အကြည်၊ လျှာအကြည်၊ ကိုယ်အ ကြည်၊ စိတ်ဟူ၍ အကြည်ဓာတ် (၆)ပါး။

၄။ ဖဿ – အာရုံနှင့် တွေ့ထိခြင်း၊ ထိပါးခြင်း၊ ကြိတ်နယ်ခြင်း၊

၅။ ဝေဒနာ – အာရုံ၏ အရသာကို အစဉ်ခံစား ခြင်း၊ သုံးဆောင်ခြင်း(တစ်နည်း) ဝေဒနာမှာ သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာ(ကောင်း၊မကောင်း အလတ် စား)ကို ခံစားခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာ၏ အနက်အဓိပ္ပါယ်မှာ ခန္ဓာသဒ္ဒါသည် အစု အပေါင်းဟူသော အနက်ကို ဟောပါတယ်။ မည်သည့်တရားများ စုပေါင်းထားသလဲလို့မေးရင် ခန္ဓာတွင်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးတို့၌ ဖြစ်သောရုပ်၊ ဝေဒနာ၊ သညာ စသည်တို့ကို ဉာဏ်ဖြင့် စုပေါင်းအပ်သော အစုအပေါင်းဖြစ်ပါတယ်။

**ခန္ဓာ (၅)ပါးအနက်**

(၁) ရူပက္ခန္ဓာဟာ ဖေါက်ပြန်ပျက်စီးတတ်သောသဘော ရှိပါတယ်။

(၂) ဝေဒနာက္ခန္ဓာက ကောင်း မကောင်းနှင့် ကောင်းမကောင်း အလတ်စားကို ခံစားတတ်သော သဘောရှိပါတယ်။

(၃) သညာက္ခခန္ဓာက ပူတယ်၊ အေးတယ်၊ လှုပ်တယ်၊ငြိမ်တယ်၊ ဖြူတယ်၊ နီတယ်အစရှိသဖြင့် မှတ်သားတတ်သော ဘောရှိပါတယ်။

(၄) သင်္ခါရက္ခန္ဓာက လှုပ်ချင်တယ်၊ တန်းချင်တယ်၊ ပေးချင်တယ်၊ ကမ်းချင်တယ်၊ သွားချင်တယ်၊ လာချင်တယ်၊ ရွေ့ချင်တယ်၊ ပြောင်းချင်တယ် အစရှိသည်တို့ကို ပြုပြင် စေ့ဆော်တတ်သော သဘောရှိပါတယ်။

(၅) ဝိညာဏက္ခန္ဓာက သိတတ်သော သဘောရှိပါတယ်။

**ခန္ဓာ ၅ပါးသည်** (၁) ပစ္စုပ္ပန်ကာလ
(၂) ပစ္စုပ္ပန်အကျိုးတစ်လွှာ

www.burmeseclassic.com

www.burmeseclassic.com



(၃) ပစ္စုပ္ပန်အကျိုးအခြင်းရာ ၅ပါး
(၄) သစ္စာဖြင့် ဝေဖန်လျှင် ဒုက္ခ
သစ္စာဖြစ်ပါတယ်။

ခန္ဓာ ၅ပါးသည် အလိုလိုပေါ်လာတာ မဟုတ်ပါ။ ဗြဟ္မာ သိကြား၊ ဘုရားကလာပြီး ဖန်တီးတာမဟုတ်ပါ။ အတိတ် (အဝိဇ္ဇာ သင်္ခါရ) သမုဒယသစ္စာလုပ်မိခဲ့လို့ ဖြစ်လာတာပါ။ သမုဒယသစ္စာသည် အကြောင်းသစ္စာ၊ ဒုက္ခသစ္စာသည် အကျိုး သစ္စာ၊ အကြောင်းသမုဒယကြောင့် အကျိုးဒုက္ခဖြစ်ပါတယ်။ အကြောင်းတရားဟူသမျှတွင် အကျိုးတရားများ ရှိမြဲဖြစ် ပါတယ်။ အကြောင်းကင်းပြီး အကျိုးတရားဖြစ်ရိုးထုံးစံ မရှိကြပါ။

စက်ဝိုင်း (၁)အကွက်ထဲတွင် အဝိဇ္ဇာနှင့် သင်္ခါရပဲပါဝင် ပါတယ်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါပါ။ အဝိဇ္ဇာ သင်္ခါရက ကျေးဇူးပြုလိုက်တဲ့ ဝိညာဏ်အစ၊ ဝေဒနာအဆုံး၊ ခန္ဓာ (၅)ပါး၊ (၂)အကွက်မှာပါတဲ့ တရားတွေကိုရော ခန္ဓာ (၅)ပါးလို့ ပြောမှာပါ၊ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့ သုညတ ဓမ္မသက်သက်ပါ။

စက်ဝိုင်း (၁)အကွက် အဝိဇ္ဇာ၊ သင်္ခါရအစ၊ စက်ဝိုင်း (၂) အကွက် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အဆုံး ပုဂ္ဂိုလ်သတ္တဝါမဟုတ် ဓမ္မသက်သက်သာ ဖြစ်တယ်လို့ သစ္စာနဲ့ လျော်ညီတဲ့ဉာဏ်နဲ့ ယှူလိုက်ရင် သက္ကာယဒိဋ္ဌိ အသိနဲ့

www.burmeseclassic.com

www.burmeseclassic.com



သေပါတယ်၊ အတိတ်အကြောင်းတရား (၂)ပါးကြောင့် ပစ္စုပ္ပန် အကျိုးခန္ဓာ (၅)ပါး ဖြစ်ပေါ်ခွင့်ရတဲ့အတွက် အကြောင်းအကျိုး သိမ်းဆည်းသိလျှင် ဝိစိကိစ္ဆာ သေပါတယ်။

အတိတ်စက်ဝိုင်း (၁)အကွက် ယောဂီတို့သည် ဒါန၊ သီလ၊ သမထတရားကို အဝိဇ္ဇာဦးစီးပြုလုပ်၍ စုတိ (သေ)ခဲ့ ပါတယ်။ ခန္ဓာ (၅)ပါးသည် မပိုင်၍ ငါ့သဘောဆန္ဒအတိုင်း မဖြစ်မူ၍ (သေ)ခဲ့ပြီး ပစ္စုပ္ပန် (၂)အကွက်သို့ အထည်ကိုယ် သဘောမလိုက်မှန်းသိလျှင် သေပျက်တာသိလိုက်၍လည်း နိုင်တယ်မြဲတယ်၊ တည်မြဲတယ်၊ ဘဝကူးတယ်၊ လောက်လန်း သဖွယ် ဝိညာဏ်တွယ်တယ်ဆိုတဲ့ သဿတဒိဋ္ဌိ စင်ပါတယ်။

အတိတ်က ခန္ဓာ ၅ပါးသည် ချုပ်လည်းချုပ်ပါတယ်။ ချုပ်ပင်ချုပ်ငြားသော်လည်း (ကမ္မံဝိပါကဿ)ဟူ၍ ဟောတော်မူ အပ်သော ပဋ္ဌာန်းပါဠိတော်အတိုင်း ကံသည် အနိစ္စဖြစ်ငြား ပေမယ့် ကံ၏အရှိန်အဟော် (သတ္တိ)မှနေ၍ ကျေးဇူးပြု၍ ခန္ဓာ ၅ပါး အစားထိုးပေါ်ခွင့်ရပါတယ်။ အစားထိုးမှန်းသိတဲ့အတွက် ပြတ်တယ်၊ တောက်တယ်၊ ဘဝမရှိပြတ်ဆဲတဲ့ ဝါဒဆိုတဲ့ ဉစ္ဆေဒ ဒိဋ္ဌိ အယူမှားကြီးကို အသိစိတ်နဲ့ စင်စေပါတယ်။

(တစ်နည်း)

၁။ အနိစ္စတရားသိလျှင် သဿတဒိဋ္ဌိပြုတ်၊

၂။ သင်္ခါရတရားပေါ်တယ်လို့သိလျှင် ဉစ္ဆေဒဒိဋ္ဌိပြုတ် ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(တစ်နည်း)

အပျက်သိလျှင် သဿတဒိဋ္ဌိပြုတ်၊ အဖြစ်သိလျှင် ဥစ္ဆေဒဒိဋ္ဌိပြုတ်၊ သေတာသိလျှင် သဿတဒိဋ္ဌိပြုတ်၊ အစားထိုးတာသိလျှင် ဥစ္ဆေဒဒိဋ္ဌိပြုတ်ပါတယ်။

အကြောင်းတရားကြောင့် အကျိုးတရားပေါ်ခွင့်ရရင် အကြောင်းကင်းဖြစ်တယ်လို့ ယူထားတဲ့ အဟေတုက ဒိဋ္ဌိသေပါတယ်။ (၂)အကွက် အကျိုးခန္ဓာ ၅ ပါးကို ဗြဟ္မာသိကြား ဘုရားအစရှိသည့် တန်ခိုးရှင် (ဝါ) ဖန်ဆင်းရှင်တွေက ဖန်ဆင်းတာမဟုတ်မှန်းသိလျှင် ဣဿရနိမ္မာန ဒိဋ္ဌိစင်ပါတယ်။ ဒီလို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ အသိဉာဏ်နဲ့ သေတာခန္ဓာ ပဋိစ္စသမုပ္ပါဒ်တရားက ကျေးဇူးပြုလို့ပါ။ ဝိပဿနာရှုဖို့ကနောက်၊ ဒိဋ္ဌိဝိစိကိစ္ဆာ အသိနဲ့ ခွာမှုကို ရှေ့ထားရပါမယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာနှစ်ပါးဟာ နိဗ္ဗာန်ကို ကန့်ကွက်ပြီး အပွါယ်လေးပါးသို့ ပို့ပေးတဲ့ ရေသောက်မြစ်ဖြစ်၍။ ဒီရေသောက်မြစ်ကို အသိဉာဏ်ဖြင့် ဖြုတ်ခြင်း၊ အပွားဉာဏ်ဖြင့်ဖြုတ်ခြင်းဖြင့် အပါယ်တံခါးပိတ်တဲ့ ကျေးဇူးရပါတော့တယ်။ တစ်နည်းအားဖြင့် ပထမနိဗ္ဗာန်ရပါတော့တယ်။

စက်ဝိုင်း (၃) အကွက်တွင် ပါဝင်သည့်တရားများမှာ တဏှာ၊ ဥပါဒါန်နှင့် ကမ္မဘဝတို့ဖြစ်ပါတယ်။ တဏှာတပ်မက်ခြင်း၊ အလွန်နှစ်သက်ခြင်း၊ မရောင့်ရဲတတ်သောသဘောရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ယင်းတဏှာတွင်–

၁။ ကာမတဏှာ– ငါးပါးအာရုံ ကာမဂုဏ်ကို လိုချင်တပ်မက်ခြင်း၊ ကာမရာဂဖြင့် သာယာခြင်း၊

၂။ ဘဝတဏှာ– မိမိ၏ ရောက်ရာဘဝကို တပ်မက်သာယာခြင်း၊ သဿတဒိဋ္ဌိနှင့် ယှဉ်တွဲ၍သာယာခြင်း။

၃။ ဝိဘဝတဏှာ– ဘဝပြတ်မှုကို တပ်မက်နှစ်သက်ခြင်း၊ ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်တွဲ၍ သာယာခြင်း၊

ယင်းတဏှာ (၃)တန်အား (အာကာသံ)ဖြင့် မြှောက်ပါက တဏှာအစစ် (၁၀၈)ပါးရပါတယ်။ ဒီတဏှာကို ပယ်ရမှာပါ။ အတိတ်ကတဏှာ (သမုဒယသစ္စာ)ကို ကြိုးစားပါတယ်။ ဥပါဒါန်–မရမနေစွဲလမ်းခြင်း၊ ကြွက်ကိုကြောင်ခဲသကဲ့သို့ မလွှတ်လိုခြင်း၊ ဥပါဒါန် ၄မျိုးရှိပါတယ်။

၁။ ကာမုပါဒါန်– ကာမဂုဏ်တရားတို့ကိုစွဲစွဲလမ်းလမ်းဖြစ်တတ်သည့်လောဘတရား။

၂။ ဒိဋ္ဌုပါဒါန်– အယူမှား၊အမှတ်မှား၊အသိမှားတို့ကိုစွဲလမ်းစွာ ဖြစ်ပေါ်သောဒိဋ္ဌိတရား။

၃။ သီလဗ္ဗတုပါဒါန်–အကျင့်သီလမမှန်ခြင်း၊ မှားသောအကျင့်တရားကို မှန်သည်ထင်၍ ကျင့်ကြံအားထုတ်ခြင်း၊ မှန်သောတရားကို မှားသည်ထင်မှတ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၄။ အတ္တဝါဒုပါဒါန်–မိမိ၏အယူဝါဒ၊ မိမိ၏တရားသာ
မှန်၏ဟု ယူထားသော ဒိဋ္ဌိတရား၊
အတ္တကောင်၊ အသက်လိပ်ပြာကောင်
ရှိသည်ဟု အယူမှားခြင်း။

ကမ္မဘဝဆိုသည်မှာ ကာယကံ–ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ ဝစီကံ–နှုတ်ဖြင့်ပြုလုပ်ခြင်း၊ မနောကံ–စိတ်ဖြင့်ကြံစည်ခြင်း၊

စက်ဝိုင်း (၃)အကွက်တွင် ရှိသည့်တဏှာဥပါဒါန်၊ ကမ္မဘဝသည်

၁။ ပစ္စုပ္ပန်ကာလ၊

၂။ ပစ္စုပ္ပန်အကြောင်းခြင်းရာ ၅ပါး

၃။ ပစ္စုပ္ပန်အကြောင်းတစ်လွှာ

၄။ သစ္စာဖြင့် ဝေဖန်လျှင် သမုဒယသစ္စာဖြစ်ပါတယ်။

ဒီတရား (၃)ပါးဖြစ်ပေါ်မှုကို ဝေဒနာက ကျေးဇူးပြုလိုက်ပါတယ်။ တဏှာ၏ အရှင်သခင်ဟာ ဝေဒနာဖြစ်ပါတယ်။ ဝေဒနာသည် တဏှာ၏ရေသောက်မြစ်ဖြစ်ပါတယ်။(တစ်နည်း) ဝေဒနာသည် တဏှာ၏မူလဖြစ်သည်။ ဝေဒနာနဲ့ တဏှာသည် ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ ဒုတိယအစပ်တွင် စပ်ပါတယ်။ အကျိုးတရားဝေဒနာမှ တဏှာဥပါဒါန်ကမ္မဘဝ အကြောင်း ဆက်လျှင်လည်းလမ်း၊ အကျိုးတရားဝေဒနာ နိရောဓ၊ တဏှာ နိရောဓသည် ထွက်လမ်းဖြစ်ပါတယ်။

စက်ဝိုင်းဒေသနာအကွက် (၄)တွင် ဇာတိ(ဥပပတ္တိဘဝ) ဇရာမရဏတို့ ပါပါတယ်။ ဒီတရားတွေ ပေါ်ခွင့်ရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဘဝက ကျေးဇူးပြုလိုက်ပါတယ်။ ဇာတိသည် အကြောင်းဖြစ်၍ မရဏသည် အကျိုးဖြစ်ပါတယ်။ ယင်းတရား ၂ပါးဟာ

၁။ အနာဂတ်ကာလ

၂။ အနာဂတ်အကျိုးတစ်လွှာ

၃။ အနာဂတ်အကျိုးခြင်းရာ (၅)ပါး

၄။ သစ္စာဖြင့် ဝေဖန်လျှင် ဒုက္ခသစ္စာဖြစ်ပါတယ်။

စက်ဝိုင်းဒေသနာတွင် ဝဋ္ဋသစ္စာ (ဝါ) အယုတ်သစ္စာ (ဝါ) လောကီသစ္စာ (၂)ပါးဖြစ်သည့် သမုဒယသစ္စာ၊ ဒုက္ခသစ္စာတို့ဖြင့် လည်နေပါတယ်။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒုက္ခဖြစ်ကြောင်း (ဝါ) ဒုက္ခဆက်စေတတ်တဲ့တရား သမုဒယသစ္စာကို ပယ်ဖို့နှင့် သိလျက်နှင့် မကျင့်မှာစိုး၍ ယခုပစ္စုပ္ပန်ဒုက္ခကို ဉာဏ်ဖြင့် ပိုင်းခြားရန် မိန့်ကြားပါတယ်။ သောကတည်းဟူသော စိုးရိမ်ခြင်း၊ ပရိဒေဝတည်းဟူသော ပူပန်ငိုကြွေးခြင်း၊ ဒုက္ခတည်းဟူသော ကိုယ်ဆင်းရဲခြင်း၊ ဒေါမနဿတည်းဟူသော နှလုံးမသာယာ စိတ်ဆင်းရဲခြင်း၊ ဥပါယာသတည်းဟူသော ရှိုက်ကြီးတငင်ပြင်းထန်စွာ ပူပန်ရခြင်းအစရှိသည့် တရားများနဲ့ ကြုံတွေ့ရမည်ဖြစ်ပါတယ်။

ခန္ဓာအရှိဖြစ်ပျက်၊ ဉာဏ်အသိမဂ်နဲ့ မလိုက်တဲ့ပုဂ္ဂိုလ်များ သေခါနီး အာသဝေါတရား သိမ်းပိုက်ပြီး သေကြရပါတယ်။ အာသဝေါတရားဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



အာသဝက္ခယသုတ် ဗုဒ္ဓတိဝုတ်ပါဠိတော်မှာ အထက်ဘဝမှ အောက်အဝီစိတိုင်အောင် မျှောအောင်၊ မြုပ်အောင်လုပ်တတ်တဲ့ တရားလို့ ဟောခဲ့ပါတယ်။

**အာသဝေါတရား ၄ပါးမှာ**

၁။ ကာမာသဝ– ဆိုတာက ကာမ (၁၁)ဌာ မြုပ်အောင်၊ မျှောအောင်လုပ်တတ်တဲ့ လောဘတရား။

၂။ ဘဝါသဝ– ဆိုတာကနေဝသညာ၊ နာသညာယတန ဘုံတည်းဟူသော ရူပ(၁၆)ဘုံနှင့် အရူပ (၄)ဘုံပေါင်း ဗြဟ္မာဘုံ (၂၀)ဌာ မြုပ်အောင်၊ မျှောအောင်လုပ်တတ်တဲ့လောဘတရား။

၃။ ဒိဋ္ဌာသဝ– ဆိုတာအပါယ်လေးပါးသို့ ကျအောင်လုပ်တတ်တဲ့ ဒိဋ္ဌိတရား။

၄။ အဝိဇ္ဇာသဝ– ဆိုတာက သုံးဆယ့်တစ်ဘုံလုံးကို ခြုံပြီး မြုပ်အောင်၊ မျှောအောင် လုပ်တတ်တဲ့ မောဟတရားဟူ၍ (၄)ပါးရှိပါတယ်။

**(တစ်နည်း)**

၁။ ကာမာသဝဆိုတာသည် လောဘ

၂။ ဘဝါသဝဆိုတာသည် လောဘ

၃။ ဒိဋ္ဌာသဝဆိုတာသည် ဒိဋ္ဌိ

၄။ အဝိဇ္ဇာသဝဆိုတာသည် မောဟ

www.burmeseclassic.com

www.burmeseclassic.com



တူရာပေါင်းလိုက်တဲ့အခါကျတော့ အာသဝေါတရား (၃)ပါးဖြစ်ပြီး ဖြန့်လိုက်တဲ့အခါ အာသဝေါတရားလေးပါးဖြစ်ပါတယ်။ အာသဝနဲ့ ဆော်တဲ့ပုဂ္ဂိုလ်သည် အာသဝသမုဒယာ အဝိဇ္ဇာသမုဒယောဖြစ်ပြီး၊ အဝိဇ္ဇာနဲ့ခန္ဓာ့လမ်းစဉ်ပြန်စရပါတယ်။

## လူတိုင်းသိသင့်သိထိုက်၊ လုပ်သင့်လုပ်ထိုက်သည့် မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပါဒ်ဒေသနာ အကျဉ်းရှင်းလင်းခြင်း

နိဗ္ဗာန်လိုချင်ရင် ဝိပဿနာတရား **အားထုတ်ရပါမည်။** ဝိပဿနာတရား အားထုတ်မယ်လို့ကြံရင်လည်း သူ့ရှေ့နားက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အသိနဲ့ဖြုတ်ထားရပါမယ်။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဖြုတ်မည်ကြံရင် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့လိုအပ်ပါမယ်။ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကိုအသိနဲ့ ဘာကြောင့် ပထမဦးစွာဖြုတ်ရသလဲဆိုရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ပိတ်ပင်တားဆီးထားတတ်သောကြောင့် ဖြစ်ပါတယ်။

ဒါတွေအားလုံး ဘာမှမသိဘဲနဲ့ကော ပယ်နိုင်ဖို့ မခဲယဉ်းဘူးလားလို့ မေးရန်ရှိပါတယ်။ ဒီတော့ အလွန်တစ်ရာ ခဲယဉ်း တယ်လို့ ဖြေရပါမယ်။ ဒါကြောင့် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဤတရားတွေကို သိအောင်၊ နားလည်အောင် သင်ပေးတတ်တဲ့ ဆရာကောင်းတွေကို တွေ့အောင်ရှာ

www.burmeseclassic.com

www.burmeseclassic.com



ကြပါ။ မသိတာတွေကို မေးမြန်းကြပါလို့ အခွင့်အခါသင့်တိုင်း မှာကြားခဲ့တာကို ယောဂီသူတော်စဉ်တို့ သိကြပါလိမ့်မယ်။

ဝိပဿနာရဲ့ အဓိပ္ပါယ်ကို ပေါ်လွင်အောင် ရှင်းလင်းရမည်ဆိုရင် ဝိ=အထူး ပဿနာ=ရှု (အထူးရှုမှတ်တဲ့တရားဖြစ်ပါတယ်)။ နောက်တစ်ခါ ကိုယ့်အသေဆိုတာဘာလဲ၊ ရှုတယ်ဆိုတာဘာလဲလို့ မေးရင်၊ အာရုံနှင့် ဒွါရတိုက်ဆိုင်ပြီးဖြစ်ပေါ်လာတဲ့ ခန္ဓာ ၅ပါး ရုပ်နာမ်တရားတို့ ဖြစ်ပေါ်ပြီး ပျက်စီးသွားတာကိုယ့် အသေလို့ခေါ်ပါတယ်။ ရှုတယ်ဆိုတာ ၎င်းဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တို့၏ဖြစ်မှု၊ ပျက်မှုတို့ကို စောင့်ကြည့်နေသော မဂ္ဂင် ၅ပါး ရှုဉာဏ်တရား ပညာမဂ္ဂင် ၂ပါး၊ (သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ) သမာဓိမဂ္ဂင် ၃ပါး (သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) နှင့် စောင့်ကြည့်နေခြင်းကို ရှုတာလို့ခေါ်ပါတယ်။

မြင်စိတ်သည် မျက်စိနှင့် အဆင်းတိုက်ဆိုင်လို့သာ ပေါ်လာတဲ့တရားပဲ၊ တန်ခိုးရှင်ဖန်ဆင်းတာမဟုတ်ဘူး၊ မြင်စိတ်ဆိုတဲ့တရားကလေးသည် အလိုလိုပေါ်လာတာမဟုတ်၊ မျက်စိနှင့် အဆင်းနဲ့တိုက်ဆိုင်လို့သာ ပေါ်လာတဲ့မြင်စိတ်တရားပဲဟု ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှင်းရင် ဝိစိကိစ္ဆာစင်ပါတယ်။ ဒီမြင်စိတ်တရားဟာ နာမ်တရား ၄ပါးပဲ၊ ဒီလေးပါး အပေါင်းအစုပဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောကျ်ားမိန်းမ ဟုတ်ပါဘူးဟု အသေအချာဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင်ရှင်းရင် ဒီနာမ်သက္ကာယအပေါ်မှာ အမြင်မှန်ရပြီး သက္ကာယဒိဋ္ဌိစင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒိဖြစ်ပေါ်လာတဲ့တရားသည် မည်သူ့အလိုမှမလိုက် သူ့သဘာဝအတိုင်းဖြစ်ပြီးရင် ပျက်သွားတဲ့တရား၊ မနိုင်မြဲဘူးဟု အသေအချာ ဉာဏ်ထဲမှာရှင်းရင် နိုင်တယ်၊ မြဲတယ်ဟု ယူဆထားတဲ့ သဿတဒိဋ္ဌိစင်ပါတယ်။

ဒီလိုဖြစ်ပေါ်လာတဲ့တရား ပျက်ပြီးနောက် တရားတစ်ခု အစားထိုးပြီး ပေါ်လာတာသိရင် ဘဝပြတ်တယ်လို့ ယူထားတဲ့ ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်။

ဒိဋ္ဌိဟာ ဒီတရား ၃ပါးထဲသာမက ၆၂ပါးသော ဒိဋ္ဌိရှိပါတယ်။ သို့ရာတွင် ၎င်းဒိဋ္ဌိ ၃ပါးနှင့် ဝိစိကိစ္ဆာများသာ အရေးကြီး၍ ဖော်ပြရခြင်းဖြစ်ပါတယ်။

ပပဉ္စတရားဖြစ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ (ဝါ) တဏှာ၊ ဥပါဒါန်၊ ကံတွေ လာတဲ့နေရာမှာ ကိလေသာတွေကို သတ်နိုင်တဲ့ လောကီမဂ် အစားထိုးဝင်လာတော့ သံသရာလည်မယ့် တရားများဟာ ခေတ္တခဏ (တရားအားထုတ်ချိန်မှာ) ပြတ်သွားတာပေါ့။ လောကီမဂ် (ဝါ) ဝိပဿနာမဂ် (ဝါ) ပဋိဂကမဂ် (ဝါ) ပုဗ္ဗဘာဂမဂ်ဝင်နေတဲ့ အချိန်မှာ တဏှာလည်းစွန့်၊ ခန္ဓာလည်းစွန့်နေပါတယ်။

ဒွါရနှင့် အာရုံတိုက်သောအခါ ခင်စရာမြင်ခင်မယ် (တဏှာ) သိပ်ခင်လွန်းအားကြီးတော့ စွဲလမ်းမယ် (ဥပါဒါန်) နောက်ဒါကိုမရ ရအောင် အားထုတ်မယ်ဆိုတော့ ကမ္မဘဝ (ဝါ) ကာယကံ၊ ဝစီကံ၊ မနောကံတွေ လာကုန်ရော။ ဒီလိုလာ

www.burmeseclassic.com

www.burmeseclassic.com



ကုန်တော့ ပပဉ္စတရားတွေက အောင်မြင်သွားရော၊ အောင်မြင်သွားတော့ ဒီဘဝ ဝိညာဉ်ချုပ်ပြီးရင် နောက်ကသူ ကျူးလွန်ထားတဲ့ ကံတွေအရ သူနဲ့ထိုက်တန်တဲ့နောက် ဇာတိတွေရလာပါလေရော။ မုန်းသူ (ဝါ) ရန်သူမြင်တော့ ဒေါပွရော။ ဒေါပွတော့ ဒေါသ၊ သောက (စိုးရိမ်ခြင်း)၊ ပရိဒေဝ (ငိုကြွေးခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)၊ ဒေါမနဿ (နှလုံးမသာယာခြင်း) ဥပါယာသ (ရှိုက်ကြီးတငင် ပြင်းထန်စွာပူပန်ခြင်း)၊ ဆိုတဲ့ ဘေးဆိုးကြီးတွေ ဖြစ်ကရော။ ဖြစ်တော့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်သွားတာပေါ့။

ခင်သူမြင် မရှုရင် ပဋိစ္စသမုပ္ပါဒ် အလယ်ကနေ လည်နေသည်။

ခင်ခင်၊ မုန်းမုန်း၊ မသိသိ၊ မြင်တာဟာ မြင်စိတ်ပေါ်တာပဲ။ မြင်စိတ်ဖြစ်ပေါ်တာနဲ့ တစ်ပြိုင်နက် ခန္ဓာငါးပါး ဖြစ်တာပဲ၊ ဖြစ်ပြီးပျက်သွားတာပဲလို့ ရှုရမှာ၊ မရှုမိရင်တော့ ပပဉ္စတရားတွေက နိုင်သွားတာပေါ့။ အဲဒီလို လည်လည်သွားတော့ မသေခင်ပင် မိမိတို့ရောက်ရမယ့်နေရာ ယခုမသေခင် ဘဝကနေ၍ ဆက်သွယ်ထားတာနဲ့ တူနေပါတယ်။ [ဥပမာ- မော်လမြိုင်က မြိတ် (ဘိတ်)ကို လေယာဉ်ပျံနဲ့ သွားချင်တဲ့သူများ ကြိုတင်လက်မှတ်ယူထားသလိုပါပဲ။]

ပဋိစ္စသမုပ္ပါဒ်နှင့် သံသရာကို ရှင်းလင်းတင်ပြရရင်၊ ပဋိစ္စ=အကြောင်းကိုစွဲ၍။ သံ= ကောင်းစွာ၊ ဥပ္ပါဒ= အကျိုးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း ပေါင်းလိုက်တော့ အကြောင်းကိုစွဲ၍ ကောင်းစွာအကျိုးဖြစ်ခြင်းဆိုတာကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ပါသည်။ သံသရာဆိုတာ သံ= ကောင်းစွာ၊ သရာ= လည်သည်။ (အစဉ်မပြတ် အဖန်တလဲလဲဖြစ်ရကြောင်းဆိုလိုပါသည်။)

ပဋိစ္စသမုပ္ပါဒ် မသိ၍ဖြစ်သော ကြောက်စရာကောင်းတဲ့ ဒိဋ္ဌိများမှာ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ဖြစ်ပါသည်။

- သက္ကာယဒိဋ္ဌိ ဆိုသည်မှာ ခန္ဓာ ၅ပါး အပေါင်းအစုကို ပုဂ္ဂိုလ် သတ္တဝါ+ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမဟု မှားသော အယူ။
- သဿတဒိဋ္ဌိဆိုသည်မှာ ခန္ဓာ ၅ပါး အပေါင်းအစုကို ခိုင်တယ်၊ မြဲတယ်ဟု မှားသောအယူ။
- ဉစ္ဆေဒဒိဋ္ဌိဆိုသည်မှာ ဘဝပြတ်တယ်ဟု မှားသော **အယူနှင့်**
- ဝိစိကိစ္ဆာဆိုသည်မှာ သံသယရှိတို့ဖြစ်ပါတယ်။

ဝိပဿနာတရားဆိုတာ သာသနာပမှာ မရှိပါ။ သာသနာပမှာ ဒါန၊ သီလ၊ သမထစတဲ့ တရားများသာ ရှိပါသည်။ မြတ်စွာဘုရားသခင်သည် ထိုတရားများကို ဟောရှင်၍ ရှေ့ပိုင်းတရားအနေဖြင့်သာ၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ နောက်ပိုင်းဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်တိုင် အမှန်တကယ် အလိုရှိသောတရားမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရကြောင်းဖြစ်တဲ့ ဝိပဿနာ သစ္စာတရားကိုသာ ဟောပါတယ်။ ဘုရားငါဒသိအောင် သစ္စာတရားဟောတတ်ပြီး၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းစွာနားလည်၊ နည်းပေးလမ်းပြလုပ်တတ်ပြီး သံသရာပြတ်ကြောင်း သစ္စာတရားဟော၍ပြတတ်သော ဆရာကောင်း၊ သမားကောင်းတို့ကို ရှာပါ။ တွေ့လျှင် ချဉ်းကပ်ပါလို့ တိုက်တွန်းလိုပါသည်။

သံသရာလည်တယ်ဆိုတာ ခန္ဓာ၊ အာယတနဓာတ်တို့ မပြတ်ဖြစ်ခြင်းသည် သံသရာလည်ခြင်းဖြစ်သည်။ ၃၁ဘုံဆိုတာ ဗြဟ္မာ ၂၀၊ နတ်ပြည် ၆ထပ်၊ လူ့ပြည် ၁ဘုံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံတို့ကို ပေါင်း၍ယူပါလျှင် (၃၁) ဘုံဖြစ်ပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းများမကင်းပါ၍ ဒုက္ခဘုံကြီးဖြစ်ပါသည်။ ထို့ကြောင့် သစ္စာနဲ့ဖွဲ့ပြီး ပြောလျှင် ဒုက္ခသစ္စာနယ်ဖြစ်ပါသည်။ မြတ်စွာ ဘုရားရှင်က ဒုက္ခသစ္စာကို ဒု–ခ–သစ္စာဟု အမည်ပေးထားပါသည်။ (ဒု=စက်ဆုတ်စရာ၊ ခ=အသုံးမကျတာ၊ သစ္စာ= အမှန်ပါပေါင်းလိုက်တော့ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပါဟု အဓိပ္ပါယ်ရပါသည်။)

လူ၊ နတ်၊ ဗြဟ္မာတို့သည် သစ္စာမသိတဲ့ ပုဂ္ဂိုလ်အနေနဲ့ ကြည့်ရင် သုခဘုံလို့ ထင်ရပေမယ့် အို၊ နာ၊ သေ၊ သည်ဖြစ်ရာ ခန္ဓာမှာ ပါနေတဲ့အတွက် ဒုက္ခကင်းတယ်လို့ မဆိုလိုနိုင်ပါ။

ထို့ကြောင့် သံသရာဘေးဆိုးကြီးမှ လွတ်တဲ့ ဤနိဗ္ဗာန်ရောက်အောင်၊ ရအောင်

www.burmeseclassic.com

www.burmeseclassic.com



(၁) ကမ္မဿကတဉာဏ်
(၂) နာမရူပ ပရိစ္ဆေဒဉာဏ်
(၃) ပစ္စယပရိဂ္ဂဟဉာဏ်
(၄) ဝိပဿနာဉာဏ်နဲ့
(၅) မဂ်ဉာဏ်ဟူ၍ ဉာဏ် ၅ပါးလိုပါသည်။ ဉာဏ် ၅ပါး၏ အဓိပ္ပါယ်ကို ရှင်းလင်းပြရလျှင်

(၁) – **ကမ္မဿကတဉာဏ်** ဆိုသည်မှာ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်ဟု ဗုဒ္ဓဘာသာ အမည်ခံသူတိုင်းသိတဲ့ ဉာဏ်ကို ဆိုလိုပါသည်။

(၂) – **နာမရူပ ပရိစ္ဆေဒဉာဏ်** ဆိုသည်မှာ ရုပ်နှင့်နာမ်တို့ကို ကွဲကွဲပြားပြား ပိုင်းပိုင်းခြားခြား သိတဲ့ဉာဏ်ကို ဆိုလိုပါသည်။

(၃) – **ပစ္စယ ပရိဂ္ဂဟဉာဏ်** ဆိုသည်မှာ အကြောင်းအကျိုး သိမ်းဆည်းသိသော(ဝါ)ရုပ်နာမ် မည်ကဲ့သို့ ဖြစ်ပေါ်ကြောင်းဆိုတဲ့ အကြောင်းနှင့်အကျိုးကို သိမ်းဆည်းသိသောဉာဏ် (ပဋိစ္စသမုပ္ပါဒ်)ကို ဆိုလိုပါသည်။

(၄)– **ဝိပဿနာဉာဏ်** ဆိုသည်မှာ အာရုံနှင့်ဒွါရ တိုက်ဆိုင်၍ ရုပ်နာမ်ဖြစ်ပြီး ပျက်သွား ဘကို လောကီမဂ္ဂင် ၅ပါး ရှုဉာဏ်ဟာရားနှင့်စောင့်ကြည့်နေခြင်းကိုဆို

www.burmeseclassic.com

www.burmeseclassic.com



လိုပါသည်။ ဝိပဿနာဉာဏ်၏လောကီမဂ္ဂင် ၅ပါး ရှုဉာဏ်တရားတွင် ပုဗ္ဗဘာဂမဂ်၊ လောကီမဂ်၊ ပဋိပဒ်ကမဂ်နှင့် ဝိပဿနာမဂ်ဟူ၍ အမည်နာမ ၄မျိုး ကွဲပြားပါသည်။

လောကီမဂ္ဂင် ၅ပါး ရှုဉာဏ်တရားဆိုသည်မှာ

သမ္မာဒိဋ္ဌိ

–ပညာမဂ္ဂင် (၂)ပါး

သမ္မာသင်္ကပ္ပ

သမ္မာဝါယမ

သမ္မာသတိ –သမာဓိမဂ္ဂင် (၃)ပါး

သမ္မာသမာဓိ

တို့ဖြစ်ပါသည်။

(၅)– မဂ်ဉာဏ် ဆိုသည်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် ၃ပါးထပ်၍ပေါင်းထည့်ခြင်းဖြင့် ပထမ ဝိပဿနာမဂ် ၅ပါး အပါအဝင် မဂ္ဂင် ၈ပါးဖြစ်ပေါ်လာပါသည်။ ဒီမဂ်ဉာဏ်ဆိုက်ရောက်လာတဲ့အခါမှာ မိမိတို့နှင့် ထိုက်သင့်သော မဂ်တရား၊ ဖိုလ်တရားများရလာပြီး ပထမ အပါယ်တံခါးပိတ်တဲ့။" သောတာပတ္တိမဂ်" ရပါသည်။ ထို့ကြောင့် ဓမ္မနိယာမအတိုင်း မဂ်ရလျှင် ဖိုလ်ရမည်၊ ဆက်လက်ကျင့်ကြံ ပွားများကြိုးစားအားထုတ်လျှင် ကြိုးစားသလောက် မဂ်များရရှိသွားမှာဖြစ်သည့်အတွက် မိမိကိုယ်ကိုမိမိ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



ဘာသာစစ်စစ် ဖြစ်ချင်ရင် ဒီတရားဟာ မလုပ်ရင် မဖြစ်တဲ့ တရားဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

## ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ ပဋိလုံပါဠိတော်နှင့် ရှင်းလင်းချက်

### ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိတော်

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ၊ ဖဿော၊ ဖဿ၊ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ၊ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာဇာတိ၊ ဇာတိပစ္စယာ၊ ဇရာ မရဏ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿသမုဒယော ဟောတိ၊

'ပစ္စယာ' ဆိုတဲ့ စကားလုံးဟာ 'ကျေးဇူးပြုခြင်း' မြန်မာလိုရှင်းရှင်းပြောရရင် 'အကြောင်းကြောင့်'လို့ အဓိပ္ပါယ်ရပါတယ်။ ဒါနားလည်လွယ်အောင်ပြောတာလို့မှတ်ပါ။

အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရဖြစ်တယ်။ သင်္ခါရ အကြောင်းကြောင့် ဝိဉာဏ်ဖြစ်တယ်။ ဝိဉာဏ်အကြောင်းကြောင့် နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်အကြောင်းကြောင့် သဠာယတနဖြစ်တယ်။ သဠာယတနအကြောင်းကြောင့် ဖဿဖြစ်တယ်။ ဖဿအကြောင်းကြောင့် ဝေဒနာဖြစ်တယ်။ ဝေဒနာအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် တဏှာဖြစ်တယ်။ တဏှာအကြောင်းကြောင့် ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်အကြောင်းကြောင့် ဘဝဖြစ်တယ်။ ဘဝအကြောင်းကြောင့် ဇာတိဖြစ်တယ်။ ဇာတိအကြောင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တရားတွေဖြစ်တယ်။ ဤသို့ဆိုအပ်ခဲ့ပြီးသော အကြောင်းပစ္စည်းအဆက်ဆက် အစီအရင်ဖြင့် ချမ်းသာမဖက်၊ ဆင်းရဲသက်သက်ဖြစ်သော ဒုက္ခအစုကြီး နောက်ဆုံးဖြစ်သွားပုံကို ဖော်ပြထားတဲ့ ပါဠိတော်ဖြစ်ပါတယ်။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိတော်

အဝိဇ္ဇာယတွေဝ အသေသဝိရာဂ၊ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ၊ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ၊ ဇရာ မရဏ သောက ပရိဒေဝဒုက္ခ ဒေါမနဿ ပါယာသာ နိရုဇ္ဈန္တိ ဧဝ မေတဿ ကေဝလဿ ဒုက္ခန္ဓဿ နိရော ဓော ဟောတိ။

(နိရောဓ) စကားလုံးဟာ (ချုပ်ခြင်း) လို့ အဓိပ္ပာယ်ရတယ်၊ အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ်တယ်၊ သင်္ခါရချုပ်ရင် ဝိ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ချုပ်တယ်၊ ဝိညာဏ်ချုပ်ရင်နာမ်ရုပ်ချုပ်တယ်၊ နာမ်ရုပ်ချုပ်ရင် သဠာယတနချုပ်တယ်၊ သဠာယတနချုပ်ရင် ဖဿချုပ်တယ်၊ ဖဿချုပ်ရင် ဝေဒနာချုပ်တယ်၊ ဝေဒနာချုပ်ရင် တဏှာချုပ်တယ်၊ တဏှာချုပ်ရင် ဥပါဒါန်ချုပ်တယ်၊ ဥပါဒါန်ချုပ်ရင် ဘဝချုပ်တယ်၊ ဘဝချုပ်ရင် ဇာတိချုပ်တယ်၊ ဇာတိချုပ်ရင် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားတွေ ချုပ်တယ်။ ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းပစ္စည်းအဆက်ဆက် အစီရင်ဖြင့် ချမ်းသာမဖက် ဆင်ရဲသက်သက်ဖြစ်သော ဒုက္ခအစုကြီး နောက်ဆုံးချုပ်သွားပုံကို ဖော်ပြထားတဲ့ပါဠိတော် ဖြစ်ပါသည်။

## သာသနာသုံးရပ်

သာသနာဆိုတဲ့ စကားလုံးကို ဆက်လက်ပြီး ရှင်းပေးပါမယ်။ သာသနာဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမပါဘဲ သာသနာသုံးရပ်ရှိတဲ့အနက်က–

(၁) ပရိယတ္တိသာသနာ– ဆိုတာ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားဓမ္မ စာပေကျမ်းဂန်များကို ကျက်မှတ်သင်အံ ပို့ချတဲ့လုပ်ငန်း ဖြစ်ပါတယ်။ သိရမယ့် (စာပေကျမ်းဂန် သင်ကြားမှု)။

(၂) ပဋိပတ္တိသာသနာ– ဆိုတာ ဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်များအတိုင်း ကျင့်ကြံကြိုး

www.burmeseclassic.com

www.burmeseclassic.com



ကုတ် ပွားများအားထုတ်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ (ကမ္မဋ္ဌာန်းဘာဝနာအားထုတ်မှု)။

(၃) ပဋိဝေဓသာသနာ– ဆိုတာ ယခုလို ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်တဲ့အတိုင်း ဒီတရားဓမ္မတွေအပေါ် ယောဂီတို့ဉာဏ်ရောက်ပြီး ထိုးထွင်းသိတဲ့သဘောဖြစ်ပါတယ်။ (မဂ်ဖိုလ်နိဗ္ဗာန်တရားကိုသိမှု၊ ရမှု)

ဒီသာသနာသုံးရပ်ကို ဆရာတော်ဘုရားကြီးက ဥပမာနဲ့တကွ ရှင်းလင်းပြထားပါသေးတယ်။

(၁) ပရိယတ္တိ သာသနာဆိုတာ ကန်ပေါင်ကြီးနဲ့တူတယ်။

(၂) ပဋိပတ္တိ သာသနာဆိုတာ ရေနဲ့တူတယ်။

(၃) ပဋိဝေဒ သာသနာဆိုတာ ကြာရိုး၊ ကြာစွယ်နဲ့တူတယ်။

ကန်ပေါင်ခိုင်ခံမှ ရေတည်တံ့မယ် ရေတည်မှကြာပေါက်နိုင်သလို ပရိယတ္တိ အခြေခံရှိမှ ပဋိပတ်ကျင့်စဉ် မှန်ကန်မယ်။ ပဋိပတ်ကျင့်စဉ် မှန်ပါမှ ပဋိဝေဓဆိုတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန်ရနိုင်တယ်လို့ သဘောပေါက်ထားရပါမယ်။ ဒါကြောင့် သာသနာတော်သုံးရပ်စလုံး တိုးတက်ထွန်းကားပြန့်ပွားအောင် ကြိုးစားကြဖို့ အထူးလိုအပ်လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ပရိညာသုံးပါး

ဇင်းနောက် ပရိညာဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို လည်းသိရပါဦးမယ်။ ပရိညာဆိုတာ ပိုင်းခြား၍သိခြင်း (ဝါ) သိသောဉာဏ်လို့ အဓိပ္ပါယ်ရပါတယ်။ ပရိညာသုံးပါးရှိတဲ့ အနက်က–

(၁) ဉာတပရိညာဆိုတာ သိမှုနဲ့ ပိုင်းခြားပြီးသိတာပါ
(၂) တီရဏ၊ ပရိညာဆိုတာ ပွားမှုနဲ့ပိုင်းခြားပြီးသိတာပါ
(၃) ပဟာန ပရိညာဆိုတာ ပယ်မှုနဲ့ပိုင်းခြားပြီးသိတာပါ

ဒီလင်္ကာဆောင်ပုဒ်ရဲ့အဆုံးမှာ သံသရာဆိုတဲ့ စကားလုံး ပါနေပါတယ်။ သံသရာဆိုတာ ခန္ဓာ အာယတနဆိုတဲ့တရား တွေ မပြတ် ဒလစပ်ဖြစ်ပေါ်ပြီး လည်ပတ်နေတဲ့ အစဉ်ကို ခေါ်ပါတယ်။

## အင်္ဂါတစ်ဆယ့်နှစ်ပါးကို ဥပမာနဲ့ရှင်းပုံ

၁။ အဝိဇ္ဇာဟာ အကန်းနဲ့တူပါတယ်။
၂။ သင်္ခါရဟာ လမ်းသွားတာနဲ့တူပါတယ်။
၃။ ဝိညာဏ်ဟာ ချောက်ထဲ ချော်လဲကျတာနဲ့တူပါတယ်။
၄။ နာမ်ရုပ်ဟာ အနာရတာနဲ့တူပါတယ်။
၅။ သဠာယတနဟာ ငန်းမန်းကြွတာနဲ့တူပါတယ်။
၆။ ဖဿဟာ ဆူးထိုးခံရတာနဲ့တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၇။ ဝေဒနာဟာ ဝေဒနာမျိုးစုံရတာနဲ့တူပါတယ်။
၈။ ဘဏ္ဍာဟာ ဆေးရှာတာနဲ့တူပါတယ်။
၉။ ဉပါဒါန်ဟာ ဆေးကိုဆွဲယူတာနဲ့တူပါတယ်။
၁၀။ ကမ္မဘဝဟာ ဆေးလိမ်းကျံတာနဲ့တူပါတယ်။
၁၁။ ဇာတိ၊ဇရာ၊မရဏတို့ဟာ အနာမျိုးစုံပြန်ရတာနဲ့တူပါတယ်။
၁၂။ ဇာတိ၊ဇရာ၊မရဏတို့ဟာ အနာမျိုးစုံပြန်ရတာနဲ့တူပါတယ်။

## ခန္ဓာငါးပါး

ခန္ဓာငါးပါးကို ဆက်လက်ပြီး ရှင်းပြပါဦးမယ်။

ခန္ဓာဆိုတာ အစုအပုံ (ဝါ) အပေါင်းအစုပါပဲ ဒါကို သက္ကာယတရားလို့ ခေါ်ပါတယ်။ သက္ကာယဆိုတာ မုချဆတ်ဆတ်၊ပရမတ်သဘောအားဖြင့် ထင်ရှားရှိတဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးအပေါင်းစုဟာ သက္ကာယဖြစ်ပါတယ်။

ဒီ သက္ကာယဆိုတဲ့ အမည်ဟာ ဘုံသုံးပါးမှာ ထင်ရှားကေန်၊ တကယ်ရှိ၊ တကယ်ဟုတ်မှန်တဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ပရမတ်တရားတွေရဲ့ အမည်းဖြစ်ပါတယ်။ ခန္ဓာအားဖြင့် ငါးပါး ရှိပါတယ်။ ခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်ရင် ရုပ်နာမ်နှစ်ပါးပဲ ရပါတယ်။

ရုပ်သည် (၁) ရူပက္ခန္ဓာ– ဖောက်ပြန်ပျက်စီးတတ်သော သဘောအစုဖြစ်ပျက်မှု။
နာမ်သည် (၂) ဝေဒနာက္ခန္ဓာ– ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု။
နာမ်သည် (၃) သညာက္ခန္ဓာ– မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။

www.burmeseclassic.com

www.burmeseclassic.com



နာမ်သည် (၄) သင်္ခါရက္ခန္ဓာ– စေ့ဆော်တိုက်တွန်း စီရင်တတ်သော သဘောအစုဖြစ်ပျက်မှု။
နာမ်သည် (၅) ဝိညာဏက္ခန္ဓာ– သိကြိုတတ်သော သဘောအစု ဖြစ်ပျက်မှု။

ဒါကြောင့် ရုပ်ခန္ဓာတစ်ပါး နာမ်ခန္ဓာက လေးပါးကို ယောဂီတို့သိထားပါ၊ ခန္ဓာငါးပါးကို အတိုကောက်အနေနဲ့ ယောဂီတို့ ကျက်မှတ်ရမှာက (ဖောက်ပြန်ခံစားမှတ်သားပြုပြင်သိဝိညာဏ် ငါးအင်ခန္ဓာမှတ်) အကြိမ်ကြိမ်ဆိုပါ အရကျက်ပါ။

ဒီခန္ဓာငါးပါး အနှစ်သာရကင်းမဲ့ပုံကို ဘုရားက ဥပမာနဲ့ တကွ ရှင်းပြထားသေးတယ်။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဖေဏပိဏ္ဍူပမသုတ္တန်မှာ ဘုရားရှင်က

(၁) ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားဟာ ရေမြှုပ်နဲ့တူတယ်။
(၂) ဝေဒနာက္ခန္ဓာဆိုတဲ့ ဝေဒနာတရားဟာ ရေပွက်နဲ့တူတယ်။
(၃) သင်္ခါရက္ခန္ဓာဆိုတဲ့ သင်္ခါရတရားဟာ ငှက်ပျောတုံးနဲ့ တူတယ်။
(၄) သညာက္ခန္ဓာဆိုတဲ့ သညာတရားဟာ တံလျှပ်နဲ့တူတယ်။
(၅) ဝိညာဏက္ခန္ဓာဆိုတဲ့ ဝိညာဏ်တရားဟာမျက်လှည့်နဲ့တူတယ်။

ဒီငါးပါးလုံးဟာ ဘာမှ အနှစ်သာရမရှိပါဘူး၊ အားလုံး ဖြစ်ပျက်နေတဲ့ တရားတွေချည်းပဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဒုက္ခသစ္စာတရားတွေချည်းပဲ။
ခန္ဓာငါးပါးကို သုတ္တန်နည်း အဘိဓမ္မာနည်းဆိုပြီး နည်းနှစ်နည်းစလုံး ယောဂီတို့ သိထားဖို့လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပဋိစ္စသမုပ္ပါဒ်(၂)ကွက်ထဲမှာ ဖော်ပြထားတဲ့ 'ဝိညာဏ် နာမ်ရုပ်' သဠာယတန ဖဿ၊ ဝေဒနာ' ဆိုတဲ့ ခန္ဓာငါးပါးဟာ သုတ္တန်နည်းအရပဲ ဖြစ်ပါတယ်။ ယခုအထက်မှာ ရှင်းပြခဲ့တဲ့ ရူပက္ခန္ဓာစသည့် ခန္ဓာငါးပါးကတော့ အဘိဓမ္မာနည်းအရ သိရမယ့် ခန္ဓာငါးပါးဖြစ်ပါတယ်။

ခန္ဓာငါးပါးကတော့ တစ်ခုတည်းပါပဲ။ နှစ်ခုလို့ မယူပါနဲ့ နည်းနှစ်နည်းနဲ့ ဟောကြားတော်မူထားလို့ နှစ်မျိုးကွဲပြားနေတာ ပါ။ ခန္ဓာငါးပါးတစ်ခုတည်းဖြစ်ကြောင်းကို သုတ္တန်နည်း အဘိ ဓမ္မာနည်းနှစ်နည်းကို ပေါင်းပြီး ရှင်းလင်းပေးပါမယ်။

| စဉ် | သုတ္တန်နည်း | အဘိဓမ္မာနည်း |
|---|---|---|
| ၁။ | ဝိညာဏ်ဆိုတာစိတ် | ဝိညာဏက္ခန္ဓ |
| ၂။ | ရုပ်နာမ်ဆိုတာ စေတသိက်နဲ့ ကမ္မဇရုပ် | ဝေဒနာက္ခန္ဓ၊ သညာက္ခန္ဓ သင်္ခါရက္ခန္ဓာနဲ့ ရူပက္ခန္ဓာ |
| ၃။ | သဠာယတနဆိုတာ မျက်စိ နား၊ လျှာ၊ နှာ၊ ကိုယ်၊ စိတ် | ရူပက္ခန္ဓနဲ့ ဝိညာဏက္ခန္ဓ |
| ၄။ | ဖဿဆိုတာ | သင်္ခါရက္ခန္ဓာ |
| ၅။ | ဝေဒနာဆိုတာ | ဝေဒနာက္ခန္ဓာ |

ယောဂီတို့ဉာဏ်ထဲမှာ ခန္ဓာငါးပါးကို နည်းနှစ်နည်းနဲ့ ကွဲပြားနေပေမယ့် ယခုတစ်ပေါင်းတည်း၊ တစ်ထပ်တည်းကျ ကြောင်း ရှင်းလင်းနေရပါမယ်။

ရုပ်တရားဟာ 'ကံ စိတ် ဥတု အာဟာရ'ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားလေးပါးအပေါ်မှာမှီနေရသလို နာမ်တရားဟာ 'အာရုံနဲ့ဒွါရ' ဆိုတဲ့ အကြောင်းတရားနှစ်ပါးအပေါ်မှာ မှီနေပါတယ်။ ဒီရုပ်နဲ့ နာမ်ဟာ ပဥ္စဝေါကာရဘုံမှာ ခွဲလို့မရပါဘူး။

ဒီနေရာမှာ ပဋ္ဌာန်းနည်းနဲ့ အနည်းငယ်ရှင်းပြရရင် ပဋိသန္ဓေခဏမှာ ရုပ်ကလည်း နာမ်ကိုအားကိုး၊ နာမ်ကလည်း ရုပ်ကိုအားကိုးပြီး နေရပါတယ်၊ နာမ်နဲ့ရုပ်ဟာ (အညမည) အပြန်အလှန်မှီပြီး ကျေးဇူးပြုနေကြပါတယ်။ဒီပြင်(သဟ ဇာတ) အတူတကွ တစ်ပြိုင်နက်အားဖြင့်လည်း ကျေးဇူးပြုပါတယ်။ (နိဿယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း)တွေနဲ့လည်း ပစ္စည်းပြိုင်လို့ရပါတယ်။

ဥပမာ မှိုပေါက်လာတဲ့အခါမှာထိပ်က အဖုးကလေး တစ် ခါတည်းပါလာသလို ဝိညာဏ်ဖြစ်ရင် နာမ်ရုပ်ပါလာတာ ပါပဲ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၊ နာမ်ရုပ်ကြောင့် ဝိညာဏ် ဖြစ်ပါတယ်။ ဝိညာဏ်ချုပ်ရင် နာမ်ရုပ်လည်းချုပ်ပါတယ်။ နာမ်ရုပ်ချုပ်ရင်လည်း ဝိညာဏ်ပါချုပ်တယ်လို့ သဘော ပေါက်ထားပါ။ တစ်ဖန်ခန္ဓာငါးပါးကို 'ပရမတ္ထတရား' အားဖြင့် ပိုင်းခြားဝေဖန် သုံးသပ်ကြည့်ရအောင်

ခန္ဓာငါးပါး
- ရုပ်တရား
- နာမ်လေးပါး
  - စေတသိက်သုံးပါး
  - စိတ်တစ်ပါး

www.burmeseclassic.com

(၁)ရူပက္ခန္ဓာ၊ (၂)ဝေဒနာက္ခန္ဓာ၊ (၃)သညာက္ခန္ဓာ (၄)သင်္ခါရက္ခန္ဓာ၊ (၅)ဝိညာဏက္ခန္ဓာ ခန္ဓာငါးပါးမှာ ရုပ်ခန္ဓာကတစ်ပါး နာမ်ခန္ဓာကလေးပါးရှိပါတယ်၊ နာမ်ခန္ဓာလေးပါးမှာ စေတသိက်ခန္ဓာသုံးပါးနဲ့ စိတ်ခန္ဓာကတစ်ပါးရှိပါးတယ်။ အကျယ်အားဖြင့်ဆိုရင်တော့ ရုပ်က(၂၈)ပါး၊ စေတသိက်က(၅၂)ပါးနဲ့ စိတ်ကရှစ်ပါးကိုသိရပါတယ်၊ စေတသိက်(၅၂)ပါးမှာ ဝေဒနာ(၁)သညာ (၁)ကြဉ်ပြီးကျန်တာ သင်္ခါရ(၅၀)လို့မှတ်ပါ။

စိတ်နဲ့စေတသိတ်တရားတွေဟာ ဘယ်လိုမှခွဲလို့မရပါဘူး၊ ကင်းပြီးဖြစ်လို့မရတဲ့တရားတွေပါ၊ နာမ်တရားတွေချည်းပဲ စိတ်ကိုခြယ်လှယ်နေတဲ့ တရားတွေဟာ စေတသိတ်တရားတွေပါစိတ်နဲ့ စေတသိတ်ဟာ မကွေမကွာတစ်ခုတည်းသောဖြစ်ခြင်း ချုပ်ခြင်း၊ အာရုံတည်ရာမှီရာ အတူတူပါပဲ၊ ဒါကြောင့် စိတ်နဲ့ စေတသိက်တရားတွေကို ပေါင်းပြီး နာမက္ခန္ဓာလေးပါးလို့ စာမှာသုံးပါတယ်။ တူရာပေါင်းလိုက်တော့ နာမ်ခန္ဓာတစ်ပါးပဲရပါတယ်။ စိတ်နဲ့စေတသိက်ဆိုတာကလည်း တစ်ပြိုင်တည်းဖြစ်တယ်။ အတူတကွဖြစ်တယ်လို့ ပဋ္ဌာန်းပါဠိတော်မှာ သဟဇာတပစ္စည်း၊ အညမညပစ္စည်းတွေမှာ ဟောထားပါတယ်။ စိတ်ဖြစ်ရင်စေတသိက်ရပါမယ်။ စေတသိက်ဖြစ်ရင် စိတ်ပါရပါမယ်။

www.burmeseclassic.com



## ပရမတ္ထတရားလေးပါး

မြတ်စွာဘုရားက ပရမတ္ထတရားကို လေးပါးဟောထားပါတယ်။ ဒီလေးပါးကတော့ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ပဲဖြစ်ပါတယ်။ ပရမတ်ဆိုတဲ့သဘောက မဖောက်မပြန် မှန်ကန်တဲ့သဘောကို နားလည်ထားပါ။ ဒီနေရာမှာ အနည်းငယ်ရှင်းပြလိုတာကစိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်ကို တစ်တန်းတည်းတစ်သားတည်း ထားပြီးအတူတူပဲလို့ မယူဆသင့်ပါဘူး။ 'စိတ်၊ စေတသိက်၊ ရုပ်' တရားတွေဟာ ဖြစ်ပြီးပျက်နေတဲ့သင်္ခတနယ်မှာရှိတဲ့ တရားတွေမို့ ဒီတရားသုံးပါးကို သင်္ခတပရမတ်လို့ မှတ်ယူပါ။ နိဗ္ဗာန်ကတော့ မဖြစ်မပျက်တဲ့ အသစ်တစ်နယ်မှာရှိတဲ့ တရားမို့ နိဗ္ဗာန်ကို အသင်္ခတပရမတ်လို့ မှတ်ယူရပါမယ်။ ဒီလို သင်္ခတနဲ့အသင်္ခတနယ်နှစ်နယ်ကို ပိုင်းခြားပြီး နားလည်သဘောပေါက်ထားရမှာ ဖြစ်ပါတယ်။ ဒီသဘာဝချင်း မတူတဲ့နယ်နှစ်နယ်ကို ပေါင်းစပ်ပြီး တစ်တန်းတည်း၊ တစ်သားတည်းအတူတူပဲလို့ သတ်မှတ်လို့မရပါဘူး။ ဒီတရားလေးပါးဟာ သူနည်းနဲ့သူတော့ မဖောက်မပြန် မှန်ကန်တဲ့ သဘောတွေချည်း ဆောင်နေတယ်လို့နားလည်းထားပါ။ 'စိတ် စေတသိတ် ရုပ်'ကဖြစ်ပျက် 'နိဗ္ဗာန်'က မဖြစ်မပျက်၊ ဒီလို သဘောသဘာဝချင်းမတူတဲ့အတွက် ဒီပရတ္ထတရားလေးပါးဟာ အတူတူပဲလို့ သဘောထားလို့မရဘူး၊ သူ့နယ်နဲ့သူခွဲခြားနားလည်ထားဖို့ အလွန်အရေးကြီးပါတယ်။ သစ္စာအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင် 'စိတ်၊ စေတသိက်၊ ရုပ်တရားတွေဟာ ဒုက္ခသစ္စာ 'နိဗ္ဗာန်'က နိရောဓသစ္စာလို့ မှတ်ပါ၊ သခ်ာတနယ်မှာရှိတဲ့ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့တရားတွေဟာ ခန္ဓာအနေနဲ့ဆိုရင် ငါးပါး ရှိတယ်ဆိုတာ ယောဂီတို့ အားလုံးသဘောပေါက်ထားပြီး ဖြစ်ပါတယ်။ အဲ့ဒီခန္ဓာငါးပါးကို အကျဉ်းချုံးလိုက်ရင်တော့ ရုပ်နာမ်နှစ်ပါးပဲရပါတယ်။ ဒါကိုပင်လျှင် သက္ကာယတရားလို့ မြတ်စွာဘုရားဟောကြားတော်မူပါတယ်။ ဒီခန္ဓာငါးပါး တစ်ပြိုင် တည်းပေါ်ပုံကို ဆက်လက်ပြီး ရှင်းပြပါဦးမယ်။ အလွယ်တကူနဲ့ သဘောပေါက်အောင် ပြောရရင် ဥပမာ မြင်စိတ်ပေါ်တယ် ဆိုကြပါစို့ မြင်စိတ်ဆိုတာ မြင်သိစိတ်ကို ဆိုလိုပါတယ်။ မြင်စိတ်ဆိုတာနဲ့ တစ်ပြိုင်နက် ခန္ဓာငါးပါး တစ်ပေါင်းတည်း ပေါ်သွားပုံကို ရှင်းပြပါမယ်။

| | |
|---|---|
| မျက်စိနဲ့အဆင်းက ရုပ်တရားမို့ ခန္ဓာဖွဲ့ရင် | – ရူပက္ခန္ဓာ |
| ကောင်းမကောင်းခံစားမှုက | – ဝေဒနာက္ခန္ဓာ |
| ဒါဟာဖြင့် ဘာပဲညာပဲလို့ မှတ်သားမှုက | – သညာက္ခန္ဓာ |
| မျက်စိနဲ့ အဆင်းတွေ့ပုံပေးမှုက | – သင်္ခါရက္ခန္ဓာ |
| အဲဒီလိုတွေ့ဆုံမှုကြောင့်ပေါ်လာတဲ့မြင်စိတ်က | – ဝိညာဏက္ခန္ဓာ |

ထို့အတူ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာကောင်း စိတ် (ထိသိစိတ်) တွေးတောစိတ်တွေ ဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် ခန္ဓာငါးပါး တစ်ပေါင်းတည်းဖြစ်ပေါ်လာတယ်လို့ မှတ်ပါ။ ပဋ္ဌဝေါကာရဘုံမှာ ရုပ်နာမ်တွေဟာ ခွဲလို့မရဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အမြဲဒွန်တွဲလျက်ရှိတယ်ဆိုတာ ရှင်းပြခဲ့ပြီးပါပြီ။

စိတ် ၈၉ ပါး အကျယ် ၁၂၁ ပါး
စေတသိက် ၅၂ ပါး
ရုပ် ၂၈ ပါး

## ဒိဋ္ဌိဖြစ်ကြောင်းရှစ်ပါး

ခန္ဓာ အဝိဇ္ဇာ ဖဿောစ သညာတက္ကော အယောနိသော ဒုမ္မိတ္တော၊ ပရတော ဃောသော ဒိဋ္ဌိဋ္ဌာနာနိ အဋ္ဌဓာ၊

၁။ ခန္ဓာကိုယ်နှင့် ပတ်သက်၍လည်းကောင်း
၂။ သစ္စာလေးပါးကို မသိ၍လည်းကောင်း
၃။ အတွေ့အထိနှင့် ပတ်သက်၍လည်းကောင်း
၄။ မှတ်သားမှုနှင့် ပတ်သက်၍လည်းကောင်း
၅။ အကြံအစည်နှင့် ပတ်သက်၍လည်းကောင်း
၆။ နှလုံးသွင်းမှား၍ လည်းကောင်း
၇။ မိုက်မဲတဲ့ ပုဂ္ဂိုလ်နှင့်ပေါင်းသင်းမိ၍လည်းကောင်း
၈။ သူတစ်ပါးတရားသံနှင့် ပတ်သက်၍လည်းကောင်း

ဒိဋ္ဌိဆိုတာဖြစ်ပေါ်လာတာပါ။

အဲဒီဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို အပြောင်းအစင် ပယ်သတ်ပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်ဟာ ဘုံဘဝထဲမှ ကျင်လည်ရဦးပေမယ့် လူ့ပြည် နတ်ပြည် **စုန်ချည်** ဆန်ချည် အလွန်ဆုံးခုနစ်ဘဝပဲ ကျင်လည်ရတော့မှာ ဖြစ်ပါတယ်။ ရှစ်ခုမြောက်သော ကာမဘဝ

www.burmeseclassic.com

www.burmeseclassic.com



ကို မယူတော့ပါဘူး။ ဒီပုဂ္ဂိုလ်အတွက် စိတ်ချရသွားပြီလို့ မှတ်ပါ။ ပရိတ်ကြီးပါဠိရတနာသုတ်မှာ ဒီအတိုင်းလာပါတယ်။

## အာယတန ၁၂ ပါး

ယခုတစ်ဖန် ဆက်လက်ပြီး အာယတနဆိုတဲ့တရားကို ရှင်းပြပါဦးမယ်။ အာယတနဆိုတာ အလျားရှည်စွာသော ဝဋ်ဆင်းရဲကို အဖန်တစ်လဲလဲ ဆောင်တတ်ဖြစ်စေတတ်သော ကြောင့် အာယတနမည်ပါတယ်။ အာယတန ၁၂ပါးရှိပါတယ်။ ဒါကို အတွင်းအာယတနခြောက်ပါးနဲ့ အပြင်အာယတန ခြောက်ပါးလို့ နှစ်ပိုင်းခွဲပြီး နားလည်ရပါမယ်။

| အတွင်းအာယတနခြောက်ပါး | အပြင်အာယတနခြောက်ပါး |
|---|---|
| ၁။စက္ခာယတန မျက်စိအကြည် | ၁။ရူပါယတန အဆင်း |
| ၂။သောတာယတန နားအကြည် | ၂။သဒ္ဒါယတန အသံ |
| ၃။ဃာနာယတနနှာခေါင်းအကြည် | ၃။ဂန္ဓာယတန အနံ့ |
| ၄။ဇိဝှာယတန လျှာအကြည် | ၄။ရသာယတန အရသာ |
| ၅။ကာယာယတနကိုယ်အကြည် | ၅။ဖောဋ္ဌဗ္ဗာယတန တွေ့ထိစရာ |
| ၆။မနာယတန မနောအကြည် | ၆။ဓမ္မာယတန ကြံတွေးစရာ |

သူ့အတွဲနှင့်သူ တွဲဖက်ပြီး မှတ်သားထားပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ် ၁၈ ပါး

တစ်ဖန်ဓာတ်ဆိုတဲ့သဘောကို ဆက်လက်ပြီး ရှင်းပေးပါမယ်။ 'ဓာတ်'ဆိုတာ မိမိသဘောတရားအတိုင်း မိမိဆောင်နေတဲ့အတွက်ကြောင့် (ဓါတု) ဓာတ်လို့ခေါ်ပါတယ်။

ဓာတ်အနေနဲ့ ၁၈ ပါးရှိပါတယ်။ ဒီ ၁၈ပါးကို အခံဓာတ်ခြောက်ပါး၊ အတိုက်ဓာတ်ခြောက်ပါး၊ အပွင့်ဓာတ်ခြောက်ပါး ဆိုပြီး သုံးပိုင်းနားလည်သဘောပေါက်ထားရပါမယ်။

| အခံဓာတ် | အတိုက်ဓာတ် | အပွင့်ဓာတ် |
|---|---|---|
| ၁။စက္ခု မျက်စိ | ၁။ရူပါရုံ အဆင်း | ၁။ စက္ခုဝိညာဏ်မြင်စိတ် |
| ၂။သောတ နား | ၂။သဒ္ဒါရုံ အသံ | ၂။ သောတဝိညာဏ်ကြားစိတ် |
| ၃။ဃာနနှာခေါင်း | ၃။ဂန္ဓာရုံ အနံ့ | ၃။ ဃာနဝိညာဏ် နံစိတ် |
| ၄။ဇိဝှာ လျှာ | ၄။ရသာရုံအရသာ | ၄။ ဇိဝှာဝိညာဏ် စားစိတ် |
| ၅။ကာယ ကိုယ် | ၅။ဖောဋ္ဌဗ္ဗာရုံ တွေ့ထိစရာ | ၅။ကာယဝိညာဏ် ယားနာကောင်းစိတ်(ထိသိစိတ်) |
| ၆။မန စိတ် | ၆။ဓမ္မာရုံကြံတွေးစရာ | ၆။မနောဝိညာဏ် တွေးတောစိတ် |

www.burmeseclassic.com

www.burmeseclassic.com



အခံဓာတ်နဲ့ အတိုက်ဓာတ်တွေ့ဆုံမှုကြောင့် အပွင့်ဓာတ်ဆိုတာ ပေါ်လာရတာပါ။ လွယ်ကူအောင် မြင်၊ စိတ်၊ ကြား၊ စိတ်လို့ သုံးထားပါတယ်။ ယောဂီတို့အနေနှင့် မြင်သိစိတ်၊ ကြားသိစိတ် လို့ သဘောပေါက်ပါ။ 'သိ'ဆိုတဲ့စကားလုံးကို မြုပ်ပြီးသုံးထား တယ်လို့ မှတ်ပါ။ မျက်စိ၊ အဆင်း၊ မြင်စိတ်၊ ဒီသုံးခုပေါင်းဆုံ မှုသဘောဟာ ဖဿပါပဲ၊ ဖဿဖြစ်ရင် ဝေဒနာဖြစ်မှာ သေချာ ပါတယ်။ ဒါခန္ဓာပဋိစ္စသမုပ္ပါဒ်လို့မှတ်ပါ။

## သတိပဋ္ဌာန်လေးပါး

(ခ)လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး သတိပဋ္ဌာန်လေးပါးကို နားလည် သဘောပေါက်ထားရမယ်။

သတိပဋ္ဌာန်ဆိုတာ သတိစေတသိက်ရဲ့ မိမိဆိုင်ရာ အာရုံ၌ လွန်လွန်ကဲကဲ စွဲစွဲမြဲမြဲတည်ပြီး ရှုမှတ်ပွားများတာပါပဲ။ ခန္ဓာငါးပါးကို သတိပဋ္ဌာန်အားဖြင့် ပိုင်းခြားဝေဖန်ကြည့်ရင်း လေးပါးရပါတယ်။

(၁) ရူပက္ခန္ဓာဆိုတဲ့ရုပ်ကိုရှုရင် ကာယာနုပဿနာ သတိပဋ္ဌာန်

(၂) ဝေဒနာက္ခန္ဓာဆိုတဲ့ ဝေဒနာကိုရှုရင် ဝေဒနာနုပဿနာ သတိပဋ္ဌာန်

(၃) သညာက္ခန္ဓာဆိုတဲ့ သညာနဲ့

(၄) သင်္ခါရက္ခန္ဓာဆိုတဲ့ သင်္ခါရကိုရှုရင် စိတ္တာနုပဿနာ

www.burmeseclassic.com

www.burmeseclassic.com



သတိပဋ္ဌာန်

(၅) ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်ကိုရှုရင် စိတ္တာနုပဿနာ သတိပဋ္ဌာန်

ဒီသတိပဋ္ဌာန်တရားနဲ့ ပတ်သက်ပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်လိုဟောကြားတော်မူပါသလဲဆိုရင်

ရဟန်းတို့ ဤခရီးဟာ သတ္တဝါတွေရဲ့ စိတ်စင်ကြယ်စေခြင်းငှာ စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတွေကို လွန်မြောက်စေခြင်းငှာ ကိုယ်ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတွေ ချုပ်ငြိမ်းစေခြင်းငှာ အရိယာမဂ်ကိုရစေခြင်းငှာ နိဗ္ဗာန်ကိုမျက်မှောက်ပြုစေခြင်းငှာ တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်ပေတယ်။ အဲဒီခရီးလမ်းဟာ ဤသတိပဋ္ဌာန်တရားလေးပါးပဲလို့ ဟောကြားတော်မူတယ်။

ဆက်လက်ပြီး ပို့မိုသဘောပေါက်အောင် သတိပဋ္ဌာန်လေးပါးကို ရှင်းလင်းပေးဦးမယ်။

(က) ကာယာနုပဿနာ သတိပဋ္ဌာန်–ဆိုတာ ရုပ်အပေါင်းကို ရှုဆင်ခြင်ခြင်းပါပဲ၊ ဒီသတိပဋ္ဌာန်အနေနဲ့ ၁၄ပါးရှိပါတယ်။ ဒီသတိပဋ္ဌာန်က သုဘသညာကို ပယ်ရှားပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်– ဆိုတာ ဝေဒနာကို ဆင်ခြင်ခြင်းပါပဲ။ ဒီ သတိပဋ္ဌာန် အနေနဲ့ ကိုးပါးရှိပါတယ်။ ဒီ သတိပဋ္ဌာန်ကသုခ သညာ ကို ပယ်ရှားပေးပါတယ်။

(ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန်–ဆိုတာ စိတ်ကိုဆင်ခြင်ခြင်းပါပဲ။ ဒီသတိပဋ္ဌာန်အနေနဲ့ ၁၆ပါးရှိပါတယ်။ ဒီသတိ ပဋ္ဌာန်က နိစ္စသညာနဲ့ ဒိဋ္ဌိ သညာကို ပယ်ရှားပေးတယ်။

(ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန်–ဆိုတာသဘောတရားကို ဆင်ခြင်ခြင်းပါပဲ။ ဒီသတိ ပဋ္ဌာန်အနေနဲ့ ငါးပါးရှိပါ တယ်။ ဒီသတိပဋ္ဌာန် က တော့ အတ္တသညာကိုပယ် ရှားပေးပါတယ်။(အကျယ် သလိုပါက သတိပဋ္ဌာန် ပါဠိတော်ကြီးမှာ လေ့လာ ကြည့်ရှုနိုင်ပါတယ်)။

ယောဂီစရိုက်နဲ့ ကမ္မဋ္ဌာန်းကိုက်ညီမှုလည်းပဲ ခရီးရောက် ဟာဖြစ်တဲ့အတွက်ကြောင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီးက–

(၁) မိမိဉာဏ်ကလည်း နုံ့မယ်၊ ကိလေသာကလည်းထူမယ် ဆိုရင် ကာယာနုပဿနာကို ရှုတာအသင့်လျော်ဆုံးတဲ့။

(၂) မိမိဉာဏ်ကတော့ထက်ပါရဲ့ ဒါပေမယ့် တဏှာစရိုက်များနေမယ်ဆိုရင် ဝေဒနာနုပဿနာကို ရှုတာအသင့်လျော်ဆုံးတဲ့

(၃) မိမိဉာဏ်ကလည်းမထက်ဘူး၊ ဒိဋ္ဌိစရိုက်လည်း အားကြီးမယ်ဆိုရင် စိတ္တာနုပဿနာကို ရှုတာအသင့်လျော်ဆုံးပါပဲ။

(၄) မိမိဉာဏ်အနေကလည်းထက်မယ်၊ ကိလေသာကလည်းပါးမယ်ဆိုရင်တော့ ဓမ္မာနုပဿနာ ရှုတာအသင့်လျော်ဆုံးဖြစ်ပါတယ်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကတော့ စိတ္တာနုပဿနာနဲ့ ဝေဒနာနုပဿနာကို အဓိကထားပြီး ဟောကြားတော်မူပါတယ်။ မဂ်လေးပါးရှိတဲ့နေရာမှာ အောက်ဆုံးမဂ်ဆိုတဲ့ သောတာပတ္တိမဂ်ရဖို့အတွက် စိတ္တာနုပဿနာဟာ အရေးပါသလို အထက်မဂ်သုံးပါးဖြစ်တဲ့ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်နဲ့ အရဟတ္တမဂ်အတွက်ကတော့ ဝေဒနာ နုပဿနာဟာ အရေးကြီးပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒိဋ္ဌိဟာ စိတ်ပေါ်မှာအများဆုံး ကပ်ပါတယ်။ ဒိဋ္ဌိပြုတ်မှလည်း သောတာပန်တည်နိုင်မှာမို့ ပဌမမဂ်အတွက် စိတ္တာနုပဿနာက အသင့်တော်ဆုံးလို့ ပြောရတာပါ။ အထက်မဂ်တွေကတော့ အဆင့်ဆင့်တဏှာ သတ်သွားရမှာ ဖြစ်လေသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဝေဒနာ နုပဿနာဟာ အသင့်တော်ဆုံးလို့ ပြောရတာပါ။ နောက်ဆုံး ဘာနုပဿနာပဲရှုရှု ဓမ္မနုပဿနာထဲ အားလုံး ဝင်ကြရမှာချည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရှင်သာရိပုတ္တရာက ဓမ္မာနုပဿနာကို ဆင်ခြေရာနဲ့တူတယ်လို့ ဥပမာပေးပြီး ဟော ကြားတော်မူပါတယ်။ ဆင်ကြီးတစ်ကောင်က သွားတဲ့အခါ ဆင်ခြေရာတွေဟာ ရွှံ့ဗွက်တွေထဲမှာ ထင်ပြီးကျန်ရစ်ခဲ့တယ် ဆိုပါစို့။ ခွေး၊ နွား၊ ကျွဲ၊ ဆိတ်စတဲ့ သတ္တဝါတွေဟာ နောက်က လိုက်သွားရင် ဒီဆင်ခြေရာကို အုပ်မိအောင် နင်းနိုင်ဖို့ ဘယ် သတ္တဝါမှ နောက်ထပ်လာစရာ မရှိတော့တဲ့အတွက်ကြောင့် ဒီဆင်ခြေရာခွက်ထဲပဲ ထောက်ထောက်ပြီး သူတို့လိုရာခရီးကို သွားကြရမှာဖြစ်ပါတယ်။ ဆင်ခြေရာခွက်ထဲသာ နင်းနင်းပြီး သွားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘာနုပဿနာပဲ ရှုရှု နောက်ဆုံးဖြစ်ပျက်မှာပဲ လမ်းဆုံးရမှာ ဖြစ်ပါတယ်။ ရုပ်ဝေဒနာ စိတ်လို့မရှုဘဲ ဝိပရိဏာမ သဘောဖောက်ပြန် ပျက်စီးသွားတဲ့ သဘောကိုပဲ တန်းရှုတာက ဓမ္မာနုပဿနာ (ပညတ်မပါဘူး) သဘောကိုပဲ ရှုတာပါ။

ဒါကြောင့် 'ဓမ္မေသုဓမ္မာနုပဿီ ဝိဟရတိ'တဲ့

သစ္စာနည်းနဲ့ ရှုရင်လည်း ဒါဓမ္မာနုပဿနာပါပဲ ဘယ် တရားပေါ်လာပေါ်လာ ဖြစ်ပျက်ဒုက္ခသစ္စာလို့ ရှုတာပါပဲ။

ဥပမာအားဖြင့်ပြရရင် ဓမ္မဒိန္နာနဲ့ ဘိက္ခုနီ ၅၀၊ ပေါင်း ၅၁ပါးတို့ဟာ ဒီဓမ္မာနုပဿနာ ရှုလိုက်တာ ခုနစ်ရက်တည်းနဲ့ပဲ ရဟန္တာမတွေ ဖြစ်သွားတယ်ဆိုတာ ကျမ်းဂန်ထဲမှာ အထင်

www.burmeseclassic.com

www.burmeseclassic.com



အရှားတွေ့နိုင်ပါတယ်။

ဒါကြောင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက သတိတရားကို စွဲစွဲမြဲမြဲတည်ပြီး အဓိကထားရှုမှတ်ပွားများ အားထုတ်တဲ့နေရာမှာ သတိပဋ္ဌာန်ကျင့်စဉ်အနေနဲ့ မဂ္ဂင်တရားများနှင့် တွဲဖက်ပြီး သတိပဋ္ဌာန်သံယုတ်ပါဠိတော်အရ ဘယ်လိုများ ဟောကြားဆုံးမထားတော်မူပါသလဲဆိုရင်

(၁) သတိပဋ္ဌာန်ဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါး (သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိနှင့် မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို သိနေတာအဖြစ်ကိုသိတာ (သမထ)

(၂) သတိပဋ္ဌာန ဘာဝနာကျတော့ လောကီမဂ္ဂင်ငါးပါး ရှုဉာဏ်တရားဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါး ပညာမဂ္ဂင်နှစ်ပါး (သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ)နဲ့ မိမိသန္တာန်မှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေရဲ့ ဖြစ်ခြင်းပျက်ခြင်းသဘောကို သိနေတာ (ဝါ) လက္ခဏာရေးသုံးပါးကို သိနေတာအပျက်ကိုသိတာ (ဝိပဿနာ)

(၃) သတိပဋ္ဌာန်၏ အကျင့်လမ်းဆုံးရောက်သွားတော့ လောကုတ္တရာမဂ္ဂင်ရှစ်ပါးဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါး ပညမဂ္ဂင်နှစ်ပါး+သီလမဂ္ဂင်သုံးပါးပါ (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ)နဲ့ စောစောက မိမိသန္တာန်မှဖြစ်ပေါ်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ ချုပ်ဆုံးကုန်ပျောက်သွားတဲ့(ဝါ)ဖြစ်ပျက်သုဉ်းသွားတဲ့နိဗ္ဗာန်ကို ဉာဏ်ရောက်သွားတာ(ဝါ)မျက်မှောက်ပြုသွားတာ ဒါကျင့်စဉ်ပဲလို့ မှတ်ပါ။

## သစ္စာလေးပါး

(သိပါယ်ဆိုက်ပွား- ယောဂီအလုပ်တရား)

| | |
|---|---|
| သမုဒယသစ္စာ<br>ဒုက္ခသစ္စာ | လောကီသစ္စာ<br>အယုတ်သစ္စာနှစ်ပါး |
| မဂ္ဂသစ္စာ<br>နိရောဓသစ္စာ | လောကုတ္တရာသစ္စာ<br>အမြတ်သစ္စာနှစ်ပါး |

(၁) သမုဒယသစ္စာ ဆင်းရဲခြင်းဖြစ်ကြောင်း အမှန်တရား (မီး) ပါယ်ရမည့်တရား

(၂) ဒုက္ခသစ္စာ ဆင်းရဲကျိုးအမှန်တရား (ထင်းလောင်စာ)

ဖြစ် ဒုက္ခ ─┐
　　　　　├─ ပိုင်းခြားသိရမည့်တရား
ပျက်ဒုက္ခ ─┘

ဒု စက်ဆုပ်စရာ

ခ အသုံးမကျတာ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စက်ဆုတ်စရာ အသုံးမကျတာအမှန်ပါ။

(၃) မဂ္ဂသစ္စာ ဆင်းရဲကြောင်း၊ဆင်းရဲကျိုးတို့၏ချုပ်ငြိမ်းရာအကျင့်ကောင်း အမှန်တရား (မဂ္ဂင် ၅ပါး) ပွားများအားထုတ်ရမည့်တရား

(၄) နိရောဓသစ္စာ ဒုက္ခချပ်သိမ်းချုပ်ငြိမ်းရာ အမှန်တရား (နိဗ္ဗာန်)

မျက်မှောက်ပြုရမည့်တရား

ဆိုက်ရောက်ရမည့်တရား

## လားရာဂတိ (၅)မျိုး

(က) ဒေဝဂတိ (နတ်ပြည်)

(ခ) မနုဿဂတိ (လူ့ပြည်)

(ဂ) ပေတဂတိ (ပြိတ္တာ၊ အသူရကာယ်)

(ဃ) တိရစ္ဆာန်ဂတိ (တိရစ္ဆာန်)

(င) နိရယဂတိ (ငရဲ)

## ပဋိသန္ဓေအကြောင်း (၃)ပါး

၁။ အဝိဇ္ဇာ၊ ၂။ တဏှာ၊ ၃။ ကံသင်္ခါရ

## သေခြင်း (၄)ပါး

www.burmeseclassic.com

www.burmeseclassic.com



၁။ သက်တမ်းကုန်၍သေခြင်း အာယုက္ခယမရဏာ
၂။ ကံစွမ်းကုန်၍သေခြင်း ကမ္မက္ခယမရဏာ
၃။ သက်တမ်း၊ကံစွမ်း(၂မျိုး)ကုန်၍သေခြင်း ဉဘယက္ခယမရဏာ
၄။ ကံဆိုးဖြတ်၍လတ်တလောသေခြင်း ဉပစ္ဆေဒကမရဏာ

## သေခါနီးထင်နမိတ် (၃)ပါး

၁။ ကံနမိတ်– အကျိုးပေးခွင့်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်ဇနက ကံများကို ကံနမိတ် (ကံအာရုံ)ဟုခေါ်၏။
၂။ ကမ္မနမိတ်– အလှူဝတ္ထု အလှူခံ၊ သတ်အပ်သောသတ္တဝါ ခိုးအပ်သောဝတ္ထု၊ လက်နက်လေးမျှားစသည် များသည် ကမ္မနမိတ်
၃။ ဂတိနမိတ်– အမိဝမ်းရေး ကမ္ဗလာနီ (လူ့ဘုံ)
နတ်သမီးဘုံ ဗိမ္မာန်ဉယျာဉ်ပဒေသာပင် (နတ်ဘုံ)
ငရဲအိုး၊ ငရဲမီးလျှံ (ငရဲဘုံ)
ချောက်ကမ်းပါး၊တောင်တော၊ ခွေးနက်(ပြိတ္တာ)

## သူတော်ကောင်းရတနာ(၇)ပါး

(က) သဒ္ဓါ– ရတနာသုံးပါးနှင့် ကံကံ၏အကျိုးပေးများကို ယုံကြည်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ခ) သီလ– သီလတည်ဆောက်ကျင့်သုံးခြင်း။
(ဂ) စာဂ– ပေးကမ်းလှူဒါန်းခြင်း။
(ဃ) သုတ– အကြားအမြင်များခြင်း။
(င) ပညာ– ထိုးထွင်းသိမြင်ခြင်း (မဂ်ဖိုလ်ပညာ)။
(စ) ဟိရိ– မကောင်းမှု၌ရှက်ခြင်း။
(ဆ) ဩတ္တပ္ပ– မကောင်းမှု၌ ကြောက်ခြင်း။

## ပုညကြိယာဝတ္ထု (၁၀)ပါး

၁။ ဒါန – အလှူပေးခြင်း။
၂။ သီလ – သီလဆောက်တည်ခြင်း။
၃။ ဘာဝနာ – ကမ္မဋ္ဌာန်းဘာဝနာပွားများခြင်း။
၄။ အပစာယန – အမိအဖ၊ ဆရာသမား၊ သက်ကြီးရွယ်အိုတို့အား အရိုအသေပြုခြင်း။
၅။ ဝေယျာဝစ္စ – ကုသိုလ်အလုပ်၌ အားစိုက်ကူညီမှုပြုခြင်း။
၆။ ပတ္တိဒါန – မိမိကုသိုလ်ကို သူတစ်ပါးတို့အား အမျှပေးဝေခြင်း။
၇။ ပတ္တာနုမောဒန–သူတစ်ပါးကုသိုလ်ကို ဝမ်းမြောက်စွာ သာဓုအနုမောဒနာခေါ်ခြင်း။
၈။ ဓမ္မသဝန – တရားတော်ကို ကြားနာခြင်း။
၉။ ဓမ္မဒေသနာ – တရားစကားကို ဟောပြောခြင်း။
၁၀။ ဒိဋ္ဌိဇုကမ္မ – အယူမှန်ကိုယူခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## ကပ်သုံးပါး

(က) ဒုဗ္ဘိက္ခန္တရကပ်– တိုင်းပြည်မြို့နယ်အနှံ့အပြားတို့၌ အစားအသောက်ပြတ်ငတ်၍သေရခြင်း။ (လောဘ တရားကြီးမားမှု)။

(ခ) သတ္တန္တရကပ်– တုတ်၊ ဓါး၊ သေနတ်ဗုံး၊ အမြှောက်စသောလက်နက်များဖြင့် လူအပေါင်းပျက်စီးရခြင်း (ဒေါသတရား)။

(ဂ) ရောဂန္တရကပ်– ပလိပ်၊ ကာလဝမ်း၊ ကျောက်၊ အဖျားရောဂါတို့ဖြင့် တိုင်းပြည်မြို့နယ်အနှံ့ လူအပေါင်းတို့ ပျက်စီးသေဆုံးရခြင်း(မောဟတရား

## မီး (၁၁) မီး

(က) လောဘ– လိုချင်တက်မက်ခြင်း။

(ခ) ဒေါသ– အမျက်ထွက်ခြင်း။

(ဂ) မောဟ– တွေဝေခြင်း။

(ဃ) ဇာတိ– ပဋိသန္ဓေနေရခြင်း။

(င) ဇရာ– အိုရခြင်း။

(စ) မရဏ– သေရခြင်း။

(ဆ) သောက– စိုးရိမ်နေရခြင်း။

(ဇ) ပရိဒေဝ– ငိုကြွေး၊ မျက်ရည်ကျခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ဈ) ဒုက္ခ– ဆင်းရဲခြင်း။
(ည) ဒေါမနဿ– နှလုံးမသာယာခြင်း။
(ဋ) ဥပါယာသ– ပြင်းစွာပူပန်ခြင်း။

## ကိလေသာ(၁၀)ပါး

(စိတ်ကိုညစ်ငြူးပူပန်ဆင်းရဲစေတတ်သည့် တရားများ)

(က) လောဘ– လိုချင်တက်မက်ခြင်း။
(ခ) ဒေါသ– အမျက်ဒေါသထွက်ခြင်း။
(ဂ) မောဟ– တွေဝေခြင်း။
(ဃ) မာန– ထောင်လွှားခြင်း။
(င) ဒိဋ္ဌိ– အယူမှားခြင်း။
(စ) ဝိစိကိစ္ဆာ– တွေးတောယုံမှားခြင်းသဘော။
(သို့လော သို့လော စိတ်နှစ်ခွဖြစ်ခြင်း)
(ဆ) ထိနမိဒ္ဓ– ထိုင်းမှိုင်းခြင်း၊ ငိုက်မြည်းခြင်း။
(ဇ) ဥဒ္ဓစ္စ– စိတ်ပျံ့လွင့်ခြင်း။
(ဈ) အဟိရိက– မကောင်းမှုလုပ်ရန် မရှက်ခြင်း။
(ည) အနောတ္တပ္ပ– မကောင်းမှုလုပ်ရန် မကြောက်ခြင်း။

## ကိလေသာ (၃)မျိုး

www.burmeseclassic.com

www.burmeseclassic.com



(က) ဝိတိက္ကမ– အာရုံ(၅)ပါးကို နှစ်သက်တွယ်တာ၍ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် လောဘ၊ ဒေါသအလျောက် ဖောက်ပြန်ကျူးလွန်မှုပြုစေတတ်သည့် ကိလေသာ(သီလ)ဖြင့် ပယ်သတ်ရန်။

(ခ) ပရိယုဋ္ဌာန– မနောဒွါရ၌ ထကြွသောင်းကြမ်းတတ်သည့် ကိလေသာ(သမထ)ဖြင့် ပယ်သတ်ရန်။

(ဂ) အနုသယ– အစဉ်ကိန်းအောင်းနေ၍ အခါအခွင့်သင့်သည့် အလျောက်၌ ဖောက်ပြန်ကျူးလွန်မှုပြုစေတတ်သော ဖုံးအုပ်နေသည့် ကိလေသာ (ဝိပဿနာ)ဖြင့် ပယ်သတ်ရန်။

## သမ္မာဒိဋ္ဌိ (၅)မျိုး

(က) ကမ္မသကတသမ္မာဒိဋ္ဌိ
(ခ) ဈာနသမ္မာဒိဋ္ဌိ
(ဂ) ဝိပဿနာသမ္မာဒိဋ္ဌိ
(ဃ) မဂ္ဂသမ္မာဒိဋ္ဌိ
(င) ဖလသမ္မာဒိဋ္ဌိ

## သံယောဇဉ်(၁၀)ပါး

၁။ ကာမရာဂသံယောဇဉ်
၂။ ရူပရာဂသံယောဇဉ်
၃။ အရူပရာဂသံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



၄။ ပဋိဃသံယောဇဉ်
၅။ မာနသံယောဇဉ်
၆။ ဒိဋ္ဌိသံယောဇဉ်
၇။ သီလဗ္ဗတပရာမာသ သံယောဇဉ်
၈။ ဝိစိကိစ္ဆာသံယောဇဉ်
၉။ ဥဒ္ဓစ္စသံယောဇဉ်
၁၀။ အဝိဇ္ဇာသံယောဇဉ်။

## ဗောဓိပက္ခိယတရား (၃၇)ပါး

သတိပဋ္ဌာန် (၄)ပါး ၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန်

သမ္မပ္ပဓာန် (၄)ပါး ၁။ ဥပ္ပန္နနံပါပကာ နံပဟာနယဝါယမ၊
၂။အနုပ္ပန္နာနံပါပကာနံ အနုပ္ပါဒါယဝါယမ၊
၃။ အနုပ္ပန္နာနံကုသလာနံ ဥပ္ပါဒါယဝါယမ၊
၄။ ဥပ္ပန္နာနံကုသလာနံ ဘိယျောဘာဝါယဝါယမ၊

ဣဒ္ဓိပါဒ် (၄)ပါး ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊

www.burmeseclassic.com

www.burmeseclassic.com



ဝိမံသိဒ္ဓိပါဒ်။

**ဣန္ဒြေ** (၅)ပါး– သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊

ဗိုလ် (၅)ပါး– သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်။

ဗောဇ္ဈင်(၇)ပါး– သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်၊

မဂ္ဂင် (၈)ပါး– သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊
သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ

## ကထာ (၅)ချက်

၁။ ဒါနကထာ၊ (၂) သီလကထာ၊ (၃) သဂ္ဂကထာ၊ (၄)ကာမနံ့အာဒီနဝကထာ (ငါးဖြာအာရုံကာမဂုဏ်များအဖြစ်၊ အမဲရိုး၊ မီးရှူးတိုင်၊ စွန်၊ အဆိပ်လူးမျှားထိငှက်၊ သားတစ်ရာကျိုး၊ သရက်ပင်ပေါ်ကလူ)

၅။ မဂ္ဂကထာ ကယာသံသရာမှ ထွက်မြောက်ကြောင်း အကျင့်တရားစကား။

## သမုတ်ဒေသနာ မပယ်အပ်သောအချက် (၈)ချက်

www.burmeseclassic.com

www.burmeseclassic.com



(၁) ဟိရိသြတ္တပ္ပ အလို့ငှာ
(၂) ကမ္မဿကတဉာဏ် အလို့ငှာ
(၃) သာဟတ္ထိက ဒါန အလို့ငှာ
(၄) ပဋ္ဌာနန္တရိယကံ အလို့ငှာ
(၅) မေတ္တာပို့သရန် အလို့ငှာ
(၆) ပုဗ္ဗေနိဝါသဉာဏ် အလို့ငှာ
(၇) အလျှုခံပုဂ္ဂိုလ် အယုတ်အမြတ်ရွေးရန် အလို့ငှာ
(၈) လောကဝေါဟာရ အလို့ငှာ

## ဝိပဿနာတန်ဘိုး

* ညည်းညူမရှိ၊ မြဲဂတိနှင့် သတိမမေ့၊ ချိန်နေ့သိပြန် မျက်လုန့်ကြောဆွဲ မရှိဘဲလျက် သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည့် ကျိုးရင်းဝိပဿနာတန်ဖိုးတည်း။*

## ဉာဏ်တရား(၆)ပါးမပေယ်လျှင် ဝိပဿနာတရားအားမထွတ်ထိုက်

(၁) အမှုသစ်၌ မွေ့လျော်သောပုဂ္ဂိုလ်
(၂) စကားပြောခြင်း၌ မွေ့လျော်သောပုဂ္ဂိုလ်
(၃) အိပ်ခြင်း၌ မွေ့လျော်သောပုဂ္ဂိုလ်
(၄) အပေါင်းအဖေါ်၌မွေ့လျော်သောပုဂ္ဂိုလ်
(၅) အစာအဟာရ၌အတိုင်း အတိုင်းအရှည်မ[illegible]ား

www.burmeseclassic.com

www.burmeseclassic.com



သောက်သောပုဂ္ဂိုလ်

(၆) ဗုဒ္ဓနေ့(၆)ပါးတံခါ(၆)ပေါက်၌လုံခြုံအောင်မ စောင့်စည်းသောပုဂ္ဂိုလ်

## ခဏ်ဗိုလ်မရနိုင်သည့်တရားရှစ်ပါး(ရပ်ပြစ်စပါး) ဘုရားပွင့်နေဆဲ၌

၁။ ငရဲဘုံ၌ဖြစ်နေခြင်း။

၂။ တိရစ္ဆာန်ဘုံ၌ဖြစ်နေခြင်း။

၃။ ပြိတ္တာဘုံ၌ဖြစ်နေခြင်း။

၄။ ပစ္စန္တရစ်သားများဖြစ်နေခြင်း (ဘုရား၊ ရဟန်းတော်များ မရောက်နိုင်သည့် အရပ်ဒေသများ၊ လူရိုင်းများ နေထိုင်ရာအရပ်ဒေသများ)။

၅။ ဇစ္စန္ဓပုဂ္ဂိုလ်များဖြစ်နေခြင်း (ဉာဏ်မရှိကိုယ်အင်္ဂါချို့တဲ့နေသူများ)။

၆။ မိစ္ဆာဒိဋ္ဌိအယူရှိနေသူများ။

၇။ အသညသတ် ဗြဟ္မာနှင့် အရူပဗြဟ္မာများ။

၈။ ဘုရားမပွင့်သောအခါ၌ လူဖြစ်ရခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## အနာဂတ်ဘေး (၅)ဘေး

(၁) အိုဘေး၊ (၂) နာဘေး၊ (၃) ဝေတ်မွတ်ခေါင်းပါးသည့်ဘေး၊
(၄) သူပုန်သူကန်ဘေး၊ (၅) သံဃာသင်းကွဲသည့်ဘေး။

**အာသီသ**

## မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီး၏အာသီသ

သာသနာ တွင်း၌ သစ္စာတရားများ ဟောတတ်၊
ပြောတတ်သော ကလျာဏမိတ္တ
(ဆရာကောင်းပမားကောင်း)များ၏ ပဋိစ္စ
သမုပ္ပါဒ်တရားတော်မြတ်များ၊
သစ္စာလေးပါးတရားတော်မြတ် များကို နာကြားပြီး
ကောင်းစွာနှလုံးသွင်း၍ အသင့်တင့်အား ထုတ်ပြီး
နောက်တစ်ဘဝတည်း၌မင် သောတာပန်၊သကဒါဂမ်၊
အနာဂါမ်၊ ရဟန္တာများ အဆင့်ဆင့်ဖြစ်နိုင်ကြပါစေ၊
သို့ရာတွင် ဉာဏ်အားဖြင့် နုံ့နှေးထုံထိုင်းမှိုင်းကြပါလျှင်၊
အနည်းဆုံးသည် ဘဝ၌ သောတာပန်အဆင့်လောက်ထိ
တည်နိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏အာသီသ

၁။ ဘုန်းကြီးဟောသည့်တရားကို နာနိုင်ကြပါစေ။
၂။ နာသည့်အတိုင်းလည်း သိကြပါစေ။
၃။ သိသည့်အတိုင်းလည်း ကျင့်ကြံကျိုးကုတ် အားထုတ်နိုင်ကြပါစေ။

## ဒုလ္လဘတရား ငါးပါး

(၁) ဘုရားသာသနာတော်နှင့် ကြုံရန်ခဲယဉ်းခြင်း။
(၂) သစ္စာတရားဟောတတ်၊ ပြောတတ်သည့် ကလျာဏမိတ္တဆရာကောင်း၊သမားကောင်းများနှင့် ကြုံရန်ခဲယဉ်းခြင်း။
(၃) သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်များအားကြားနာတတ်ရန်ခဲယဉ်းခြင်း။
(၄) နှလုံးသွင်းမှန်ဖြင့် အဆင့်ဆင့်ကျင့်ကြံကျိုးကုတ် အားထုတ်ရန်ခဲယဉ်းခြင်း။
(၅) အကျင့်ကောင်း၊အကျင့်မြတ်များကို ကျင့်ကြံကြိုးစား အားထုတ်၍ တရားမွေများဖြင့် ပြန်လည်ပူဇော်ရန် ခဲယဉ်းခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## မတင်းတိမ်ကောင်းသောတရားငါးပါး

၁။ သီလဒ္ဓဝယ် လုံခြုံတယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်း မနေနှင့်။

၂။ ဗဟုသုတဝယ်၊ ပြည့်စုံတယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်း မနေနှင့်။

၃။ သမာဓိဝယ် တည်ကြည်သည်ဟု တင်းတိမ်ရုံမျှ မနေရ၊ စိတ်ချ၍လည်း မနေနှင့်။

၄။ ဆိတ်ငြိမ်ရာဝယ် နေနိုင်တယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်း မနေနှင့်။

၅။ အနာဂါမ်ဝယ် တည်ပြီကွယ်ဟု တင်းတိမ်ရုံမျှမနေရ၊ စိတ်ချ၍လည်း မနေနှင့်။

## ဝိပဿနာ (၂)မျိုး

၁။ ဒုဗ္ဗလဝိပဿနာ (အားနည်းသောဝိပဿနာ)
ဒိဋ္ဌိမခွာဘဲ ဝိပဿနာရှုခြင်းဖြစ်ပါသည်။

၂။ ဗလဝဝိပဿနာ (အားကြီးသောဝိပဿနာ)
ဒိဋ္ဌိခွာပြီး ဝိပဿနာရှုနေခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဒုက္ခနှင့်သုခခွဲခြားပုံ

နောင်တစ်ဖန် ပဋိသန္ဓေမနေရလျှင် သုခ (အနဘိနိပ္ပတ္တိသုခံ၊ အနုပ္ပါဒံသုခံ)

နောင်တစ်ဖန် ပဋိသန္ဓေနေရလျှင်ဒုက္ခ (အဘိနိပ္ပတ္တိဒုက္ခံ၊ ဥပ္ပါဒံ ဒုက္ခံ)

## လူမိုက်နှင့်လူလိမ္မာတို့၏ ခြားနားချက်

အတိတ်ကာလာတုံးက အတူတူပါပဲ (အဝိဇ္ဇာ၊ သင်္ခါရ) ပစ္စုပ္ပန်၌ ဝေဒနာနှင့်တဏှာကြား မဂ်သွင်း၊ မသွင်းအပေါ်၌ တည်ပါသည်။

မဂ်ပွားများ...... လူလိမ္မာ

မဂ်မပွားများ..... လူမိုက်

## ဇော (၇)ကြိမ်

ဇော– အရှိန်၊ အဟုန်၊ အလျင်၊ ကုသိုလ် (သို့) အကုသိုလ်ပြု ဇော (၇)ကြိမ်ဖြစ်ပါသည်။

ပထမဇော (ဒိဋ္ဌဓမ္မဝေဒနီယကံ) ၇ရက်၊ ၇လ၊ ၇နှစ်အတွင်း ယခုပစ္စုပ္ပန်ဘဝမှာ အကျိုးပေးမည်။

www.burmeseclassic.com

www.burmeseclassic.com



(အဟောသိကံ) အကျိုးလုံးလုံးမပေးသောကံ
သတ္တမဇော (ဥပပဇ္ဇဝေဒနီကယံ) ဒုတိယဘဝ၌ အကျိုးပေးသောကံ
အလယ်ဇောငါးချက် (အပရာပရိယဝေဒနီယကံ) တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မချင်း အကျိုးပေးသောကံ

## ကံ(၄)မျိုး

(က) အမဲကံ (အကုသိုလ်ကံ) မဲသည့်အတိုင်း အပါယ်လေးပါး အကျိုးကို ပေးပါသည်။
(ခ)အဖြူကံ (ကုသိုလ်ကံ ဒါနသီလ၊ သမထ) လူနတ်ဗြဟ္မာဘုံဘဝများသို့ အကျိုးကို ပေးပါသည်။
(ဂ) အဖြူအမဲရောသည့်ကံ (ကုသိုလ်+အကုသိုလ်ကံ)ရောသလို၊ ရွှေနဂါးမင်းကြီး၊ ဆင်ဖြူတော်၊ ငရဲမင်းကြီး၊ ယမမင်းကြီး အကျိုးကို ပေးပါသည်။
(ဃ) အဖြူအမဲမရောသည့်ကံ (ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်) မရောသလို နိဗ္ဗာန်သို့ အကျိုးပေးပါသည်။

## ပပဉ္စတရား (၃)ပါး

တဏှာ၊ မာန၊ ဒိဋ္ဌိ၊ သံသရာချဲ့သည့်တရား( ငါ့ကိုယ်၊ ငါ့ဟာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဥစ္စာ)

## အဓိပတိသုံးပါး(အကြီးအမှူး)

၁။ မိမိကိုယ်ကို အဓိပတိထား၍ တရားအားထုတ်ရမည်။
၂။ သူတစ်ပါးကို အဓိပတိထား၍ တရားအားထုတ်ရမည်။
၃။ မြတ်စွာဘုရား၏ တရားတော်များကို အဓိပတိထား၍ တရားအားထုတ်ရမည်။

## ထွန်းနွေညှိနည်း

သဒ္ဓါလွန်လျှင် တဏှာဖြစ်
ပညာလွန်လျှင် ကွန့် ကောက်ကျစ်
ဝီရိယလွန်လျှင် ပျံ့လွင့်
သမာဓိလွန်လျှင် ငိုက်မြည်းသည်
ဖြစ်ပျက်ရှိတဲ့ဘက် ဉာဏ်ညီအောင်လွှတ်ပေးပါ။

## နီဝရဏတရားငါးပါး

(နိဗ္ဗာန်ကို ပိတ်ပင်ဖုံးကွယ်၊ ဖုံးလွှမ်း၍ ကန့်သတ်တတ်သော တရားများ)

၁။ ကာမစ္ဆန္ဒနီဝရဏ=လိုချင်တတ်မက်ခြင်းဖြင့် နိဗ္ဗာန်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖုံးကွယ်၍ ကန့်ကွက်ခြင်း။

၂။ ဗျာပါဒနီဝရဏ= အမျက်ဒေါသထွက်ခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။

၃။ ထိနမိဒ္ဓနီဝရဏ= ငိုက်မြည်းခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်ခြင်း။

၄။ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ= စိတ်ပျံ့လွင့်ခြင်း၊ နောင်တ၊ တစ်ဖန် ပူပန်ခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်တတ်ခြင်း။

၅။ ဝိစိကိစ္ဆာနီဝရဏ= သံသယရှိခြင်း၊ ယုံမှားခြင်းဖြင့် နိဗ္ဗာန်ကို ဖုံးကွယ်၍ ကန့်ကွက်တတ်ခြင်း။

| သိင်္ဂါရဝဝုဏ္ဏား | အဇာရသတ် |
|---|---|
| ၁။ ဆေးနီ၊ဆေး၀ါ၊ဆေးပြာ | ၁။ ကြွေးတင် |
| ၂။ ဆူနေသောရေနွေးအိုးထဲမှရေ | ၂။ သည်းခြေရောဂါ |
| ၃။ မှော်ဖတ်၊ မှော်ရိုပ် | ၃။ ထောင်ကျ |
| ၄။ သစ်ပင်ရိပ်၊လေတိုက်၍ရေပြင်မငြိမ် | ၄။ ကျွန် |
| ၅။ အနယ်ဖတ်များကျ | ၅။ လမ်းခရီး |

## မင်အန္တရာယ်(၁၀)ပါး

ဝိပဿနာ ညစ်ညူးကြောင်းတရား (၁၀)ပါး

ဝိပဿနာဉပက္ကိလေသတရား (၁၀)ပါး

www.burmeseclassic.com

www.burmeseclassic.com



တရားတု (၁၀)ပါး
ဝိပဿနာ အန္တရာယ် (၁၀)ပါး
မဂ်တု (၁၀)ပါး
ဥဒယဗ္ဗယဉာဏ်ရင့်ကျက်ပိုင်းသို့ ရောက်လျှင်ပေါ်တတ်၏။
မဂ်ဉာဏ်အမြင်ကြောင့် မဟုတ်ဘဲ ဝိပဿနာဉာဏ်အမြင်ကြောင့် ဖြစ်တတ်ပါသည်။
မဂ်ဉာဏ်လို့ လက်မခံဘဲ ဖြစ်ပျက်ရှုရန်လိုအပ်ပါသည်။
၎င်းတို့ကို ဖြစ်ပျက်မရှုလျှင် မဂ်ဉာဏ်အစစ်မရနိုင်ပါ။
မဂ်ဉာဏ်အစစ်ကလည်း ၎င်းတို့ပေါ်ပြီး ဖြစ်ပျက်ရှုပြီးမှလည်း ပေါ်တတ်လေ့ရှိပါသည်။
ဆယ်ပါးလုံး ပြိုင်တူပေါ်လာခြင်းမဟုတ်၊ တစ်ပါးတည်းသီးသန့် ပေါ်ခြင်းသာဖြစ်၏။
အဓိဂမ/ပဋိရူပက = မဂ်ဉာဏ်မရဘဲနှင့် ရတယ်လို့ထင်မှတ်ခြင်း မရဘဲနှင့်ရတယ်လို့ ထင်မှတ်ကာ/အလားတူ = မဂ်တု ၁၀ပါး

## မဂ်တု (၁၀)ပါး

၁။ ဩဘာသ–အရောင်အဆင်း၊ အလင်း။
၂။ ပီတိ– နှစ်သက်ခြင်း။
၃။ ပဿဒ္ဓိ– ကိုယ်စိတ်ငြိမ်ခြင်း(စိတ်ငြိမ်း၊ကိုယ်ငြိမ်းဖြစ်ခြင်း)
၄။ အဓိမောက္ခ–သဒ္ဓါယုံကြည်မှုပိုမိုဖြစ်ပေါ်လာခြင်း။
၅။ ပဂ္ဂဟ– ဝီရိယအား ပိုမိုကောင်းမွန်လာခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၆။ သုခ– ကိုယ်စိတ်ပိုမို ချမ်းမြေ့၊ ချမ်းသာလာခြင်း။
၇။ ဉာဏ– ဉာဏ်ကြည်မှုအား ပိုမိုကောင်းမွန်လာခြင်း။
၈။ ဥပဋ္ဌာန–သတိတရား ပိုမိုစူးစိုက်မှု ဖြစ်ပေါ်လာခြင်း။
၉။ ဥပေက္ခာ– လစ်လျူရှုနိုင်မှုစွမ်းအား ပိုမိုမြင့်မားလာခြင်း။
၁၀။ နိကန္တိ– အထက်ဉာဏ်(၉)ပါး၊ တစ်ပါးပါး၌နှစ်သက်ခြင်း။

## ခန္ဓာငါးပါး တစ်ပေါင်းတည်းပေါ်ပုံ

စိတ်တစ်ခု (သို့) ဝိညာဏက္ခန္ဓာတစ်ခုပေါ်လျှင် ခန္ဓာငါးပါးတစ်ပေါင်းတည်းပေါ်၏။ (မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ယားနာကောင်းသိစိတ်၊ တွေးတောကြံစည်စိတ်)

ဥပမာ မြင်သိစိတ်၊ မြင်သိစိတ်ဖြစ်ရန်
၁။ မျက်စိအကြည်ရှိရမည်။
၂။ အဆင်းလည်းရှိရမည်။
၃။ အလင်းလည်းရှိရမည်။
၄။ နှလုံးသွင်းမှုလည်း ရှိရမည်။
၁။ မျက်စိအကြည်၊ အဆင်း (ရုပ်တရား) (ရူပက္ခန္ဓာ)
၂။ မျက်စိအကြည်၊ အဆင်း၊ မြင်စိတ်တို့ကို ဆက်သွယ်ပေးခြင်း။ (သင်္ခါရက္ခန္ဓာ)
၃။ ဖြူနီကြောင်ကြားမှတ်သားမှု(လူ၊ကား၊အိမ်)(သညာက္ခန္ဓာ)

www.burmeseclassic.com

www.burmeseclassic.com



၄။ ကောင်းမကောင်း အလတ်စားခံစား (ဝေဒနက္ခန္ဓ)
၅။ အထက်မှုစုပေါင်း၍ ဖြစ်လာသည့် မြင်စိတ် (ဝိညာဏ
က္ခန္ဓာ)

အဝိဇ္ဇာ ပုဗ္ဗန္တဘဝစက်
တဏှာ အပရန္တဘဝစက်
အဝိဇ္ဇာ အင်္ဂါ(၇)ပါးကို ဆောင်သည်။

အဝိဇ္ဇာကြောင့် သင်္ခါရ– အသင်္ခါရကြောင့် ဝိညာဏ်
ဝိညာဏ်ကြောင့် နာမ်ရုပ်–နာမ်ရုပ်ကြောင့် သဠာယတန
သဠာယတနကြောင့် ဖဿ–ဖဿကြောင့် ဝေဒနာ
တဏှာ–အင်္ဂါ (၅)ပါးကို ဆောင်သည်။

တဏှာကြောင့် ဥပါဒါန်–ဥပါဒါန်ကြောင့် ဘဝ
ဘဝကြောင့် ဇာတိ– ဇာတိကြောင့် ဇရာ မရဏ
ဇရာမရဏကနေ တဏှာကိုလှည့်ပြီး ကျေးဇူးပြုသည်။
ဇရာမရဏ ပစ္စယာ တဏှာ

လောကလူသားတွေ ဇရာ မရဏဖြစ်ကြသောအခါ
နုပျိုလို အသက်ရှည်လိုသော ကာမာသဝတဏှာ ဖြစ်ကြသည်။

ကန်းတာက အဝိဇ္ဇာ၊ လမ်းလျှောက်တာ သင်္ခါရ၊ ချော်
ကျတာက ဝိညာဏ်၊ အနာရတာက နာမ်ရုပ်၊ ငန်းဟန်ကြွတာက
သဠယတန၊ ဆူးထိုးခံရတာက ဖဿ၊ဝေဒနာမျိုးစုံတာက
ဝေဒနာ၊ ဆေးကုလိုတာက တဏှာ၊ ဆေးမှာတာက ဥပါဒါန်၊
သုတ်လိမ်းတာက ကမ္မဘဝ၊ တိုးပွားလာတဲ့ အနာက ဇာတိ၊

www.burmeseclassic.com

www.burmeseclassic.com



ကွဲပျက်တာက ဇရာမရဏ၊

ကန်း၊ လျှော့ကျ၊ ချောက်ကျ၊ အနာရ၍၊ မန်းကြွ၊ ဆူးထိုး၊ ဝေဒနာမျိုးနှင့် ကုရိုးဆေးမှား၊ သုတ်လိမ်းအား ကြောင့် တိုးပွားအနာ၊ ကွဲပျက်ရှာသည်၊ သေချာမှတ်ကြ၊ ပဋိစ္စသမုပ္ပါဒ်။

အသဝေါတရား (၄)ပါးကြောင့် သောကတရား (၅)ပါး ဖြစ်ပုံ

ကာမအာရုံ ခံမင်သောသူတို့မှာ (ကာမာသဝ) ကာမအာရုံလည်း ပျက်စီးပါရော သောကဖြစ်တော့တာပဲ။

အသက်တန်းရှည်၍။ ဘဝကိုခင်မင်သော (ဘဝါသဝ) ရှိသော နတ်တွေမှာ အနိစ္စ၊ ဒုက္ခစသော တရားသံကိုလည်း ကြားလိုက်ရော စုတိနိမိတ် ထင်သလို ခြသေ့်၊ သစ်ကျားအနီး ရောက်လာသလို၊ ထိတ်လန့်တုန်လှုပ်ကြပြီး၊ သောကဖြစ်တော့ တာပဲ။

တွေဝေမိုက်မဲခြင်း (အဝိဇ္ဇာသဝ) ရှိသောသူတို့မှာ သောကအလွယ်တကူ ဖြစ်နိုင်သည်။

- အာသဝကြောင့် အဝိဇ္ဇာဖြစ်ပါသည်။
- ကံစီမံရာကို လိုက်ကြရင်၊ သုံးဆယ့်တစ်ဘုံလည်ကြရမယ်။
  ဉာဏ်စီမံရာကို လိုက်ရင်တော့ နိဗ္ဗာန်ရောက်ကြရမယ်။
- လောကမှာ အမွှာပူးမွေးသူတို့သည် မိဘနှစ်ပါးတို့၏ သွေးသားတို့၊ အစာအာဟာရတို့၊ အပူအအေးတို့ဆိုတဲ့ အပြင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကအကြောင်းရင်းတွေပါလျက်၊ ပိန်တာ၊ ဝတာ၊ မဲတာ၊ ဖြူတာ၊ မြတ်တာ၊ မမြတ်တာစသည်တို့သည် ကံခြင်းမတူခြင်းကြောင့်သာ ဖြစ်ပါသည်။ ဒါကြောင့်လည်း မြတ်စွာဘုရားက ကမ္မသတ္တေ ဝိဘဇတိယဒိဒံဟိန ပဏ္ဍိတတာယလို့ ဟောခဲ့ပါသည်။ ကမ္မဘဝကြောင့် ဇာတိဖြစ်ရတယ်။

ဥပပတ္တိဘဝက ဇာတိထဲမှာ အကျုံးဝင်သည်။

ကမ္မဘဝ– အကျိုးဇာတိဖြစ်စေသည့် (သမုဒယသစ္စာ)

ဥပပတ္တိဘဝ– အကျိုးဇာတိထဲမှာ ပါဝင်သည်။(ဒုက္ခသစ္စာ)

ရဟန္တပုဂ္ဂိုလ်များ ဒုက္ခဝေဒနာ ခံစားကြရသောအခါ ကာယိကဒုက္ခ ဝေဒနာသာဖြစ်သည်။ စေတသိက ဒုက္ခဝေဒနာ (စိတ်ဆင်းရဲမှု) မဖြစ်ကြတော့ပါ။

(ကိုယ်သာ နာ၏၊ စိတ်ကတော့မနာကြတော့ပါ။)

ပုထုဇဉ်များ၊ ဒုက္ခဝေဒနာ ခံစားရပြီဆိုလျှင် ကိုယ်လည်းနာ၊ စိတ်လည်းနာတော့တာပဲ။ ကိုယ်လည်းဆင်းရဲ၊ စိတ်လည်းဆင်းရဲတော့တာပဲ။

ဝိညာဏ် ပဋိသန္ဓေဝိညာဏ်ကို ယူရမည်။

၁။ ပဋိသန္ဓေဝိညာဏ်– ပဋိသန္ဓေစိတ် (၁၉)ခု

၂။ ပဝတ္တိဝိညာဏ်– လောကီဝိပါတ်စိတ် (၃၂)ခု

**စုတိစိတ်နှင့် ပဋိသန္ဓေစိတ်**

ပဋိသန္ဓေစိတ်သည် အဝိဇ္ဇာ–သင်္ခါရ–တဏှာ–ဥပါဒါန်

www.burmeseclassic.com

www.burmeseclassic.com



ဘဝစတဲ့ အတိတ်အကြောင်း (၅)ပါးကြောင့် ဖြစ်သည်။ ပဋိသန္ဓေဝိညာဏ်စိတ်မှာ ရုပ်နာမ် ၂ပါးပဲရှိသည်။

အတိတ်ဘဝက ပစ္စုပ္ပန်ဘဝကို ပြောင်းရွှေ့လာတာ မဟုတ်။

အတိတ်က အဝိဇ္ဇာ–သင်္ခါရတရားကိုကြည့်ပြီး ဖြစ်လာတာမဟုတ်ပါ။

ပုံတင်သံ– တိုက်အဆောက်အဦ လိုဏ်ခေါင်းကြီး၏ တစ်ဘက်စွန်းမှအော်လိုက်လျှင် တစ်ဘက်စွန်းမှ ပုံတင်သံဖြစ်ပေါ်သည်။

ငင်းပုံတင်သံသည် မူလအသံမဟုတ်

မူလအသံနဲ့ကင်းရန်လည်း မဖြစ်နိုင်

ပဋိသန္ဓေဝိညာဏ်သည် ပုံတင်သံကဲ့သို့ အတိတ်ဘဝနှင့် ဆက်စပ်သည်။

ဆီမီးဥပမာ တံဆိပ်ဥပမာကဲ့သို့ သိနိုင်သည်။

ပုညာဘိသင်္ခါရ– ကာမဝစာရကုသိုလ်စေတနာ(၈)ခု
ရူပါဝစရကုသိုလ်စေတနာ (၅)ခု
အပုညာဘိ သင်္ခါရ– အကုသိုလ်စေတနာ (၁၂)ခု
အာနဉ္စာဘိသင်္ခါရ– အရူပါဝစာရကုသိုလ်စေတနာ (၄)ခု

www.burmeseclassic.com

www.burmeseclassic.com



# သိမှတ်ဖွယ်ရာအဖြာဖြာ

ဘုရားရှင်တို့သည် နောက်ကိုပြန်လှည့်လည်ကြည့်တော်မူသည့်အခါ ဦးခေါင်းတော်ချည်းသက်သက် လှည့်ကြည့်တော်မူ၍မရပါ။ ကိုယ်လုံးတော်ကြီးပါလှည့်၍ ကြည့်တော်မူရသည်၊ အဘယ်ကြောင့်ဆိုသော် အရိုးတော်တို့သည် ကွင်းဆက်ဖြစ်နေတော်မူသောကြောင့် ဦးခေါင်းတော်ချည်းသက်သက် လှည့်မရခြင်းကြောင့် ဖြစ်ပါသည်။

အရိုးဆက်နှင့်ပတ်သက်၍ အဋ္ဌကထာဖွင့်၍ဆိုထား သည်မှာ
(၁) သာမန်လူတို့၏အရိုးတို့က အစွန်းတစ်ခုနှင့်တစ်ခု ထိစပ်၍ "တွေ့ဆက်" ဖြစ်နေကြသည်ဟုဆိုသည်။
(၂) ပစ္စေကဗုဒ္ဓအရှင်မြတ်တို့၏ အရိုးတို့ကတော့ ကွင်းချိတ်တို့ကဲ့သို့ အချင်းချင်းကပ်ငြိ၍ "ချိတ်ဆက်"ဖြစ်တော်မူကြကုန်သည်။

(၃) ဗုဒ္ဓဝံ့ဘုရားရှင်တို့၏ အရိုးတို့သည်ကား သံကွင်းဆက်တို့ကဲ့သို့ ကွင်းဆက်ဆက်တော်မူပါသည်။

ရဟန္တာအရှင်သူမြတ်တို့ ပရိနိဗ္ဗာန်ပြုသောအခါ ရုပ်အလောင်းမှ အပုတ်နံ့မထွက်။ ကိလေသာကင်း အကြောင်းရင်းကြောင့် သေခြင်းနောက်မှာ ရဟန္တာရုပ်မှာမပုတ်သိုး ဥဒါန်းထိုးတော်မူခဲ့ကြသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း တရားသဘောကြောင့် မပုတ်သိုးဟု မိန့်တော်မူခဲ့ပြီး လက်တွေ့ပြတော်မူခဲ့လေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်တွေ့ခဲကြုံခဲလှတဲ့ သာသနာတော်ကြီးနဲ့ တွေ့ကြုံနေရတဲ့အခိုက် ဆရာသမားကောင်းနဲ့လည်း တွေ့နေရတဲ့အခိုက် ရခဲတဲ့လူဘဝကိုလည်းရနေတဲ့အခိုက် မပေါ့လိုက်ကြပါနဲ့၊

အထူးအားဖြင့် အရိုးကြီးပွားရေးမလုပ်လိုက်ကြပါနဲ့၊ အရိုးအသွေးအသားက ဓာတ်တော်ဖြစ်တယ်ဆိုတာ အမေမွေးကတည်းက ဖြစ်လာတာမဟုတ်ပါ၊ ဝိပဿနာတရားတော်တွေကို အားထုတ်ပြီး လောကုတ္တရာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရရှိပြီး တရားသဘောအရ ကိလေသာတွေလုံးဝကင်းစင်သွားတာနဲ့အမျှ ဒီအသွေးအသားအရိုးတော်တွေကနေ ဓာတ်တော်အဖြစ် ကျရတာဖြစ်ပါတယ်။

(၁) "အသေဝနာစဗာလနံ" – လူမိုက်နဲ့မပေါင်းနဲ့။
(၂) ပဏ္ဍိတာနဉ္စသေဝနာ – လူလိမ္မာနဲ့ပေါင်းပါ။

လူမိုက်နဲ့ပေါင်းရင် လူမိုက်ဖြစ်၊ လူမိုက်နေ၊ လူမိုက်သေဖြစ်မှာပဲ။ လူလိမ္မာနဲ့ပေါင်းရင်တော့ လူလိမ္မာဖြစ်၊ လူလိမ္မာနေ၊ လူလိမ္မာသေဖြစ်မှာကေန်ပဲပေါ့။

လူမိုက်သေရင် – လူမိုက်မသာ၊
လူလိမ္မာသေရင်– လူလိမ္မာမသာပဲပေါ့။

လူမိုက်မသာက –ပုတ်သိုး၊နံဗော် လူတကာအနားကပ်မခံနိုင်နာခေါင်းပိတ်ကြရမယ်။ လူလိမ္မာမသာကျတော့ ဓာတ်တော်တွေကျလို့၊ ပူဇော်လို့မဆုံးဖြစ်ကြရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တသက်လုံးဖုံးလာသမျှ သေကာမှပေါ်ဆိုသလိုပဲတသက်လုံး ဒီခန္ဓာကိုယ်ကြီး အဝတ်နဲ့ဖုံး၊ အစားနဲ့ဖုံး၊ ဖီးလိမ်းချယ်သပြီး ဖုံးလာခဲ့ငြားသော်လည်း၊ သေတဲ့အခါကြတော့မှပေါ်တော့တာပဲ၊ အချို့ဆိုရင် လူလိမ္မာယောင်ဆောင်တာနဲ့ သူတော်ကောင်း ယောင်ဆောင်ရတာနဲ့ တခြားလူအထင်ကြီးအောင် ယောဂီသူ တော်စင်တစ်ယောက်ပမာ လုပ်ပြ၊ နေပြနဲ့သေတဲ့အခါကြမှ ပုတ်လိုက်၊ ညှီလိုက်၊ နံလိုက်၊ စော်လိုက်၊ ဟောင်လိုက်နဲ့ အမြန်ဆုံးမြေမြှုပ်ပစ်ရတဲ့ မသာမျိုးတွေ ဗာလနဲ့ပေါင်းတဲ့ မသာ တွေပဲပေါ့။

ပဏ္ဍိတနဲ့ပေါင်းရင်တော့၊ သစ္စာနုလောမိကဉာဏ်တွေနဲ့ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက်တွေဆုံးတာမြင်ပြီး လောကုတ္တရာမဂ်ဆိုက်သွားပြီး (၄)ကြိမ်လောက်ဆိုက်ပြီး သေခဲ့ ရင် ဓာတ်တော်တွေကျတော့တာပေါ့၊ အဲ့ဒါပဏ္ဍိတကလုပ်လိုက် တာပဲ၊ သမ္မာဒိဋ္ဌိကလုပ်ကိုင်တာပဲပေါ့၊ ပဏ္ဍိတနဲ့သေဝနာ ပုဂ္ဂိုလ်များဟာ ဓာတ်တော်ကျကိုကျရမှာပဲ အဲ့ဒီလိုလက်တွေ့ကျ တဲ့အခါကြတော့မှ ပူဇာစပူဇနေယျာနံဖြစ်သွားတော့တာပေါ့ ဧတံမင်္ဂလ မုတ္တမံ ကောင်းမြတ်တဲ့ မင်္ဂလာဖြစ်သွားတာပဲပေါ့။

အဝိဇ္ဇာ၊ တဏှာ မချုပ်သမျှ အရိုးကြီးပွားရေးပဲ၊ အရိုး ကြီးပွားရေးဓာတ်သိမ်းအောင် မဂ်(၄)တန်ကျအောင် ကြိုးစား အားထုတ်မှ အရိုးကြီးပွားရေးဓာတ်သိမ်းပြီး ဓာတ်တော်တွေဖြစ် လာမှာ နောက်ထပ်ဘဝအရိုးမှအကျိုးမပေးတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ တဏှာကို အလောဘဖြစ်အောင်လုပ်၊ အဲဒီလိုလုပ်လိုက်ရင် အဝိဇ္ဇာလည်းချုပ်၊ တဏှာလည်းချုပ်တာနဲ့ အရိုးကြီးပွားရေး ဓာတ်သိမ်းတော့တာပေါ့။

## ဉာဏဝိပ္ပါရာတ္တဒွိရှိသူများ

ဉာဏဝိပ္ပာရတ္တဒွိရှိသူများမှာ တရားမရမချင်း မသေနိုင်၊ ယခုဘဝအတွင်း နောက်ပိုင်းတွင် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဉာဏ်တွေ ရမည့်သူများသည်၊ မရမချင်းမသေသေး၊ ဘေးအန္တရာယ်တို့မှ ကြံဖန်လွတ်မြောက်၏။

ဥပမာ။ ။ အရှင်ဗာကုလ၊ အရှင်သံကိစ္စ၊ အရှင်ဘူတပါလတို့၏ ဥပမာအရသိသာထင်ရှားလှပေသည်။

## အရှင်ဗာကုလမထေရ် (ပဋိသမ္ဘိဒါမဂ်၊ ၄၊ ၂၇၈)

အရှင်ဗာကုလလောင်းလျာသည် ကောသမ္ဗီပြည်သူဌေးတစ်ဦးအိမ်မှာ ပဋိသန္ဓေကိန်း၏၊ မွေးဖွားလာသောအခါ ကလေးငယ်ကို ယမုံနာမြစ်သို့ အခြွေအရံများဖြင့်ဆင်း၍ ရေချိုးပေးကြသည်။ ငါးကြီးတစ်ကောင်က လာ၍ဟပ်ယူမျိုသွားလေ၏။

သို့သော် ဘုန်းကံရှိသောကလေးဖြစ်၍ ငါးကြီး၏ဝမ်းထဲမှာ ချမ်းချမ်းသာသာနေရသည်၊ ငါးကြီးမှာမူကား ကလေး၏တန်ခိုးအရှိန်အဝါကြောင့် ပူလောင်သောထွန်သွားကြီးကို မျိုချရသလိုဖြစ်ပါသတဲ့။

www.burmeseclassic.com



သို့ဖြစ်၍ မနေနိုင်ဘဲပြေးမိပြေးရာပြေးလေရာ ယူဇနာ (၃၀) ကွာသော ဗာရာဏသီသို့ရောက်သွားပြီးလျှင် တံငါသည်တို့၏ ပိုက်ကွန်၌မိလေ၏။

ကလေးငယ်၏အစွမ်းကြောင့် ထိုငါးကြီးမှာ ပိုက်ကွန်မှထုတ်လေလျှင် ချက်ချင်းသေလေသည်။ လှည့်လည်ရောင်းကြရာ သူဌေးကြီးတစ်ဦး၏အိမ်သို့ရောက်၍ ဝယ်ယူသည်။ ထိုငါးကြီးကိုခွဲစိတ်သောအခါ ကလေးငယ်တစ်ဦးကို တွေ့ရလေ၏။ သူဌေးကြီးသည် နန်းတော်သို့သွား၍ ဘုရင့်ထံတင်ပြသည်။

ကောသမ္ဗီကကလေးမိဘတို့က သတင်းကြား၍ "ကျွန်ုပ်တို့ကလေးပေးပါ"ဟု တောင်းဆိုကြ၏၊ မပေးနိုင်၊ ထိုအခါဘုရင်ကြီးက နှစ်ဦးစလုံးပိုင်သတ်မှတ်၍ ပေးလိုက်ရသည်။ ထို့ကြောင့်ဗာကုလဟုတွင်၏။

(ဗာ–၂ခု၊ ကုလ–အမျိုး၊ အမျိုး(၂)မျိုးရှိသူ၊ အမျိုး(၂)မျိုးပိုင်သူဟု အဓိပ္ပါယ်ရ၏)။

အမျိုး(၂)မျိုးလုံးထံမှ အလှည့်ကျနှင့်ချမ်းသာစွာနေရ၏။ အသက်ရှစ်ဆယ်ပြည့်သောအခါ ရဟန်းလုပ်လာသည်။ တရားအားထုတ်၍ ရဟန္တာကြီးဖြစ်၏။ နောက်ထပ်အသက်ရှစ်ဆယ်နေရပြန်သည်၊ ထို့နောက် ပရိနိဗ္ဗာန်ပြုသွား၏။

ဤသို့လျှင် ငါးကြီး၏ဝမ်း၌ အသက်မသေဘေးရန်လွတ်ကင်းလာသည်မှာ အရှင်ဗာကုလ၏ ထိုဘဝမှာရမည့် အရဟတ္တမဂ်ဉာဏ်၏ အစွမ်းအာနုဘော်ကြောင့်ဖြစ်သည်။ ဉာဏ်ဝိပ္ဖါရဣဒ္ဓိမည်၏။

www.burmeseclassic.com

www.burmeseclassic.com



## အရှင်သံကိစ္စမထေရ် (ပဋိသံ၊ ၄၊ ၂၈၀)

သာဝတ္ထိမှာ ကိုယ်ဝန်အရင့်အမာနှင့် မိခင်တစ်ဦးသေဆုံး၏၊ မီးရှို့သင်္ဂြိုဟ်ကြသည်။ တစ်ကိုယ်လုံးလောင်သွားသော်လည်း ကိုယ်ဝန်အသားအိပ်ကြီးကား မီးမလောင်ဘဲဖြစ်နေ၏၊ တံစူးဝါးဖြင့် ထိုအသားအိတ်ကြီးကို ၂-ချက်၊ ၃-ချက် ထိုးသောအခါ ကလေးငယ်၏နဖူးစပ်၌ ထိုးမိလေသည်၊ ကလေးငိုသံထွက်ပေါ်လာ၏။

ထိုအခါ ကလေးငယ်မသေမှန်းသိ၍ ကောက်ယူဖောက်ထုတ်မွေးကျွေးပြုစုကြလေသည်။ ဤကလေးငယ် (၇)နှစ်အရွယ်သို့ရောက်သောအခါ ကိုရင်ဝတ်ချင်သည်ဟု ပူစာ၏။

သို့ဖြစ်၍ ရှင်သာရိပုတ္တရာကြီးထံပို့ကြသည်၊ ခေါင်းရိတ်ဆံချအဆုံးတွင် ရဟန္တာကြီးဖြစ်သွား၏။

ဤသို့လျှင် မီးထဲမှာမသေရဘဲ ဆွဲထုတ်နိုင်ခြင်းသည် ဘေးရန်လွတ်ကင်းခြင်းသည် ဉာဏဝိပ္ဖါရဣဒ္ဓိပင်ဖြစ်သည်။

## အရှင်ဘူတပါလမထေရ် (ပဋိသံ၊ ၄၊ ၂၁၁)

ရာဇဂြိုလ်မြို့ရှိ ဘူတပါလကလေးငယ်၏ ဖခင်သည် ဆင်းရဲသူဖြစ်၏၊ ထင်းခုတ်ရောင်းစားရသည်၊ တောထဲမှထင်းတွေတိုက်ပြီး ပြန်လာကြရာ သုသာန်နားအရောက်တွင် နွားတွေကလန့်ဖျပ်၍ ရုန်းထွက်ပြေးကုန်ကြ၏၊ ညနေပိုင်းနေဝင်ရီတရောအချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားငယ်ကို လှည်းပေါ်တွင်ထားခဲ့၍ ဖခင်လုပ်သူသည် နွားတွေနောက်သို့ တရကြမ်းလိုက်ရ၏၊ မြို့တွင်းရှိအိမ်သို့ရောက်မှပင် နွားတွေကို မိတော့သည်။ နွားတွေဆွဲ၍ပြန်လာသောအခါ မြို့တံခါးကြီး ပိတ်နှင့်နေပြီ အပြင်သို့ထွက်၍မရတော့၊ ခက်ကြပြီ။

ကလေးငယ်သည် တစ်ယောက်တည်းလှည်းမှာနေ၍ စောင့်ရင်းက အိပ်ပျော်သွားရှာ၏၊ ဘီလူးသရဲတို့က ကလေးငယ်ကို စားမည်ပြုကြ၏၊ အခြားဘီလူးသားတို့က တားမြစ်ကြသည်၊ မစားဝံ့ကြ။

ဤကလေးငယ်အရွယ်ရောက်လျှင် ရဟန်းပြုလေ၏၊ တရားအားထုတ်သောအခါ ရဟန္တာကြီးအထိဖြစ်လေသည်။ "ဘူတပါလမထေရ်" ဟုတွင်၏။

ဤသို့ဘီလူးသရဲဘေးတို့မှ လွတ်မြောက်ရခြင်းသည်လည်း ဥဏ္ဏဝိပ္ပါရာဣဒ္ဓိ အစွမ်းကြောင့်ဖြစ်သည်။ နောင်တစ်ချိန်မှာ ယခုလိုပေါ်ပေါက်လာမည့် အရဟတ္တမဂ်ဉာဏ်၏ အစွမ်းကြောင့်ဟု ဆိုလိုသည်။

## အရှင်သပ္ပဒါသမထေရ် (ဓမ္မပဒ၊ ဠ၊ ပ၊ ၄၃၄)

သာဝတ္ထိမှာ အမျိုးသားတစ်ယောက် ဘုရားတရားတော်ကိုနာရ၍ ရဟန်းဘောင်သို့ရောက်လာ၏၊ ထို့နောက် ပျင်းရိသုန်မှုန်နေသည်။ သို့သော် ငါလိုလူသည် လူ့ဘဝမှနေလို့မတော်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဘဝနဲ့ပဲသေမည်၊ ဓာတ်သိမ်းမည်။ ဤသို့တွေး၍ သေဖို့ရန် အမျိုးမျိုးကြံစည်နေခဲ့၏၊ အထမမြောက်ခဲ့၊ တစ်နေ့တွင် ရဟန်းတွေတစ်စု မီးတင်းကုတ်ထဲမှ မြွေပွေးတစ်ကောင်ကို တွေ့၍ အိုးတစ်လုံးတွင်ထည့်ပြီး စွန့်ပစ်ရန်ထွက်လာကြသည်။

ပျင်းရိနေတဲ့ကိုယ်တော်က "အဲဒါဘာလဲ"ဟုမေး၏၊ မြွေပွေးဟုပြောကြသည်၊ ဘာလုပ်ကြမလို့လဲ၊ "အဝေးကိုသွားလွှတ်မလို့ ဒါဖြင့်ပေး တပည့်တော်သွားလွှတ်ပေးမယ်"ဟုဆို၍ အိုးကို လက်ပြောင်းယူလိုက်၏။

လမ်းတွင်မြွေကိုက်ခံကြည့်သည် မြွေကမကိုက်၊ ထိုအခါ အိုးထဲ သို့လက်နှိုက်၍ မွှေကြည့်၏၊ မကိုက်၊ သို့ဖြစ်၍ မြွေ၏ပါးစပ် ကိုဖြဲပြီး လက်ချောင်းလေးတစ်ခု ထိုးသွင်းကြည့်၏၊ ထိုအခါတွင်လည်း မကိုက်။

သို့ဖြင့် ဒါဟာမြွေပွေးမဟုတ်ပါဘူး၊ ရေမြွေပေါ့ အလကား အကောင်ဟုဆိုကာ လမ်းတွင်ထားခဲ့၏၊ ပြန်လာသောအခါ ဤအကြောင်းအရာအားလုံးကို ပြောပြ၏ ကြားရသူအပေါင်းက အံ့အားသင့်နေကြသည် တစ်နေ့တွင် သင်တုံးဓားတစ်ချောင်းကို ယူသွား၍ သစ်ပင်တစ်ပင်ကို မှီပြီးရပ်နေ၏။ ပြီးလျှင်ကိုယ့်လည် ပင်းကိုယ်လှီးရန်အသင့် အနေအထားလုပ်နေသည်၊ နောက်ပြန် စဉ်းစားနေ၏။

ရဟန်းပြုချိန်မှစ၍ ယနေ့တိုင်အောင်သီလစင်ကြယ်နေ သည်ကိုတွေ့ရသည်။ ပီတိတွေဖြစ်လာ၏၊ ယင်းပီတိတွေကို

www.burmeseclassic.com

www.burmeseclassic.com



ခွာပြီး ဝိပဿနာရှုသောအခါ ပဋိသမ္ဘိဒါပတ္တရဟန္တာကြီးဖြစ်သွား ရလေသည်။

မှတ်ချက်။ ။ဤသို့လျှင် တရားရမည့်သူဖြစ်၍ မြွေကမကိုက်ရဲခြင်းဖြစ်သည်။ မြွေမကိုက်အောင် နောင်ကျမှဖြစ်ပေါ်ရရှိမည့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့လှမ်း၍တားသည်၊ တားသလိုဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ယခုရရှိနေသော ဤဒွိတွင် နောင်ကျမှဖြစ်ပေါ်မည့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဉာဏ်တို့၏အရှိန်အဝါတွေလွှမ်းမိုးနေသောကြောင့်ဟူ၏။ တစ်နည်းတော့လည်း လွန်ခဲ့သော(၃)ဘဝက ဤမြွေသည်၊ ဤရဟန်း၏ကျေးကျွန်ဖြစ်ခဲ့ဘူးသည်ဟူ၏။ သို့ဖြစ်၍ အရှင်သခင်ကို ပြန်၍မကိုက်ရဲ၊ ဤအကြောင်းလည်း တစ်ခုပါပေမည်။ ဤသိန္ဒိသည်ဖြစ်လတ္တံ့သော ဉာဏ်၏အရှိန်တန်ခိုးလွှမ်းမိုး ပြန့်နှံ့နေသော ဉာဏဝိပ္ပါရဌာန္ဒိဖြစ်သည်။

## ဗာဟိယဒါရုစိရိယ

ဗာဟိယသည် အများနှင့်အတူ ပင်လယ်တွင်း၌ သင်္ဘောပျက်၏၊ အများအပြားသေကုန်ကြ၏။ သူမှပျဉ်ပြားတချပ်ရ၍ ၎င်းပျဉ်ပြားကိုအားပြုပြီးလျှင် ကူးခပ်လာခဲ့၏၊ အသက်မသေဘဲ ဘုပ္ပါရကကမ်းစပ်သို့ ရောက်လာသည်၊ အဝတ်အစားတို့လည်း ရေထဲမှာ ကျန်ရစ်ကြ၏။ ထို့ကြောင့် ပျဉ်ချပ်ကိုခန္ဓာကိုယ်မှာ ကပ်၍ လျော်ဖြင့်စည်းပြီး ချုံထဲမှာဝင်နေသည်။

---

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က တွေ့သွား၍ "မြိုးခြိစွာကျင့်နေတဲ့သူတော်စင်ကြီး"ဟု သမုတ်ကာ ကြေညာလေတော့သည်။ ထိုအခါမှစ၍ လူတွေဝိုင်းအုံဘာကြပြီးလျှင် သစ်သီးဝလံ စားဖွယ်သောက်ဖွယ်တို့ ပေါ်များလာတော့သည်။ ဤအဖြစ်ကို သူကသာယာနေ၏။ ထို့ကြောင့် နောက်ထပ်ပျဉ်ချပ်တို့ကို ထပ်မံရှာဖွေပြီးလျှင် လျှော်ဖြင့်တွဲ၍ ကိုယ်မှာပတ်ထားသည်။ သို့ဖြစ်၍ "ဒါရုစရိယ" ဟုခေါ်ကြ၏။ (ဒါရု–သစ်သားပျဉ်ချပ်၊ စီရိယ–စီ၍စပ်၍ပတ်ထားသူ) မူရင်းနာမည် "ဗာဟိယ"နှင့်တွဲ၍ "ဗာဟိယဒါရုစီရိယ" ဖြစ်တော့သည်။

သူသည် ခေသူမဟုတ်ပါ၊ လွန်လေပြီးသောအခါ ကဿပဘုရားသာသနာနောက်ပိုင်း၌ မြင့်မားမတ်စောက်သော တောင်ကလပ်ပေါ်တက် လှေကားကို ဖြုတ်ချပြီး အပြတ်အသတ်ကျင့်ကြသော ရဟန်း(၇)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။

ယခုလိုသူတော်စင်မဟုတ်ဘဲလျက် အယောင်ဆောင်ပြီး လာဘ်လာဘကို သာယာနေသောအခါ ထို(၇)ပါးတွင် အပါအဝင်ဖြစ်၍ ဗြဟ္မာပြည်သို့ ရောက်သွားသော၊ ဗြဟ္မာတစ်ဦးက လာရောက်သတိပေးသည်။ "မိတ်ဆွေသူတော်စင်မဟုတ်ဘဲလျက် အယောင်ဆောင်မနေပါနှင့် ဒီကနေမြောက်အရပ်မှာ သာဝတ္ထိဆိုတာရှိတယ် အဲဒီကိုသွားပါ ဘုရားပွင့်နေပြီ၊ တရားသွား၍နာပါ၊ ကျင့်ပါ" ဤသို့သတိပေးချက်အရ ယူဇနာ(၁၂၀) ဝေးသော သာဝတ္ထိကို တစ်ညလုံးမနားဘဲသွားခဲ့၏။ မနက်မိုး

www.burmeseclassic.com

www.burmeseclassic.com



လင်းသောအခါရောက်လာသည်။ ဘုရားက မြို့ထဲသို့ဆွမ်းခံကြွနေပြီး ဆိုင်းငံ့မနေဘဲ နောက်ကအတင်းဝင်လိုက်၍ တရားဟောဖို့တောင်းပန်သည်၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တောင်းပန်မှဟော၏။ တိုတိုပင်ဖြစ်သည်။

"ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ
သုတေ သုတ မတ္တံ
မုတေ မုတ မတ္တံ
ဝိညာတေ ဝိညာတ မတ္တံ ဘဝိဿတိ"

ဤမျှဖြစ် ၄ မဂ် ၄ ဖိုလ်ဆိုက်၍ ရဟန္တာကြီးအထိဖြစ်၍သွားလေသည်၊ ခိပ္ပါဘိညတေဒဂ်ဘွဲ့ထူးရ၏။

မှတ်ချက်။ ။ ဤသို့တရားထူးရမည်ဖြစ်သောကြောင့် သင်္ဘောပျက်ရာတွင် သူမသေဘဲ ကျန်ရစ်ခဲ့လေသည်။ ယခုအချိန်ကျမှရမည့် အရဟတ္တမဂ် အရဟတ္တဖိုလ်တို့က စောစောကသေမည့်ဘေးကို လှမ်းပြီးတားသည့်ဟူလို၊ ဉာဏဝိပ္ပါရိဒ္ဓိပင်ဖြစ်သည်။

## မိုးကုတ်ဆရာတော်ဘုရားကြီး ဉာဏဝိပ္ပါရိဒ္ဓိများ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၊ ရဟန္တာအရှင်သူမြတ်ကြီးဖြစ်လာမည့် လောင်းလျာကိုရင်ဝိမလလေးငယ်စဉ်က ၁၄ နှစ်သားအရွယ် ညီငယ်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်နှင့်အတူ လှေငယ်တစ်စင်းနှင့် ဒုဋ္ဌဝတီမြစ်ကိုဖြတ်ကူးရာ ရေဝဲကတော့ကြီးအတွင်းရောက်ရှိပြီး ဘေးမသီရန်မခသေရမည့် အန္တာရာယ်မှ လွတ်မြောက်ခဲ့တာကိုလဲ ယောဂီသူတော်စင်အားလုံး အသိပင်ဖြစ်ပါတော့သည်။

မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသက မိုးကုတ်ဆရာတော်ဘုရားကြီးကို ဘုရားရှင်သာရှိခဲ့ရင် "မြန်မာအဋ္ဌကထာ" တေဒဂ်ဘွဲ့ထူးပေးအပ်ခြင်းခံရမှာ သေချာသည်ဟု အမိန့်ရှိတော်မူပါသည်။

စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာတိုက်သစ်ဆရာတော် ဘုရားကြီးဦးပဏ္ဍိတအဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက သက်တော် (၁၀၀) ကျော်ကလည်း အမိန့်ရှိခဲ့ဖူးသည်မှာ မိုးကုတ်ဆရာတော်ထံမှာ စာလိုက်ဘူးတယ်၊ ပဋ္ဌာန်းစာချတဲ့ နေရာမှာ အင်မတန်ဉာဏ်ထူးတဲ့ ပုဂ္ဂိုလ်ပဲ၊ ပဋ္ဌာန်းအဘိဓမ္မာဆိုတာ အင်မတန်ကျယ်လဲကျယ်တယ်၊ နက်လဲနက်တယ်၊ ခက်လဲ ခက်တယ်၊ ပင်လယ်ပြင်ကြီးလို ဟိုမှာဖက်ကမ်းကိုကူးခတ်ဖို့ မလွယ်ဖူး၊ မိုးကုတ်ဆရာတော်ကတော့ စာသင်သားတွေကို ကူးခပ်ပို့ပေးနိုင်တယ်။

## ပဥ္စင်္ဂိကမဂ်

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ (၅)ပါးမဂ္ဂင်ဖြစ်ပါတယ်။ လောကီမဂ္ဂင်(၅)ပါးလို့လည်း ခေါ်တယ်၊ ပညာမဂ္ဂင် (၂)ပါး သမာဓိမဂ္ဂင် (၃)ပါး။

www.burmeseclassic.com

www.burmeseclassic.com



## အင္ဂါကမင်္ဂ

သီလမဂ္ဂင် (၃)ပါးဖြစ်၏၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ထည့်ပေါင်းရင် မဂ္ဂင် (၈)ပါးကို အင်္ဂါကမင်္ဂဟုခေါ်ခြင်းဖြစ်သည်။

## လောကီမဂ်မှ လောကုတ္တရာမဂ်ပေါ်ပုံ

ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ၊ အာရုံခံစားမှုတစ်ခုခုကိုဖြစ်စေ၊ ရှုဉာဏ်ဖြစ်တဲ့ လောကီမဂ္ဂင်(၅)ပါးနဲ့ရှုနေပြီး။

ဖြစ်ပျက်တွေလဲမြင်နေပြီ၊ စိပ်စိပ်မြင်နေပြီ၊ ဖြိုင်ဖြိုင်မြင်နေပြီ၊ အဲဒီနောက် ဖြစ်ပျက်တွေမုန်းတဲ့ မုန်းဉာဏ်ဝင်လာပြီး၊ ဖြစ်ပျက်တွေကို မလိုချင်၊ မမြင်ချင်၊ မတွယ်တာချင်တော့တဲ့ ဉာဏ်တွေဝင်လာပြီ။

အဲဒီလိုရှုနေရင်းကနေ တဖြည်းဖြည်းဉာဏ်တွေရင့်ကျက်၊ မြင့်တက်ပြီး၊ အခေါင်အဖျား အထွတ်အထိပ်ကိုရောက်လာပြီး၊ ရှုနေရင်းကနေ ဖြစ်ပျက်တွေဟာ ဖျက်ကနဲဆိုဉာဏ်အောက်မှာ ပျောက်ကုန်ပါလိမ့်မယ်။

အဲဒီအချိန်မှာ ရှုနေတဲ့ဉာဏ်တွေဟာ ဖြစ်ပျက်ကို မမြင်ရတော့ဖူး၊ အဖြစ်အပျက်မရှိတာဘဲ မြင်နေရလိမ့်မယ်၊ အဖြစ်အပျက်မရှိတာနဲ့ပဲ သွားတည့်နေမယ်။

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်မရှိတာဟာ နိဗ္ဗာနပဲပေါ့၊
ဖြစ်ပျက်က–ဒုက္ခ သစ္စာ၊
ဖြစ်ပျက်မရှိတာက–နိရောဓသစ္စာ

ရှုတဲ့ဉာဏ်နဲ့ နိရောဓသစ္စာနဲ့ သွားတည့်နေတယ်၊ နိဗ္ဗာန်နဲ့ သွားတည့်နေတယ်ဆိုပါတော့၊ အဲဒီအချိန်မှာ ဉာဏ်က (၅)ပါး မဟုတ်တော့ပဲ သီလမဂ္ဂင် (၃)ပါးဝင်လာပြီး မဂ္ဂင်(၈)ပါး ဖြစ်လာတယ်၊ ဒါကြောင့် ဉာဏ်အားကောင်းလာတယ်။ နိရောဓ သစ္စာကိုမြင်လာတယ်၊ လောကုတ္တရာနယ်ကို ရောက်သွား တယ်၊ လောကုတ္တရာမဂ်ရတယ်လို့ ဆိုနိုင်တာပေါ့။

မဂ်စိတ်ဝင်ပြီးရင်၊ ဖိုလ်စိတ်ဝင်တယ်ပြီးရင် ပစ္စဝေက္ခဏာ ဉာဏ်တွေလာမယ်၊ သောတာပန်ကိုဖြစ်သွားပြီ၊ အရိယာဖြစ်သွား ပြီမှတ်တော့။

အရိယာပုဂ္ဂိုလ်ဖြစ်မှပဲ သီလကမြဲတော့တာ၊ အဓိသီလဖြစ် သွားပြီ။

သီလမြဲတဲ့ ပုဂ္ဂိုလ်သန္တာန်မှာလဲ၊ သီလမဂ္ဂင် (၃)ပါး အမြဲ တည်သွားတော့တာပေါ့။

အရိယာနယ်ထဲရောက်မှ မဂ္ဂင်(၈)ပါး ပြည့်သွားမယ်၊အဋ္ဌင်္ဂိ ကမဂ်ဖြစ်သွားတော့တာပေါ့။

မဂ္ဂင်(၅)ပါးသည်–အလုပ်မဂ္ဂင်၊ လောကီမဂ္ဂင်၊ ပဉ္စင်္ဂိကမဂ် အလုပ်လုပ်သောကြောင့် ကာရကမဂ်၊ ပုဗ္ဗဘာဂမဂ် ဟုလဲခေါ် သည်။

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂင်(၈)ပါးသည်– လောကုတ္တရာမဂ်။
အဋ္ဌင်္ဂိကမဂ်။
အရိယာမဂ်။
ပဋ္ဌာဘာဂမဂ် ဟုခေါ်သည်။

## လက္ခဏာရေး(၃)ပါး

(၁) အနိစ္စ – အနိစ္စလက္ခဏာ။
(၂) ဒုက္ခ – ဒုက္ခလက္ခဏာ။
(၃) အနတ္တ– အနတ္တလက္ခဏာ။

(၁) အနိစ္စ။ ။ ခန္ဓာ(၅)ပါးပင်ဖြစ်သည်။ ဖြစ်ခြင်းပျက်ခြင်း တစ်မျိုးတစ်ဖုံ ပြောင်းလဲခြင်းသဘောရှိသည်။

ရှိပြီးမှ မရှိဘဲပြောင်းလဲသွားတတ်သော သဘောရှိသည်။ တစ်မျိုးတစ်ဖုံပြောင်းလဲခြင်းဆိုတာ၊ အိုမင်းယိုယွင်း၊ ရင့်ကျက် သွားခြင်းဖြစ်သည်။

အနိစ္စလက္ခဏာ။ ။ ဖြစ်ပျက်နေသော တစ်မျိုးတစ်ဖုံပြောင်း လဲနေသောသဘောလက္ခဏာရှိပြီးမှ မရှိပဲဖြစ်သွားခြင်းမျိုး။

(၂) ဒုက္ခ။ ။ မမြဲတဲ့အရာသည် ဆင်းရဲခြင်းပဲ ခန္ဓာ (၅)ပါးသည် ဒုက္ခမည်၏၊ မပြတ်ဒလတ်စပ် နှိပ်စက်ခြင်း သဘောရှိသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခလက္ခဏာ။ ။ မပြတ်မလပ် ဒလစပ်နှိပ်စက်နေသော အခြင်းအရာအမှတ်အသား လက္ခဏာပင်တည်း။

(၃) အနတ္တ။ ။ ဆင်းရဲတဲ့အရာသည် အနတ္တခန္ဓာ(၅)ပါး သည် အနတ္တဖြစ်၏၊ မိမိအလိုဆန္ဒသို့ မလိုက်ပါသောသဘောရှိ၏။

အနတ္တလက္ခဏာ။ ။ မိမိအလိုဆန္ဒသို့မလိုက်ပါသော အခြင်းအရာ အမှတ်အသားပေတည်း။

(၁) အဖြစ်အပျက်ကိုမြင်သောပုဂ္ဂိုလ်အား အနိစ္စလက္ခဏာ သည် ဟုတ်တိုင်းမှန်စွာ ထင်လာ၏။

(၂) အဖြစ်အပျက်ဖြင့် နှိပ်စက်နေခြင်းကိုမြင်သော ပုဂ္ဂိုလ် သည် ဒုက္ခလက္ခဏာကို ဟုတ်တိုင်းမှန်စွာ ထင်လာ၏။

(၃) ဒုက္ခအစုသည်သာလျှင် ဖြစ်ပေါ်၏၊ ရပ်တည်၏၊ ချုပ်ပျောက်၏ဟု ထင်မြင်သောပုဂ္ဂိုလ်အား အနတ္တလက္ခဏာ သည် ဟုတ်တိုင်းမှန်စွာ ထင်လာ၏။

ထို့ကြောင့် လက္ခဏာရေး(၃)ပါးသည် အဖြစ်အပျက်ကိုမြင် သော ပုဂ္ဂိုလ်တို့၏အာရုံ၌သာလျှင် ထင်မြင်နိုင်ကြကုန်ပေသည်။

## ဖိုလ်ဝင်စား

(၁) မင်္ဂနောက်ကဖိုလ် နှစ်ကြိမ်သုံးကြိမ်လိုက်တယ်။

(၂) ဝိပဿနာနောက်ကတော့ ဖိုလ်အကြိမ်များစွာလိုက် တယ်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ထဲမှ ဓမ္မလေးတွေ ဖြစ်လိုက်ပျက်လိုက် မြင်နေရာကနေပြီး "ဖျတ်"ဆို ဒုက္ခသစ္စာဖြစ်ပျက်တွေချုပ်ပြီး နိရောဓသစ္စာဘက် ကူးသွားတော့တာပဲ၊ အဲဒါသောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ပဲပေါ့။

တစ်ခါတည်းဒုက္ခသစ္စာလည်းချုပ်ရော နိရောဓသစ္စာကို အာရုံပြုပြီးသား ဖြစ်နေတာပဲပေါ့။

ဝိပဿနာချုပ်သွားပြီး ဝိပဿနာနောက်က ဖိုလ်လိုက်လာတယ်၊ မဂ်လုံးဝမပါတော့ဘူး၊ အဲဒီဖိုလ်ဟာ ဒုက္ခသစ္စာချုပ်တဲ့ နိဗ္ဗာန်နဲ့တဲ့နေတယ်။

ပထမဖိုလ်ချုပ်သွားပြီး ဒုတိယဖိုလ်နဲ့လည်း နိဗ္ဗာန်ကတည့်နေတယ်၊ နိဗ္ဗာန်ကတော့အမြဲ ဖိုလ်ကတော့အလှည့်နဲ့ပေါ့။

"နိဗ္ဗာနံဖလသဿ၊ အာရမ္မဏာပစ္စရေဏပစ္စယော"ဆိုတဲ့အတိုင်း ဒုတိယဓောကလည်း လာတာပဲ။

တတိယဓောကိုရော "နိဗ္ဗာနံဖလသဿ"ပါပဲ၊ နိဗ္ဗာန်ချည်းတွေ့နေတာပဲ၊ ဖိုလ်ဓောတွေ ထပ်ကာထပ်ကာပေါ်လာသလောက် နိဗ္ဗာန်ချည်းတွေ့နေရမှာပဲ၊ ဒါဟာ "ဖလသမာပတ်"ဝင်စားတယ်လို့ သတ်မှတ်လိုက်ပေတော့။

ဖိုလ်စိတ်ဖြစ်တယ်ဆိုတာ မဂ်ရဲ့နောက်မှာ တစ်ကြိမ်နှစ်ကြိမ်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုလ်ဝင်စားနေတဲ့အခါမှာတော့ အကြိမ်များစွာဖြစ်နေတယ်၊ နိရောဓသမာပတ်မှထတဲ့အခါမှာ ဖိုလ်စိတ်နှစ်ကြိမ်ဖြစ်တယ်။

သောတာပန်ဖြစ်တဲ့ပုဂ္ဂိုလ်များမှာတော့ မဂ်နောက်ကဖိုလ်တစ်ကြိမ်နှစ်ကြိမ်သာဖြစ်သည်။

အရိယာဖြစ်ပြီးသားပုဂ္ဂိုလ် ဖိုလ်ဝင်စားနေလျှင် ဖိုလ်စိတ်သည် ကြိမ်ဖန်များစွာ ဖြစ်ပေါ်နေသည်။

## နိဗ္ဗာန်

နိဗ္ဗာန်ဆိုတာ– ရုပ်နာမ်တွေ ချုပ်ငြိမ်းတဲ့သဘော နိရောဓဖြစ်နေတဲ့သဘောပဲ၊ ရုပ်တွေနာမ်တွေမရှိဘူး၊ အများသူငါတို့၏ သင်္ချာန်ဖြစ်ပေါ်နေကျဖြစ်တဲ့ ရုပ်နာမ်မျိုးလုံးဝမရှိဘူး။

BURMESE CLASSIC .com

နိဗ္ဗာန်ဟာ ရုပ်ဓမ္မလား၊ နာမ်ဓမ္မလားဆိုရင် နာမ်ဓမ္မအမျိုးအစားထဲ ထည့်ရမယ်။

အများသူငါမှာဖြစ်တဲ့ နာမ်ဓမ္မမျိုးက ဖြစ်တည်ပျက်နာမ်ဓမ္မမျိုးဖြစ်တယ်။

နိဗ္ဗာန်မှာရှိတဲ့ နာမ်ဓမ္မမျိုးက ဖြစ်တည်ပျက်မရှိတဲ့ နာမ်ဓမ္မတစ်မျိုးပဲ။

အများသူငါမှာဖြစ်ပေါ်တဲ့ နာမ်ဓမ္မလို အဝေးလှမ်းပြီး အာရုံပြုရတာ၊ အဝေးမှာရှိတဲ့အာရုံဆီကို လှမ်းပြီးညွတ်ရတာ ကိုယ်က သူ့ဆီကို သွားညွတ်ရတဲ့သဘောမျိုး။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်ဆိုတဲ့နာမ်မျိုးကတော့ အဲဒီလိုမဟုတ်ဘူး၊ ငါ့ကို ညွတ်ကြ၊ ငါ့ကိုရှစ်ခိုးကြ၊ ငါ့ကိုဦးတိုက်ကြ၊ ငါ့ဆီကိုလာကြဆိုတဲ့သဘောမျိုး၊ သူနဲ့ဆိုင်ရာ မဂ်စိတ်ဖိုလ်စိတ်တွေက သူ့ကိုညွတ်ရတာ၊ ဖလသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေဆိုရင် နာရီပေါင်းများစွာဝင်စားနိုင်တယ်၊ ဖိုလ်စိတ်နဲ့နိဗ္ဗာန်ကို အာရုံပြုနေတာ။

နိဗ္ဗာန်ဆိုတဲ့နာမ်ကတော့ အာရုံအပြုခံသူဆီကို ညွတ်ကြရတာ၊

နိရောဓသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်များဆိုရင် နိဗ္ဗာန်ကို (၇)ရက်စိတ်ညွတ်နေနိုင်တယ်၊ နိဗ္ဗာန်ကအညွတ်ခံ၊ အညွတ်ခံ နာမ်ဖြစ်ပါတယ်။

နာမ်ဆိုတဲ့နေရာမှာ နာမ်ခန္ဓာ(၄)ပါးနှင့် နိဗ္ဗာန်ပါဝင်၏၊ နာမ်ခန္ဓာ(၄)ပါးသည် ညွတ်တတ်သောကြောင့် နာမ်မည်သည်၊ အာရုံသို့မျက်နှာမူ၍ ညွတ်တတ်ကြကုန်၏။

နာမ်တရားအားလုံးသည် ညွတ်တတ်၏၊ နာမ်ခန္ဓာ(၄)ပါးသည် အာရုံအတွင်းသို့ အချင်းချင်းညွတ်စေကုန်၏။

နိဗ္ဗာန်သည်ကား "အာရမ္မဏာဓိပတိ" ပစ္စည်းအဖြစ်ဖြင့် အပြစ်မရှိသော တရားတို့ကို ညွတ်စေ၏။

ဖလသမာပတ်ဝင်စားနေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် နာရီပေါင်းများစွာ နိဗ္ဗာန်ကိုအာရုံပြုနေတဲ့ ဖိုလ်စိတ်တွေချည်း ဖြစ်နေတော့

www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဖိုလ်စိတ်တွေဟာ နိဗ္ဗာန်နဲ့တစ်ခါတည်းတွဲနေတော့တာပဲ၊ နိဗ္ဗာန်ကို အာရုံပြုနေတော့တာပဲပေါ့။

နိဗ္ဗာန်ဆိုတာ သမညပျော်စရာမဟုတ်ဘူး၊ အလွန်အလွန်ပျော်စရာ၊ အလွန်အလွန်ကြည်နူးစရာပဲ၊ လူတို့ချမ်းသာနဲ့မတူသောချမ်းသာပဲ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တွေဟာ နိဗ္ဗာန်ကို အာရုံမပြုဘဲကိုမနေနိုင်ဘူး။

နိဗ္ဗာန်ဟာအေးငြိမ်းချမ်းသာ ကြည်နူးစရာအကောင်းဆုံးနာမ်ဓမ္မတစ်မျိုးပဲ၊ အစဉ်အမြဲခိုင်မြဲနေတဲ့နာမ်ဓမ္မ၊ နိစ္စမူဝတရားဖြစ်ပါတယ်။

နိဗ္ဗာန်ဟာ အကောင်းတကာ့အကောင်းဆုံး ဖြစ်ပျက်မွေးသေတွေ၊ ဖြစ်ပျက်မသာတွေ၊ လုံးဝမမြင်ရမတွေ့ရလို့ပဲ။

BURMESE CLASSIC .com

နိဗ္ဗာန်ဟာ သက်သာမှုကိုပေးတယ်၊ အေးငြိမ်းမှုကိုပေးတယ်၊ ချမ်းသာမှုကိုပေးတယ်၊ နိဗ္ဗာန်ဟာချမ်းသာသုခ အစစ်ကြီးပဲ၊

ဒါကြောင့်အရိယာပုဂ္ဂိုလ်တွေ အားတာနဲ့ဆိတ်ငြိမ်ရာသို့သွားပြီး နိဗ္ဗာန်ကိုအာရုံပြုနေကြတောတာပဲ။

အမြတ်သစ္စာနှစ်ပါးတွင် မဂ္ဂသစ္စာကအကြောင်း၊ နိရောဓသစ္စာကအကျိုး၊ ယူ၍မရ၊ ခွဲခြား၍မရပါ။ နိရောဓဖြစ်သောနိဗ္ဗာန်ဆိုတာ အသင်္ခတဓမ္မဖြစ်သည်။ မည်သူကမှ မပြုလုပ်အပ်အစကတည်းက ရှိပြီးသားတရားဖြစ်သည်။

မည်သည့်တရားက ပြုလုပ်၍ဖြစ်ပေါ်လာသည်ဟု ဆို၍မရ၊ နိဗ္ဗာန်ဟာ အကျိုးတရားမဟုတ်၊ နိဗ္ဗာန်ဖြစ်အောင်လုပ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားလည်းမရှိ၊ ဒါကြောင့် နိဗ္ဗာန်မှာ "ပဒဋ္ဌာန်" မရှိ၊ အကြောင်းတရားမရှိဟု ဆိုလိုခြင်းဖြစ်သည်။

ပရမတ္ထတရားတိုင်းမှာ (လက္ခဏာ၊ ရသပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်)ဆိုတဲ့ အင်္ဂါ–လက္ခဏာတွေ ပါရစမြဲဖြစ်သည်။

နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားမှာတော့ ထိုလေးမျိုးတွင် "ပဒဋ္ဌာန်"ဆိုတဲ့အကြောင်းတရားမရှိ။

နိဗ္ဗာန်သည် အလုပ်လုပ်သူအဖို့ အချိန်ကျလျှင် အလိုလိုပေါ်လာမည့်တရားဖြစ်သည်။ ဟိုမှာဘက်ကမ်းနှင့်တူသည်။

မဂ္ဂသစ္စာကား လှေနှင့်တူသည်။ ဟိုဘက်ကမ်းကိုရောက်အောင် လှေနှင့်သွားသလိုနဲ့တူသည်။ ရှိပြီးသားဟိုဘက်ကမ်းကို ရောက်အောင် လှေဖြင့်သွားခြင်းသာဖြစ်သည်၊ ၎င်းတွင် လှေက အကြောင်း ဟိုဖက်ကမ်းကအကျိုးဟု ခွဲခြား၍မရသလို မဂ္ဂက အကြောင်း နိရောဓကအကျိုးဟု ခွဲခြား၍မရပေ။

နိဗ္ဗာန်ကအကျိုးဆိုလျှင် အကြောင်းတရားရှိရမည်၊ အကြောင်းပျက်တဲ့အခါ အကျိုးနိဗ္ဗာန်လည်း ပျက်ရပေဦးမည်။

နိဗ္ဗာန်ကား ထိုသို့ပျက်သည့်တရားမဟုတ် အမြဲရှိသောတရား (အနိစ္စ၊ ဓုဝ)တရားဖြစ်သည်။ အကြောင်းမရှိတဲ့တရား အပစ္စယ (ဥပါဒ်၊ဋ္ဌီ၊ဘင်) အနေနဲ့ဖြစ်တာမဟုတ်တဲ့အတွက် (အပဝတ္တ၊ အဇာတိ၊ ဘယ်သူမှပြုပြင်တာမဟုတ်လို့ အသင်္ခတ) ပျက်စရာ သေစရာမရှိတဲ့အတွက် အမတ၊ အတ္တမဟုတ်တဲ့အတွက် အနတ္တ၊ ချမ်းသာတကချမ်းသာကြီးဖြစ်တဲ့အတွက် သုခသာဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဂ်ကနိဗ္ဗာန်ကို အကျိုးပေးတာမဟုတ်ဘူး၊ မဂ်ကနိဗ္ဗာန်ကို ရောက်အောင်ပို့ပေး၏။

နိဗ္ဗာန်ကိုမဂ္ဂင်ကဖြစ်စေတာမဟုတ်၊ နိဗ္ဗာန်ဟာ ဘယ်သူလုပ်လို့မှဖြစ်တာမဟုတ်ဘူး၊ နိဗ္ဗာန်ကိုဖြစ်စေတဲ့ အကြောင်းတရားမရှိ။

မဂ္ဂင်(၈)ပါးကရှိပြီးသား၊ နိဗ္ဗာန်ကိုရောက်အောင် ပို့ပေးတာ မဂ္ဂင်(၈)ပါးသည် နိဗ္ဗာန်ရောက်ကြောင်းတရားသာ ဖြစ်သည်။

## စေတသိတ်ကြောင့် စိတ်အမျိုးမျိုးဖြစ်ရပုံ

စိတ်၏သဘောမှာ အာရုံနှင့်ဒွာရတိုက်၍ စိတ်ဖြစ်ရသည်၊ အကောင်းအဆိုး မကွဲပြား၊ ဥပမာ။ ။ လောဘစေတသိတ်နှင့်တွဲလျှင် လောဘစိတ်ဖြစ်ပါသည်၊ ဒေါသစေတသိတ်နှင့်တွဲလျှင် ဒေါသစိတ်ဖြစ်ရသည်၊ မာနစေတသိတ်နှင့်တွဲလျှင် မာနစိတ်ဖြစ်ရသည်၊ မေတ္တာစေတသိတ်နှင့်တွဲလျှင် မေတ္တာစိတ်ဖြစ်ရသည်။

စိတ်က ရေကြည်လင်သန့်ရှင်းတာနဲ့တူသည်၊ စေတသိတ်တွေက ဆိုးဆေးတွေနှင့်တူသည်၊ ဆိုးဆေးက(၅၂)ထုတ်၊ အရောင်ကလည်း(၅၂)မျိုး။

ရေကြည်ကြည်သန့်သန့်ထဲသို့ ဆေးအနီထည့်ရင် အနီရောင်၊ အစိမ်းထည့်ရင် အစိမ်းရောင်၊ ရေသည်ဆိုးဆေး၏ အရောင်ခြယ်ခြင်းကိုခံရသည်၊ စိတ်သည်လည်း စေတသိတ်တို့၏ အရောင်ဆိုးခြင်းကို ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြီရာအာရုံ၊ ရမိရုံသာ၊ အဖုံဖုံကောင်းဆိုး
မကွဲရိုးတည့်၊ တစ်မျိုးတွဲဘက်၊ စေတသိတ်
တွက်ကြောင့်၊ သက်သက်ဆိုးကောင်း
အရောင်ပြောင်း၏၊ မကောင်းတဲ့စိတ်
ကောင်းတဲ့စိတ်ဟု၊ ခွဲကြိတ်စမြဲ
ဥဒါန်းကဲသည်၊ စိတ်လဲစေတသိတ်ကြောင့်သာကိုး။

## ရောဂါဒါဏ်ချက်

ဆံပင်တွေဖြူ၊ နားတွေအူ၊ အသားအရေညှိုး၊ သွားတွေကျိုးလို့၊ မျက်စိတွေမှိုင်း၊ ခါးတွေကိုင်းတဲ့အပြင် တစ်ကိုယ်လုံး၊ ရွတ်တွယွင်းယို၊ လူအိုကြီးဖြစ်လာခြေပြီ၊ လက်တွေတုန် ခြေတွေတုန်၊ ကတုန်ကယင်ကြီးဖြစ်လာပြီ။

အားအင်တွေခန်းခြောက်၊ ပျိုတဲ့ရုပ်တွေပျောက်ပြီးတော့၊ အိုတဲ့ရုပ်တွေရောက်လာကုန်ကြပြီး၊ ရင်အုံတွေချိုင့်၊ ပါးတွေချိုင့်လို့၊ မျက်တွင်းဟောက်ပက်၊ ချောင်းကလေးတဟက်ဟက်။

တောင်ဝှေးလက်ကိုင်ကချော်ကချွတ်နဲ့၊ အဖော်မဲ့လို့လာချေပြီ၊ ပွဲလယ်သဘင် အသုံးမဝင်၍ ပွဲပြင်တွင်လည်းအသုံးမကျ၊ မုန်းစရာလူကြီးဖြစ်ချေပေါ့။

တစ်ဘဝလုံးအသုံးမကျ၊ အရှုံးနဲ့သာနေခဲ့ရ၊ မညှာမတာ တဏှာခိုင်းသမျှဆောင်ရွက်ရ၊ ကိုယ့်တွက်ကိုယ့်တာမကျန်တော့။

www.burmeseclassic.com

www.burmeseclassic.com



## ခန္ဓာနဲ့ဝေဒနာ

ခန္ဓာရှိတဲ့လူတိုင်း ဝေဒနာရှိတာပဲ၊ အဲဒီဝေဒနာကိုကြပ်ကြပ်သတိပြုပါ၊ ဝေဒနာသိရုံနဲ့ရပ်မထားနဲ့ ဝေဒနာရဲ့အဖြစ်အပျက်သိတဲ့အထိဉာဏ်နဲ့ကြည့်။

ဝေဒနာသိရုံနဲ့တွင် ရပ်ထားလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ပဲရှိသေးတယ်၊ ဝေဒနာရဲ့အဖြစ်အပျက်ကိုသိမှ ဥဒယဗ္ဗယဉာဏ်ရမယ်။

အဲဒါမှဝိပဿနာအဆင့်ရောက်မယ်၊ အဲဒီအတိုင်းရှုနေပါ။ အစပိုင်းမှာ ဝေဒနာကိုပဲတွေ့မှာပဲ၊ ကြာလာတော့ဝေဒနာတောင်မတွေ့တော့ဘူး၊ ဝေဒနာရဲ့အဖြစ်အပျက်ကိုတွေ့နေရမယ်၊ အဲဒီဝေဒနာရဲ့အဖြစ်အပျက်ကိုသိတဲ့အဆင့် ရောက်မှဝေဒနာကျော်လို့ဆိုတယ်။

ဝေဒနာကျော်တဲ့အဆင့်ရောက်ရင်လည်းဆက်ရှု ရပ်မထားနဲ့၊ ဆက်ရှု မုန်းလာလိမ့်မယ်၊ အဲဒီလိုမုန်းလာရင်လည်း ရပ်မထားနဲ့ ဆက်ရှု၊ မီးပွတ်ယောက်ျားကဲ့သို့ ရပ်မနားဆက်ရှုပါက ဖြစ်ပျက်တွေဆုံးသွားတာတွေ့ရမယ်၊ ဖြစ်ပျက်တွေမရှိတာတွေ့ရမယ်။

## စာဆားနှင့်အိုးထဲကဆား

နောက်တစ်နည်းအားဖြင့် "ပိဋကတ်သုံးသွယ်နိကာယ်ငါးရပ်"တို့သည် မှတ်တမ်းများသာဖြစ်ကြ၍ ဘောသင်ပုန်းတွင်ရေးထားသောဆားနှင့်တူ၏၊ ဘောသင်ပုန်းတွင် ဆား၃-ပိဿာ၊ ဆား၅-ပိဿာ စသည်ဖြင့် ရေးထားသကဲ့သို့ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရေးသားထားသောဆားကို လက်နှင့်တို့ပြီးယက်ကြည့် မငန်ပါ၊ အဘယ်ကြောင့်ဆိုသော် တကယ့်ဆားမဟုတ်၊ အက္ခရာဆား၊ စာဆားဖြစ်နေသောကြောင့်တည်း။

အိုးထဲ၌ထဲ့ထားသောဆားကိုကား လက်နဲ့တို့လျက်ကြည့်၊ ငန်ပါသည်၊ အဘယ်ကြောင့်ဆိုသော် တကယ့်ဆားဖြစ်နေသောကြောင့်တည်း။

ထိုအတူပင် မိမိတို့သင်အံလေ့ကျက်ဆောင်ရွက်၍ တတ်မြောက်ထားသော စာပေတို့သည်လည်း မှတ်တမ်းများသာဖြစ်ကြ၍ အက္ခရာဆားနှင့်တူကြကုန်၏၊ တကယ်မငန်ပါ၊မှတ်တမ်းသညာမျှသာဖြစ်ပါ၏။

ထိုစာပေတို့ညွှန်ကြားချက်အရ ခန္ဓာကိုယ်ပေါ် ဝိပဿနာဉာဏ်ဖြင့် ကြည့်၍မြင်ထားသောအမြင်တို့ကသာ အိုးထဲကဆားနှင့်တူကြကုန်၏၊ တကယ်ငန်ကြကုန်၏၊ တကယ်သိသောပညာဖြစ်သည်။

ဆိုလိုသည်မှာ အက္ခရာဆားဖြင့်သာ ကျေနပ်မနေကြပါနှင့် တကယ့်ဆားအိုးထဲက ဆားဖြစ်အောင် ကြိုးစားကြပါလို့ ဆိုလိုသည်။ ဤသဘောအားဖြင့် ရှေးပညာရှင်ကြီးများအဆက်ဆက်တို့က အောက်ပါအတိုင်း သတိပေးတိုက်တွန်းကြပါသည်။

(၁) အက္ခရာဆား၊ ဆလိန်ဆားကို၊ လျက်ငြားမငန်၊ ပုံသဏ္ဍာန်ကို၊ စာထဲကတရား စာတရားကို၊ သိငြားတတ်ပြန်၊ သညာမှန်၏။

www.burmeseclassic.com

www.burmeseclassic.com



(၂) အိုးထဲကဆား တကယ့်ဆားကို၊ လျက်ပြီးအမှန်၊ အဟုတ်ငန်သလို၊ ခန္ဓာတရား အရှိတရားကို သိပြီးတတ်ပြန်၊ ပညာမှန်၏။

## မြင်းလေးမျိုးဥပမာ

၁။ ကျောပေါ်တွင် ကြိမ်ကလေးဝင့်ပြရုံနှင့် ပြေးသောမြင်းတစ်မျိုး။

၂။ ကြိမ်ဝင့်ပြရုံဖြင့် မပြေးသေး၊ သို့သော်အမွေးပေါ်ကြိမ်ဖြင့် ထိကပ်မှတ်သတ်သတ်ပေးမှ ပြေးသောမြင်းတစ်မျိုး။

၃။ ကြိမ်ဝင့်ပြရုံဖြင့်မပြေး၊ အမွေးသပ်ရုံနှင့်လည်းမရ သံချွန်ဖြင့်အရေပါးဖောက်၍ သွေးစို့အောင်ထိုးမှ ပြေးသောမြင်းတစ်မျိုး။

၄။ ကြိမ်ဝင့်ရုံဖြင့်မပြေး၊ အမွေးသပ်ရုံနှင့်လည်းမရ၊ သံချွန်ဖြင့်သွေးစို့အောင်ထိုးသော်လည်းမလှုပ်၊ အရိုးကိုဒုတ်ဒုတ်ထိအောင် သံချွန်ဖြင့်ဆောင့်၍ထိုးမှ ပြေးသောမြင်းတစ်မျိုး။

၁။ ဤလေးမျိုး ဥပမာအတိုင်းပင် ပုဂ္ဂိုလ်လည်းလေးမျိုးရှိ၏ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ ဘယ်သူတော့ဖြင့်ဒုက္ခရောက်၍သေရှာပေါ့တဲ့။ ဤကဲ့သို့သောသတင်းကို သူတစ်ပါးထံမှကြားရရုံမျှဖြင့် ထိတ်လန့်သံဝေဂရပြီးလျှင် တရားအားထုတ်တော့၏၊ ဤပုဂ္ဂိုလ်မျိုးသည်၊ ကြိမ်ရိုက်ပြရုံဖြင့် ပြေးသောပထမမြင်းမျိုးနှင့်တူသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



၂။ "ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ ဘယ်သူတော့ဖြင့် ဒုက္ခရောက်၍ သေရှာပေါ့တဲ့" ဤကဲ့သို့သောသတင်းမျိုးကို တစ်ဆင့်ကြားရရုံဖြင့် သံဝေဂမဖြစ်သေး၊ သို့သော် ကိုယ်တိုင် မြင်တွေ့လာသောအခါတွင်ကား သံဝေဂဖြစ်ပွား၍ တရားအား ထုတ်လေတော့၏၊ ဤပုဂ္ဂိုလ်မျိုးသည် ဒုတိယမြင်းမျိုးနှင့် တူသည်။

BURMESE CLASSIC .com

၃။ "ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ ဘယ်သူတော့ဖြင့် သေရှာပေါ့တဲ့"၊ ဤသတင်းမျိုးကို တဆင့်စကားသတင်းကြား ဖြင့် သံဝေဂမရ၊ ကိုယ်တွေ့မျက်မြင်ခဲ့၍လည်း၊ သံဝေဂမဖြစ် သို့သော်သွေးသားတော်စပ်တဲ့ ကိုယ့်ဆွေမျိုးထဲမှ တစ်စုံတစ် ယောက်ဒုက္ခရောက်၍ သေဘေးရောက်သောအခါမှ သံဝေဂဖြစ် ၏၊ ချက်ချင်းထ၍ တရားအားထုတ်တော့သည်၊ တတိယမြင်း မျိုးနှင့်တူသည်။

"ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသမှာ ဘယ်သူတော့ဖြင့် ဒုက္ခရောက်၍ သေရှာပေါ့တဲ့" ဤသတင်းမျိုးကို တဆင့် ကြားဖြင့်လည်း၊ သံဝေဂမဖြစ်၊ ကိုယ်တွေ့မျက်မြင်ကြုံ၍လည်း သံဝေဂမဖြစ်၊ သို့သော်မိမိကိုယ်တိုင် ဘေးဒုက္ခနှင့်ရင်ဆိုင်ရသော အခါတွင်ကား သံဝေဂတွေဖြစ်ပွား၏။ ထိုအခါတွင်မှ ချက်ချင်း ထ၍တရားအားထုတ်တော့သည်၊ အချိန်နှောင်း၍ အားပျော့နေပြီ စတုတ္ထမြင်းမျိုးနှင့်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ "အချိန်ရှိခိုက်လုံလစိုက်"ဟူသော စကားပုံအတိုင်း စတုတ္ထအမျိုးအစားထိအောင်မဆိုင်းသင့်၊ ပထမ၊ ဒုတိယ၊ တတိယ အမျိုးအစားကတည်းက အားထုတ်သင့်တော့သည်။

## မီးထဲကရှသမျှဆွဲထုတ်ယူခြင်း

ဇရာမီးကအချိန်တိုင်းလောင်မြိုက်နေတယ်၊ ဗျာဓိမီးကလည်း လူကြီးတွေပိုပြီးသိတာပေါ့၊ လောင်မြိုက်နေတာ၊ မရဏမီးကလည်း စက္ကန့်တိုင်းအချိန်မလပ် သေအောင်သတ်နေတာပဲ။

ဒါတွင်မက ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူတွေ ဒါတွေကလည်း နှိပ်စက်နေကြတာပဲ၊ ရာဇဘော၀ါ၊ စောရဘော၀ါ၊ အဂ္ဂဘော၀ါ၊ ဥဒကဘော၀ါ ဆိုတဲ့ဘေးတွေပေါ့၊ သူတို့တွေကလဲ နှိပ်စက်ကြတာပဲ။

အဲဒီအထဲကနေပြီး ဒီကနေ့ဒို့သားလေးတွေ ရှင်ပြုမယ်၊ သံဃာတော်(၂၀၀)ကျော်ကိုလည်း သင်္ကန်း၊ ထီး၊ ဖိနပ်စတဲ့ ပစ္စည်းတွေနဲ့ ပူဇော်မယ်ဆိုပြီးလုပ်တဲ့ကိစ္စဟာ မီးထဲကဆွဲထုတ်တာပဲ။

## ပထမဈာအကျိုးပေးပုံ

နေ့စဉ်နှင့်အမျှ ပြုလုပ်နေကြသော ပစ္စုပ္ပန်ကံတွေကောင်းနေလျှင် မလွဲမသွေတိုးတက်ရမည်သာတည်း။ ပစ္စုပ္ပန်မှာ ကောင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်သာ၊ သုံးဖြာကံပြုလုပ်၊ မတိုးတက်လော၊ တိုးတက်လော၊ စောကြောနေဖွယ်မဟုတ် မျက်မြင်ဒိဋ္ဌ၊ ခုဘ၀၊ ဖလကျိုးမယုတ် ပထမဓော ဒလဟော၊ သဘောသူဖွင့်ထုတ်။

## သမ္မတ္တိစက်(၄)ပါး

ပုဂ္ဂိုလ်တစ်ယောက် ထွန်းတောက်ကြီးပွားခြင်းသည် သမ္မတ္တိစက်လေးပါးပြည့်စုံ၍သာဖြစ်သည်။

(က) အတ္တသမ္မာပဏိဓိ– မိမိစိတ်ကိုကောင်းစွာထားခြင်း စိတ်ကောင်းနှလုံးကောင်းဖြောင့်ဖြောင့်ထားခြင်း။

(ခ) ပဋိရူပဒေသဝါသ– သင့်တော်ရာ အမိဝမ်း၊ သင့်တော်ရာ အရပ်၌ဖြစ်ခွင့်နေခွင့်ရခြင်း။

(ဂ) သမ္ပုရိသူပနိဿယ– သူတော်ကောင်း ဆရာသမားကောင်းတို့ကို နီးနီးကပ်ကပ် မှီခိုခွင့်ရခြင်း။

(ဃ) သဒ္ဓမ္မဿဝန– သူတော်ကောင်းစကား၊ သူတော်ကောင်းတို့၏ အဆုံးအမကို ကြားနာခံယူရခြင်း။

## စိတ်သက်တမ်းနှင့်ရုပ်သက်တမ်း

၁။ ဥပ္ပါဒ = ဥပါဒ် (ဖြစ်ပေါ်လာမှု)
၂။ ဋ္ဌိတိ = ဋ္ဌီ (ဖြစ်ပြီးနောက်တည်နေမှု)
၃။ ဘင်္ဂ = ဘင်(တည်ပြီးနောက်ပျက်စီး၍ ချုပ်ကွယ်သွားမှု)

www.burmeseclassic.com

www.burmeseclassic.com



စိတ်တစ်ခု– တစ်ခုဌ် ဥပါဒ်–ဋ္ဌီ ဘင်(ဖြစ်တည်ပျက်) အခိုက်အတန့်ကာလ ၃ မျိုးစီ၊ ၃မျိုးစီ ရှိကြတယ်။

## စိတ်တစ်ခုရဲ့သက်တမ်းဟာ–(စတာ) ပဲ

၁။ ဥပါဒ်ဆိုတဲ့ ဖြစ်ပေါ်ချိန်စတာ၊
၂။ ဋ္ဌီ–ဆိုတဲ့တည်နေချိန်စတာ၊
၃။ ဘင်–ဆိုတဲ့ ချုပ်ပျက်ချိန်စတာ။

စိတ်တစ်ခုမှာ ဥပါဒ်–ဋ္ဌီ–ဘင် (ဖြစ်တည်ပျက်) ခဏငယ် ၃–ခုစီရှိတယ်။

ဖျတ်– လက်ဖျောက်တစ်ချက်တီးချိန်။
ဖတ်– မျက်စိတစ်ချက်မှိတ်ချိန်။
လက်– လျှပ်စီးလက်ချိန်။

စတာကလေးအတွင်းမှာ (ဖြစ်တည်ပျက်) စိတ်ပေါင်းကုဋေ တစ်သိန်းဖြစ်ပျက်နိုင်တယ်။

အသံက– တစ်စက္ကန့်မှာ– ၀.၂၁ မိုင်နှုန်း။
အလင်းရောင်– တစ်စက္ကန့်မှာ– (၁၈၆၀၀၀) မိုင်နှုန်း။
စိတ်သည်– ကမ္ဘာကြီးကို တစ်စက္ကန့်အတွင်း အပတ်ပေါင်း များစွာ ပတ်နိုင်၏။

## ရုပ်တစ်ခု၏သက်တမ်း

ရုပ်ကစိတ်လောက်မမြန်၊ စိတ်ပေါင်း(၁၇)ခု ဖြစ်ပျက်ပြီးတဲ့ အချိန်မှာ ရုပ်တစ်ခုဖြစ်ပျက်ပြီးတဲ့အချိန်နဲ့တူတယ်။ စိတ်(၁၇) လုံးမှာ ရုပ်(၁)လုံး။

www.burmeseclassic.com

www.burmeseclassic.com



(က) ခဏကြီးဖြင့်ပြောရင် စိတ်(၁၇)လုံးဖြစ်ပျက်ချိန်နဲ့ ရုပ်(၁)လုံး ဖြစ်ပျက်ချိန်တူနေသည်။

(ခ) ခဏငယ်နှင့် ပြောရရင် စိတ်(၅၁)လုံးဖြစ်ပျက်ချိန်နဲ့ ရုပ်(၃)လုံး ဖြစ်ပျက်ချိန်တူသည်။ စိတ်၏ဖြစ်ချိန်နှင့် ရုပ်၏ ဖြစ်ချိန်၊ စိတ်၏ချုပ်ချိန်နှင့် ရုပ်၏ချုပ်ချိန်တူသည်။

## အရှုခံနှင့်အရှုဉာဏ်

အရှုခံက– ခန္ဓာ(၅)ပါး၊ တကယ်ရှုတဲ့အခါ ခန္ဓာ(၅)ပါးထဲမှ တစ်ပါးကိုရှုရသည်။

ရှုဉာဏ်– သမ္မာဒိဋ္ဌိ–သမ္မာသင်္ကပ္ပ
သမ္မာဝါယမ–သမ္မာသတိ
သမ္မာသမာဓိ
လောကီမဂ္ဂင် (၅)ပါး
ဝိပဿနာဉာဏ် (၅)ပါး

ရုပ်ကြိုက်ရင်ရုပ်ရှု ဘယ်လိုရုပ်မျိုး ရှုရမှာလည်း။

ရုပ်(၂)မျိုးရှိသည်–

၁။ ရိုးရိုးပကတိ မျက်စိနဲ့မြင်ရတဲ့ရုပ်– အတုံးအခဲသဏ္ဌာန် ဒြပ်ရုပ်ထု၊ ပညတ်တင်ထားပြီး ပညတ်ဖုံးသွားပြီး အစစ်ကို အတုကကွယ်သွားပြီ။

၂။ ဉာဏ်နဲ့သာမြင်ရတဲ့ရုပ်– ဖောက်ပြန်မှုရုပ် သဘော တရား အစုလေးတွေက ပညတ်နံမည်မတတ်ရသေး၊ ပရမတ်

www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်၏ ဝိပဿနာရှုတဲ့အခါ ပညတ်ဖုံးတဲ့ ရုပ်ကိုမရှုရ၊ ပညတ်မဖုံးသေးတဲ့ ပရမတ်သက်သက်ရုပ်ကိုရှုပါ။

## သမထရှုနဲ့ဝိပဿနာရှု

သမထရှုဆိုတာ ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊ တေဇောကသိုဏ်း ပကတိမျက်စိနဲ့ ထင်အောင်မြင်အောင်စွဲနေအောင် (ပဋိဘာဂနိမိတ်) ဖြစ်အောင် စိုက်ပြီးကြည့်နေရတာ၊ သမထရှု ဝိပဿနာရှုက ပကတိမျက်စိနဲ့ကြည့်ရတာ မဟုတ်ဘူး၊ ဉာဏ်နဲ့ခန္ဓာထဲ စိုက်ပြီးကြည့်နေရင်း အရှုခံတရားတစ်ခုခု အပေါ်မှာ ဉာဏ်နဲ့စိုက်ပြီးတော့ ကြည့်နေရတာ။ ဒါကြောင့် မျက်လွှာချထားရတာ။

၁။ ပကတိမျက်စိဖြင့် စွဲမြဲမြင်နေအောင် ရှုရတာသမထရှု။

၂။ ဉာဏ်ဖြင့်သာသူ့ သဘာဝအတိုင်း ဖြစ်ပျက်နေတာမြင်အောင် ရှုရတာ ဝိပဿနာရှု။

## စကြီသွားအကျိုး(၅)မျိုး

၁။ အဒ္ဓါနက္ခမော = ခရီးရှည်သွားနိုင်ခြင်း။

၂။ ပဓါနက္ခမော = ဖွဲလုံ့လဝီရိယသန်ခြင်း။

၃။ အပ္ပါဗာဓော = ကျန်းမာရေးကောင်းခြင်း။

၄။ သမ္မာပရိဏာမံဂစ္ဆတိ = အစာကြေညက်ခြင်း။

၅။ သမာဓိစိရဋ္ဌိတိကော = သမာဓိခိုင်မြဲခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၊ သွားသည့်စင်္ကြံအကျိုးတည်း။

## တရားနာလျှင်၊ ခန္ဓာဉာဏ်ရောက်ဖြစ်အောင်နာကြ

တရားနာတဲ့အခါ အမှတ်တမဲ့မနာမိဖို့၊ လေးလေးစားစားနှင့်ရှုးရှူးစိုက်စိုက် နာမိအောင် သတိပြုဖို့။

တရားနာတဲ့အခါမှာ တရားအဓိပ္ပါယ်လောက်ကို သိရုံမျှနှင့်မကျေနပ်ကြနဲ့၊ တရားနာနေတဲ့အခိုက်မှာ ကိုယ့်ဉာဏ်ကကိုယ့်ခန္ဓာမှာ စိုက်ထားပါ။ ခန္ဓာအစဉ်ပေါ်မှာရောက်နေပါစေ၊ သို့မှသာဉာဏ်တွေရင့်သန်ထက်မြက်လာမယ်၊ ဉာဏ်ထူးဉာဏ်မြတ်တွေ တရားထူးတရားမြတ်တွေ ရနိုင်မယ်၊ ဉာဏ်ကခန္ဓာပေါ်ရောက်မှ တရားထူးရမယ်၊ ခန္ဓာပေါ်ဉာဏ်မရောက်သမျှတရားထူးမရနိုင်။

## ပုဂ္ဂိုလ်၊ သတ္တဝါ ငါသူမဟုတ် နာမ်နဲ့ရုပ်။

၁။ သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။

၂။ စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နံနော၊ကိုယ်ဝယ်ပြည့်။

၃။ ဝါယောပြည့်သော်၊ ဝိညတ်ပေါ်၊ ရုပ်သော်သွားပေ၏။

၄။ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။

၅။ ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့်သိ။

www.burmeseclassic.com

www.burmeseclassic.com



၆။ ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင်ဉာဏ်ဖြင့်သိ။
၇။ ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်သိ။
၈။ ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်မကွေးဉာဏ်ဖြင့်သိ။
၉။ ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့်ဉာဏ်ဖြင့်သိ။
၁၀။ ပုဂ္ဂိုလ်မဖြန့်၊ ငါမဖြန့်၊ ရုပ်ဖြန့်ဉာဏ်ဖြင့်သိ။

## ကမ္မဋ္ဌာန်းကျောင်း

ဝိပဿနာဆိုတာ အသေကိုအရှင်နဲ့ကြည့်တာ၊ ကိုယ့်အသေကကိုယ့်ခန္ဓာထဲမှာရှိတယ်၊ ကိုယ့်အရှင်ကလဲ ကိုယ့်ခန္ဓာထဲမှာပဲရှိတယ်၊ အဲဒီတော့၊ ဒီခန္ဓာဟာ ကမ္မဋ္ဌာန်းကျောင်းပဲပေါ့။

တောကျောင်း၊ တောင်ကျောင်းဆိုတာ သမထအတွက်တော့မှန်တယ်၊ တိတ်စိတ်ဖို့လိုထယ်၊ ဝိပဿနာအတွက်ကတော့ လေ့ကားခွင်က ခြေတစ်လှမ်းဆင်းရင် တောကျောင်း၊ တောင်ကျောင်းပဲ၊ ဝိပဿနာအတွက်ကတော့ ပေါ်လာတဲ့စိတ်တွေကိုရှုနေနိုင်ရင် ပြီးတာပဲ၊ နေရာမရွေးပါဘူး။

## စိတ်ရှုရာမှာမဟုတ်၊ အပျက်ရှုရမှာ

ရှေ့စိတ်ကိုနောက်စိတ်နဲ့ ရှုရမယ်ဆိုပေမယ့် တကယ်တော့ ရှုတဲ့စိတ်ပေါ်တဲ့အချိန်မှာ အရှုခံစိတ်မရှိတော့ဘူး၊ ဒါကြောင့် အရှုခံစိတ်ရှိတာကို သိရမှာမဟုတ်ဘူး၊ အရှုခံစိတ်ပျက်တာကို သိရမှာ၊ ဒါကြောင့် စိတ်ကို ရှုရမှာမဟုတ်ဘူး၊ စိတ်ရဲ့အပျက်ကို ရှုရမှာ။

www.burmeseclassic.com

www.burmeseclassic.com



### ဒုက္ခနောက် မဂ်လိုက်ပါ။

ဒုက္ခသစ္စာဆိုတာ ခန္ဓာပေါ်မှပေါ်တာ၊ ခန္ဓာငါးပါးထဲက တစ်ပါးပါးပေါ်တာ၊ ပေါ်တာကိုသိအောင်လုပ်ပါ၊ ပေါ်တာသိမှ ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာလိုက်ဖြစ်အောင် လိုက်နိုင်မှာ။

## အားလုံးဖြစ်ပျက်ပဲရှိတယ်

"ဝဇိရာထေရီ ဘိက္ခုနီမ ကပြောတယ်၊" အို ...မာရ်၊ "သတ္တဝါ"ဆိုတာမရှိပါဘူး၊ ခန္ဓာကိုထဲမှာ ရုပ်နဲ့နာမ်တွေကလဲ ဖြစ်ပျက်နေကြတာ၊ ဖြစ် ပျက်ပဲရှိတယ်၊ အဲဒီဖြစ်ပျက်ကလဲ ဒုက္ခသစ္စာဆိုတော့ "ဒုက္ခ သစ္စာပဲရှိတယ်။"

ဒုက္ခတွေဖြစ်ပြီး ဒုက္ခတွေပျက်နေတာပဲရှိတယ်၊ ခန္ဓာကိုယ်ထဲမှာ တစ်ခြားဘာမှမရှိ၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပဲရှိတယ်၊ အတိုချုပ်ပြောရရင် ဖြစ်ပျက်ပဲရှိတယ်။

အဲဒီဖြစ်ပျက်တွေက ဘာသစ္စာ၊ ဒုက္ခသစ္စာ အဲဒီဖြစ်ပျက်တွေကို ဟောဒီအသိနဲ့သိနေရင် သိတာက မဂ္ဂသစ္စာ၊ လောကီမဂ်ပေါ့။

အဲဒီဖြစ်ပျက်တွေကို မုန်းလာအောင်ရှုတော့လဲ လောကီမဂ်ပဲ၊ နိဗ္ဗိန္ဒာဉာဏ်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာအစစ်တွေပဲ၊ ငါတော့ဖြင့် အဲဒါတွေကိုရကိုမရချင်တော့ဘူး၊ လိုကိုမလိုချင်တော့ဘူး၊ ဒုက္ခသစ္စာထဲ ခန္ဓာပါပျောက်ထွက်သွားတယ်။

ခန္ဓာပျောက်တော့ ဒုက္ခပျောက်သွားတယ်၊ ဒုက္ခပျောက်တော့ နိရောဓဆိုတဲ့နိဗ္ဗာန်ဟာ ဒီနေရာမှာပဲပေါ်လာတယ်။

အင်း . . . ပျောက်သွားတာက ဒုက္ခသစ္စာ၊ ပေါ်လာတာက နိရောဓသစ္စာ၊ အဲဒါနိဗ္ဗာန်ပဲ။

ဒီနေရာမှာ ဒုက္ခချုပ်သွားတော့ ဘာမှမရှိတော့ဘူး၊ ချမ်းသာတာလေးတစ်ခုပဲသိတော့တယ်။

ချမ်းသာကလေးက နိရောဓသစ္စာ၊ ချမ်းသာကလေးကို သိနေတာက မဂ္ဂသစ္စာ။

## ဉာဏ်ကနိဗ္ဗာန်ဘက်လှည့်သွား

ပထမဦးစွာ ဖြစ်ပျက်ကိုမြင်အောင်ရှု၊ ပြီးတော့ မုန်းအောင်ရှု၊ ဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာတွေ၊ ဒါကြောင့်မို့လိုကိုမလိုချင်ဘူး၊ မလိုချင်တော့ဘူးဆိုရင် "ဖျတ်"ခနဲ ဒီဖြစ်ပျက်တွေချုပ်ကုန်ရတယ်၊ မလိုချင်တဲ့ ကိုယ့်ဉာဏ်လေးက နိဗ္ဗာန်ဘက်ကိုလှည့်သွားတယ်၊ ခန္ဓာဘက်ကို မလှည့်တော့ဘူး။

ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်–ပျက်၊ ဖြစ်–ပျက်၊ ဖြစ်–ပျက်နဲ့ ရှုသာနေ၊ ရှုရင်းရှုရင်းနဲ့ဖြစ်ပျက်တွေဟာ 'ဖျတ်' ကနဲချုပ်ကုန်ကြပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ချုပ်သွားကုန်ကြသော်လည်း မျက်လုံးဖွင့်မကြည့်နဲ့၊ ဖြစ်ပျက်ဆိုတာ ဒုက္ခသစ္စာတွေမဟုတ်လား။

အဲဒီဒုက္ခသစ္စာတွေကို ကြည့်ရင်း၊ ကြည့်ရင်းနဲ့ 'ဖျက်'ဆို ပျောက်ကုန်မယ်၊ ပျောက်သွားတဲ့အခါကျတော့ ဘာနဲ့နေရစ်သတုန်းဆိုရင် ခုနင်ကရှုတဲ့ဉာဏ်ကလေးနဲ့ နေရစ်တယ်။

အဲဒီဉာဏ်ကလေးနဲ့ ဒုက္ခပျောက်တဲ့နေရာနဲ့ တည့်နေတယ်၊ ဒုက္ခပျောက်တဲ့နေရာကနိဗ္ဗာန်ပဲ၊ ဒီဉာဏ်ကလေးက မဂ်ဉာဏ်။

## ခေတ်(၅)ခေတ်

| | | | |
|---|---|---|---|
| ၁။ | ဝိမုတ္တိယုဂခေတ် | နှစ်ပေါင်း | ၅၀၀ |
| ၂။ | သမာဓိယုဂခေတ် | ။ | ၅၀၀ |
| ၃။ | သီလယုဂခေတ် | ။ | ၅၀၀ |
| ၄။ | သုတယုဂခေတ် | ။ | ၅၀၀ |
| ၅။ | ဒါနယုဂခေတ် | ။ | ၅၀၀ |
| | | နှစ်ပေါင်း | ၂၅၀၀ |

ရှည်လျားသော အချိန်ကာလကြီးတစ်ခုကို ဤခေတ်(၅)ခေတ်တို့ဖြင့် ပိုင်းခြား၍ လည်ပတ်နေသည်ဆို၏။ ဘုရားပွင့်ချိန်မှစပြီး နှစ်ပေါင်း (၅၀၀)အတွင်း ဝိမုတ္တိယုဂခေတ် ဖြစ်သောကြောင့် ရှာန်မဂ်ဖိုလ်တရားထူးများ ဖြိုင်ဖြိုင်ရကြသည်။

ဒုတိယနှစ်ပေါင်း (၅၀၀)အတွင်း၌ကား သမာဓိယုဂခေတ်ဖြစ်သောကြောင့် သမာဓိတည်ရုံမျှသာ ဖြစ်၏။ တရားထူးများမပါဟု ဆိုလိုဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



တတိယနှစ်ပေါင်း (၅၀၀) အတွင်း၌ သီလယုဂခေတ်ဖြစ်သောကြောင့် သီလကိုသာ ဦးစားပေး၊ သီလစင်ကြယ်အောင်ထိန်းကြ၍ သီလမျှသာရှိကြ၏ဟုဆိုလိုသည်။

စတုတ္ထနှစ်ပေါင်း (၅၀၀) အတွင်း၌လည်း သုတယုဂခေတ်ဖြစ်သောကြောင့် ဗဟုသုတကြွယ်ဝဖို့သာ ဦးစားပေးကြ၏။ ကျမ်းဂန်တတ်မြောက်ရေးအတွက်သာ အာရုံစိုက်ကြသည်။

ပဥ္စမနှစ်ပေါင်း (၅၀၀) အတွင်း၌မူ ဒါနယုဂခေတ် ဖြစ်သောကြောင့် ဒါနပြုမှုအားသန်ကြ၏။ လှူကြ၊ တန်းကြ၊ပေးကြ၊ ကမ်းကြများ၏။ ဘုရားတည် ကျောင်းဆောက်ပေါများသည်။

ထိုမှလွန်သော ဝိမုတ္တိယုဂခေတ်တွင်းသို့ ပြန်ဝင်လာသည်ဟုဆိုကြ၏၊ သာသနာနှစ် (၂၅၀၀)၊ ကောဇာသက္ကရာဇ် (၁၃၁၈) ခုနှစ်ကစ၍ ဤဘက်တွင် ဝိမုတ္တိယုဂခေတ်သို့ ပြန်လည်ဆိုက်ရောက်လာပြီဟု ကြွေးကြော်ကြ၏။

## လောကီလောကုတ္တရာဉာဏ်စဉ် ၁၆–ပါး။

၁။ နာမရူပပရိစ္ဆေဒဉာဏ် = ဤကားနာမ်၊ ဤကားရုပ်ဟု ခွဲခြားသိသောဉာဏ်။

၂။ ပစ္စယပရိဂ္ဂဟဉာဏ် = နာမ်ဖြစ်ပေါ်ခြင်းအကြောင်းတရား၊ ရုပ်ဖြစ်ပေါ်ခြင်း အကြောင်းတရားတို့ကို သိမ်းကျုံးစုစည်းသိမြင်နိုင်သောဉာဏ်။

၃။ သမ္မသနဉာဏ် = ရုပ်သဘော၊ နာမ်သဘောတို့ကို လေ့လာသုံးသပ်သောဉာဏ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဥဒယဗ္ဗယဉာဏ် = ရုပ်နာမ်အဖြစ်အပျက်တွေကို သိမြင်သောဉာဏ်။

၅။ ဘင်္ဂဉာဏ် = ရုပ်နာမ်တို့၏ (အဖြစ်ကို မမီလိုက်ဘဲ) အပျက်ကိုသာ မီလိုက်သိမြင်လိုက်သောဉာဏ်။

၆။ ဘယဉာဏ် = ရုပ်နာမ်နှစ်ပါးတို့၏ အဖြစ်အပျက်ကို 'ဘေး'ဟူ၍ ရှုမြင်သောဉာဏ်။

၇။ အာဒီနဝဉာဏ် = တို့ဘေးကို "အပြစ်"ဟူ၍ ရှုမြင်သောဉာဏ်။

၈။ နိဗ္ဗိန္ဒာဉာဏ် = ရုပ်နာမ်နှစ်ပါးတို့၏ အဖြစ်အပျက်တွေအပေါ် ငြီးငွေ့လာသောဉာဏ်၊ မလိုချင် မတွယ်တာဖြစ်လာသောဉာဏ်၊ မုန်းလာသောဉာဏ်။

၉။ မုစ္စိတုကမျတာဉာဏ် = ဖြစ်ပျက် ဒုက္ခသစ္စာကြီးမှ လွတ်မြောက်လိုသောဉာဏ်။

၁၀။ ပဋိသင်္ခါဉာဏ် = ထိုဒုက္ခတို့မှ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ဆင်ခြင်သောဉာဏ်။

၁၁။ သင်္ခါရုပေက္ခာဉာဏ် = သင်္ခါရတရားတွေချည်း (အဖြစ်အပျက်တွေချည်း) ရှုမြင်နေသောဉာဏ်။

၁၂။ အနုလောမဉာဏ် = မဂ်ဖိုလ်နိဗ္ဗာန်အား ရဖို့အလျော်ဖြစ်သောဉာဏ်။

၁၃။ ဂေါတြဘူဉာဏ် = ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်ကိုဖြစ်စေ တတ်သောဉာဏ်။

၁၄။ မဂ်ဉာဏ် = နိဗ္ဗာန်ကိုမြင်သောဉာဏ်။

www.burmeseclassic.com

www.burmeseclassic.com



၁၅။ ဖိုလ်ဉာဏ် = နိဗ္ဗာန်ကိုပင်မြင်သောဉာဏ်။

၁၆။ ပစ္စဝေက္ခဏာဉာဏ် = ရခဲ့ပြီးတရားတို့ကို ပြန်လည်ဆင်ခြင်သောဉာဏ်။ ဟူ၍ ဉာဏ်စဉ်(၁၆)ပါးရှိ၏။ လောကီ၊ လောကုတ္တရာရောရော၍နေသည်။

မှတ်ချက်။ ။ ထို(၁၆)ပါးတွင် အမှတ်(၁) နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အမှတ်(၁၂) အနုလောမဉာဏ်တိုင်အောင် လောကီပိုင်းဆိုင်ရာများ ဖြစ်ပေါကြ၏။ အမှတ်(၁၃)ဂေါတြဘူဉာဏ်မှ အမှတ်(၁၄)မဂ်ဉာဏ်၊ အမှတ်(၁၅)ဖိုလ်ဉာဏ်၊ အမှတ်(၁၆) ပစ္စဝေက္ခဏာဉာဏ်အထိတို့ကား လောကုတ္တရာပိုင်းဆိုင်ရာ တို့ဖြစ်ကြသည်။

## ဝိပဿနာဉာဏ်(၁၀)ပါး

ဖော်ပြခဲ့ပြီးဉာဏ်သည် ၁၆–ပါးတွင် ဝိပဿနာရှုဉာဏ်သက်သက်ဆိုင်ရာများ ဉာဏ်(၁၀)ပါး ပါရှိ၏။ ယင်းတို့က

၁။ သမ္မသနဉာဏ်

၂။ ဥဒယဗ္ဗယဉာဏ်

၃။ ဘင်္ဂဉာဏ်

၄။ ဘယဉာဏ်

၅။ အာဒီနဝဉာဏ်

၆။ နိဗ္ဗိန္ဒာဉာဏ်

၇။ မုစ္စိတုကမျတာဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



၈။ ပဋိသင်္ခါဉာဏ်

၉။ သင်္ခါရုပေက္ခာဉာဏ်

၁၀။ အနုလောမဉာဏ်တို့ဖြစ်ကြ၏။

## ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး

မိုးကုတ်ဆရာတော်ဘုရားကြီးသည် အရေးကြီးတဲ့ဉာဏ်(၃) မျိုးသာလျှင် ထုတ်ဖော်ဟောမိန့်လေ့ရှိ၏။ ယင်းတို့ကား–

၁။ ဥဒယဗ္ဗယဉာဏ် = ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မြင်သောဉာဏ်။

၂။ နိဗ္ဗိန္ဒာဉာဏ် = အဖြစ်အပျက်တို့အပေါ်မှာ မတွယ်တာ၊ မုန်းလာသောဉာဏ်။

၃။ မဂ်ဉာဏ် = အဖြစ်အပျက်တို့ရဲ့အဆုံး (အဖြစ်အပျက်တွေမရှိရာ နိဗ္ဗာန်)ကို မြင်သောဉာဏ်တို့ ဖြစ်သည်။

## ငြီးငွေ့ခြင်း(၂)မျိုး

၁။ သံဝေဂဉာဏ်နှင့်ငြီးငွေ့ခြင်း၊

၂။ ဝိပဿနာဉာဏ်နှင့် ငြီးငွေ့ခြင်း၊

ခန္ဓာ(၅)ပါးပေါ်၌ သံဝေဂဉာဏ်နှင့် ငြီးငွေ့ခြင်းသည် မဂ်မရနိုင်၊ ခန္ဓာ(၅)ပါး၏ အဖြစ်အပျက်တွေမြင်ပြီး ငြီးငွေ့တာမျိုးမှ ဝိပဿနာဉာဏ်နှင့် ငြီးငွေ့ခြင်းဖြစ်၏။ မဂ်ရနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



# နက်ဖြန်ခါနှင့်နောက်ဘဝ

သေခြင်းတရားသည် အချိန်မရွေး မမျှော်လင့်ဘဲဖြစ်ပေါ်လာနိုင်သည်၊ မျက်စိတမှိတ် လျှပ်တစ်ပျက်အတွင်း တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်သည်။

နက်ဖြန်ဆိုတာက ဝေးသေးသည်၊ ယခုအချိန်ကစပြီး ညည့်မှောင်ရောက်၊ နောက်တစ်နေ့ အာရုံတက်မှဖြစ်လာမှာ။

နောက်ဘဝဆိုသည်ကား အနီးကလေး ကွေးသောလက်မဆန့်မှီ၊ ဆန့်သောလက် မကွေးမှီ တမလွန်ဘဝရောက်သွားနိုင်သည်၊ မြန်လွန်းသည်။

(လင်္ကာ)- နက်ဖြန်ဆိုတာ တစ်နေ့တာသည်၊ သည်ကာလနောက်၊ ညည့်မှောင်ရောက်၊ နောက်နေ့နံနက် အာရုံတက်မှ၊ ဆက်ဆက်ရောက်လာ ခရီးကြာ၏။

သို့ပါသော်လည်း၊ အိုမလွဲသည်၊ နောက်မြဲဌာန၊ နောက်ဘဝကား၊ ခဏခရီး၊ လျှပ်ပျက်စီးသို့ ကွေးပြီးသောလက် မဆန့်မှီဆန့်ပြီးသောလက် မကွေးမှီ မဝေးလှပါပြီတကား၊

## ပုဂ္ဂိုလ်(၄)မျိုး

၁။ ဥဂ္ဃဋိတညူပုဂ္ဂိုလ်
၂။ ဝိပဉ္စိတညူပုဂ္ဂိုလ်
၃။ နေယျပုဂ္ဂိုလ်
၄။ ပဒပရမပုဂ္ဂိုလ် တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဥဃ္ဃဋိတညျူပုဂ္ဂိုလ်။ ။ သဘောအဓိပ္ပါယ် အစအန အနည်းငယ်ကို လှစ်ပြရုံလောက်နဲ့ "ညျု"ဘွားကနဲသိသွားသူ၊ ၎င်းကို သိသူဟုခေါ်သည်။

၂။ဝိပဉ္စိတညျူပုဂ္ဂိုလ်။ ။ သဘောအဓိပ္ပါယ် အကျယ် ချဲ့၍ပြကာမှ "ညျု"ကသိသွားသူ အကျယ်ကိုသိသူ။

၃။ နေယျပုဂ္ဂိုလ်။ ။ အကျဉ်းဟောလည်းမသိ အကျယ်ဟောလည်းမသိ၊ ထပ်ပြန်တစ်လဲလဲ၊ ကြိမ်ဖန်များစွာ ဟောမှသိသူ။

၄။ ပဒပရမပုဂ္ဂိုလ်။ ။ ယခုဘဝမှာ တရားမရနိုင်တာပေ သင်ကြား၍ ပုဒ်ပါဠိအက္ခရာရရုံလောက်မျှသာသိသူ။

## ဝေဒနာနုပဿနာအခြေခံ၍ဒိဋ္ဌိ(၄)မျိုးဖြုတ်

တရားနာသူအားလုံး ဝေဒနာနဲ့တရားနာကြသည်။ ကျန်းမာလို့နာနိုင်တယ်ဆိုရင် သုခဝေဒနာနဲ့နာ၊ ချောင်းဆိုးရင်ကြပ်တွေနဲ့နာရင် ဒုက္ခဝေဒနာနဲ့နာ၊ နားကကြားပြီးနာတယ်ဆိုတော့ ဥပေက္ခာဝေဒနာနဲ့နာ၊ တရားသမားကိုလှမ်းကြည့်တယ် အသံကြားတယ်နာတယ်ဆိုရင် ဥပေက္ခာဝေဒနာနဲ့နာ၊ ယောကျ်ားမိန်းမတွေနာတာလား ဝေဒနာတွေနာတာလား၊ ငါတရားနာတယ်ဆိုရင် သက္ကာယဒိဋ္ဌိဝင်၊ ဝေဒနာတွေ အလှည့်နဲ့ပြောင်းပြီး၊ တရားနာနေကြတာလို့ မှတ်ကြပါ။

လူအနံ့တွေနံ့ရင်းနဲ့နာ– ဥပေက္ခာဝေဒနာ

တံတွေးမျိုချရင်းနဲ့နာ– ဥပေက္ခာဝေဒနာ

ရှုရင်းရှိုက်ရင်းနဲ့နာ– ဥပေက္ခာဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



# ဒိဋ္ဌိရှိလျှင်မဂ်ဖိုလ်မရနိုင်

ဝေဒနာပေါ်မှုသိမှ ပျက်မှောက်သိမှာ၊ ဝေဒနာပေါ်တာရော ပျက်တာရော၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဝေဒနက္ခန္ဓာတွေသာဖြစ်သည်။ ဒီလိုသိရင် သက္ကာယဒိဋ္ဌိပြုတ်သည်။

ဒုက္ခပျက်လိုက်၊ သုခအစားထိုးလိုက်၊ သုခပျက်လိုက်၊ ဥပက္ခာအစားထိုးလိုက် ဆိုတာသိရင် မခိုင်မြဲဘူးဆိုတာ ပေါ်လာတယ်။

ဝေဒနာနဲ့တရားနာနေတာသိရင် သက္ကာယပြုတ် ဝေဒနာလေးပျက်သွားတာသိရင် သဿတဒိဋ္ဌိပြုတ် နောက်ထပ်ဝေဒနာလေးအစားထိုးတာသိရင် ဉစ္ဆေဒဒိဋ္ဌိပြုတ်သည်။

ဒိဋ္ဌိ(၃)မျိုးမပြုတ်ရင် နိဗ္ဗာန်မရ။

## ဝေဒနာနုပဿနာရှုပွားနည်း

ရူပက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာသည် ကျန်ခန္ဓာ(၄)ပါးပေါ်မှီပြီးမှ ပေါ်နေတာ၊ သူက အမှီတရား၊ သက်တမ်းကတိုတယ် ဖြစ်ပြီးပျက်တာပဲ။

**(က) ဝေဒနာ(၃)မျိုး**

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပက္ခာဝေဒနာ။

**(ခ) ပေါ်လိုက်ပျောက်လိုက် ရှုရမှာ**

နေပူထဲရောက်ရင် ဒုက္ခဝေဒနာဖြစ်၊ နေရိပ်ထဲဝင်လိုက်တော့ သုခဝေဒနာပြောင်းပေါ်၊ သူတို့ဟာ ချည့်သည်တွေပဲ၊ ဒီနေရာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်၊ ဒီနေရာပျောက်၊ ဒီနေရာမွေး၊ ဒီနေရာသေ၊ ကောင်းကင်မှာ လျှပ်စီးလက်သလိုပဲ၊ ဒီနေရာလင်း၊ ဒီနေရာပျောက်၊ အိမ်သည် ခန္ဓာနဲ့ ဧည့်သည်ခန္ဓာ၊ ဝေဒနာက ဧည့်သည်ခန္ဓာ၊ ပေါ်တဲ့အခါ ပေါ်၊ ပျောက်တဲ့အခါပျောက်၊ ပေါ်လိုက်ပျောက်လိုက်ရှုရမှာ–

နေပူတယ်ဆိုရင် ဒုက္ခဝေဒနာပေါ်ရော၊ ဧည့်သည်ခန္ဓာပေါ်ပြီး ရင် ပျောက်တာပဲ၊ သက်တမ်းကခဏပဲ ဒီမှာပေါ် ဒီမှာပျက် ဒီမှာမွေး၊ ဒီမှာသေ၊ ဧည့်သည်ခန္ဓာကို ယပ်တောင်ကလေးခပ် ရင် သုခဝေဒနာပေါ်လာ၊ ယပ်တောင်ကလေး လွှန်သွားရင် သုခဝေဒနာပျောက်ရော၊ နောက်ယပ်တောင်ကလေး ပြန်ရောက် လာတော့ အေးသရောင်၊ သုခဝေဒနာလေး ပေါ်ပြန်ရော၊ သုခ ဝေဒနာလေးက ပေါ်လိုက်ပျောက်လိုက်၊ မွေးလိုက် သေလိုက်၊ အဲဒါကို မြင်အောင်ကြည့်ရာမှာ ဧည့်သည်ခန္ဓာလေး ပေါ်တာ ပျက်တာကို စောင့်ကြည့်ရမှာ၊ ဝိပဿနာရှုတယ်ဆိုတာ ပေါ်လာတဲ့ ဧည့်သည်ခန္ဓာကို မြင်အောင်ရှုရတာပဲ။

## (ဂ) ဝေဒနာကိုဝေဒနာအတိုင်းမြင်စေ ဒိဋ္ဌိမဝင်စေနဲ့

ဧည့်သည်ဝေဒနာ (၃)မျိုး၊ လေတိုက်လို့ ခန္ဓာပေါ်မှာ ချမ်းသာလာရင် ငါချမ်းသာတယ် လုပ်လိုက်ရော၊ ဒုက္ခဝေဒနာ လေးကပ်လာရင်လည်း ငါတို့များ ဆင်းရဲလိုက်တာလုပ်ပစ်ရော၊ ပေါ်လာတဲ့ ဝေဒနာပေါ်မှာ ငါလုပ်ဖြစ်တတ်ကြတယ်၊ ဧည့်သည် ဝေဒနာဆိုတာ ခဏပဲပေါ်တာ၊ ပေါ်ပြီးရင် ပျက်တာပဲ၊ အဲဒီပျက်

www.burmeseclassic.com

www.burmeseclassic.com



တာကိုမြင်အောင် ကြည့်ရမှာ၊ သိအောင်လုပ်ရမှာ၊ အဖြစ်ကို မမြင်ရင်၊ မသိရင် နေပါစေ၊ ပျက်တာကိုတော့ သိအောင်မြင်အောင်လုပ်ပါ။

## (ဃ) အရှုခံပေါ်ခိုက်အရှုဉာဏ်မပေါ်နိုင်

အရှုခံတရား ဖြစ်ပေါ်နေတုံးမှာ အရှုဉာဏ်တရားဖြစ်ပေါ်ခွင့် မရသေးဘူး၊ ဝေဒနာအရှုခံတရားကလည်း နာမ်၊ မဂ္ဂင်(၅)ပါး ရှုဉာဏ်တရားကလည်း နာမ်၊ နာမ်တရားတို့မည်သည် တပြိုင်တည်း (၂)ခုမပေါ်နိုင်၊ အရှုခံတရား ပျက်သွားပျောက်သွားမှ အရှုဉာဏ်တရားက ပေါ်ရတာ၊ အဲဒီတော့ ရှုဉာဏ်ကရှုရင် မရှိတာပဲတွေ့ရတော့တာပေါ့။

ဧည့်သည်ဝေဒနာ မရှိတာက– အနတ္တ
မရှိမှန်းသိတာက– မဂ္ဂ
မရှိတာကိုသိမှ မဂ်ပေါ်နိုင်တာ
မရှိတာကိုသိအောင်လုပ်မှ မဂ်ရမယ်။

## (င) ရှေ့ပိုင်းကသိရုံမျှ–နောက်ပိုင်းကဝိပဿနာ

ဧည့်သည်ဝေဒနာ ဖြစ်တာကိုမသိရင်၊ ဝေဒနာ ပစ္စယာ တဏှာ၊ ဥပါဒါန်တွေဆက်မယ်၊ ဧည့်သည်ဝေဒနာလေး ပေါ်လာခိုက်မှာ ဝေဒနာလေးပေါ်နေတယ်လို့ သိရုံလေးသိပြီး နေပါ၊ နောက်ပိုင်း ဝေဒနာလေးတွေပေါ်ပြီး ပျက်ပျက်သွားနေတာကို သိအောင်လုပ်ပြီးနေပါ၊ အဲဒါမှဝိပဿနာဖြစ်မှာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အပျက်တွေတွေ့နေပြီဆိုရင် ဆက်ရှုပေး၊ ကြာတော့မုန်းလာလိမ့်မယ်၊ မုန်းလာရင်လည်း ဆက်ရှုပေး နောက်ဆုံးတော့ အဖြစ်အပျက်တွေဆုံးသွားတာကို တွေ့မြင်ရမယ်၊ အဲဒီအခါရောက်မှ တဆင့်အောင်ပြီမှတ်ပါ။

## (စ) ဝေဒနာနိရောဓ တဏှာနိရောဓ

ဝိပဿနာစရှုတဲ့ ပုဂ္ဂိုလ်အတွက် ဝေဒနာပြီးရင် တဏှာလာမှာပဲ၊ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကြတော့ ဝေဒနာကိုရှုလိုက်ရင် ဝေဒနာ မတွေ့ရဘူး၊ ဝေဒနာပျက်တာပဲ တွေ့ရမယ်။

ဝေဒနာပျက်တယ်ဆိုတာ ချုပ်တာပဲ၊ ဝေဒနာနိရောဓပေါ့၊ ဝေဒနာချုပ်တယ်ဆိုတာကို တွေ့တာဟာ မဂ်တွေ့တာပဲ၊ ဒီမဂ်နဲ့ ဝေဒနာကိုကြည့်လိုက်တော့ ဝေဒနာကို မတွေ့ရတော့ဘူး၊ ဝေဒနာနိရောဓပဲတွေ့မယ်၊ ဝေဒနာပေါ်ခိုက် မဂ်ဉာဏ်မပေါ်နိုင် ဝေဒနာချုပ်မှ မဂ်ဉာဏ်ကပေါ်မှာ အကြောင်းဝေဒနာကို မတွေ့ရတော့ပဲ ဝေဒနာနိရောဓကိုပဲ တွေ့ရတာပေါ့၊ ဝေဒနာအနိစ္စဖြစ်သွားတာကို မဂ်ကသိနေတယ်။

## (ဆ) တဏှာနိရောဓတိ-မဂ္ဂေါ

ဝေဒနာချုပ်ခိုက်တွင် မဂ်ဉာဏ်ဝင်နေဆဲမှာ တဏှာလာလို့မရဘူး။

တဏှာကလည်း နာမ်တရား၊ မဂ်ကလည်း နာမ်တရား တပြိုင်တည်း (၂)ခုမပေါ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂဉာဏ်က ဟဒယဝတ္ထုပေါ်မှာပေါ်နေကျ တဏှာကလည်း ဟဒယဝတ္ထုပေါ်မှာပေါ်မှာပဲ၊ တဏှာပေါ်မယ့်နေရာ မဂ်ဉာဏ်က အရင်ပေါ်နေတော့ တဏှာပေါ်လို့မရ၊ တဏှာနိရောဓ ဖြစ်သွားတာပေါ့။

ရှုတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာနိရောဓာ– တဏှာနိရောဓော၊ မရှုတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာပစ္စယာ– တဏှာ၊ ဥပါဒါန်၊ ကံ၊ သံသရာ ဆက်တော့တာပေါ့။

ရှုတဲ့ပုဂ္ဂိုလ် တဏှာချုပ်တော့၊ ဥပါဒါန်ချုပ်၊ ကံချုပ်၊ ဇာတိချုပ်၊ ဇရာမရဏချုပ်ကုန်တော့တာပေါ့၊ တစ်မင်္ဂပြီး တစ်မင်္ဂ ဆက်ပြီးဆက်ပြီးပေါ်နေတော့ တဏှာပေါ်ခွင့်မရဘဲ ချုပ်ကုန်တော့တာပေါ့။

# ဖြစ်ပျက်တွေကနှိပ်စက်ပုံ

ဖြစ်ခြင်း၊ ပျက်ခြင်းက မကြာခဏ အမြဲနှိပ်စက်နေ၏ ဒါ့ကြောင့် ဒုက္ခတရားဖြစ်ပေါ်နေရတာ။

အပျက်က နှိပ်စက်တာသည် ထင်ရှားထယ်၊ ဖြစ်ဖြစ်လာသမျှ အားလုံးကို ပျက်ပျက်ချနေတယ်။

အဖြစ်ကလည်း နှိပ်စက်နေတယ်၊ ပျက်ဖို့အတွက် ဖြစ်ဖြစ်ပေးနေရတယ်။

ဥပမာ– မိခင်တစ်ယောက် ကလေးတစ်ယောက်မွေးလိုက် မကြာခင် သေသွားလိုက်၊ သေဖို့မွေးပေးနေရသလို ဖြစ်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲဒုက္ခရောက်နေရတယ်၊ သောကပရိဒေဝ တောက်လောင်နေတာပေါ့။

## သေခါနီးမှာမဂ္ဂသစ္စာနဲ့နေပါ

လူတိုင်းသေခါနီးမှာ ဝေဒနာရောက်လာမှာကတော့ သေချာတယ်၊ အဲဒီဝေဒနာကို ဉာဏ်နဲ့ခွာပြီး ဝေဒနာကို ကျော်လွန်ပြီး ဝေဒနာနောက်က မဂ်လိုက်ပြီးနေနိုင်ဖို့ အရေးကြီးသည်၊ အခုတည်းက အနိစ္စပိုင်ထားတဲ့ ပုဂ္ဂိုလ်မျိုးမှရမယ်၊ မီးလောင်မှရေရှာလို့တော့ မရနိုင်ဘူး။

မီးမလောင်ခင်က ရေစင်ရေအေးနဲ့တူတဲ့ မဂ်ကိုရှာထားတဲ့သူမှရမယ်၊ အဲဒီလိုပုဂ္ဂိုလ်မျိုးမှ သေကာနီးမဂ္ဂသစ္စာဖြစ်ပြီးသေနိုင်မယ်။

ဝေဒနာကိုမတွေ့စေဘဲနဲ့ ဝေဒနာရဲ့ ဖြစ်ပျက်ကိုပဲ တွေ့နေပါစေ၊ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ တွဲနေပါစေ၊ တည်နေပါစေ။

ဒါမှ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိနေခြင်းပဲ၊ ကြည့်နေခြင်းပဲ၊ ကြာတော့ မုန်းလာမယ်၊ နောက်ဆုံး အဖြစ်အပျက်တွေဆုံးလာတာကို မြင်ရလိမ့်မယ်။

## ဝေဒနာပေါ်တာကို ဝေဒနာကျော်ပြီး အနိစ္စမြင်အောင် ကြည့်တဲ့နည်း။

သေခါနီးမှာပေါ်လာတဲ့ဝေဒနာကို ဉာဏ်နဲ့ကြည့်ပေး၊ အဲဒီအချိန်မှာ ဝေဒနာပျောက်သွားတာတွေ့ရမယ်၊ အဲဒါအနိစ္စပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာက ဝေဒနာ၊ ပျက်တာက အနိစ္စ၊ ဉာဏ်နဲ့ကြည့်တဲ့အခါ ဝေဒနာမတွေ့ရဘဲ ဖြစ်ပျက်တွေပဲ တွေ့နေရတာကို ဝေဒနာကျော်တယ် ခေါ်တယ်၊ ဝေဒနာကျော်တယ်ဆိုတာ အနိစ္စမြင်တာပဲ။

ဝေဒနာကျော်အောင် ရှုထားနိုင်မှ တန်ကာကျတယ်၊ အလေးအနက်ထားပြီး ရှုကြပေတော့။

## ဝေဒနာကိုလုပ်၍ မရှုရ

တချို့က တရားထိုင်နေပြီး ဝေဒနာမပေါ်နိုင်ဘဲ ဝေဒနာပေါ်လွယ်အောင် ခြေမကြီးကို ခေါက်ထိုင်ရသည်ဆို၏။

တစ်ချို့ကလည်း ဝေဒနာပြင်းထန်စွာပေါ်အောင် ဒူးပဆစ်တုတ်၍ တစ်ထောင်ဖြင့်ထောက်ကာ ဒုက္ခဝေဒနာကိုလုပ်၍ နေကြသည်။

အယူအဆလွဲမှား အယူတိမ်းကြခြင်းဖြစ်သည်၊ ဖြစ်ပျက်တွေကို ဖြိုင်ဖြိုင်မြင်အောင်ရှု၊ ဖြိုင်ဖြိုင်မြင်သော ဖြစ်ပျက်တွေကို မုန်းအောင်ဆက်ရှု၊ လွန်မြောက်အောင် ဆုံးအောင်ဆက်ရှု၊ နိရောဓသစ္စာကို ဆိုက်မှာသေချာသည်။

## ဒုက္ခ(၃)မျိုး (၃)စားရှိသည်

၁။ ဒုက္ခ-ဒုက္ခ၊

၂။ သင်္ခါရ ဒုက္ခ၊

၃။ ဝိပရိဏာမ ဒုက္ခ၊

www.burmeseclassic.com

www.burmeseclassic.com



## ၁။ ဒုက္ခ-ဒုက္ခ

နဂိုက ဒုက္ခသဘောဖြစ်နေတဲ့ ခန္ဓာရုပ်နာမ်အပေါ်မှာ နောက်ဆက်အပိုတိုးလာတဲ့ ဒုက္ခများဖြစ်သည်၊ ဥပမာ- ခေါင်းကိုက် ခေါင်းနာ၊ ခါးအောင့်၊ ဇက်ထိုး၊ ထုံကျင်၊ ကိုက်ခဲ၊ ညောင်းညာ၊ အနာပေါက်၊ ခါးထိ၊ ဆူးစူး၊ ပွေးဝဲ၊ နှင်းခူ၊ အပျင်းဖျား စသည်တို့ဖြစ်သည်။ နဂိုဒုက္ခသဘော ခန္ဓာကြီးပေါ်တွင် အပိုဒုက္ခတွေ ထပ်မံတိုးလာသောကြောင့် ဒုက္ခ ဒုက္ခဟုခေါ်သည်။

## ၂။ သင်္ခါရဒုက္ခ

ရုပ်နာမ် (၂)ပါး၊ ခန္ဓာ(၅)ပါးတို့၏ စက္ကန့်တိုင်းမလပ် ဒလစပ် ဖြစ်ပျက်ပြောင်းလဲနေတဲ့၊ ဒုက္ခများကိုခေါ်သည်။

## ၃။ ဝိပရိဏာမ ဒုက္ခ

ဖောက်ပြန်ပြောင်းလဲလာသော ဒုက္ခများဖြစ်ကြ၏၊ ဥပမာ- အိုမင်းယိုယွင်းလာခြင်း၊ ဆံဖြူသွားကျိုး၊ ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှိုင်း၊ အသားအရည်တွန့်လိမ်၊ မှဲ့ပျောက်တွေ ဗလပျစ်ပေါ်ခြင်း၊ နောက်ဆုံးသေကြေပျက်စီးခြင်းအထိ ဖောက်ပြန်သော ဒုက္ခများကို ဝိပရိဏာမဒုက္ခများဟုခေါ်သည်။

ဝိပဿနာရှုသော ပုဂ္ဂိုလ်သည် သင်္ခါရဒုက္ခတစ်မျိုးကိုသာ ရှုရသည်၊ ဤ(၂)မျိုးကို မရှုရမရှုကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာကတစ်ခြား အနိစ္စကတစ်ခြား

ဝေဒနာကို ဉာဏ်နဲ့ရှုပါ၊ ဝေဒနာတစ်ခြား၊ အနိစ္စတစ်ခြား၊ ဒါဝေဒနာခွာတာပဲ၊ ဝေဒနာကဝေဒနာပဲ၊ အနိစ္စက အနိစ္စပဲ၊ ဉာဏ်နဲ့ကြည့်လိုက်တဲ့အခါမှာ ဝေဒနာမဟုတ်ဘူး၊ ဖြစ်ပြီးပျက်သွားတဲ့ အနိစ္စလေးတွေပဲလို့ တွေ့နေရမယ်။

ဝေဒနာလေးတွေနဲ့ ဖြစ်ပြီးပျက်သွားတဲ့ သဘောကိုတွေ့အောင်ရှာရမယ်၊ ဝေဒနာကို မတွေ့စေနဲ့။

ဝေဒနာလေးတွေကတစ်ခြား၊ ဖြစ်ပျက်တစ်ခြားဆိုတာ ပေါ်လာမယ်၊ ဖြစ်ပျက်ဆိုတာနဲ့ အနိစ္စဆိုတာ အတူတူပါပဲပေါ့။

(က) ဝေဒနာမတွေ့စေနဲ့၊ ဖြစ်ပျက်တွေ့ပါစေ။

(ခ) ဝေဒနာမတွေ့စေနဲ့၊ အနိစ္စတွေ့ပါစေ အတူတူပါပဲ။

## ဝေဒနာကျော်တယ်ဆိုတာ

ဝေဒနာကိုမတွေ့ဘဲ ဝေဒနာရဲ့ ဖြစ်ပျက်တွေကို တွေ့နေတာ၊ ဝေဒနာကျော်တာပဲ မဂ္ဂသစ္စာဖြစ်နေတာပဲ၊ ဖြစ်ပျက်ကလေးတွေ တွေ့နေတာ၊ အတွေ့ခံတာက အနိစ္စ၊ တွေ့တဲ့ဉာဏ်က မဂ္ဂ။

ဝေဒနာရှုရင်းနဲ့ မဂ္ဂင်(၅)ပါးနဲ့ နေနိုင်တယ်၊ သေနိုင်တယ်၊ ဖဂ္ဂုန်ရဟန်းကျတော့ အနိစ္စတွေ့တဲ့အပြင် အနိစ္စမုန်း၊ အနိစ္စဆုံးသွားရော။

ဒီနည်းနဲ့ အနိစ္စမြင်၊ အနိစ္စမုန်း၊ အနိစ္စဆုံး ၃-ခါဆုံးတော့ အနာဂါမ်ဖြစ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးပြီး နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်များသေရင် ရုပ်ကြွင်းတွေ ကြည်လင်နေတယ်။

မျက်စိခွက်ဝင်မသွားဘူး၊ လူကောင်းပကတိ အိပ်နေသလိုပဲ၊ နားရွက်တွေလည်း လန်မကုန်ဘူး၊ နှာခေါင်းလည်း ပုဝင်မသွားဘူး၊ ခန္ဓာကိုကလဲ စိုစိုပြေပြေပဲ၊ ခြေလက်တွေလည်း ပျော့ပျော့ပြောင်းပြောင်းပဲ၊ ညာဘက်ကိုလည်း ခေါင်းကလေးကစောင်းနေတယ်။

## အိပ်နည်း(၄)မျိုး

၁။ ဗုဒ္ဓတို့ အိပ်ပုံအိပ်နည်း။
၂။ ပျင်းတဲ့သူ အိပ်ပုံအိပ်နည်း။
၃။ ကာမဂုဏ်သားတို့ အိပ်နည်း။
၄။ သူတော်ကောင်းတို့ အိပ်နည်း။

၁။ ဗုဒ္ဓများသည် အရိုးမရှိကြ၊ ရပ်လျက်၊ ထိုင်လျက်၊ ကြာကြာမနေနိုင်၊ အိပ်သောအခါ ပက်လက်အိပ်တတ်ကြသည်။

၂။ ပျင်းတဲ့သူများအိပ်ပြီဆိုရင် အပျင်းထူတဲ့သူ ပုံစံအတိုင်း မှောက်ခုံကြီးတွေ အိပ်တတ်ကြသည်။

၃။ ကာမဂုဏ်သား ယောကျ်ားတို့ကတော့ လက်ဝဲဘက်ကို စောင်းအိပ်တတ်သည်။

၄။ သူတော်ကောင်းတို့က လကျာ်ဘက်စောင်းအိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



# မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

၁။ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင်လုပ်ပါ။

၂။ တရားအားထုတ်လိုသူများ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို သိအောင်လုပ်ပါ။

၃။ ပဋိစ္စသမုပ္ပါဒ်ကို မသိဘဲနှင့် တရားကျင့်ကြံ အားထုတ်ခြင်းသည် ပင်ပန်းရုံပဲမှတ်ပါ။

၄။ ပဋိစ္စသမုပ္ပါဒ်သိမှသာလျှင် အရှိနှင့် အသိကိုက်မည်၊ အရှိနှင့် အသိကိုက်မှ ဟုတ်တိုင်းမှတ်စွာ မြင်မည်။

၅။ ခန္ဓာပေါ်မှာ ပေါ်လာတဲ့ တရားနဲ့ ဉာဏ်နှင့် မကွာပါစေနှင့်။

၆။ နိဗ္ဗာန်နားလည်ချင်ရင် ဒိဋ္ဌိကိုနားလည်ရမည်။ ပဋိစ္စသမုပ္ပါဒ်သဘောမကျရင် နိဗ္ဗာန်သဘောမကျပါ။

၇။ ဝိပဿနာအလုပ်သည် နိဗ္ဗာန်ရောက်ကြောင်း အနီးကပ်ဆုံးအလုပ်ပဲ၊ ဝိပဿနာဉာဏ်ရင့်မှ မဂ်ဉာဏ်ရမည်။ ၎င်းမဂ်ဉာဏ်သည် နိဗ္ဗာန်မြင်တဲ့ဉာဏ်ပဲ။

၈။ ဝိပဿနာနည်းမှန်၊ လမ်းမှန် အလုပ်လုပ်နေသူသည် နိဗ္ဗာန်ရောက်မှ ရောက်ပါ့မလားလို့ သံသယမရှိကြနဲ့ ဝိပဿနာက အကြောင်း၊ မဂ်ဉာဏ်ကအကျိုးပါ။

၉။ ဝိပဿနာဉာဏ်သည် မိမိမှန်အကြည် ၆–ချက်ပေါ်၌ အာရုံ၌ါရ တိုက်တိုင်းတိုက်တိုင်း ဖြစ်ပေါ်လာသော တရားများ၏ ဖြစ်တာနှင့် ပျက်တာကို စောင့်ကြည့်တဲ့ ဉာဏ်ပဲ၊ ဒါမလုပ်မီ ရှေ့အဖို့ ဒိဋ္ဌိဖြုတ်ရဦးမည်၊ မမေ့ပါနှင့်၊ ဒိဋ္ဌိသည်

www.burmeseclassic.com

www.burmeseclassic.com



လည်း အရမ်းဖြတ်လို့မရပါ၊ သူဖြတ်မည်ကြံရင် ခန္ဓာပဋိစ္စ သမုပ္ပါဒ် ပထမနားလည်ထားရမည်။

(ယခု ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်နားလည်ထားမှ ဒိဋ္ဌိ ဖြုတ်မယ်)

၁၀။ဝိပဿနာဉာဏ်က ရုပ်နာမ်ဓမ္မတွေပေါ်မှန်းသိရင် (သက္ကာယဒိဋ္ဌိပြုတ်) ဒါပေါ်ရင် ခန္ဓာငါးပါးပေါ်တယ်၊ နာမ်ရုပ်ပဲ ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဏ်ပဲ၊ ဒါဟာ ပဋိစ္စသမုပ္ပါဒ် နည်းပဲ၊ "တွေးပေါ်လာတာ ကျားမမဟုတ် ဓမ္မအစဉ်တွေပဲ။ (မြင်စိတ်၊ ကြားစိတ် အစရှိသည်တို့ကို ပေါ်လာတာ ဓမ္မ အစဉ်အတိုင်းပေါ်လာတာပဲ) ၎င်းတို့ကို အမှန်အတိုင်းသိရင် သက္ကာယဒိဋ္ဌိပြုတ်၊ ဒီတရားကလေးဟာ မမြဲလို့ ပျက်သွား တာသိရင် သဿတဒိဋ္ဌိပြုတ်၊ နောက်တရားတစ်ခု အစား ထိုးမှန်းသိရင် ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်၊ ဒါသိမှပြောတာ၊ ရှုမှုကပေါ်ရာရှုပါ၊ ဒီဒိဋ္ဌိ သုံးခုကို ပထမအသိနှင့်မဖြုတ်ဘဲ ဝိပဿနာအားထုတ်နေရင် အားနည်းတဲ့ (ဒုဗ္ဗလ) ဝိပဿနာ ဖြစ်နေ၍ မဂ်ဉာဏ်မရနိုင်ပါ၊ ဒိဋ္ဌိသုံးမျိုးကို အသိနဲ့ဖြုတ်ပြီး ဝိပဿနာအားထုတ်ရင် အားကြီးတဲ့ (ဗလဝ) ဝိပဿနာ ဖြစ်သောကြောင့် မဂ်ဉာဏ်ကို ကောင်းစွာရနိုင်ပါသည်။

## အဝိဇ္ဇာအဓုံး(၅)ချက်

၁။ ကမ္မဿကတာဉာဏ် ပေါ်မှာဖုံးတယ်။

၂။ နာမရူပ ပရိစ္ဆေဒဉာဏ် ပေါ်မှာဖုံးတယ်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ပစ္စယ ပရိဂ္ဂဟဉာဏ် ပေါ်မှာဖုံးတယ်။

၄။ ဖြစ်ပျက်သိတဲ့ဉာဏ် ပေါ်မှာဖုံးတယ်။

၅။ မဂ်ဉာဏ် ပေါ်မှာဖုံးတယ်။

## ဖြစ်ပွားကျူးလွန်သော ဒုစရိုက်တရားများ

ပုဂ္ဂိုလ်တစ်ယောက်သည် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးဖြင့် ကျူးလွန်ရန်အတွက် အကုသိုလ်ဒုစရိုက်များစွာ ရှိလေသည်။

### (၁) ကိုယ်ဖြင့် ကျူးလွန်သော ဒုစရိုက်များမှာ–

၁။ သူတစ်ပါးအသက်ကိုသတ်ခြင်း(ပါဏာတိပါတကံ)

၂။ သူတစ်ပါးဉစ္စာခိုးယူခြင်း (အဒိန္နာဒါနကံ)

၃။ သူတစ်ပါး သားမယားပြစ်မှားခြင်း (ကာမေသု မိစ္ဆာစာရကံ)နှင့် သေရည်သေရက်သောက်ခြင်း များဖြစ်ပါသည်။

### (၂) နှုတ်ဖြင့်ပြစ်မှားသော ဒုစရိုက်များမှာ–

၁။ လိမ်လည်ပြောဆိုခြင်း (မုသာဝါဒ)

၂။ ကုန်းတိုက်စကားဆိုခြင်း (ပိသုဏာဝါစာ)

၃။ ကြမ်းတမ်းညစ်ညမ်းသော စကားဆိုခြင်း(ဖရုသ ဝါစာ)

၄။ အချည်းနှီး သိမ်ဖျင်းသော စကားပြောဆိုခြင်း (သမ္ဖပ္ပလာပဝါစာ)

### (၃) စိတ်ဖြင့်ကျူးလွန်သော ဒုစရိုက်တရားများမှာ–

၁။ အခြားလူများ၏ စည်းစိမ်ချမ်းသာကို မိမိစည်းစိမ် ဖြစ်ရန် ကြံစည်ခြင်း။ (အဘိဇ္ဈာ)

www.burmeseclassic.com

www.burmeseclassic.com



၂။ သူတစ်ပါး ပျက်စီးဆုံးရှုံးစေရန် ကြံစည်ခြင်း။ (ဗျာပါဒ)

၃။ အယူလွဲမှားခြင်း (မိစ္ဆာဒိဋ္ဌိ) တို့ပင်ဖြစ်လေသည်။

ဤအကုသိုလ် ဒုစရိုက်များအားလုံးကို ရှောင်ကြဉ်ခြင်း သည် မူလအစ အခြေခံသီလ ကျင့်စဉ်ပင်ဖြစ်ပါသည်။ သီလ ကျင့်စဉ်ပြည့်စုံသောအခါ မိမိ၏ စက္ခုစသော ဒွါရ၆-ပါးကို ကာမဂုဏ် အာရုံနယ်၏ ဆွဲငင်ရာသို့ မပါအောင် ထိမ်းသိမ်း စောင့်ရှောက်၍ ရုပ်နာမ် ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်အစဉ်ကို ရှုရမည်။

## ဝိပဿနာဉာဏ် ၁၀-ပါး အတိုချုပ်ပုံမှာ

| ဝိပဿနာဉာဏ်၁၀-ပါး | ဉာဏ်၃-ပါးကား | ဉာဏ်၂-ပါးကား | |
|---|---|---|---|
| ၁။သမ္မသနဉာဏ်<br>၂။ဥဒယဗ္ဗယဉာဏ်<br>၃။ဘင်္ဂဉာဏ် | (က)ယထာဘူတဉာဏ် | ၁။ဝိပဿနာဉာဏ် | နိဗ္ဗာန် |
| ၄။ဘယဉာဏ်<br>၅။အာဒီနဝဉာဏ်<br>၆။နိဗ္ဗိန္ဒာဉာဏ် | (ခ) နိဗ္ဗိန္ဒာဉာဏ် | | |
| ၇။မုစ္စိတုကမျတာဉာဏ်<br>၈။ပဋိသင်္ခါဉာဏ်<br>၉။သင်္ခါရုပေက္ခာဉာဏ်<br>၁၀။အနုလောမဉာဏ် | (ဂ) မဂ်ဉာဏ် | ၂။ မဂ်ဉာဏ် | |

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတရားဉာဏ်များရှင်းပြီး အကျိုးတရား ရှင်းလင်းစွာ မြင်နိုင်ကြပါစေ။

## အဘိဉာဏ်(၆)ပါး

၁။ ဣဒ္ဓိဝိဓိအဘိညာဏ်- တန်းခိုးအမျိုးမျိုးဖန်ဆင်း နိုင်ခြင်း။
၂။ ဒိဗ္ဗသောတအဘိညာဉ်- နတ်တို့နားကဲ့သို့ ဝေးသောအသံ၊ တိုးတိုးပြောသံကို ကြားနိုင်ခြင်း။
၃။ စေတောပရိယအဘိညာဉ်- သူတစ်ပါး၏စိတ်ကို သိနိုင်ခြင်း။
၄။ ပုဗ္ဗေနိဝါသအဘိညာဉ်-ရှေးရှေးဘဝများစွာ၌ ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း။
၅။ ဒိဗ္ဗစက္ခုအဘိညာဉ်- နတ်တို့မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သေးငယ်သောအဆင်းကို မြင်နိုင်ခြင်း။
၆။ အာသဝက္ခယအဘိညာဉ်- အာသဝေါတရား ကုန်ခမ်းစေနိုင်ခြင်း။

## ပုဂ္ဂိုလ်(၄)မျိုး

၁။ ဥဃ္ဃဋိတညူ- ဘုရားရှင်နှင့်တွေ့၍ တစ်ခုသော တရားကို ဟောရာ အကျဉ်းဥဒ္ဒေသစကား၏အဆုံး၌ မဂ်ဖိုလ်ကို ရနိုင်သူ။
၂။ ဝိပဉ္စိတညူ- အကျဉ်းဟောကာမျှဖြင့် မဂ်ဖိုလ်ကိုမရဘဲ အကျယ်ဟောမှ မဂ်ဖိုလ်ရနိုင်သူ။

www.burmeseclassic.com

www.burmeseclassic.com



၃။ နေယျ– အကျဉ်းအကျယ်အားဖြင့်ဟောသော်လည်း မဂ်ဖိုလ် မရဘဲ ဘုရားဟောတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ်ရနိုင်သူ။

၄။ ပဒပရမ– ပရိယတ်၊ ပဋိပတ်တို့ကို မည်သို့ပင် အားထုတ်သော်လည်း ယခုဘဝမဂ်ဖိုလ်မရနိုင်ဘဲ ဝါသနာဘာဂီမျှသာ ရထိုက်သူ(အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ်)

## တရားနှင့်ပျော်ရန် အင်္ဂါ(၅)တန်

၁။ စာပေကိုသာ သင်ကြားနေသူသည် ပရိယတ္တိဗဟုလော၊ တရားနှင့်မွေ့လျော်နေသူမဟုတ်။

၂။ သမထ ဝိပဿနာတရားကိုသာ ဟောပြောနေသော ဓမ္မကထိကသည် ပညတ္တိဗဟုလော တရားနှင့်မွေ့လျော်သူ မဟုတ်။

၃။ စာပေကိုသာ ရွတ်ဖတ်သရဇ္ဈာယ်နေသူသည် သဇ္ဈာယ ဗဟုလောတရားနှင့် ပျော်မွေ့သူမဟုတ်။

၄။ စာပေကိုသာ ကြံစည်စိတ်ကူးနေသူသည် ဝိတက္က ဗဟုလော တရားနှင့် မွေ့လျော်သူမဟုတ်။

၅။ မိမိကိုယ်တွင်း ကိလေသာငြိမ်းအေးရန် ကမ္မဋ္ဌာန်း တရား အားထုတ်နေသူ ဓမ္မပရိယတ္တိဘာသာတရားနှင့် မွေ့လျော်သူမည်၏၊ ဤသို့ဟောတော်မူပြီးနောက် တစ်ရံတစ်ခါမျှ ဝိပဿနာတရားထူးကို ဟုတ်ဟုတ်ဟက်ဟက် အားမထုတ်ဘူး သူကိုရည်ရွယ်၍၊ အို သာဝကတို့ သေခါနီးအခါကျမှ ငါဖြင့် ကမ္မဋ္ဌာန်းတရား အားမထုတ်ခဲ့သေးပါတကားဟု

www.burmeseclassic.com

www.burmeseclassic.com



နှောင်တတစ်ဖန် မပူမပန်နှင့် ဤကား ငါဘုရားသီးခြား ဟောချက်တည်း။ ဆုံးမချက်တည်းဟု ဝိပဿနာကမ္မဋ္ဌာန်း တရားနှင့်မွေ့လျော် ဖို့ရန် အတန်တန်ဂရုစိုက် မိန့်တော်မူခဲ့ သည်ကိုထောက်လျှင် သီလဆောက်တည်မှု၊ သမထပွား များမှုထက် ဝိပဿနာပွားများမှုက သာလွန်အရေးကြီး ကြောင်း သိရ၏။ (အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ်–၇၃)။

## သောတာပန်နှင့်ပုထုဇဉ်တွာခြားပုံ (၇)ချက်

ဒီနေ့တရားက ဒကာ ဒကာမတွေ ဒုက္ခချုပ်အောင်လုပ် ပါဆိုတာ တိုက်တွန်းလိုက်တယ်နော်၊ ဒုက္ခချုပ်တဲ့ ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား သဘောသွားကိုပြောမယ်၊ ဒုက္ခလည်းချုပ် အောင်လုပ်ကြပါ၊ ကိုယ်ဒုက္ခချုပ်တယ် မချုပ်ဘူးဆိုတာကိုလည်း ယခုပြောမယ့် ၇–ချက် ကိုယ့်စိတ်ထဲမှာ ပေါ်လာလို့ရှိရင်ဖြင့် ဘယ်သူ့ကိုမှ မေးမနေနဲ့တော့၊ ဒါဟာ သောတပန်တည်တယ် လို့ ဆုံးဖြတ်ချက်ချတော့ဟု ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောကြားခဲ့ပါတယ်ဟု မိုးကုတ်ဆရာတော်ဘုရားကြီးက တဆင့် ဖောက်သည်ချပြီး ဦးပဉ္စင်းတို့ ဒကာ ဒကာမကြီးတို့ကို ဟောခဲ့ပါတယ်၊ ဒါဖြင့် ဒီဥစ္စာ သောတပန်နဲ့ ပုထုဇဉ်တို့၏ စိတ်နေသဘောထား ထူးတာကိုဟောတဲ့ ကောသမ္ဗိသုတ်လို့ မှတ်လိုက်စမ်းပါ (မူလ၊ ပဏ္ဏာသ ပါဠိတော် ကောသမ္ဗိယသုတ် လို့မှတ်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



ဒကာ ဒကာမအပေါင်းတို့ သောတပန်တည်နေပေမယ့် တည်နေမှန်း သိချင်မှသိမှာမို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သောတပန်နဲ့ ပုထုဇဉ်တို့ ကွာခြားပုံကို အမျိုး၇–ချက် ရှိတယ်လို့ ဟောကြားထားတာ ဖြစ်ပါတယ်။

ဒါဟာ ဘာကိုအကြောင်းပြုပြီး ဟောသလဲဆိုရင်၊ ကောသမ္ဘီပြည် ရဟန်းအထိကရုန်းကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပလလဲတောသို့ထွက်ပြီး ဝါဆိုရပါတယ်၊ ပလလဲဆင်မင်းက ပြုစုနေရတယ်၊ ပလလဲဆင်မင်းဟာ ရှင့်မာတစ်ကျိတ် အရှိမေတ္တိယအပါအဝင် ဘုရားအလောင်းတော်ပဲ၊ ဒကာ ဒကာမအပေါင်းတို့ ကြည့်ကြစမ်းပါအုံးဗျာ၊ အဓိကဂုဏ်းက ဘာမဟုတ်တဲ့ ကိစ္စလေးပဲ၊ ကိစ္စက အဘိဓမ္မာနိုင်တဲ့ ရဟန်းတစ်ပါးက ကုဋီတက်တယ်၊ ကုဋီဆိုတာ သန့်စင်ရေဆိုတာပဲရှိတယ်၊ ကျင်ကြီးသွားပြီးရင် ဆေးကြောရတယ်၊ အဲဒီ အဘိဓမ္မာနိုင်တဲ့ ကိုယ်တော်က အဲဒီဆေးတဲ့ခွက်ထဲမှာ ရေတစ်ဝက်ကျန်ခဲ့တယ် နောက်ဝိနည်းဆောင် ပုဂ္ဂိုလ်က ကုဋီတက်တဲ့အခါ ခွက်ထဲမှာ ရေကျန်နေတာတွေ့တယ် အဲ့ဒီရေကျန်တွေ့တော့ ဝိနည်းဆောင်ပုဂ္ဂိုလ်က အဘိဓမ္မာဆောင်ပုဂ္ဂိုလ်ကို "အရှင်ဘုရား ခုနက ကုဋီတက်တယ် မဟုတ်လားဘုရား" အဘိဓမ္မာဆောင်ပုဂ္ဂိုလ်က "ဟုတ်ပါတယ် ပုဂ္ဂိုလ်" "ဒါဖြင့် ရေခွက်ထဲမှာ ဘာဖြစ်လို့ ကိုယ်တော်ရေချန်ပစ်ခဲ့တာလည်း၊ အရှင်ဘုရား ဝိနည်းနားမလည်ဘူးလား"ဟု ရန်တွေ့တော့ အဘိဓမ္မာဆောင်ပုဂ္ဂိုလ်က သူတမင်တကာထားခဲ့တာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



မေ့လို့ပါဟု ပြောသော်လည်း ကိုယ်တော်ဝိနည်းနားမလည်ဘူးဟု အချင်းများပါတော့သည်။ ဒီတော့ သူ့ဘက်ကိုယ့်ဘက်တပည့်တပန်းချင်းစကားများကြရာ အကြီးအကျယ်အဓိကရုဏ်းဖြစ်ပါတော့သည် ထိုအခါ ကိုယ်စောင့်နတ်ခြင်းကွဲ၊ သူ့ဘက်ကိုယ်ဘက်ကြည်ညိုကြတဲ့ နတ်ချင်းကွဲပြီး အချင်းများတဲ့ကိစ္စကြီးထွားလာရာ ဘုရားတာမြစ်ပါသော်လည်း နားမထောင်ကြ၍ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရဟန်းများနှင့် ကွဲကွာပြီး ပလလဲတော ကြွသွားရရှာတယ်။

## ပုထုဇဉ်နှင့်သောတာပန်ကွာခြားပုံ ၇–ချက်ဆိုတာ

၁။ ပုထုဇဉ်က ဖြစ်ကြောင်းရှည်တယ်၊ သောတာပန်က ဖြစ်ကြောင်းတိုတယ်၊ လောဘ၊ ဒေါသ၊ မောဟ ထတိုင်းသိတာက (ဝါ) ပေါ်တိုင်းသိတာက သောတာပန်တို့၏အသိ။

၂။ အဲဒီလိုပေါ်– ပေါ်လာတာချက်ချင်းသိလို့ သိတာနဲ့ တပြိုင်နက်တည်း ငြိမ်းအေးအောင်လုပ်နိုင်ခြင်းသည် သောတာပန်တို့၏အသိ။

၃။ ဤဘုရားသာသနာတော်မှတစ်ပါး အခြားသော သာသနာမှာထွက်ရပ်လမ်းမရှိဘူးလို့ သိနေတဲ့အသိဟာလည်း သောတာပန်တို့၏ အသိပါပဲ။

၄။ ကိစ္စကြီးငယ်တွေ ရှိလာတဲ့အခါကျတော့ အလျှင်အမြန်ကုသလိုတဲ့ စိတ်ရှိတယ်၊ ဥပမာ– ကိုယ့်မှာ ကျူးလွန်ထားတဲ့ အပြစ်လေးတွေ ရှိနေတယ်၊ မပယ်နိုင်သေးတဲ့ ကိလေ

www.burmeseclassic.com

www.burmeseclassic.com



သာ ထကြွသောင်းကျန်းလာတဲ့အခါမှာ ချက်ချင်းပဲ ကုသ လိုစိတ် ဖြစ်ပေါ်လာတာလဲ သောတပန်တို့၏ အသိပါပဲ။

၅။ ကိစ္စကြီးငယ်ရှိလို့ သူတစ်ပါးအတွက် ရုံးတို့၊ ဂါတ်တို့ လိုက်ရခြားသော်လည်း မိမိသီလ၊ သမာဓိ၊ ပညာ အပျက် မခံဘဲ လိုက်သွားခြင်းသည် သောတပန်တို့၏အသိပါပဲ။

၆။ မြတ်စွာဘုရား တရားဟောစဉ်၊ ဘုန်းကြီးတရား ဟောစဉ် ဖြစ်စေ၊ စိတ်သည် အာရုံတစ်ပါးသို့မသွားဘဲ သစ္စာတရားကို စူးစူးစိုက်စိုက် အနက်အဓိပ္ပါယ်သိပြီးသကာလ နာနေ နိုင်ခြင်းသည် သောတပန်တို့၏ တရားနာနည်းပဲ။

၇။ ဒီလိုတရားနာပြီးနောက် ခန္ဓာဉာဏ်ရောက်တဲ့ တရားတွေ ပါလားလို့ ဝမ်းမြောက်ဝမ်းသာမဆုံး ကြည်ညိုလို့မဆုံး၊ ကျေးဇူးတင်လို့မပြီး၊ ဒီလိုမပြီးတဲ့ သတ္တိတွေဟာလည်း သောတာပန်တို့၏ သတ္တိပဲ။ ပုထုဇဉ်တို့ကတော့ ပြီးရင်ပစ် လိုက်တာပဲ များပါတယ်။

## မှတ်သားဖွယ် သံဝေဂတရားများ

၁။ ရှင်လျှင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ ဤခန္ဓာ။

၂။ ရုပ်နာမ်ဒုက္ခ၊ မုချမှန်တယ်၊ မုချသိမှ သမုဒယသေမယ်၊ စင်ကြယ်သောခဏ၊ နိရောဓ။

၃။ မဲ့သေ၊ ပြုံးသေ ၂-ပါး ဘယ်လိုသေမှကောင်းမလဲ၊ သံသရာမှာ တော်ပြီးသေခဲ့ကြတယ်၊ (တော်သေမသာ) အိမ်တွေထက်ကြည့် ပြုံး၊ မဲ့၊ မှိုင်။

သမုတိနဲ့ဝေဖန်။ ။ စိတ်တခဏဖြစ်၊ ခဏပျက်။

www.burmeseclassic.com

www.burmeseclassic.com



မရဏာ နုဿတိက။ ။ ဝိပဿနာကို အားပေးတယ်။ သံဝေဂနဲ့ ပရမတ်ကွဲရမည်။ ခဏခဏသေ၊ မွေးသေ၊ သိ၊ ဒိဋ္ဌိပြုတ်။ အပါယ်တံခါးပိတ်၊ နိစ္စိကိစ္ဆာပြုတ်၊ သုဂတိ (မှ) နိဗ္ဗာန်။ တစ်မဂ်တစ်ဖိုလ်မှမရ၊ ထိုင်ငိုကြတော့၊ သံသရာပြန်ကြည့်ပါ၊ မသိသုံးမျိုးနှင့်လာကြတယ်၊ ဘယ်က လာသလဲကွယ်၊ အနိစ္စဝတ သင်္ခါရာဆိုတာ အလုပ်ပေး တရား။ သင်္ခါရဖြစ်၊ အနိစ္စ–ပျက်။ ။အိုသေစခင်းတာ ပဋ္ဌိလော မပြချင်လို့။

နိဗ္ဗာန်ကိုဆုတောင်းနှင့်မရပါ၊ သောတာပတ္တိမဂ် အောင် ရင် အိပ်နေရမှာပဲ၊ အဓိ (သီလ၊ စိတ္တ၊ ပညာ)ဖြစ်ပြီး နံပါတ်(၁)အောင်ရင် အကုသိုလ် ဒုနဲ့ဒေးတွေ မင်းတို့နေရစ် ကြတော့ ဟေ့ပဲ။ ဗလာနှင့်ကိုယ်ပိုင် ဘယ်သင်းကြိုက်၊ ဒါကြောင့် ကြိုးကြားအလုပ်လုပ်နေရင် မအောင်မြင်ဘူး၊ ဒုက္ခမရောက်ချင်ကြရင် ဝိပဿနာအလုပ်ကို သည်းသည်း မည်းမည်း ကြိုးစားကြပါ။

## ဘုရားထားခဲ့တဲ့ အမွေ၂ မျိုး

၁။ အာမိသအမွေ။ ။ ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်း စသည့်အလှူမျိုးနှင့် တင်းတိမ်မနေကြနှင့် (ပရိယာယ် အမွေသာဖြစ်ပါတယ်)။

ဓမ္မအမွေကို ရအောင်ယူလိုက်ပါဟု မှာကြားခဲ့ပါသည် (မဂ် ဉာဏ်ဖိုလ်ဉာဏ်) မုချအမွေ။

www.burmeseclassic.com

www.burmeseclassic.com



## မဂ်ကိုဘယ်သူပေးသနည်း

မဂ်ကို ဘုရားကပေးသလား၊ တရားကပေးသလား ဘုရားကနည်းပဲပေးနိုင်ပါသည်။ မဂ်နှစ်မျိုးရှိပါသည်။ ၅–ပါးနှင့် ၈–ပါး။

မွန်မြတ်လှသည့် ဓမ္မအရသာ
သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ
(၁) တရားအလှူသည် အလှူအားလုံးကို အောင်နိုင်စေ၏။
(၂) တရားအရသာသည် အရသာအားလုံးကို အောင်နိုင်စေ၏။

ဓမ္မပဒပါဠိတော်
တဏှာဝဂ်၊ သက္ကပဉှဝတ္ထု

## အတိတ်ကံဆိုတာ သမ္မပ္ပဓာန် ၄–မျိုး

အတိတ်ကံဆိုတာ ဖျက်လို့လဲရတယ်၊ ဆက်လို့လည်းရတယ်၊ ဖျက်လို့မရရင် ရဟန္တာတို့ နိဗ္ဗာန်တို့ မရှိနိုင်တော့ဘူး၊ ဗောဓိပက္ခိယတရား ၃၇–မျိုးမှာ ဝိရိယပြဋ္ဌာန်းတဲ့ သမ္မပ္ပဓာန် ၄–မျိုးဆိုတာပါတယ်၊ ဒီ၄–မျိုးကို ဗမာလိုပြောပြမယ်–

၁။ ဖြစ်ပြီးခဲ့တဲ့ အကုသိုလ် မကောင်းမှုကံတွေကို ပပျောက်သွားအောင် အားထုတ်ရမယ်။

၂။ မဖြစ်သေးတဲ့ အကုသိုလ် မကောင်းမှုကံတွေကို မဖြစ်အောင် အားထုတ်ရမယ်။

၃။ မဖြစ်သေးတဲ့ ကုသိုလ်ကောင်းမှုတွေကို ဖြစ်အောင် အားထုတ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဖြစ်ပြီးခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အတိုင်းထက် အလွန်ပွားများအောင် အားထုတ်ရမယ်။

## အတိတ်ကိုလည်း မပြန်နဲ့

စွန်းလွန်းဆောင်ပုဒ်က–

အတိတ်ကိုလည်းမပြန်နဲ့၊ အနာဂါတ်လည်း မကြိဲနဲ့၊ ပစ္စုပ္ပန်တည့်တည့်ထား၊ အတိတ်ပြန်တော့ ဓါဒါသဖြစ်တယ်၊ အနာဂါတ်ကြံတော့ လောဘဖြစ်တယ်၊ ဒါကြောင့် ပစ္စုပ္ပန်ကာလသည် အရေးကြီးတာ၊ ဝိပဿနာလုပ်တဲ့ အခါမှာလည်း ပစ္စုပ္ပန်ရောက်ဟဲ့အချိန်သာ ရောင့်ရဲတင်းတိမ်မယ်ဆိုရင် အမှန်ချမ်းသာတယ်။

## မြတ်စွာဘုရား ဥဒါန်းတျူးရင့်တော်မူခြင်း

၁။ အနေကဇာတိ သံသာရ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။

၂။ ဂဟာကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

၃။ ဂဟာကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကါဟသိ။

၄။ သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟာကုဋံဝိသင်္ခတံ။

၅။ ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

သသ္မာ– အကြင်အကြောင်းကြောင့်၊ ပုနပ္ပုနံ– အဖန်တလဲလဲ၊ ဇာတိ– ပဋိသန္ဓေနေရခြင်းသည်၊ ဒုက္ခာ– ပင်ပန်းဆင်းရဲ ငြိုငြင်ခြင်းဖြစ်ရပေ၏။ တသ္မာ– ထိုသို့ ဆင်းရဲခြင်းဖြစ်ရသည့်အကြောင်းကြောင့်၊ ဂဟာကာရံ–ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍လာသော တဏှာယောကျ်ား၊ သင်လက်သမား

www.burmeseclassic.com

www.burmeseclassic.com



ကို ဂဝေသန္တော- ဉာဏ်ဖြင့်မွေ၍ ရှာဖွေအပ်သော ငါသည် အနိဗ္ဗိသံ အနိဗ္ဗိသန္တော သင့်ကို မြင်နိုင်ဉာဏ်မဏ္ဍိုင်ကို မပိုင်ရ သေးသောကြောင့်သာလျှင် အနေကဇာတိသံသာရံ- ဘဝများစွာ သံသရာကာလပတ်လုံး၊ သန္ဓာဝိဿံ သံသရာ၌ ကျင်လည်၍ ပြေးခဲ့ရလေပြီ။ ဂဟကာရက- ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာယောကျ်ား လက်သမား၊ တွံ- သင့်တဏှာယောကျ်ားကို ဒိဋ္ဌော- ပညာစက္ခုသဗ္ဗညုဖြင့် ယခု ငါသည် မြင်အပ်ပြီးသောသူသည်၊ အသိဖြစ်၏။ ပုနတစ်ဖန်၊ ဂေဟံ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို နကာဟသိ- သင်မပြုလုပ်ရတော့လတ္တံ၊ တေ-တဏှာယောကျ်ား သင်လက် သမား၏၊ သဗ္ဗာခပ်သိမ်းကုန်သော၊ ဖာသုကာ- ကိလေသာ တည်းဟူသော အိမ်၏အခြင်တို့ကို၊ ဘဂ္ဂါ- ငါသည်ချိုးဖျက် အပ်ကုန်ပြီ၊ ဂဟကူဋံ- အဝိဇ္ဇာတည်းဟူသော အိမ်၏အထွတ် တို့ကို၊ ဝိသင်္ခတံ- ဖျက်ဆီးအပ်ကုန်ပြီ၊ မေ- ငါ၏ စိတ္တံ- စိတ်သည်၊ ဝိသင်္ခါရ- ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်သို့၊ ဝတံ- အာရုံပြုသောအားဖြင့် ရောက်ပြီ။ တဏှာနံ- တဏှာတို့၏၊ ခယံ- ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်သို့၊ အဇ္ဈဂါ- ရောက်လေပြီ။

တဏှာ၏ ကုန်ရာဖြစ်သော ဝိပဿနာတရားတို့ကို ပွားများအားထုတ်နိုင်ကြပါစေသော်။

www.burmeseclassic.com

www.burmeseclassic.com



# မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသံဝေဂနှင့် ဩဝါဒတာထားများ

၁။ ဖြစ်ပျက်သမျှ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။ ဖြစ်ပျက်မှုတွင် ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်၊ ရုပ်နာမ်အားလုံး ဖြစ်ပျက်သုံး၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်၊ ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်။

၂။ ယုံကြည်ကျန်းမာ စိတ်ဖြောင့်စွာဖြင့် လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင် မှန်ပင် မဂ်ရကြောင်း။

၃။ ရှင်လျှင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ ဤခန္ဓာ။

၄။ ရုပ်နာမ်ဒုက္ခ၊ မုချမှန်တယ်၊ မုချသိမှ သမုဒယသေမယ်၊ စင်ကြယ်သော ခနိုးရောဓ။

၅။ သူတော်ဆည်းကပ် ဖြတ်တရားနာ လျော်စွာအကျင့် မဂ်ဖိုလ်ခွင့်နှင့် ရလင့်ဧကန်သာ။

၆။ ရခဲ့တဲ့ ဘဝလေးမှာ အလကားအချိန်တွေ မဖြုန်းလိုက်ပါနဲ့။

၇။ မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အားအင်လျော့ကာ လွန်စွာယူမှား၊ ဤငါးပါး၊ တရားမဂ်ဖိုလ်ဝေးလေသတည်း။

၈။ နားကတရားနာပါ၊ ဉာဏ်က ခန္ဓာလှည့်ပါ။

၉။ နားကြီးကြီးနဲ့ တရားနာပါ။

၁၀။ တရားနာတာသည် မိမိအရေး၊ တရားအားထုတ်တာသည် မိမိအရေး။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ တရားအားထုတ်လိုသူများသည် ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သိအောင်လုပ်ပါ။

၁၂။ တရားနာတယ်ဆိုတာ ဒီအချိန်မှာ မတရားအလုပ် မလုပ်တဲ့ အချိန်ပဲ။

၁၃။ တရားမရသေးသမျှ အပယ်ကိုစိတ်မချရ။

၁၄။ တရားမှားလျှင် အသိမှားမည်။ ဆရာမမှားစေနှင့် သတိထား။

၁၅။ တရားမှန်ရေး ဆရာကောင်းကိုရှာပါ။

၁၆။ သစ္စာသိလျှင် နိဗ္ဗာန်ကို အမှန်မြင်ရမည်။

၁၇။ သစ္စာလေးပါးဆိုတာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ။

၁၈။ သစ္စာတရားကိုနာပါ၊ နာမှသိမယ်၊ သိမှကျင့်မယ်။

၁၉။ သစ္စာနက်ရှိုင်း၊ နှလုံးသွင်းမှန်၊ ဉာဏ်ဖြင့်ပိုင်းခြား၊ ညီစေအား၊ တရားပေါက်မြန်စေသည်။

၂၀။ သစ္စာသိလျှင် ခန္ဓာရောင်းလှူပါ။ သစ္စာမသိလျှင် သစ္စာသိအောင် အလျင်လုပ်ပါဦး။

၂၁။ သစ္စာသိက ဝိဇ္ဇာအရိယာ။

၂၂။ သစ္စာမသိက အဝိဇ္ဇာ။

၂၃။ သစ္စာမသိသေးလျှင် မလှူပါနှင့်ဦး။

၂၄။ ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်သို့ ပြေးနေတယ်။

၂၅။ ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်။

၂၆။ မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ နာလည်း နာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ မမျှော်လင့်ဘဲ၊ ဖြုန်းခနဲ၊ သေလည်း သေနိုင်သည်။
၂၈။ ကောင်းကင်သည် သမုဒ္ဒရာမှာ ပြေးနေ အသေမလွတ်။
၂၉။ နေ့ညကုန်တာမဟုတ်၊ မိမိသက်တမ်း ကုန်နေတာ။
၃၀။ ယခု အဖက်ဖက်က ကြုံတဲ့ဆုံတဲ့ ကာလကလေးသည် အိုဘေး၊ နာဘေး၊ သေဘေးတွေကို တားနိုင်တဲ့ကာလ၊ အပါယ်လေးပါးကို တားနိုင်တဲ့ကာလ၊ ဒီအဖိုးတန်တဲ့ ကာလကလေးတွေကို သားရေး၊ သမီးရေး၊ စီးပွားရေးတွေ နဲ့ချည်း အချိန်မကုန်လွန်စေနှင့်။
၃၁။ စည်းစိမ်ချမ်းသာမှုကိုသာ တောင့်တ၍ ဒါန၊ သီလကို အားထုတ်လုံ့လပြုသူသည် ကိုယ့်ကိုယ်ကိုယ် သံသရာဝဋ်ဒုက္ခ၌ ရောင်းစားပေါင်နှံသူမည်၏။
၃၂။ အိုရာက နာရာ မရောက်ခင် ဝိပဿနာလုပ်ပါ။
၃၃။ ဝိပဿနာအားမထုတ်ဘဲနှင့် နေ့ရွေ့၊ ရက်ရွေ့ ရွှေ့နေတာသည် ဉာဏ်ကမဦးပဲနှင့် အသေဦးသွားရင် ကိုယ့်အတွက် နာမည်။
၃၄။ ဝိပဿနာအားထုတ်တဲ့အခါမှ ကိလေသာ ကြားမခိုစေနဲ့။
၃၅။ ဝိပဿနာဆိုတာ ခန္ဓာမလိုချင်အောင် ရှုတာ။
၃၆။ အလုပ်တရားဆိုတာ ခန္ဓာအရှိနှင့် ဉာဏ်အသိကို ကိုက်အောင်လုပ်တာ။
၃၇။ ခန္ဓာနဲ့ ငါနဲ့ မရောပါစေနဲ့။
၃၈။ ခန္ဓာကြီးရဲ့စွမ်းရည်သတ္တိ ပင်ကိုသဘောက ဖြစ်မှုပျက်မှုပဲရှိပါတယ်။
၃၉။ လူပြောသူပြောတွေကို မယုံနဲ့။ မိမိခန္ဓာက ပြောတာကို သာအယုံကြီးယုံလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၄၀။ ခန္ဓာဝန်သည် အလေးဆုံး၊ အကြီးဆုံးမှတ်ပါ။

၄၁။ လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင်းတဘဲ၊ ကြောင်ကြစွဲဖြင့်၊ အမြဲမပြတ် ဝိပဿနာ၊ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှု၊ ထိုသူသည်ကား အယူမလွဲ၊ ဂတိမြဲ၏။

၄၂။ဘယ်ဗေဒင်မှ မယုံကြနဲ့၊ ခန္ဓာကသူ့လမ်းသူ ပြေးနေတော့ မနေ့ကထက် ယနေ့သေဖို့ တစ်ရက်နီးသွားပြီ ဆိုတာသာ ယုံလိုက်ပါ။

၄၃။ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ဝတ္တရားက အသေရှောင်တာ။

၄၄။ခန္ဓာဖြစ်ပျက်ကို ရှု၍နေခြင်းသည် သေခါနီးသော တာပန် တည်နိုင်သည်။

၄၅။ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာ ရှိတာမဟုတ်ဘူး၊ မိမိခန္ဓာ ထဲမှာ ရှိတဲ့တရား။

၄၆။မိမိခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိမိဉာဏ်နဲ့ ရှင်းအောင် လုပ်ပါ။

၄၇။စာ၊ ပဋိစ္စသမုပ္ပါဒ်သိတာသည် သညာသိ၊ ခန္ဓာပဋိစ္စ သမုပ္ပါဒ် သိတာကမှ ပညာသိ။

၄၈။သညာသိနှင့် နိဗ္ဗာန်မရောက်နိုင်ပါ။ ပညာသိနဲ့မှ နိဗ္ဗာန် ရောက်နိုင်မည်။

၄၉။ရှေ့နောက်ခွဲတတ်ပါစေ။ မိမိအရေးက ရှေ့ထား သားရေး၊ သမီးရေး၊ စီးပွားရေးက နောက်ထား။

www.burmeseclassic.com

www.burmeseclassic.com



၅၀။ဘဝကူးကောင်းအောင် မလုပ်ပါနှင့် ဘဝချုပ်ငြိမ်း ရုပ်သိမ်း ငြိမ်းအောင်လုပ်ပါ။

၅၁။ဒါနက သံသရာရှည်တာလား၊ ဒါနနောက်က အသိ မလိုက်လို့ သံသရာရှည်တာလား။

၅၂။ဒါနနောက်က အသိမလိုက်ဘို့ သံသရာရှည်တာပါ။

၅၃။အိုရာက၊ နာရာမရောက်ခင် ဝိပဿနာလုပ်ပါ။

၅၄။အရှိနှင့်အသိကို ကိုက်အောင်လုပ်တာ ဝိပဿနာ။

၅၅။ရှေ့စိတ်ကို နောက်စိတ်နဲ့ရှုတာ ဝိပဿနာ။

၅၆။ရှေ့နာမ်ကို နောက်ဉာဏ်နဲ့ရှုတာ ဝိပဿနာ။

၅၇။ရှေ့အသေကို နောက်အနေနှင့်ရှုတာ ဝိပဿနာ။

၅၈။အသေကဖြစ်ပျက်၊ အရှင်ကမင်္ဂ၊ အပျက်နဲ့မင်္ဂနဲ့ ကိုက် အောင်ရှုတာ ဝိပဿနာ။

၅၉။အသေကို အရှင်ကကြည့်နေတာ ဝိပဿနာဖြစ်မည်။

၆၀။ကံကောင်းလျှင် သုံးဆယ်တစ်ဘုံကို ရောက်လိမ့်မည်။

၆၁။ဉာဏ်ကောင်းပါမှ နိဗ္ဗာန်ရောက်မည်။

၆၂။သူများစိတ်အကဲမခတ်နှင့်၊ မှားသော်ရှိ မှန်သော်ရှိ ကိုယ့် စိတ်ကို ကိုယ်အကဲခတ်တာ အမှန်ရမည်။

၆၃။အလုပ်ကြည့်ချင်လျှင် ခန္ဓာကြည့်၊ အလုပ်စဉ် ကြည့်ချင်လျှင် မှတ်တမ်းကြည့်။

၆၄။ကိုယ့်စိတ်ဖြစ်တာကို မသိတာ အရုပ်အဆိုးဆုံး။

၆၅။ကိုယ့်စိတ်ဖြစ်တာကို အကဲခတ်နိုင်မှ ဝိပဿနာ။

www.burmeseclassic.com

www.burmeseclassic.com



၆၆။ ဒကာ၊ ဒကာမတွေဟာ တဏှာ (လောဘ)နိုင်းရာကို ကျွန်သားပေါက်ပီပီ လုပ်နေကြတာပဲ။

၆၇။ တဏှာကို အဖော်မလုပ်နဲ့၊ ဉာဏ်ကိုအဖော်လုပ်ပါ။

၆၈။ သား၊ သမီး၊ ဇနီး ခြေရင်းတဏှာကျွန်အဖြစ် ခေါင်းစင်းပြီး မသေနှင့်။

၆၉။ ဒီဠှိက တဏှာကျွန်ထက်ပိုကြောက်စရာ ကောင်းသည်။

၇၀။ အလကားနေသ၍ အမှားနေခြင်းလို့သာ မှတ်ပါ။

၇၁။ ယခု သားနဲ့သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ ပစ္စည်း ဥစ္စာတွေနဲ့ မသိပြုံး၊ ပြုံးနေသလောက်၊ မသိပျော် ပျော်နေသလောက်၊ နောင်သေခါနီး အိပ်ရာညောင်စောင်းမှာ မျက်ရည်ကျရပါလိမ့်မယ်။

၇၂။ သားရေး၊ သမီးရေး၊ စီးပွားရေးကိုသာ ဂရုစိုက်နေလျှင် အချိန်ကို အလွဲသုံးစားလုပ်နေတာပဲ။ လူမိုက်အချိန် ဆိုတာပဲ မှတ်ပါ။

၇၃။ ကိုယ့်ကိုယ်ကိုယ် သနားရင် ဝိပဿနာလုပ်ကြ၊ ကိုယ့်ကိုယ်ကိုယ်မသနားရင် သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်ကြ။

၇၄။ အသက်ကြီးလေလေ၊ ကံမွဲဉာဏ်မွဲလေလေမှာ်က် ကံမွဲတာ အရေးမကြီး၊ ဉာဏ်မွဲရင် နိဗ္ဗာန်မရောက်။

၇၅။ ကံကို ဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရမှာ။ ဉာဏ်မပါလျှင် ကံက ချယ်လှယ်သွားလိမ့်မည်။

၇၆။ နိဗ္ဗာန်သည် ကံ၏အကျိုးမဟုတ်၊ ဉာဏ်၏အကျိုး ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၇၇။ လူပြောသူပြောတွေကို မယုံနဲ့။ မိမိခန္ဓာက ပြောတာကိုသာ အယုံကြီးယုံလိုက်ပါ။

၇၈။ ခန္ဓာက လောင်စာ ထင်း၊ ဇရာမရဏာက မီး။ သံသရာတစ်လျှောက်လုံးမှာ လူ၊ နတ်၊ ဗြဟ္မာ၊ ဘယ်ခန္ဓာပဲရရ လောင်စာထင်းနဲ့မီး တွဲနေတာပဲရှိတယ်။

၇၉။ ခန္ဓာရှိရင် ဝေဒနာမကင်းပါ။

၈၀။ ခန္ဓာငါးပါးကို ကိုးဆယ့်ခြောက်ပါးရောဂါက ပိုင်တယ်။

၈၁။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါမရှိ။ ခန္ဓာငါးပါးသာရှိတယ် (ဝါ) ရုပ်နာမ်နှစ်ပါးသာ ရှိတယ်။

၈၂။ ဒုက္ခသစ္စာကို ပိုင်းခြားသိတာလည်း မဂ်ပါပဲ။ သမုဒယသစ္စာကို သတ်တာလည်း မဂ်ပဲ။ နိရောဓသစ္စာကို ရောက်တာလည်း မဂ်ပဲ။ ဒါကြောင့် မဂ်သည် သုံးကိစ္စ ဆောင်ရွက်တယ်။

၈၃။ ဖြစ်ပြီးပျက်တာက အနိစ္စ (ဒုက္ခသစ္စာမှတ်)။ ပျက်မှန်းသိတာက မဂ္ဂ။ သေတာက သမုဒယ။ နောင်ခန္ဓာ မလာတာက နိရောဓ။

၈၄။ ဒါနသီလသည် ကိလေသာ ရောဂါသက်သာရုံရမယ်။ ဝိပဿနာအလုပ်လုပ်မှသာ ရောဂါပျောက်မယ်။

၈၅။ ခန္ဓာ၏ ပင်ကိုသဘောကိုမြင်အောင် စောင့်ကြည့်တာ ဝိပဿနာ။

၈၆။ ဝိပဿနာအလုပ်သည် နိဗ္ဗာန်ရောက်ကြောင်း အနီးကပ်ဆုံးအလုပ်။ ဝိပဿနာဉာဏ်ရင့်မှ မဂ်ဉာဏ်ရမည်။ ၎င်းမဂ်ဉာဏ်သည် နိဗ္ဗာန်မြင်တဲ့ ဉာဏ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



၈၇။ဝိပဿနာ၊ နည်းမှန်လမ်းမှန် အလုပ်လုပ်နေသူသည် နိဗ္ဗာန် ရောက်မှ ရောက်ပမလားလို့ သံသယမရှိကြနဲ့ ဝိပဿနာက အကြောင်း၊ မဂ်ဉာဏ်က အကျိုးပါ။

၈၈။ဝိပဿနာသည် မိမိမှန်အကြည်ပြားချပ်ပေါ်၌ အာရုံ၆ခုရ တိုက်တိုင်းတိုက်တိုင်း ဖြစ်ပေါ်လာသော တရားများ၏ ဖြစ်တာနှင့် ပျက်တာကိုစောင့်ကြည့်တဲ့ဉာဏ်ပဲ၊ ဒါမလုပ် မီရေ့အဖို့ ဒိဋ္ဌိဖြုတ်ရဦးမည်။ မမေ့ပါနှင့်၊ ဒိဋ္ဌိသည်လည်း အရမ်းဖြုတ်လို့ မရပါ။ သူ့ဖြုတ်မည်ကြံလျှင် ခန္ဓာပဋိစ္စ သမုပ္ပါဒ် ပထမနားလည်ထားရပါမည်။

၈၉။ဒိဋ္ဌိမဖြုတ်ဘဲ ဝိပဿနာအားထုတ်နေလျှင် အားနည်းတဲ့ (ဒုဗ္ဗလ) ဝိပဿနာဖြစ်နေ၍ မဂ်ဉာဏ်မရနိုင်ပါ။ ဒိဋ္ဌိများကို အသိနှင့်ဖြုတ်ပြီး ဝိပဿနာအားထုတ်ရင်၊ အားကြီးတဲ့ (ဗလဝ) ဝိပဿနာဖြစ်သောကြောင့် မဂ်ဉာဏ်ကို ကောင်းစွာ ရနိုင်ပါသည်။

၉၀။ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက် ဆုံးအောင်ရှု။

၉၁။ကိလေသာကို အသိနှင့်စင်ကြယ်အောင်ပွား၊ ဉာဏ်နဲ့ ပါယ်သတ်ပါ။

၉၂။သတိမလွတ်ပါစေနဲ့။

၉၃။လောင်စာသိမ်းပြီး၊ မီးငြိမ်းချင်လျှင် မဂ္ဂင်အလုပ်ကို လုပ်ပါ။

၉၄။နိဗ္ဗာန်သည် အဝေးကြီးမဟုတ်၊ ခန္ဓာအဆုံးမှာ နိဗ္ဗာန် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၉၅။နိဗ္ဗာန်သည် ဆုတောင်းယူ၍မရ ကျင့်ကြံအားထုတ်မှသာ ရမည်။

၉၆။စိတ်ကို ဆုံးမနိုင်ခြင်းသည် နိဗ္ဗာန်ချမ်းသာကို အောင်၏။

၉၇။ခန္ဓာဖြစ်ပျက်ကို အလုပ်နဲ့သိလျှင် နိဗ္ဗာန်သို့ ရောက်မယ်။

၉၈။မရှိဘဲ မှန်ကန်ခြင်းသည် သမုတိသစ္စာ။

၉၉။အဟုတ်ရှိ၍ မှန်ကန်ခြင်းသည် ပရမတ္ထသစ္စာ။

၁၀၀။နတ်၊ ရွာ၊ သုဂတိ၊ ဗြဟ္မာပြည်ရောက်လိုက သမုတိသစ္စာကို ကြိုးစားရာ၏။

၁၀၁။နိဗ္ဗာန်၊ မဂ်၊ ဖိုလ်ကိုရလို ရောက်လိုက ပရမတ္ထ သစ္စာကို ကြိုးစားရာ၏။

၁၀၂။သမုတိသစ္စာကို နားမလည်လို့ပယ်လျှင် အပါယ်ကျမည်။

၁၀၃။ပရမတ္ထသစ္စာကိုပယ်လျှင် သုံးဆယ့်တစ်ဘုံကမလွတ်၊ နိဗ္ဗာန်မရောက်နိုင်။

၁၀၄။သမုတ်ရှိသည် မုသားလွတ်ရုံမှန်၏။

၁၀၅။အဟုတ်ရှိသည် နိဗ္ဗာန်ရောက်အောင်မှန်၏။

၁၀၆။ခေါ်ဝေါ်ပြောဆိုရုံတော့ ခေါ်ဝေါ်ပြောဆိုရပါ၏။ မှတ်သိယူစွဲခြင်း ကင်းပါစေ။

၁၀၇။ခန္ဓပေါ်မှာ ပေါ်လာတဲ့တရား ဉာဏ်နှင့်မကွာပါစေနှင့်။

၁၀၈။နိဗ္ဗာန်နားလည်ချင်ရင် ဒိဋ္ဌိကိုနားလည်ရမည်။ ပဋိစ္စသမုပ္ပါဒ်သဘောမကျရင် နိဗ္ဗာန်သဘောမကျပါ။

၁၀၉။တဏှာခိုင်းတာကို ကျွန်ပီပီလုပ်ရင်းနဲ့ မိမိဘဝကို အဆုံးရှုံးမခံနဲ့။

www.burmeseclassic.com

www.burmeseclassic.com



၁၁၀။ တဏှာခိုင်းတိုင်း လုပ်တာသည် သေလျှင် အပယ်လေးပါး ရောက်မယ်ဆိုတာသာ မှတ်ပါ။

၁၁၁။ အဝိဇ္ဇာတဏှာကိန်းပါလျှင် အရှက်အကြောက်မရှိတော့ဘူး။

၁၁၂။ ပဋိစ္စသမုပ္ပါဒ်ကို မသိဘဲနှင့် တရားကျင့်ကြံအားထုတ်ခြင်းသည် ပင်ပန်းရုံပဲမှတ်။

၁၁၃။ ပဋိစ္စသမုပ္ပါဒ်သိမှသာလျှင် အရှိနှင့်အသိကိုက်မယ်။ အရှိနှင့် အသိကိုက်မှ ဟုတ်တိုင်းမှန်မည်။

၁၁၄။ အစွဲမရှိလျှင် ပဋိစ္စသမုပ္ပါဒ်ပြတ်သည်။

၁၁၅။ အမှုမများ၊ စကားသိမ်းဆည်း၊ စောင့်စည်းဣန္ဒြေ၊ အိပ်နေနိုးကြား၊ အစားမကြီး၊ တစ်ယောက်တည်းနေ၊ ဤခြောက်ထွေ၊ ကျင့်လေ ယောဂီမှတ်။

၁၁၆။ ဝိပဿနာလုပ်လျှင် ဗျာမများနှင့်။ ဗျာများလျှင် အချိန်ကြာမယ်။

၁၁၇။ တရားအားမထုတ်ဘဲ တရားအလိုလိုမရဘူး။

၁၁၈။ ရခဲတဲ့ဘဝလေးမှာ အလကားအချိန်တွေ မဖြုန်းလိုက်ပါနဲ့။

၁၁၉။ ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျသွားလိမ့်မယ်။

၁၂၀။ အပြေးမပျော်တဲ့ ခန္ဓာကိုယ် သုသာန်မရောက်ခင် မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ။

၁၂၁။ သက်တမ်းခပ်တိုတိုလေးမှာ ခပ်ခိုခိုလုပ်နေမယ်ဆိုလျှင် အသေစောသွားရင် ကိုယ်ကျိုးနည်းလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၂၂။ သာသနာနဲ့ကြုံမှ သစ္စာလေးပါး ထွက်မြောက်ရေးတရား ပေါ်တယ်။

၁၂၃။ ကိစ္စဟူသ၍ မဂ်တား ဖိုလ်တားလို့မှတ်ပါ။

၁၂၄။ လောင်စာနှင့်မီး တွဲပြီးလောင်နေတာဟာ လူ့ဘဝ၊ နတ်ဘဝ ဗြဟ္မာဘဝပဲ။

၁၂၅။ လောင်စာသိမ်း၍ မီးငြိမ်းသွားတာက နိဗ္ဗာန်ပဲ။

၁၂၆။ လောင်စာသိမ်း၍ မီးငြိမ်းချင်ရင် မဂ္ဂင်အလုပ် လုပ်ပါ။

၁၂၇။ အရုဏ်တက်တာသည် နေထွက်ဖို့။ ရှေ့ပြေး ဝိပဿနာမဂ်သည် လောကုတ္တရာမဂ်၏ ရှေ့ပြေးဟူ၍မှတ်ပါ။

၁၂၈။ ဒုက္ခသစ္စာကို ပိုင်းခြားသိချင်ရင် မဂ္ဂင်အလုပ်ကို လုပ်ပါ။

၁၂၉။ သမုဒယသစ္စာကို ပယ်ချင်ရင်လည်း မဂ္ဂင်အလုပ်ကို လုပ်ပါ။

၁၃၀။ နိရောဓသစ္စာကို မျက်မှောက်ပြုချင်ရင်လည်း မဂ္ဂင်အလုပ်ကို လုပ်ပါ။

၁၃၁။ သစ္စာမသိဘဲ အနှစ်တစ်ရာ အသက်ရှည်သော်လည်း အလကားပါ။

၁၃၂။ သစ္စာသိပြီး တစ်ရက်မျှ အသက်ရှည်သော်လည်း ပိုပြီး မြတ်လှပါတယ်။

၁၃၃။ တရားအရသာကို မခံစားဖူးလျှင် ကာမကို အထင်ကြီးပေမည်။

၁၃၄။ ကိုးဆယ့်ခြောက်ပါး ရောဂါကို ပျောက်ချင်လျှင် လောကီဆေးကို သောက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



၁၃၅။ကိလေသာရောဂါပျောက်ချင်ရင် တရားဆေး သောက်ရမည်။

၁၃၆။အကြွားအမြင်မရှိရင် တဏှာခိုင်းတာကိုပါ ကျွန်ပီပီလုပ်တာလို့ မှတ်ပါ။

၁၃၇။တဏှာခိုင်းတိုင်းလုပ်နေတာသည် အရှက်မရှိလို့ လုပ်တာလို့ မှတ်ပါ။

၁၃၈။တဏှာကိုပေါင်းမိရင် အနေလည်းမအား အသေလည်းမအားပါ။

၁၃၉။ကံကြီးငါးပါး လွှန်ကျူးမိထားသူသည် ကမ္ဘာပျက်ရင် လွတ်ရတယ်။

၁၄၀။ကံကြီးငါးပါးထက် ဒိဋ္ဌိကပိုပြီး ကြောက်စရာကောင်းတယ်။

၁၄၁။ဒိဋ္ဌိအယူ မစွန့်သူသည် မပျက်သောကမ္ဘာသို့ ပြောင်းခံရတယ်။

၁၄၂။ကိုယ်သာနာ၍ စိတ်မနာစေနဲ့။

၁၄၃။သုညတမြင်မှ ဒိဋ္ဌိစင်မည်။

၁၄၄။အနတ္တမြင်မှ အတ္တဒိဋ္ဌိစင်မည်။

၁၄၅။အသင့်အတင့် နှလုံးသွင်းပြီး အသင့်အတင့် ကြိုးစားအားထုတ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါတယ်။

၁၄၆။မီးဖွဲလောင်မှ ရေကိုတသော် မရဖြစ်အင်၊ ပုံနိုင်းယှဉ်၍၊ မဂ္ဂင်သန္တေတည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့် ချွေးပေါက်ယိုစီး သေခါနီးဝယ်၊ အပြီးမှချမဂ္ဂင်ရလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



၁၄၇။ကြားတဲ့တရားနဲ့ သိတဲ့တရား နှစ်ခုထပ်ရင် သောတာပန် တည်နိုင်တယ်။

၁၄၈။ရက်ရာဇာ၊ ပြဿဒါးမရွေးနဲ့၊ သူတော်ကောင်း အလုပ် လုပ်တဲ့အချိန်သည် မင်္ဂလာရှိသောနေ့ရက်ပဲဆိုတာ မှတ်ပါ။

၁၄၉။ကြားတဲ့တရားနဲ့ သိတဲ့တရားနှစ်ခု ညီလျှင် မဂ်ဖိုလ် ရနိုင်ပါတယ်။

၁၅၀။ဓမ္မသဘော ငါမနှောပါမှ ဒိဋ္ဌိစင်မည်။

၁၅၁။ကိစ္စမလျော့၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်မရအုံး ဘဝအစွန်း၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည် ရောက်၍၊ မဖောက်မပြန်၊ သောတာပန်စစ်၊ ဧကန်ဖြစ်မည်၊ မလစ်ဝိပဿနာအကျိုးပေတည်း။

၁၅၂။ ဝိပဿနာ အားမထုတ်ဘဲ နေ့ရွေ့၊ ရက်ရွေ့၊ ရွေ့နေတာ သည် တဏှာက ဆင်ခြေပေးနေတာဘဲ။

၁၅၃။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာရှိတာမဟုတ်၊ ခန္ဓကိုယ်မှာ ရှိတဲ့တရားပါ။

၁၅၄။ မိမိခန္ဓာမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို စိတ်ဉာဏ်နဲ့ရှင်းအောင် လုပ်ပါ။

၁၅၅။ ပဋိစ္စသမုပ္ပါဒ်သိတာသည် သညာသိသာဖြစ်သည်။

၁၅၆။ ခန္ဓာပဋိစ္စသမုပ္ပါဒ်သိတာမှ ပညာသိဖြစ်၍ နိဗ္ဗာန်ရောက် မယ်။

၁၅၇။ သညာသိဖြင့် နိဗ္ဗာန်မရောက်၊ ပညာသိမှ နိဗ္ဗာန်ရောက် မယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၅၈။ ဒါနနေ့ခက်က အသိဉာဏ်မလိုက်လို့ သံသရာလည်ရတာ။

၁၅၉။ ခန္ဓာရဲ့ပင်ကိုယ်သဘောကို မြင်အောင် စောင့်ကြည့်တာ ဝိပဿနာ။

၁၆၀။ သူများစိတ်အကဲမခတ်နဲ့ မှားသော်လည်းရှိ မှန်သော်လည်းရှိ ကိုယ်စိတ်ကို အကဲခတ်မှ အမှန်ရမည်။

၁၆၁။အလုပ်ကြည့်ရင် ခန္ဓာကြည့် အလုပ်စဉ်ကြည့်ရင် မှတ်တယ်ကြည့်။

၁၆၂။ကိုယ့်စိတ်ဖြစ်တာ ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာဖြစ်မည်။

၁၆၃။သားမယားပြောရင် တဏှာကျွန်အဖြစ် ခေါင်းစင်းပြီး မသေပါစေနှင့်။

၁၆၄။ဝိပဿနာလုပ်ရင် ဗျာပါမများနဲ့၊ ဗျာများရင်အချိန်ကုန်တယ်။

၁၆၅။တရားအားမထုတ်ဘဲ၊ တရားကအလိုလိုမရဘူး။

၁၆၆။တယ်ဗေဒင်ဟောတာမှ မယုံနှင့်၊ ခန္ဓာက သူ့လမ်းသူပြေးနေတာ။

၁၆၇။ခန္ဓာ၏အလုပ်က အသေရာတာ ဉာဏ်၏အလုပ်က အသေရှောင်တာ။

၁၆၈။အလကားနေသ၍ အအားနေသ၍ အမှားနေခြင်းလို့ မှတ်ပါ။

၁၆၉။ရက်ရာဇာ– ပြဿဒါးမရွေးနဲ့ သူတော်ကောင်းအလုပ်လုပ်တဲ့အချိန်သည် မင်္ဂလာရှိသောအချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၇၀။ဇနီး၊ သားနဲ့ သမီးနဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့ ပစ္စည်းဥစ္စာတွေနဲ့ မသိပြုံးပြုံးနေသလောက် နောင်သေခါနီး အိပ်ယာ ညောင်စောင်းမှာ မျက်ရည်ကြီးငယ် ကျရလိမ့်မယ်။

၁၇၁။ကိုယ့်ကိုကိုယ် သနားရင် ဝိပဿနာလုပ်ကြပါ။

၁၇၂။သားရေး၊ သမီးရေး၊ စီးပွားရေးကိုသာ ဂရုစိုက်နေရင် အချိန်တွေ အလွှယ်သုံးစားလုပ်နေတာပဲ၊ လူမိုက်အချိန်ဘဲ မှတ်ပါ။

၁၇၃။ကံကောင်းရင် ၃၁ဘုံရောက်မယ်။

၁၇၄။ဉာဏ်ကောင်းမှ နိဗ္ဗာန်ရောက်မယ်။

၁၇၅။ဉာဏ်မပါရင် ကံခြယ်လှယ်သွားမယ်။

၁၇၆။ကံကို ဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရောက်မယ်။

၁၇၇။နိဗ္ဗာန်သည် ကံ၏အကျိုးမဟုတ်။ ဉာဏ်၏အကျိုးဖြစ်သည်။

၁၇၈။တရားနာကြားရုံမျှနှင့် ကိစ္စမပြီး ခန္ဓာဉာဏ်စိုက်ပြီးကြည့်မှ ပြီးမည်။

၁၇၉။လူပြော သူပြော အရပ်ကပြောတာတွေ မယုံပါနှင့် ခန္ဓာက ပြောတာကိုသာ အယုံကြီးယုံလိုက်ပါ။

၁၈၀။လောင်စာနှင့်မီး တွဲပြီးလောင်နေတာဟာ လူဘဝနတ်ဘဝ ဗြဟ္မာဘဝပဲ။

၁၈၁။ဒါန သီလသည် ကိလေသာရောဂါ သက်သာရုံသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၂။ကြားတဲ့တရားနဲ့ သိတဲ့တရား နှစ်ခုညီရင် မဂ်ဖိုလ်ရနိုင်
သည်။

၁၈၃။တရားနာတယ်ဆိုတာ ဒီအချိန်မှာ တရားသောအလုပ်ကို
လုပ်နေတာဘဲ။

၁၈၄။ခန္ဓာရှိရင် ဝေဒနာမကင်းပါ။

၁၈၅။ဓမ္မသဘောမှာငါ မနောပါမှ ဒိဋ္ဌိစင်မယ်။

၁၈၆။ ခန္ဓာ(၅)ပါးဖြစ်ပျက်က (ဒုက္ခသစ္စာ)
သိတာက (မဂ္ဂသစ္စာ)
သေတာက (သမုဒယသစ္စာ)
နောက်ဒုက္ခတွေ သိမ်းသွားတာက (နိရောဓသစ္စာ)

၁၈၇။ သက္ကာယက ခန္ဓာ(၅)ပါး (ဒုက္ခသစ္စာ)
သက္ကာယဖြစ်ကြောင်း တဏှာက (သမုဒယသစ္စာ)
သက္ကာယချုပ်ကြောင်း အကျင့်က (မဂ္ဂသစ္စာ)
သက္ကာယချုပ်နေရာက (နိရောဓသစ္စာ)

၁၈၈။ ထင်းတည်းဟူသော လောင်စာက ခန္ဓာ(၅)ပါးက
(ဒုက္ခသစ္စာ)
လောင်မီးက (သမုဒယသစ္စာ)
လောင်တာသိမ်းတဲ့အကျင့်က (မဂ္ဂင်သစ္စာ)
လောင်စာသိမ်းတဲ့ နေရာက (နိရောဓသစ္စာ)

၁၈၉။ ခန္ဓာငါးပါးဖြစ်ပျက်က (ဒုက္ခသစ္စာ)
မြင်တာက (မဂ္ဂသစ္စာ)
တဏှာ၊ ဥပါဒါန်၊ ကံသေတာက (သမုဒယသစ္စာ)
နောင် ခန္ဓာမလာတာက (နိရောဓသစ္စာ)

www.burmeseclassic.com

www.burmeseclassic.com



၁၉၀။ ရှေ့က သုညတ– နောက်ကမဂ္ဂ၊
သေတာက အတ္တ၊ အတ္တနိယ၊
ရမှာက သုညတ နိဗ္ဗာန်၊
၁၉၁။ ဖြစ်ပျက်ကို မြင်အောင်ရှု၊ ဖြစ်ပျက်ကို မုန်းအောင်ရှု၊
ဖြစ်ပျက်ကိုဆုံးအောင်ရှု။
၁၉၂။ ရှေ့ကခန္ဓာ ဖြစ်ပျက်ကို နောက်က မင်ဖြင့်လိုက်ပါ။
၁၉၃။ ခန္ဓာအရှိ ဖြစ်ပျက်ကို ဉာဏ်မသိ မင်ဖြင့်လိုက်လျှင်
ဝိပဿနာမင်၊
၁၉၄။ ဝေဒနာနှင့် ငါမရောစေနှင့်၊ ဝေဒနာမှတဏှာမကူးစေနှင့်။
၁၉၅။တဏှာကို အဖော်မလုပ်ပါနှင့်၊ သဒ္ဓါပညာကို အဖော်
လုပ်ပါ။
၁၉၆။ဒိဋ္ဌိက တဏှာထက် ကြောက်စရာကောင်းသည်။
၁၉၇။ဖြစ်ပြီး ပျက်သွားတာက အနိစ္စ (ဒုက္ခသစ္စာ)
ပျက်သွားမှန်းသိတာက (မဂ္ဂသစ္စာ)
သေတာက (သမုဒယသစ္စာ)
နောက် ဒုက္ခသိမ်းသွားတာက (နိရောဓသစ္စာ)
၁၉၈။တစ်ပန် ပဋိသန္ဓေနေရခြင်းသည် ဒုက္ခသစ္စာမည်၏။
တဏှာသည် သမုဒယသစ္စာမည်၏
ဇာတိဖြစ်လိုမှုကို ပယ်စွန့်သော အလောဘသည် မဂ္ဂသစ္စာ
ဖြစ်၏။
ဇာတိချုပ်ခြင်းသည် နိရောဓသစ္စာ.
၁၉၉။စုတိနှင့် ပဋိသန္ဓေက (ဒုက္ခသစ္စာ)
စုတိ၊ ပဋိသန္ဓေဖြစ်ကြောင်းက (သမုဒယသစ္စာ)

www.burmeseclassic.com

www.burmeseclassic.com



စုတိ၊ ပဋိသန္ဓေချုပ်ရာနေရာက (နိရောဓသစ္စာ)
စုတိ၊ ပဋိသန္ဓေ ချုပ်ကြောင်းအကျင့်က (မဂ္ဂသစ္စာ)
၂၀၀။ဝန်ထုပ်နှင့် တူသောရုပ်နာမ် ခန္ဓာသည် (ဒုက္ခသစ္စာ)
ဝန်တင်သမားသည် (တဏှာ သမုဒယသစ္စာ)
ဝန်ထုတ်ချရာနေရာသည် (နိရောဓသစ္စာ)
ဝန်ထုတ်ချရန် အားထုတ်ခြင်းသည် (မဂ္ဂသစ္စာ)
၂၀၁။အနာရောဂါသည် (ဒုက္ခသစ္စာ) နှင့်တူ၏
အနာဖြစ်ကြောင်း မသင့်သောစူးတို့ အဟာရတို့သည် (သမုဒယသစ္စာ)နှင့်တူ၏။
အနာပျောက်ငြိမ်းခြင်းသည် (နိရောဓသစ္စာ)နှင့်တူ၏။
အနာပျောက်ကြောင်း ဆေးကောင်းသဖွယ်သည် (မဂ္ဂသစ္စာ)နှင့်တူ၏။
၂၀၂။သေသွားတာက ဒုက္ခသစ္စာ၊
အသေကို မြင်တာက မဂ္ဂသစ္စာ၊
နောက် ခန္ဓာလုပ်မည့်လက်သည် ချုပ်တာက သမုဒယသစ္စာ
နောက် ခန္ဓာမလာတာက နိရောဓသစ္စာ၊
၂၀၃။ဖြစ်တာသည် သေမလို့
ပျက်တာသည် သေတာ
ခန္ဓာထဲမှာ သေမှာနှင့် သေတာပဲရှိတယ်။
၂၀၄။ကိုယ်စိတ်ကို ကိုယ်အကဲခတ်တာသည် ဝိပဿနာ
၂၀၅။ကံအမိ ကံအဖမှ ဉာဏ်အမိ ဉာဏ်အဖလုပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



၂၀၆။ကံသည် နိဗ္ဗာန်မပို့နိုင်၊ ဉာဏ်ကသာ နိဗ္ဗာန်ပို့နိုင်သည်။
၂၀၇။ဘဝကူးအောင် မလုပ်ပါနှင့်၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းအောင် လုပ်ပါ။
၂၀၈။သေရွာသွားတာချင်းတူပေမယ့်၊ ကြောက်သွားသွားတာက တစ်မျိုး၊ မကြောက်သွားသွားတာကတစ်မျိုး၊ သေခါနီး ကြောက်သေကတစ်မျိုး၊ မကြောက်သေကတစ်မျိုး၊ မဲ့သေက တစ်မျိုး၊ ပြုံးသေကတစ်မျိုး။
၂၀၉။အိုရာက နာရာမရောက်ခင် ဝိပဿနာ အလုပ်လုပ်ပါ။
၂၁၀။ကာလ၏ စားဖတ် ဝါးဖတ်အဖြစ် မခံပါနဲ့။
၂၁၁။လူဟာ လူသံယောဇဉ် မစွန့်ပဲနဲ့ ခန္ဓာအဆုံးဖြစ်တဲ့ နိဗ္ဗာန် မရောက်နိုင်။
၂၁၂။ဥစ္စာစုထိုက်သူဖို့၊ ခန္ဓာစုမြေကျွေးဖို့။
၂၁၃။စိတ်ပေါ်မှ ဒိဋ္ဌိအများဆုံးဖြစ်တဲ့အတွက်၊ သောတာပန် တည်ချင်လျှင် စိတ္တာနုပဿနာ သတိပဋ္ဌာန်ရှု (သမ္မောဟ ဝိနော ဒနိအဋ္ဌကထာ)မှလာသည်။
၂၁၄။ငါသည် သေတော့မည် အချိန်ပိုင်းသာလိုတော့သည် အသေမဦးမီ ဉာဏ်ဦးပြီး ဝိပဿနာတရားများကိုကြိုး စားပြီး အားထုတ်ပါတော့မည်။
၂၁၅။ခန္ဓာ(၅)ပါး (ချည်တိုင်ကျိုး) ဒိဋ္ဌိ (လည်ပတ်ပြုတ်)တဏှာ (ကြိုးပြတ်)မို့ အရေးသည် အရေးတကာအရေးကြီးဆုံး။
၂၁၆။တဏှာကို အဖော်မလုပ်နဲ့၊ သဒ္ဒါပညာကို အဖော်လုပ်ပါ။
၂၁၇။ယုံကြည် ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်

www.burmeseclassic.com

www.burmeseclassic.com



နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ် မြင်ဤငါးအင် အမှန်ပင်
မဂ်ရကြောင်း။

၂၁၈။မစွန့်ကာမ ဆရာမရှိ၊ ဝီရိယလျော့၊ အင်အားပျော့ကာ
လွန်စွာယူမှား ဤငါးပါးတရား မဂ်ဖိုလ်ဝေးလေသတည်း။

၂၁၉။သစ္စာဆိုတာ ဘယ်သူမှ ငဲ့တဲ့တရား မဟုတ်ဘူး။

၂၂၀။သေကြောင်းက သမုဒယသစ္စာ၊
သေသည် (ခန္ဓာ ၅ပါး)က ဒုက္ခသစ္စာ
အသေလွတ်တဲ့နေရာက နိရောဓသစ္စာ
အသေလွတ်ကြောင်း အကျင်က မဂ္ဂသစ္စာ၊

၂၂၁။သစ္စာမသိလျှင် နိဗ္ဗာန်မရနိုင်
သစ္စာသိမှ နိဗ္ဗာန်ရ၏။

၂၂၂။အနိစ္စ၊ အနိစ္စအချင်းချင်း အားမကိုးပါနဲ့။

၂၂၃။မိမိခန္ဓာခင်ရင်လဲ လှုပ်မည် သူတစ်ပါးခန္ဓာခင်ရင်လဲ
လှုပ်မည် မလှုပ်ချင်ရင် မမှီပါနဲ့။

၂၂၄။ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုံးတဲ့ သုံးညတ တရားကွယ်ရင်
နိဗ္ဗာန်ကွယ်မည်။

၂၂၅။မနှိပ်စက်သော ဒုက္ခမည်သည်မရှိ
ဒုက္ခကို မဖြစ်စေသောတဏှာ သမုဒယသည်မရှိ
ဒုက္ခခပ်သိမ်းနှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာ
အပူဓာတ်၊ အလောင်မီးတ်၊ အိုမှု၊ နာမှု၊ သေမှုရှိသော
နိဗ္ဗာန်သို့ရောက်စေသော တရားသည်မရှိ။

၂၂၆။ကိလေသာဝဋ်နှင့် ကမ္မဝဋ်က သမုဒယသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ဝိပါကဝဋ်က ဒုက္ခသစ္စာ
ဝဋ်သုံးပါးသိမ်းတဲ့အကျင့်က မဂ္ဂသစ္စာ
ဝဋ်အားလုံး သိမ်းသွားတဲ့နေရာက နိရောဓသစ္စာ

၂၂၇။သားမယားခြေရင်း တဏှာကျွန်အဖြစ် ခေါင်စင် မသေနဲ့။

၂၂၈။သစ္စာသိပြီး လှူရင် မိမိကိုယ်ကို ရောင်း လှူပါ။

၂၂၉။မိမိအရေးကို ရှေ့ထားပါ၊ သားရေ သမီးရေးကို နောက်ထားပါ။

၂၃၀။နေ့ညကုန်တာမဟုတ်၊ မိမိသက်တမ်းကုန်နေတာ၊

၂၃၁။ဝိပဿနာလုပ်ရင် ဗျာမများနဲ့၊ ဗျာများရင် အချိန်ကြာမယ်။

၂၃၂။နိဗ္ဗာန်ကို မဂ္ဂင်နဲ့သွားက (၇)ရက်နဲ့ ရောက်နိုင်သည်။

၂၃၃။တရားအားမထုတ်ပဲ တရားက အလိုလိုမလာဘူး။

၂၃၄။ရေကြောင့်ဖြစ်သော ရွှံ့ညွှံကို ရေဖြင့်စင်အောင်ဆေးသကဲ့သို့ စိတ်ကြောင့်ဖြစ်သော အကုသိုလ် အညစ်အကြေးကို စိတ်ဖြင့် စင်ကြယ်အောင်ဆေးပါ။

၂၃၅။ခန္ဓာဖြစ်ပျက်ကို ရှုနေခြင်းသည် သေခါနီး သောတပန် တည်နိုင်၏။

၂၃၆။တရားမရသေးသမျှ၊ အပါယ်ကို စိတ်မချရ။

၂၃၇။ခန္ဓာဝန်ချပြီးသေပါ၊ ခန္ဓာဝန်ထမ်းရင် မသေပါနဲ့။

၂၃၈။ခန္ဓာနှင့်တူသော ဒုက္ခသည်မရှိ။

၂၃၉။ဥပါဒိဋ္ဌိမရှိသဖြင့် ငြိမ်သက်သော သုခရှိသော နိဗ္ဗာန်နှင့် တူသော သုခချမ်းသာမည်သည် နတ္ထိမရှိ။

၂၄၀။ခန္ဓာဖြစ်ပျက်မသိဘဲ အသက်တစ်ရာနေရကာထက် သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



သိပြီး တစ်ရက်နေရတာက မြတ်၏။

၂၄၁။တရားအရသာကို မခံစားဘူးရင် ကာမကို အထင်ကြီး၏။

၂၄၂။ဉာဏ်ကမဦးပဲ အသေကဦးသွားရင် ကိုယ်အတွက် နစ်နာမည်။

၂၄၃။ရှေ့အသေကို နောက်အနေနှင့် ရှုနေတာသည် ဝိပဿနာ၊

၂၄၄။အသေကို အရှင်က ကြည့်နေတာသည် ဝိပဿနာ၊

၂၄၅။ခန္ဓာကိုယ်ဟာ မွေးကထဲက အသေဘက်သို့ ပြေးနေတယ်။

၂၄၆။ခန္ဓာ၏ဝတ္ထုရားက အသေရှာတယ်၊ ဉာဏ်၏ဝတ္ထုရားက အသေရှောင်တာ။

၂၄၇။စုတိနှင့် ပဋိသန္ဓေဆက်တဲ့တရားကို မနာပါနဲ့၊ ယခုဒုက္ခနဲ့အနာဂတ် ဒုက္ခမဆက်တဲ့ တရားကိုနာပါ။

၂၄၈။သိမှုမှ ကျင့်မှုသည် အရေးအကြီးဆုံး တရားနာရုံနှင့်မပြီးခန္ဓာဉာဏ် စိုက်ကြည့်မှ ပြီးမယ်။

၂၄၉။ကိစ္စဟူသရွေ့သည် မဂ်တား ဖိုလ်တားဟု မှတ်ပါ။

၂၅၀။ရက်ရာဇာ၊ ပြဿဒါးရွေးမနေနဲ့ ဝိပဿနာတရားအားထုတ်တဲ့အချိန်ဟာ မင်္ဂလာအချိန်ပဲ။

၂၅၁။အသက်ကြီးလေလေ ကံမွဲဉာဏ်မွဲ လေလေမှတ်၊ ကံမွဲတာအရေးမကြီးဘူး ဉာဏ်မွဲရင် နိဗ္ဗာန်နဲ့ လွဲလိမ့်မယ်။

၂၅၂။ဒုက္ခသစ္စာကို ပိုင်းခြားသိတာလဲ မဂ်ပဲ၊ တဏှာသမုဒယကိုသတ်တာလဲ မဂ်ပဲ၊ နိရောဓသစ္စာရောက်အောင် ပို့တာလဲ မဂ်ပဲ၊ မဂ်သည် သုံးကိစ္စဆောင်ရွက်တယ်။

၂၅၃။ခန္ဓာနဲ့ ငါနဲ့မရောစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



၂၅၄။ကြားတဲ့တရားနဲ့ သိတဲ့တရား နှစ်ခုထပ်ရင် သောတပန် တည်နိုင်တယ်။

၂၅၅။ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာထဲရှိတဲ့တရား

၂၅၆။ကံက သမုဒယသစ္စာ၊ ကံအကျိုးပေးက ဒုက္ခသစ္စာ၊
ကံနှင့် အကျိုးပေးတို့ကြောင့် အကျင့်က မဂ္ဂသစ္စာ၊
ကံနှင့် ဝိပါကဝဋ် အကျိုးပေးတို့ချုပ်ရာနေရာက နိရောဓ သစ္စာ

၂၅၇။တဏှာ၊ ဥပါဒါန် ကံသည် သမုဒယသစ္စာ၊
ဇာတိ၊ ဇရာ၊ မရဏသည် ဒုက္ခသစ္စာ၊
သမုဒယနှင့် ဒုက္ခတို့၏ ခယဝယ မြင်အောင်ကြည့်နိုင် တာက မဂ္ဂသစ္စာ၊
သမုဒယနှင့် ဒုက္ခသစ္စာတို့ ချုပ်ရာနေရာက နိရောဓသစ္စာ၊

၂၅၈။ကမ်းနားသစ်ပင်နဲ့ တူတဲ့ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊
တဏှာရေယာဉ်ကြောက သမုဒယသစ္စာ
မြုပ်မျောသမားဘဝမှ ကယ်တင်တဲ့အကျင့်က မဂ္ဂသစ္စာ
မအိုမသေ အမြဲနေတဲ့ သောင်ကမ်းရောက်သွားတာက နိရောဓသစ္စာ

၂၅၉။သေမင်းနဲ့ တူတဲ့ဇရာ၊ မရဏတရားက ဒုက္ခ သစ္စာ
သေမင်းထံပို့တတ်တဲ့ တဏှာ၊ ဥပဒါန် ကံတည်းဟူသော သေမင်းတမန်တွေက သမုဒယသစ္စာ၊
သေမင်တမန်တွေကို ခြေမှန်းတဲ့ အကျင့်က မဂ္ဂသစ္စာ၊
အသေလွတ်တဲ့နေရာက နိရောဓသစ္စာ၊

၂၆၀။ခွေးနဲ့တူတဲ့ ဇရာ၊ မရဏတရားက ဒုက္ခသစ္စာ၊

www.burmeseclassic.com

www.burmeseclassic.com



မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်မှ ပဋိစ္စသမုပ္ပါဒ်
ဆက်စေသော တရားတွေက သမုဒယသစ္စာ၊
လိပ်ခွံနှင့်တူသော အကျင့်ဖြစ်ပျက် ရောက်အောင်သွင်းနိုင်
တာက မဂ္ဂသစ္စာ၊
ဇရာ၊ မရဏတည်းဟူသော ခွေစားမခံရတဲ့နေရာက နိရော
ဓသစ္စာ၊

၂၆၁။ (၃၁)ဘုံက ဒုက္ခသစ္စာ၊
(၃၁)ဘုံဖြစ်ကြောင်းက သမုဒယသစ္စာ၊
(၃၁)ဘုံချုပ်ကြောင်းအကျင့်က မဂ္ဂသစ္စာ၊
(၃၁)ဘုံအပြင်ဘက်ရောက်သွားတဲ့နေရာက နိရောဓသစ္စာ၊

၂၆၂။ အပျက်ကိုမြင်လျှင် ကာမာသဝနှင့် ဘဝါသဝပြုတ်၊
ပုဂ္ဂိုလ်သတ္တဝါမဟုတ်မှန်း သိလျှင် ဒိဋ္ဌာသဝပြုတ်၊
အမှန်မြင်လျှင် အဝိဇ္ဇာသဝပြုတ်၊
အာသဝေါတရားလေးပါး ပြုတ်ကြောင့်အကျင့်က မဂ္ဂသစ္စာ၊
အာသဝေါတရားလေးပါး ချုပ်သွားတဲ့နေရာက နိရောဓသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



# တျောင်းရုံးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား သင်ကြားပြသဆုံးမ တောကြားတော်မူသော ဝိပဿနာတရားတော်
## (၁၃-၁၁-၆၀)

ခင်ဗျားက ဆုကြီးပန်လား၊ သို့မဟုတ်ရလို့ရှိရင် အမြန်ယူမှာလားနိဗ္ဗာန်ကို .....

(ဆုကြီးပန် မဟုတ်ပါဘူး၊ရလို့ရှိရင် ရတဲ့အချိန်ယူမှာပဲ)

ခင်ဗျားကရော...

(တပည့်တော် ဒီလိုတော့ မစောင့်နိုင်ပါဘုရား ... ဒီလိုသတ္တိမရှိပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့၊ သောတာပတ္တိမဂ်ဟာ မဂ်လေးတန်မှာ ပထမမဂ်ဆိုတာ လူတိုင်းသိပြီးသား ဖြစ်ပါတယ်။ ဒီပထမမဂ်က ဘယ်သူ့ကို သတ်ရမှာတုံး၊ ဘယ်သူ့ကို သတ်မှ ပထမမဂ်သည် အောင်မြင်ခြင်းသို့ ရောက်သလဲလို့မေးဖို့လိုပါတယ်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသတ်မှပထမမဂ်က အောင်မြင်ခြင်းသို့ရောက်တယ်။ ဦးသံဒိုင်မေးရင် ဖြေပေတော့နော်...။ ဦးထွန်းရင်လည်းဖြေပေါ့ (မှန်ပါ့ဘုရား)။

ပထမမဂ်က ဒိဋ္ဌိ,ဝိစိကိစ္ဆာ မသတ်ဘဲနဲ့၊ပထမမဂ်၏ စွမ်းရည်သတ္တိသည် ဒိဋ္ဌိ,ဝိစိကိစ္ဆာသတ်မှသာလျှင် ရောက်နိုင်တယ်။ ဒိဋ္ဌိ,ဝိစိကိစ္ဆာသတ်မှသာလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တယ်။ ဒိဋ္ဌိ,ဝိစိကိစ္ဆာမသတ်လို့ရှိရင် ပထမမဂ်သည် ရလည်း

www.burmeseclassic.com

www.burmeseclassic.com



မရနိုင်၊ ခန္ဓာကိုယ်ထဲမှာ မပေါ်နိုင်၊ ထိုကဲ့သို့မပေါ်နိုင်သော ကြောင့် နိဗ္ဗာန်လည်း မျက်မှောက်မပြုနိုင်။

ဒါဖြင့် ပဌမမဂ်၏ အလုပ်ဟာ ဘာလုပ်ရမှာတုံးဆိုတော့ ဒိဋ္ဌိသတ်ဖို့ အလုပ်။ ဒါ–သေသေချာချာ မှတ်ပါ။ ပဌမမဂ် ရချင်ရင် ဘာသတ်ရမှာတုံး . . . ဒိဋ္ဌိသတ်၊ ဒီ့ပြင်ဟာဘာမှ မလိုဘူး၊ ဒိဋ္ဌိသတ်ဖို့ပဲ။ ဒိဋ္ဌိဘယ်မှာနေလို့ သတ်ရမှာလဲ။ ဒိဋ္ဌိဟာ ခန္ဓာကိုယ်မှာနေလို့ သတ်ရမှာ အကျဉ်းချုပ်မှတ်ထား ကြပါ။ ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ ငါးပါးစလုံး စွဲနေတယ်လို့ မှတ်ကြပါ။

အဲဒီတော့ ခန္ဓာမသိလို့ ဒိဋ္ဌိဖြစ်ရတယ်၊ ခန္ဓာ၏ အနိစ္စ အချက်ကိုမသိလို့ ဒိဋ္ဌိကပ်နေတယ်၊ ခန္ဓာဒုက္ခသစ္စာ မသိလို့ ဒိဋ္ဌိကပ်နေတယ်။ ဒါကို ဦးသံဒိုင်တို့ ဦးထွန်းရင်တို့ မှတ်ထား ကြပါ။

ကောင်းပြီ . . . ဒါဖြင့် ဒိဋ္ဌိကို ဝိပဿနာနဲ့ခွာ . . . မဂ်နဲ့ခွာ။ ပဌမဦးစွာ ဟောနေတာဟာ ခင်ဗျားတို့ ဝိပဿနာနဲ့ ခွာဖို့ပါပဲ။ နောက်ပွားများပြီးသကာလ မဂ်နဲ့ခွာဖို့ပါပဲ။ ဥဂ္ဃဋိတညူ ဝိပဥ္စိတညူ ဉာ,တိီရဏပရိညာ,ပဟာနပရိညာရယ်လို့ သုံးမျိုးရှိပါတယ်၊ ဒါတွေပြောနေရင် ရှည်နေမှာစိုးလို့ . . . ။

ဒါဖြင့် ဒိဋ္ဌိခွာကြစို့။ ဦးသံဒိုင် ဒိဋ္ဌိဘယ်မှာ ကပ်နေသတုံး (ခန္ဓာငါးပါးမှာ ကပ်နေပါတယ်) ဦးထွန်းရင် ဒိဋ္ဌိဘယ်မှာ ကပ်နေသတုံး . . . (ခန္ဓာငါးပါးမှာ ကပ်နေပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ . . . ဒိဋ္ဌိဟာ ခန္ဓာငါးပါးမှာ ကပ်နေတယ်ဆိုတာ သိကြပါ။ ဒါဖြင့် ဒိဋ္ဌိခွာမယ်လို့ကြံရင် ခန္ဓာငါးပါးပြရတယ်။ ဒိဋ္ဌိကွာမယ်လို့ကြံရင် ဘာပြရတယ်(ခန္ဓာငါးပါးပြရပါတယ်) ဒိဋ္ဌိကွာမယ်လို့ကြံ ခန္ဓာငါးပါးပြ၊ ခန္ဓာငါးပါးပြမယ်ကြံလို့ရှိရင် အရင်းကျကျသာ မှတ်ကြစမ်း၊ ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ်။ ခန္ဓာငါးပါးသိချင်ရင် ပဋိစ္စသမုပ္ပါဒ်ကိုပြရလိမ့်မယ်။ ကိုင်း . . . သေသေချာချာ မှတ်ပါ။

ဒိဋ္ဌိက ဦးသံဒိုင် ဘယ်မှာကပ်နေသတုံး– (ခန္ဓာငါးပါးမှာကပ်နေပါတယ်) အဲဒီတော့ ခန္ဓာငါးပါးဟာ သူများပြောသံကြားတာနဲ့ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ သိကြပါတယ်။

ဒီခန္ဓာ၏ ဖြစ်ကြောင်းချုပ်ကြောင်းကို ခန္ဓာဘယ်လိုဖြစ်လာတယ်မှမသိလို့ရှိရင် ခန္ဓာငါးပါးသိနေပေမယ့် ခန္ဓာအကြောင်းမသိလို့ရှိရင် ဒိဋ္ဌိကပ်ဦးမှာပဲ။ အဲဒါကြောင့် ခန္ဓာသိချင်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်သိအောင်လုပ်ပါ၊ ရှင်းပြီလား။

အကြောင်းအကျိုးဆက်တယ်။

ရှေးဦးစွာ ဒိဋ္ဌိဘယ်မှာ ကပ်သတုံးဆိုတော့ အားလုံးသိတဲ့အတိုင်း ခန္ဓာငါးပါးမှာကပ်တယ်။ အဲဒီခန္ဓာငါးပါးမှာ ကပ်တယ်ဆိုတာတော့ ရှင်းပါပြီ . . . တဲ့။

ခန္ဓာငါးပါးဟာ ဘယ်လိုဖြစ်လာတယ်၊ ဘယ်လိုပျက်နေတယ်ဆိုတာ မသိလို့ရှိရင်ဖြင့် ခန္ဓာမှာကပ်တာတော့ သိတယ်၊ ခန္ဓာပေါ်လာတာ မသိလို့ရှိရင်လည်း၊ 'ခန္ဓာက ဘယ်ကလာပါ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်’ ဆိုပြီး ဝိစိကိစ္ဆ ယုံမှားကြီးစည်နေမှာပဲ။ မကြီးစည်ပေဘူးလား။ ဦးထွန်းရင် မကြီးစည်ပေဘူးလား (ကြီးစည်ပါတယ်ဘုရား)။

ကြီးစည်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ် . . .။ ဒီအကျိုးအကြောင်းကလေးတွေ ဆက်တာကို ဘုန်းကြီးဆီမှာလာတဲ့အချိန် ခင်ဗျားတို့ ကံရှိတဲ့ပုဂ္ဂိုလ်တွေမို့ တွေ့ကြဆုံကြတာ။ တစ်နည်းအားဖြင့်တော့ အားစိုက်လာကြလို့သာ တွေ့ကြုံကြတာပဲ။

ဒါကြောင့် မူလက ပြောခဲ့တဲ့စကားကို မှတ်ထားပါ။ သောတာပန် တည်ချင်ရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆကို ပယ်ရမယ်။ ဘာမှလုပ်ဖို့မလိုပါဘူး၊ အပါယ်လေးပါး တံခါးပိတ်တဲ့သောတာပန်အစစ် ဖြစ်ချင်လို့ရှိရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆကို ပယ်ရမယ်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆ ဘယ်မှာကပ်သတုံး . . .၊ ခန္ဓာငါးပါးမှာ ကပ်တယ်။

ကောင်းပြီ၊ဒီခန္ဓာငါးပါးတွေ ဘယ်ကများဖြစ်လာပါလိမ့်မတုံး၊ ဘယ်လိုများ ပျက်လာပါလိမ့်မတုံး၊ ဘယ်လိုခန္ဓာငါးပါးစပြီးဖြစ်ပေါ်လာပါလိမ့်မတုံးဆိုတော့ သိဖို့ရန် မလွယ်ဘူး . .။ မလွယ်တော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမယ်၊ သဘောကျပါရဲ့လား၊ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရမယ်။

ဒါဖြင့် ကျုပ်တို့ ဒကာဒကာမတွေအား ပဋိစ္စသမုပ္ပါဒ်ကို အရင်ပြရလိမ့်မယ်၊ ပဋိစ္စသမုပ္ပါဒ် အရင်ပြရမယ် ကြတော့ ပဋိစ္စသမုပ္ပါဒ်သည် စာမှာလာတဲ့ ပဋိစ္စသမုပ္ပါဒ်ကတစ်မျိုး၊ ယခုခန္ဓာကြီးထဲမှာ ယခုဖြစ်စဉ်ဖြစ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်က တစ်မျိုးလို့ နှစ်မျိုးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်မျိုးတွင် စာမှာပါလာတဲ့ ပဋိစ္စသမုပ္ပါဒ် နားလည်လို့ ရှိရင် ကျုပ်တို့ခရီးပေါက်မှာမဟုတ်ပါဘူး။ ယခုခန္ဓာကြီးမှာ ပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဦးသံဒိုင်နေရာကျမယ်။ ရှင်းပလား၊ အကြောင်းအကျိုး ဆက်ရဲ့လား။ ဘုန်းကြီးပြောတဲ့ စကား ဒီအကြောင်းအကျိုး မဆက်ဘဲနဲ့ ဟောပြောညွှန်ပြ ဆုံးမနေကြလို့ရှိရင် မဖြစ်ဘူးနော် . . .။

သောတာပန် တည်ချင်ရင် ပြန်မေးမယ်၊ ဘာစွာရမလဲ (ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာစွာရမယ်) ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ဘယ်မှာကပ်နေ သတုံး . . .(ခန္ဓာငါးပါးမှာ ကပ်နေပါတယ်) ထိုဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို ခန္ဓာငါးပါးမှာကပ်လို့ ဒီခန္ဓာဖြစ်ကြောင်း၊ ချုပ်ကြောင်း မသိလို့ရှိရင်လည်း ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကွာပါမလား။ မကွာနိုင်။ ပဋိစ္စသမုပ္ပါဒ်ကို လုပ်ရလိမ့်မယ်၊ ရှင်းပြီလား။

အကြောင်းအကျိုးနောက်က ဆက်လာတယ်၊ ရှင်းပြီလား။ ဒကာဆရာဟာ လိုရင်းကို ပြောတော့မယ်ဆိုတော့ အပိုမထည့် တော့ဘူး၊ အပိုဟာ အလကားနာရီသာ ကုန်သွားတယ်၊ ဘာမှကျေးဇူးများမှာ မဟုတ်ဘူး။

သူများသောတာပန်တည်တာကို ကိုယ်အလိုမရှိပါနဲ့ . . .။ ကိုယ်သောတာပန်တည်ဖို့ ကိုယ်အလိုရှိပါ။ သဘောကျရဲ့လား။ သူများသောတာပန်တည်တာနဲ့ နာရတာနဲ့ သာဓုတန်းကနေတာ ဘာမှမဆိုင်ပါဘူး။ ဦးသံဒိုင် . . . ကိုယ်သောတာပန်တည် ဖို့၊ ကိုယ့်အကြောင်းကို ကိုယ်စမ်းသပ်ဖို့ဟာ အရေးကြီးပါတယ် နော်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း...ဒါဖြင့် သောတာပန်တည်ချင်ရင် ဘာသတ်ရမယ်၊ (ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သတ်ရပါမယ် ဘုရား)။

ကောင်းပြီ . . . ဒိဋ္ဌိနှင့် ဝိစိကိစ္ဆ သတ်ရမယ်ဆိုတော့ သူနေတဲ့ နေရာသိမှ ကျုပ်တို့လိုက်သတ်လို့ ဖြစ်မှာပေါ့။ သူက ဘယ်မှာနေတယ်၊ ခန္ဓာငါးပါးမှာနေတယ်။ ဒီခန္ဓာငါးပါးသည် ကားလို့ဆိုရင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့၏ နေရာဌာနဆိုတာ သိပါတယ်။ ဒုတိယ အစီအစဉ်အားဖြင့် သိသွားပါပြီ။

ဒီ... ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟာ ခန္ဓာငါးပါးဖြစ်ကြောင်းကို မသိလို့လည်း ဒိဋ္ဌိကပ်ပါတယ်၊ ဝိစိကိစ္ဆာ ကပ်ပါတယ်။ ခန္ဓာငါးပါး ဖြစ်ကြောင်း၊ ချုပ်ကြောင်း မသိလို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကပ်တယ်။ သဘောကျရဲ့လား . . .(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး၏ ဖြစ်ပုံချုပ်ပုံကို မသိလို့ ဘာကပ်နေတယ် (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ) ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ကပ်နေတယ်။ ဒါဖြင့် ခန္ဓာငါးပါး၏ ဖြစ်ပုံ၊ ချုပ်ပုံကို ဆရာကောင်း သမားကောင်းကဟောလိုက် ပြောလိုက်လို့ရှိရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာဟာ ခန္ဓာမှာကပ်နိုင်ပါဦးမလား (မကပ်နိုင်ပါ) မကပ်နိုင်တော့ ခန္ဓာငါးပါး ဖြစ်ကြောင်း၊ ချုပ်ကြောင်းကို ဒ နံပါတ်ထား၍ စကားပြောရမယ်။ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကောင်းပြီ . .ခန္ဓာငါးပါးဖြစ်ကြောင်း၊ ချုပ်ကြောင်းကို ၁ နံပါတ်ထား၍ စကားပြောရမယ်ဆိုတာတော့ သေချာပါပြီပဲ့။ ဟို..အတိတ်ဘဝက လုပ်လိုက်တဲ့ အဝိဇ္ဇာသင်္ခါရတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကြီးဖြစ်လာတယ်ဆိုတာကို သိနေလို့လည်း ဒါတွေကပြီး ပြီးသားအကြောင်းတွေ ဖြစ်သောကြောင့် ကိုယ်နဲ့မဆိုင်ပါဘူး။

သူ့ဟာသူလုပ်တော့မှာပဲ မှချ။ ဒါလည်းအတိတ်ပဋိစ္စသမုပ္ပါဒ် ကိုယ်နဲ့မဆိုင်ပါဘူး၊ အနာဂတ်ပဋိစ္စသမုပ္ပါဒ်လည်း ကိုယ်မ ရောက်သေးလို့ မဆိုင်ပါဘူး။ ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ ဦးသံဒိုင် သိပ်အရေးကြီးတယ် . . .။ သဘောပေါက်ရဲ့လား ဦးထွန်းရင်။ ဘယ်ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့အရေးကြီးသလဲ (ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဟာ သုံးမျိုးရှိတယ်။ အတိတ်ကအကြောင်း ကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်သည် ဆရာတော်တွေ ဟောနေပေ မယ့်လည်း ဒါဟာ ဘာမှမဆိုင်ဘူး၊ မဆိုင်ဘူး။ အနာဂတ်လာ လတ္တံ့တွေ ဟောနေပေမယ့်လို့လည်း ခင်ဗျားတို့မှ မတွေ့ကြုံရ သေးတာ။

ခင်ဗျားတို့ လိုက်သတ်လို့ရော ဖြစ်ပါ့မလား (မဖြစ်ပါဘုရား) မတွေ့မကြုံသေးတာ...(တင့်ပါဘုရား) ပြီး၊ ပြီးသားတွေလည်း ခင်ဗျားတို့သတ်ခြင်းကြောင့် ကျေးဇူးများသေးရဲ့လား..(မများပါ ဘုရား)။

ဒါဖြင့်ရင် ယခုပစ္စုပ္ပန်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ် အရေးကြီး တယ်။ အကြောင်းအကျိုး ဆက်မိကြရဲ့လား၊ ဦးသံဒိုင်တို့ စကား ခင်းလာတာကို သဘောကျရဲ့လား . . . .(သဘောကျပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ အင်မတန် အရေးကြီးတယ်နော်။ ခင်ဗျားတို့ တိတ်ရီ ကော်ဒါပါလာရင် ဖွင့်ပြီးစစ်ဆေးလိုက်၊ သိပ်ကျေးဇူးများမှာပဲ၊ မနေ့ကတော့ ပါတယ်လို့အောက်မေ့တယ်။

ကောင်းပြီ သုံးခေါက်ထိအောင် ကျူပ်ပြန်ပြောမယ်။ သောတာ ပန်တည်ချင်လို့ရှိရင် ဘာကိုသတ်ရမလဲ...(ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ) အသေအချာမှတ်ပါ၊ "နုတ်" လုပ်ထားပါ။ သောတာပန်တည် ချင်ရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာမှတစ်ပါး သတ်စရာဘာမှ မရှိဘူး။

သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု မွှာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိကိဉ္စိ။

ပရိတ်ကြီးက သောတာပန်တည်ချင်လို့ရှိရင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သတ်ရမယ်တဲ့၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသတ်မှ သောတပန်တည်နိုင်တယ် တဲ့...ဆိုတော့ သောတာပန်တည်ဖို့ အရေးဟာ ဦးသံဒိုင်က ဖြစ်စေ၊ ဦးထွန်းရင်ကဖြစ်စေ အခုဘာလုပ်ရမှာတုံး မေးလို့ရှိရင် ဖြေတတ်ပလား။ ဘာကိုသတ်ကြမယ်...(ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ) ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို သတ်ရမယ်နော်...။

ကောင်းပြီ... ဒါမှတ်ထား။ နိဗ္ဗာန်ရ ရပါလို၏ဆိုတာနဲ့ သောတာပန်ဖြစ်ရပါလို၏ဆိုတာနဲ့၊ ပထမနိဗ္ဗာန်ရ ရပါလို၏ ဆိုတာနဲ့ ထူးသေးရဲ့လား....(မထူးပါဘုရား)။

အဲဒီတော့ သောတာပန်တည်ချင်လို့ရှိရင် ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ရမယ်လို့ ဆရာဘုန်းကြီးက ရှေးဦးစွာ အမိန့်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌိဝိစိကိစ္ဆာ ဘယ်မှာနေလို့ သတ်ရမှာတုန်းဘုရားလို့ ခင်ဗျားတို့နှစ်ယောက်က ဘုန်းကြီးကို မေးခွန်းထုတ်ရမယ်။ မထုတ်ရဘူးလား...။ ဒိဋ္ဌိဝိစိကိစ္ဆာဘယ်မှာနေလို့ သတ်ရမှာတုံးဘုရား။ အို..ဦးသံဒိုင် ခန္ဓာငါးပါး၊ ဦးထွန်းရင် ခန္ဓာငါးပါးမှာနေလို့ သတ်ရမယ်ဆိုတော့မှ ခန္ဓာဆီရောက်မယ်။

ခန္ဓာသည် ဒိဋ္ဌိဝိစိကိစ္ဆာတို့၏ တည်ရာ၊ ခိုရာဌာနကိုးဗျ။ ရှင်းပြီလား...(ရှင်းပါတယ်) ဒိဋ္ဌိဝိစိကိစ္ဆာ ဘယ်မှာကပ်နေသလဲ (ခန္ဓာငါးပါးမှာ) ခန္ဓာငါးပါးမှာ ခိုတယ်။ ဒါ...ဘယ်သူ့ဆံပင်တုံး၊ ငါ့ဆံပင်ကွ..ဆံပင် ရူပက္ခန္ဓာမှာ သွားခိုနေတယ်။ စားကောင်းတာ ဘယ်သူတုံးကွ၊ ငါကောင်းတာပေါ့ကွ။ ဝေဒနာက္ခန္ဓာမှာ သွားခိုနေတယ်။

ငါ– စာတော်တော် မှတ်မိပါတယ်ကွ။ ဗဟုသုတ ငါတော်တော်ရှိပါတယ်။ ဒါမှတ်ထားကြ၊ သညာမှာ ငါသွားစွဲနေတယ်။ မခိုဘူးလား..။ ငါ့ပညာမျိုး ရှာမှရှားတယ်ကွ။ သင်္ခါရက္ခန္ဓာမှာ ငါသွားခိုနေတယ်။ ငါ့စိတ်မစမ်းနဲ့ဟေ့ ဝိညာဏက္ခန္ဓာမှာ စိတ်ဆိုတော့ ဝိညာဏက္ခန္ဓာမှာ ငါခိုနေတယ်။

ဒါဖြင့် ခန္ဓာငါးပါးသည် ဒိဋ္ဌိဝိစိကိစ္ဆာတို့၏ ခိုကပ်ရာဌာနဆိုတာ ကျေနပ်ပလား..(ကျေနပ်ပါပြီ) ခန္ဓာငါးပါးမှာ ဘယ်သူကပ်နေသတုံး....(ဒိဋ္ဌိဝိစိကိစ္ဆာပါ) မှတ်ထား။ ခန္ဓာ ငါးပါးမှာ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ကပ်တယ်။

ကိုင်း..ဒါဖြင့် ခန္ဓာနဲ့ ဒိဋ္ဌိဝိစိကိစ္ဆာနဲ့ ကွဲအောင်လုပ်ရလိမ့်မယ်။ ခန္ဓာကနေ ခွာထုတ်ရလိမ့်မယ်။ ခန္ဓာရှိရင် ကပ်မယ်။ ခန္ဓာမရှိရင် မကပ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီ . . ဒါက တရားကိုအခြေက တည်ပြောနေတဲ့ အတွက် ဦးသံဒိုင်တို့က သည်းခံနားထောင်ရမယ်၊ အခြေက တည်ပြောနေတာဖြစ်လို့ က၊ ကြီး ခ ခွေး စသင်နေတယ်လို့ အောက်မေ့ပါ။ သဘောကျရဲ့လား . . . (တင်ပါ့ဘုရား) ကဲ . . အခြေကစ ပြောမယ်နော် . . . .။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ ဘယ်မှာကပ်နေသတုံးဗျ . . . (ခန္ဓာငါးပါး မှာကပ်နေတယ်) ခန္ဓာငါးပါးကို ဘယ့်နှယ်ကြောင့် သူကပ်သတုံး လို့မေးပါ။ ခင်ဗျားတို့ ပိုပြ့်တွေအကုန်မေး၊ မေးလို့ရှိရင် ဘုန်း ကြီးကဖြေဖို့။ ဘယ့်နှယ်ကြောင့် သူကပ်နေသတုံး။ အိုခန္ဓာငါးပါး ဖြစ်ကြောင်း မသိလို့ ကပ်တယ်ကွ ချုပ်ကြောင်းမသိလို့ ကပ် တယ်ကွ။ ရှင်းပြီလား။

ခန္ဓာငါးပါးဖြစ်ကြောင်းမသိလို့ ဒိဋ္ဌိဝိစိကိစ္ဆာကပ်တယ်။ ခန္ဓာငါးပါးချုပ်ကြောင်းကို မသိလို့ ဘာလဲ။ ဒိဋ္ဌိဝိစိကိစ္ဆာကပ် တယ်။ ဒါဖြင့် ဖြစ်ကြောင်း ချုပ်ကြောင်း နားလည်တာကို အရင်ပြရလိမ့်မယ်။ မပြရပေဘူးလား . . . (ပြရပါမယ်)။

ဒါဖြင့် ဖြစ်ကြောင်းဖြင့် ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ်ကို ပြရလိမ့်မယ်။ ချုပ်ကြောင်းဖြင့် ချုပ်ကြောင်း ပဋိစ္စသမုပ္ပါဒ် ကို ပြရလိမ့်မယ်။ ဒါနှစ်ခုမပြဘဲနဲ့ ဒိဋ္ဌိကွာပါတယ်ဆိုရင် ခင်ဗျား တို့ အုန်းသီးဆိသုတ်ပြီးမျိုလို့ ရရင်သာရမယ်၊ ပဋိစ္စသမုပ္ပါဒ် မပါရင် ဒိဋ္ဌိက ကွာကိုမကွာဘူး။ ရှင်းပြီလား။

စာမှာတော့ ရုပ်နာမ်ကွဲရင် ဒိဋ္ဌိဝိစိကိစ္ဆာ ကွာတယ်လို့ ရေး ကြလိမ့်မယ်။ မဟုတ်သေးဘူးလေ တစ်ဆင့် ကျန်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်ကျန်နေတယ်။ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ခန္ဓာပေါ်လာတယ်။ ခန္ဓာပေါ်မှ သူကကွာတယ်။ ရှင်းရဲ့လား။

ဒါဖြင့် ခန္ဓာဖြစ်ကြောင်းဟာလည်း ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း ခန္ဓာ၏ ချုပ်ကြောင်းဟာလည်း ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်း။ ရှင်းပြီလား။ ဒါဖြင့် ဘာနားလည်မှ ဒိဋ္ဌိဝိစိကိစ္ဆာကွာမှာလဲလို့ မေးဖို့မလိုဘူး။ ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်း နားလည်မှ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်း နားလည်မှ ဒိဋ္ဌိရော ဝိစိကိစ္ဆာရော ကွာမယ်။

ဒါဖြင့် ခန္ဓာအရင်ပြရမှာလား၊ ပဋိစ္စသမုပ္ပါဒ် အရင်ပြရမှာလား . . . . (ပဋိစ္စသမုပ္ပါဒ်ကို အရင်ပြရပါမယ် ဘုရား)။

ဒီခန္ဓာကြီးဟာ ဘာခန္ဓာတုံးလို့မေးလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်နေတဲ့ ခန္ဓာ။ ဦးသံဒိုင် ခန္ဓာ၊ ဘုန်းကြီးခန္ဓာ၊ ဦးထွန်းရင်ခန္ဓာ၊ သဘောကျရဲ့လား။

ဒါဖြင့် သူမှ နားမလည်ဘဲနဲ့ ဒီခန္ဓာကြီး စုပေါင်းထားတာကြီး ဦးသံဒိုင် ကိစ္စပြီးပါ့မလား။ ဖြစ်ကြောင်းလည်း မသိဘူး၊ ချုပ်ကြောင်းကိုရော (ချုပ်ကြောင်းလည်း မသိပါဘုရား) မသိလို့ရှိရင်ဖြင့် ပဋိစ္စသမုပ္ပါဒ် နှစ်ခုလုံး နားလည်ဘူး။

ထိုကဲ့သို့ နားမလည်လို့ရှိရင် ဒိဋ္ဌိက ခန္ဓာကပေါ်လာတာကို ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်နေတယ်ဆိုတဲ့ ဥစ္စာဟာ အခြေအမြစ်နဲ့တကွ ပယ်မပ္ပစ်တဲ့အတွက် ကျုပ်တို့မှာ ဒိဋ္ဌိဝိစိကိစ္ဆာ ကပ်မြဲကပ်မယ်လို့ ဒါယကာသေသေချာချာ မှတ်ပါ။ ဒါ ဘုန်းကြီးဝတ္တု သက်သေ သာဓကတွေနဲ့ ထုတ်ပြပါလို့ဆိုရင် ပြမယ်၊ ဖြည်းဖြည်းပေါ့။ ခင်ဗျားတို့ မေးပေးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း . . . . ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြကြစို့နော် . . . ဘာပြရမလဲ . . . .(အဝိဇ္ဇာကနေ ပြရပါမယ်) ဟင့်အင်း . . မပြနိုင်ဘူး၊ အဝိဇ္ဇာက အတိတ်အကြောင်းတွေပဲ၊ ခင်ဗျားတို့နဲ့ မဆိုင်ဘူး၊ ခင်ဗျားတို့ ပြီးခဲ့ပြီ။ အဝိဇ္ဇာသင်္ခါရကြောင့် ခင်ဗျားတို့ ခန္ဓာတွေ ဖြစ်နေပြီ၊ လွန်ခဲ့ပြီ၊ ခင်ဗျားတို့ ပြန်သွားလို့ မရတော့ဘူး၊ ပြန်သွားလို့ မရတော့ဘူး၊ ရှင်းပြီလား။

ဒါကြောင့် ဘုန်းကြီးများဆီကို ကိုးကွယ်ဆည်းကပ်တယ်ဆိုတာ ပွိုင့်ကိုအရေးအကြီးဆုံးပဲ၊ ပွိုင့်ကို အရေးအကြီးဆုံးပဲ။ လာပြီး ခိုကြ ကပ်ကြတာပေါ့လေ . . . . (တင်ပါ့ဘုရား) ခိုကြကပ်ကြရတာ။

ဦးထွန်းရင် ပြောနေတာ ဘုန်းကြီးတို့သာပြီးတော့တန်းနေတာပဲ။ အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာဖြစ်လာတယ် မဆိုပေဘူးလား . . . .(ဒီလိုပဲ နားလည်ပါတယ်) ဒီလိုပဲနားလည်တယ်။ မဟုတ်ပါဘူး. . . . တဲ့ ဒီဥစ္စာ။ ပင်ကိုအကြောင်း ဘုရားဟောထားတာလည်း မဟုတ်ဘူးလား ဆိုတော့ ပင်ကိုအကြောင်း ဘုရားဟောထားတာကတော့ ဟုတ်ပါတယ်။ ခင်ဗျား ဒိဋ္ဌိ၊ ဝိစိကိစ္ဆာခွာဖို့ ဒီလိုမဟုတ်ဘူး။ သဘောကျရဲ့လား။

ခင်ဗျား. . .ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ခန္ဓာပေါ်မှာ ခွာဖို့ကျတော့သူမဟုတ်ဘူးတဲ့။ သူက ခင်ဗျားတို့၏ ဟိုမူလဘူတက အတိတ်ဘဝကအကြောင်း ဖြစ်နေတယ်။ မယုံရင် စဉ်းစားကြည့်တော့။ ဘုန်းကြီးရှင်းပြမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက နောက်ဘဝက သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာ။ အဝိဇ္ဇာကို ခင်ဗျားတို့က လက်သပ်မွေးခဲ့တဲ့အတွက်၊ မခွာနိုင်တဲ့အတွက် ဟိုဘဝက ဆုတောင်းတဲ့ တဏှာ မလာပေဘူးလား ..(တင်ပါ့) ဟို ဘဝရောက်ကြောင်း ကုသိုလ်တွေမလုပ်ပေဘူးလား။ ကုသိုလ်လုပ်တော့ ဒီဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး မပေါ်ပေဘူးလား(ပေါ်ပါတယ် ဘုရား)။

ပေါ်တော့ ခန္ဓာငါးပါးနဲ့ ပေါ်တယ်။ သူ့သတ်နိုင်သေးသလားဆိုတော့ လွန်ကုန်ပြီ။ အဝိဇ္ဇာ၊ သင်္ခါရ သတ်နိုင်သေးရဲ့လား (မသတ်နိုင်ပါဘုရား) ဘယ်သတ်နိုင်မလဲ၊ လွန်ကုန်ပြီ။ သူတို့ပြုထားတဲ့အတွက် ကျုပ်တို့အကျိုးထဲ ရောက်နေပြီ (ဟိုကအရှိန်နဲ့ ဒီရောက်နေတယ်ဘုရား)။

ဟိုက အရှိန်နဲ့ ဒီရောက်နေတာကို ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သူ့အကျိုးဆက်ခံရုံပဲ ရှိတော့တယ်။ မဟုတ်ဘူးလား...(ဟုတ်ပါတယ်) သူ့အကျိုးဆက်ခံ။ သူကအကြောင်းဖြစ်နေတယ်။ သူ့အကျိုးဆက်ကို ကျုပ်တို့ တွေ့ကြုံနေပြီ။

ကျုပ်တို့ သတ်ရမှာက ဒီအကျိုးထဲပေါ်တဲ့ အဝိဇ္ဇာသင်္ခါရကို သတ်ရလိမ့်မယ်။ သူတော့ မသတ်နိုင်ဘူး။ ရှင်းပြီလား .. (ရှင်းပါတယ် ဘုရား)။

ဒီအထဲ နောက်ထပ်ပွားလာမှာတော့ သတ်ရမယ်၊ ဒီထဲတစ်ခါသတ်ရမယ်။ ဒီကဟာကို မသတ်နိုင်ဘူး။ ဘုရားလည်း မသတ်နိုင်ဘူး ဒီကဟာကို။ သတ်နိုင်ပါ့မလား.... မသတ်နိုင်လို့

www.burmeseclassic.com

www.burmeseclassic.com



ခံရတာပေါ့၊ မသတိနိုင်လို့ဘဲ ခန္ဓာကြီးကို အိုဘေး၊ နာဘေး၊ သေဘေးနဲ့ ကျုပ်တို့တွဲနေရတာပေါ့။ ရှင်းပြီလား . . .(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒါတွေဖြုတ်၊ အတိတ်ကဖြစ်တဲ့ အဝိဇ္ဇာ သင်္ခါရဖြုတ်နော်။ ဒီထဲမှာ ပွားစီးလာမယ့် အဝိဇ္ဇာသင်္ခါရကို ကျုပ်တို့ သတ်ရမယ်။ သဘောကျပလား။

ယခု ဒါက ပစ္စုပ္ပန်ခန္ဓာနော်။ ပစ္စုပ္ပန်ဆိုရင် အခုဘဝမှာ "ပရဲဇင်း" ပေါ့ဗျာ၊ ပစ္စုပ္ပန်ခန္ဓာ . . . .။

ဒါဖြင့် အခု အဝိဇ္ဇာသင်္ခါရ ဘယ်ထဲမှာ ရောက်သတုံးလို့ မေးလို့ရှိရင်ဖြင့် ဒီထဲမှာရောက်နေတယ်၊ ပစ္စုပ္ပန်ခန္ဓာထဲမှာ ရောက်နေတယ်။ သဘောကျပလား။ အဲ . . .သူတို့နဲ့ တွဲပြီး သကာလ အဝိဇ္ဇာက မသိလို့ ဒိဋ္ဌိက ကပ်နေတယ်။ အဝိဇ္ဇာက မသိလို့ ဝိစိကိစ္ဆာက ကပ်နေတယ်။ ရှင်းပြီလား။

ဒါဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကပ်နေတာ သိလို့ရှိရင်ဖြင့် ကျုပ်တို့ ပစ္စုပ္ပန် အဝိဇ္ဇာ ရှိသေးရဲ့လား . . . .(မရှိပါဘုရား)။

ဟော ဝိဇ္ဇာဖြစ်သွားပြီ။ ဒီဝိဇ္ဇာရှိတဲ့ ပုဂ္ဂိုလ် သင်္ခါရအလုပ်ကို နောက်ထပ် လုပ်ဦးမလား . . . .(မလုပ်တော့ပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာခွာလိုက်ရင် အဝိဇ္ဇာနဲ့ သင်္ခါရအလိုလို ပြုတ်တော့မယ်။ ပေါ်ပလား၊ မပေါ်သေးရင်။ ဦးသံဒိုင် ပေါ်ပလား။

ဒါဖြင့် . . . .ပစ္စုပ္ပန် ခန္ဓာထဲမှာရှိတဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကို ကျုပ်တို့သတ်ရမယ်၊ ဘာနဲ့ သတ်ရမတုံးဆိုတော့ ဝိဇ္ဇာနှင့်

www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရနှင့် သတ်ရမှာပေါ့ ဗျာ။ ပေါ်ပလား ဝိဇ္ဇာနှင့် အသင်္ခါရ။ အသင်္ခါရဆိုတာ မပြုတာ၊ သင်္ခါရဆိုတာ မပြုတာ၊ သင်္ခါရက ပြုတာကိုးဗျ။

ကဲ... ဒါတွေ သံသရာရှည်တယ်၊ ငြင်းခုံတယ်။ ဆရာဒကာ ချင်း ရင်းနေကြပြီ။ မျက်စိရှင်းမှ ခင်ဗျားတို့ပြန်၊ အလုပ်လုပ် တတ်မှပြန်နော်။ အလုပ်လုပ်တတ်မှ ပြန်၊ ငြင်းခုံတယ်ဆိုတာ မလုပ်ကြနဲ့ ကြားလား။

ကဲ... ဒါဖြင့် ဦးထွန်းရင် ဒီဘက်က အဝိဇ္ဇာသင်္ခါရဖြုတ် လိုက်တာ ကျေနပ်ပြီနော်....(တင်ပါ့ဘုရား)။

သူ့ကို ကျုပ်တို့က ပြီးပြီးသား အကြောင်းမို့ သတ်ငြားသော် လည်း ခရီးပေါက်သေးရဲ့လား....(မပေါက်ပါဘုရား)။

မပေါက်တော့ဘူး။ သူမျိုးစေ့တောင် ဒီကျနေပြီ။ သူ့မျိုးစေ့ ထဲကနေပြီးတော့ အဝိဇ္ဇာသီး၊ သင်္ခါရသီး မသီးပါစေနဲ့ဆိုတော့ လဲ....(အသီး သီးတော့မှာပါ ဘုရား)။

ဟင်း သီးပါပြီ။ အခု ဒီအထဲမှာ နောက်ထပ်မသီးဖို့ဘဲ ကျုပ်တို့ အရေးကြီးပါတယ်။ သူက ဒီခန္ဓာကိုယ်ကြီးကနေပြီး အဝိဇ္ဇာသီး၊ သင်္ခါရသီး မသီးဖို့ဘဲ အရေးကြီးတယ်။ သူက အဝိဇ္ဇာ သင်္ခါရကြောင့်တော့ အပင်ကြီးဖြစ်လာပြီ။ ခန္ဓာပင် ကြီး မဖြစ်သေးဘူးလား...(ဖြစ်ပါပြီဘုရား)။

ဒီအထဲမှာ အဝိဇ္ဇာသီး၊ သင်္ခါရသီး သီးဦးမယ်ဆိုရင် သွား ရော။ ဆုံးနိုင်ပါဦးမလား...(မဆုံးနိုင်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးမဆုံး မိုးမဆုံးသွားဖို့ပဲ။ အဲဒါကြောင့် ဒီအထဲမှာ အဝိဇ္ဇာသိမ်း၊ သင်္ခါရသိမ်း မသိမ်းရအောင်၊ ဒီအထဲမှာ ဝိဇ္ဇာနှင့် အသင်္ခါရဖြစ်အောင် ဘုန်းကြီးက လုပ်ပေးရမယ်။ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ကြောင်း လုပ်ပေးရမယ်၊ ဒီခန္ဓာကြီးကို သိတဲ့နည်းနဲ့ ပေါ့ဗျာ။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ပေးရမယ်။ သင်္ခါရကို အသင်္ခါရဖြစ်အောင် လုပ်ပေးရမယ်။ အသင်္ခါရဆိုတာ မပြုပြင်တတ်အောင် ပေါ့ဗျာ။ နည်းနည်း သဘောရှင်းလာပြီ မဟုတ်လား . . . . (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့် ခုနကပြောခဲ့တဲ့ ဦးသံဒိုင်တို့ ဦးထွန်းရင်တို့ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ အရေးကြီးတယ် . . . (တင်ပါ့ဘုရား)။

သဘောပါရဲ့လား၊ ဒါအခု ခန္ဓာငါးပါးဟာ ပစ္စုပ္ပန်ပေါ့နော်။ ခန္ဓာငါးပါး အခုရှိနေတဲ့၊ ဦးသံဒိုင် အခုထိုင်နေတဲ့ ခန္ဓာငါးပါးဟာ ပစ္စုပ္ပန်။ ဦးထွန်းရင် ထိုင်နေတဲ့ ခန္ဓာငါးပါးဟာ ပစ္စုပ္ပန်၊ သဘောပါရဲ့လား . . . (ပါ ပါပြီ ဘုရား)။

ဒါဖြင့် ဒီခန္ဓာငါးပါး အခုပေါ်နေတဲ့ ခန္ဓာငါးပါး၊ အခုပဋိစ္စသမုပ္ပါဒ်။ အခု ခန္ဓာငါးပါးကို အခုပေါ်နေတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကျုပ်တို့ပြဖို့ အရေးကြီးတယ်။ အတိတ် ပဋိစ္စသမုပ္ပါဒ်လည်း ပြဖို့ အရေးမကြီးဘူး။ အနာဂတ် ပဋိစ္စသမုပ္ပါဒ်ကိုလည်း ပြဖို့ အရေးကြီးဘူး။ အခုဟာ ရှင်းသွားရင် ဟိုအနာဂတ် ပြတ်သွားမှာပဲ။ သဘောကျရဲ့လား . . . . (တင်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အခုဟာ ရှင်းရင် သေသေချာချာ ပြတ်မယ် . . . (မှန်ပါ) ပြတ်မယ်။

အဲဒီတော့ ပြောကြပါစို့။ ဩော် . . . ဒါနဲ့ ပဋိစ္စသမုပ္ပါဒ်မှာ ဘယ်နှမျိုးပါလိမ့်မတုံးဆိုတော့ အတိတ် ပဋိစ္စသမုပ္ပါဒ်ကိုလည်း ကျုပ်တို့နဲ့မဆိုင်လို့ ကျင့်ဖို့ကြံဖို့မလိုဘူး . . .၊ အနာဂတ် ပဋိသမုပ္ပါဒ်ကိုလည်း မလာသေးလို့ ကျုပ်တို့က ဖြတ်ဖို့မလို။ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်မှာ မကောင်းတာကို မပွားဖို့၊ကောင်းတာကိုသာပွားဖို့။ အဲဒါဘုန်းကြီး အဖြေပေးမယ်။ ရှင်းပြီလား။

ပစ္စုပ္ပန် ခန္ဓာကြီးအပေါ်၌၊ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးအပေါ်၌ တဏှာ, ဥပါဒါန်, ကံမလာဘူး။ သဘောကျရဲ့လား။ တဏှာလာရင် ဥပါဒါန်လာမယ်။ ဥပါဒါန်လာရင် ကံလာမယ်။ ကံလာရင် နောက်အနာဂတ် ဇာတိ, ဇရာ မရဏ မလာပေဘူးလား (လာပါတယ်)ရှင်းရဲ့လား . . . (ရှင်းပါတယ်)။

ဒါလောက်တော့လေ့လာဖူးလိမ့်မယ်နော်၊ ဒါကိုဘုန်းကြီးက အကျယ်မပြောတော့ဘူး။

ကဲ . . . ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာထဲက အဝိဇ္ဇာ၊ တဏှာ၊ ကံတွေ မပေါ်ဖို့အရေးကြီးတာပေါ့ဗျာ။ ပစ္စုပ္ပန်ခန္ဓာ အစွဲပြုပြီးသကာလ အဝိဇ္ဇာ၊ တဏှာ၊ ကံတွေမပေါ်လို့ရှိရင်ဖြင့် ကျုပ်တို့ဒီအနာဂတ် ခန္ဓာဆိုတာ မပြတ်ပေဘူးလား၊ ပြတ်မယ်လား . . . (ပြတ်ပါတယ်)။

ပြတ်မှာပဲ။ သဘောကျရဲ့လား။ ဒါဖြင့် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ် ပြကြစို့ . . . ခုမှ ဒီရောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဟာတွေ ပါဠိတွေကတော့ ပစ္စုပ္ပန်နော် . . .။

ဒီခန္ဓာငါးပါးဟာဖြောကြတို့ . . . အမေမွေးတဲ့ခန္ဓာလည်း ဘုန်းကြီးကမလိုချင်ဘူးဗျ။ အဝိဇ္ဇာ၊ သင်္ခါရတို့ သည်အကြောင်းတွေဖြစ်နေတယ်။ အဲဒီခန္ဓာငါးပါးလည်း မလိုချင်ဘူး၊ ယခုမွေးစ ခန္ဓာငါးပါးကို လိုချင်တယ်။

ကိုင်း. . . ဦးသံဒိုင်၊အမေမွေးတဲ့ခန္ဓာငါးပါး မလိုချင်ပါဘူးတဲ့၊ ချုပ်ပျောက်ကုန်ပြီတဲ့၊ ခင်ဗျားတို့ ဟောရင် အပိုပေါ့၊ အဲဒါလည်း မလိုချင်ဘူး ကျုပ်က ဘာ့ကြောင့်တုံး. . .၊ ပစ္စုပ္ပန်မကျလို့။

အမေမွေးတဲ့ ခန္ဓာငါးပါးက ဖြစ်ခဲ့ပျက်ခဲ့ပြီ၊ ဘာမှတစ်တိုတစ်စမှ ခင်ဗျားကို မပါလာဘူး။ ဘုန်းကြီးရှေ့မှာ ခုတရားနာနေတဲ့ ခန္ဓငါးပါးသာ လိုချင်တာ။ လိုချင်တာက၊ နာရီအချိန်ကိုက်နေတဲ့ ခန္ဓာလား. . .။

အင်း. . . ဒီအချိန်လိုချင်တာ၊ ဒီအချိန်လိုချင်တာ။ ဒီပြင်ဟာလိုကို မလိုချင်ဘူး။ စောစောကတည်းက ဦးသံဒိုင်လည်း သိပြီးသား။ အတိတ်အကြောင်းကြောင့်ပစ္စုပ္ပန်အကျိုးတရားတွေဖြစ်လို့၊ပစ္စုပ္ပန်အကျိုးဟာ မျက်စိတစ်မှတ်ကုဋေငါးထောင်ကျော်ရခဲ့လို့ခင်ဗျားတို့ တစ်တိုတစ်စမှ ပါမလာခဲ့တော့ဘူး။ ဒါချည်းတွေ့အောင် ရှင်းချင်လို့ရော ရှာလို့ရပါဦးမလား၊လွန်ကုန်ပြီ။ ရှေ့ပြောရုံပဲ ရှိတော့တယ်။

အဲဒီတော့ ယခုအချိန်မှာပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို လိုချင်တယ်။ ယခုအချိန်ပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ယခုဉာဏ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးရမယ်။ အတိတ် ရှုမှမရှုကောင်းဘဲကိုးဗျ။ ဝိပဿနာ လုပ်နေလို့၊ ဝိပဿနာလုပ်နေရင် ပစ္စုပ္ပန်တည့်ရမယ်။ သဘော ကျရဲ့လား . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားဟာ အမေမွေးလာကတည်းက ကျုပ်တို့ဆီကို ပါလည်းမပါဘူး။ ရှိလည်းမရှိဘူး။ အဲဒါလည်း **စကားထဲ** ထည့်ပြောရလိမ့်မယ်လို့အောက်မေ့မနေနဲ့ ဦးသံဒိုင် . . (တင်ပါ့ ဘုရား) ခုပေါ်တာခုတွေ့ချင်တာပဲ ဘုန်းကြီးက။ သဘောကျ ပါရဲ့လား။ အင်မတန် အရေးကြီးတဲ့အချက်။

ဆရာတော် သမားတော်တွေ သွားမေး၊ မဖြေတတ်တော့ ကိုထွန်းရင် **စ,သလို စ,**မှာပဲ။ စ,နေရင် တစ်လုံးမှမဟုတ်ဘူး သာ အောက်မေ့ထား။ ဟော–ရှုတ်ချတာလား ဆိုတော့ မဟုတ်ပါဘူး၊ ရှိမှမရှိနိုင်တာချည်း။ သူ့–ထည့်ပြောနေလို့ ရှိနိုင်ပါ့မလား။

ခင်ဗျားခန္ဓာငါးပါး၊ ထ,တဲ့နာမ်ရုပ်ဟာ ထိုင်,တဲ့အချိန်မှာ မပါတာချည်း။ အမေမွေးထားတာချည်း ဘယ်ကလာထည့်လို့ ရမတုံးဗျ . . ။ ရပါ့မလား . . ၊ ဦးထွန်းရင်ကော ရပါ့မလား . . . .(တင်ပါ့ဘုရား မရပါ)။

မရလို့ရှိရင် အဲဒါ ဝိပဿနာရှုလို့ရှိရင်ကော ဖြစ်ပါ့မလား၊ ကုန်ခဲ့– လွန်ခဲ့တာတွေ . . . (မရပါဘုရား) မီးလောင်ပြီးသား သွားငြိမ်းနေလို့ ခင်ဗျားရေကုန်ရုံပဲရှိမှာပေါ့။ မဟုတ်ဘူးလား။ မီးလောင်လို့ ပြာတောင်မရှိတာ ခင်ဗျားက ရေသွားလောင်း နေရင် အရှုံးလားမေးမှာပေါ့ . . . (မှန်ပါ့ မေးပါမယ်ဘုရား)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရှုးတွေ ပျောက်အောင်လို့ဘုန်းကြီးဆီလာကြရတာ။ သဘောပါရဲ့လား။ ဒါဖြင့် ပစ္စုပ္ပန်တည့်တဲ့ ခန္ဓာပေါ်ဖို့အရေးကြီးတယ်။ ရှင်းပြီးလား . . .(တင်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ကိုယ့်ဆရာသမားကို အားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ကြည့်တဲ့အခါ မတူပါလားဆိုပြီး တရားဆန်းလို့ မှတ်လိမ့်မယ်တဲ့။ သဘာဝတ္တအကိုက်ကို ပြောနေတာ၊ သဘောကျရဲ့လား။ တရားဆန်းလို့ မအောက်မေ့နဲ့။ မသိလို့ သိမ်းပိုက်ပြီး ဟောနေတာတွေကို ဘုန်းကြီးတို့က မဆိုလိုပါဘူး။ သူမသိလို့ ဟောနေတာပဲ။

ဦးထွန်းရင် ငေးများနေသလား . . .(မငေးပါဘုရား) သဘောကျရဲ့လား (နာနေတုန်းပါဘုရား)။

ဦးသံဒိုင်နဲ့ ဦးထွန်းရင် ဩော်. . .တို့ ဝိပဿနာ ရှုရမှာက ဒိဋ္ဌိ ဝိစိကိစ္ဆာ ခွာရမှာပါကလား။ ဘယ်ခန္ဓာကို ခွာရမတုံးဆိုတော့ ခုနကသင်ပြလိုက်တာ "ခန္ဓာငါးပါးကိုခွာ " သင်လိုက်တယ်။ ဘယ်ခန္ဓာငါးပါးတုံးဆိုတော့ ပစ္စုပ္ပန်ခန္ဓာငါးပါးခွာလိုက်လို့ပြောလိုက်တယ်။

ပစ္စုပ္ပန်ထဲကမှ ရောက်ဆဲ ပစ္စုပ္ပန်ခွာပါ. . .။ လာရပြန်ပြီ ရောက်ဆဲပစ္စုပ္ပန်။ အခုဖြစ်ဆဲ ပစ္စုပ္ပန်။ ဒီမှာ ခွာရမယ်။ ပေါ်ပလား. . . ဦးသံဒိုင်. . . (ပေါ်ပါပြီဘုရား နောက်ကဖလင်ပေါ်က အကွက်ကလေးတစ်ကွက်ပဲ)။

ဒါပဲ ခုပြနေတဲ့ "ဘက်ဂရောင်း" ပြတာတွေကြည့်။ နောက်ဖလင်လိပ်ကြီးထဲကဟာတွေ သွားကြည့်မနေနဲ့ . . .။

www.burmeseclassic.com

www.burmeseclassic.com



သွားကြည့်မနေနဲ့။ ဒါ–သေသေချာချာမှတ် . . .။

(ခု–သိပ်နားလည်တယ်ဘုရား၊ တပည့်တော် ခုဘော့မှ နားလည်ပါတယ်)။

အေး . . . ကောင်းပြီလေ၊ ဟိုက နားမလည်လည်း ထပ်ပြီး ဖြည့်တာပေါ့။ အခုနားလည်တယ်ဆိုလို့ရှိရင်လည်း ဘုန်းကြီးမှာ အသစ်ဓမ္မဒါနအဖြစ်နဲ့ ဝေဖန်နိုင်တယ် . . .၊ ဝေဖန်နိုင်တယ်၊ သတိပေးတာပါ။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာငါးပါးကို ပစ္စုပ္ပန်ဉာဏ်နဲ့ကြည့်နော်၊ ကြည့်ပုံကလေးပြောစမ်းပါဦးဆိုတော့ ပေါ်ပုံမှ မသိသေးဘဲနဲ့ ကြည့်ပုံကိုဘယ်လိုဟောနိုင်ပါ့မလဲ၊ ပေါ်ပုံကို အရင်ပြောဦးမယ်၊ သဘောကျရဲ့လား။

ကိုင်း . . . ပေါ်ပုံပြောဦးမယ်။ ဦးသံဒိုင်ရဲ့ . . . ဆိုင်ကနားတိုက်တာ သားသမီးပေါ့လေနော် . . .။ ဒီတော့ ဦးသံဒိုင်ရဲ့မျက်လုံး မျက်လုံးနှစ်ခုဆိုင်တဲ့ ကုန်ပစ္စည်းတွေနဲ့ သွားတိုက်တဲ့အခါကျတော့ မြင်စိတ်ပေါ်တယ်။လူတိုင်းသိတယ်။ မြင်စိတ်ပေါ်တယ်။

အဲဒီတော့ ဒီမြင်စိတ်ဟာ အိမ်ကပါလာတဲ့မြင်စိတ်လား၊ (မဟုတ်ပါဘုရား) အခုမှပေါ်လာတဲ့မြင်စိတ်။

ဒါဖြင့် ဒီမျက်လုံးကလည်း အိမ်ကပါလာတဲ့မျက်လုံးလားလို့ မေးလို့ရှိရင် အိမ်ကပါလာတဲ့ မျက်လုံးဟာ လျှပ်တစ်ပြက် တောင်မခံပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဒီမျက်လုံးကလည်း ဒီဆိုင်နားရောက်မှပေါ်တဲ့ မျက်လုံးမဟုတ်ဘူးလား . . .။ ဒီကုန်ပစ္စည်းတွေကလည်း မနေ့ကထားတဲ့ကစ္စည်းလား . . . သူတို့လည်း မဟာဘုတ် လေးပါးအဆက်ဆက်နဲ့ လဲနေတော့ ခုမှ ခင်ဗျားရှေ့မှောက် ရောက်မှ ပေါ်လာတဲ့ပစ္စည်း၊ သဘောကျရဲ့လား။

ဒါဖြင့် . . .ပစ္စည်းကလည်း ပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်။ အခုခဏပစ္စုပ္ပန်ပေါ့ဗျာ. . . သဘောကျရဲ့လား။ အခု ဒီမျက်လုံး ကလည်း အိမ်ကပါလာတဲ့မျက်လုံးမဟုတ်ဘူး။ ယခုဒီနားကျမှ ပေါ်လာတဲ့ မျက်လုံးအသစ်၊ပစ္စည်းအသစ်၊ ဟုတ်လား . . .၊ စိတ်အသစ်မဆိုနိုင်ဘူးလား။ ပြီးတော့မှ အကောင်း၊ အဆိုးရွေးတာလည်း ဒီနားကျမှ၊ အကောင်း၊အဆိုးရွေးတဲ့ ဝေဒနာကလည်း အသစ်မဆိုနိုင်ဘူးလား . . .။ မှတ်သားတဲ့ သညာကလည်း အသစ်ပဲလို့ မဆိုနိုင်ဘူးလား။ အိမ်ကပါလာ တာလည်း တစ်လုံးမှမပါဘူး။

ဒါဖြင့် ကြည့်လိုတဲ့စေတနာကလည်း အခုမှပဲပေါ်တယ်၊ သင်္ခါရက္ခန္ဓာကလည်း အသစ် . . .။

ဒါဖြင့် . . .ကျုပ်ခန္ဓာငါးပါး ခွဲလိုက်တော့မယ်နော် . . .၊ ဟောဒီအဆင်းရုပ်နဲ့ ဟောဒီခင်ဗျားမျက်လုံးက အသစ်ရူပက္ခန္ဓာ၊ ဒီဆိုင်ကျမှ ပေါ်တဲ့ အသစ်ရူပက္ခန္ဓာ မဆိုနိုင်ဘူးလား။

ဟောဒီ . . . နာမက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ လေးပါးကလည်း ခုမှပေါ်တဲ့ နာမက္ခန္ဓာလေးပါး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကရုပကန္ဓာ တစ်ပါးပဲထားပါတော့နော် . . . "ဒါဟာ အတိတ်ပဋိစ္စသမုပ္ပါဒ်နဲ့ အဝိဇ္ဇာ သင်္ခါရနဲ့လည်း မဆိုင်ဘူး၊ မဆိုင်သေးဘူး" ဆိုင်သေးရဲ့လား၊ မဆိုင်ဘူးဆိုတော့ ဒါအခု ဦးသံဒိုင် ဦးထွန်းရင်ရှိတဲ့ ယခုမှပေါ်တဲ့ခန္ဓာ၊ သဘောကျရဲ့လား။ အခုမှပေါ်တဲ့ ခန္ဓာငါးပါးဆိုတာ ကျေနပ်ပြီလား . . . (ကျေနပ်ပါပြီဘုရား)

ယခုမှပေါ်တဲ့ခန္ဓာငါးပါး၊ယခုမှ ပေါ်တဲ့ ခန္ဓာငါးပါးဆိုတော့ ခြောက် . . . အိမ်ကတစ်တိုတစ်စပါလာတာ မဟုတ်ဘူး။ အဝိဇ္ဇာသင်္ခါရနဲ့ အတိတ်အကြောင်းနဲ့လည်း မဆက်သွယ်ဘူး။ ဆက်သွယ်သေးသလား ဆိုင်ရောက်မှပေါ်လာတာ၊ ဆိုင်ရောက်မှပေါ်တဲ့ခန္ဓာငါးပါး။ ရှင်းပြီလား . . . ဘလောက်တိုက်ရောက်မှပေါ်တာ ခုင်ဗျားရှုပ်မနေနဲ့။

ဒါဖြင့် . . . ဒီလိုခန္ဓာငါးပါး ဦးသံဒိုင်၊ ဦးထွန်းရင်တို့က ဉာဏ်တည့်ရမယ်၊ ဉာဏ်တည့်ရမယ်၊ မတည့်ရဘူးလား။

အဲဒီတော့ ခန္ဓာငါးပါးဟာ ဦးထွန်းရင် အတိတ်အကြောင်းနဲ့ စပ်သေးသလားလို့မေးရင် ဘယ့်နှယ်ဖြေပါ့မလဲ (မစပ်ပါဘုရား) မစပ်ဘူး။

အနာဂတ်ရော ရောက်ပလားလို့မေးရင် . . (မရောက်သေးပါဘုရား)။

တပည့်တော်ဆိုင်က အခုမှ ခန္ဓာငါးပါး စ,ပြီး အသစ်ပေါ်လာရုံရှိပါသေးတယ်၊ ဒီလိုသိရမယ်မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ စာကဆိုတော့မြင်တယ်၊မြင်တာက နာမက္ခန္ဓာလေးပါးထဲက မြင်တာပေါ့ဗျာ...၊ မြင်တော့မှ ဒီကုန်ကလေးက မရောင်းရသေးဘူးကွာ၊ မရောင်းရသေးဘူးကွာ၊...ဆိုလို့ရှိရင်ဖြင့် အလိုမကျတဲ့ဒေါသ၊ မလာပေဘူးလား။

ဒီဒေါသက ဒါက သူ့ပစ္စုပ္ပန်ခန္ဓာက ပွားထွက်လာတယ်။ တစ်ခြားက ပွားထွက်လာတာမဟုတ်ဘူး...၊ခုပေါ်တဲ့ခန္ဓာငါးပါးထဲကမှ "တိဏ္ဏံ သင်္ဂတိဖဿော၊ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ"စာမှာဆိုတာ။ပေါင်းပေါ်တာလေးခုတစ်ပြိုင်နက်ပေါ်တာ...။

စာဆိုကို သွားမယူနဲ့။ စာ,တန်းမှမရေးလို့ရှိရင်...ဘယ်သူကဖတ်တတ်မှာတုံး။စာပြုပြင်ရေးပါဆိုရင် ဘယ်လိုမှမဖြစ်ဘူး။ ဖြစ်စဉ်က နာမက္ခန္ဓာလေးပါးဟာ တစ်ပြိုင်နက်ဖြစ်တယ်၊ တစ်ပြိုင်နက် ချုပ်တယ်...။

ဦးထွန်းရင် ကျေနပ်ပြီလား၊ ကျေနပ်ပြီနော်၊ စာကတော့ ဒီလေးခုရေးပြီးတော့ တစ်ခါတည်းချလိုက်တယ်၊ခင်ဗျားတို့က စာက လေးခုတန်းနေလို့ "တိဏ္ဏံသင်္ဂဖဿော၊ ဖဿပစယာ ဝေဒနာ၊ ဝေဒနာပစယည် တဏှာ" အမယ်လေး စာက စာရှည်ကြီး။

ဟ– စာဆိုက မှတ်တမ်း။ ဖြစ်စဉ်က ဒီလိုမဟုတ်ဘူး..။ ဖြစ်စဉ်က နာမက္ခန္ဓာလေးပါးတစ်ပြိုင်နက်ဖြစ်တယ်။ ရှင်းပြီလား။ နာမက္ခန္ဓာလေးပါး တစ်ပြိုင်နက်တည်း ရူပက္ခန္ဓာက ရူပက္ခန္ဓာ စုပေါင်းပြီးနာမက္ခန္ဓာလေးပါးဖြစ်စေတယ်။ ရှင်းပြီ

www.burmeseclassic.com

www.burmeseclassic.com



လား။

ရူပက္ခန္ဓာနှစ်ခုပေါင်းဆိုတာ ခင်ဗျားတို့မျက်လုံးပသာဒ ရုပ်က ရူပက္ခန္ဓာ၊ ဒီအဆင်းက ဆိုင်မှာရှိတဲ့ အဆင်းတွေက ရူပက္ခန္ဓာ၊ ဒီရူပက္ခန္ဓာနှစ်ခုပေါင်းပြီးသကာလ နာမက္ခန္ဓာလေးပါး ဖြစ်စေတယ်။ သဘောကျရဲ့လား . . .။

ဒါဖြင့် . . . ရုပ်, ရုပ်ချင်းထပ်လို့ရှိရင်ရူပက္ခန္ဓာဖြစ်တယ်။ နာမ်,နာမ်ချင်းထပ်လို့ရှိရင် နာမက္ခန္ဓာဖြစ်တယ်။ နာမ်ရုပ်က နာမ်ရုပ်ပေါ်လာတယ်။ ရှင်းပြီလား . . .။

ဒါ–အတိတ်လား၊ ပစ္စုပ္ပန်လားလို့မေးရင် ဦးသံဒိုင် ဘယ့်နှယ်ဖြေပါ့မလဲ . . .(ပစ္စုပ္ပန်ဖြစ်ပါတယ်)။

ပစ္စုပ္ပန်သက်သက်ပဲ၊ အတိတ်နဲ့ ဆက်သွယ်သေးသလားလို့ မေးရင် . . .(မဆက်သွယ်ပါဘုရား)။

မဆက်သွယ်ဘူး။ဒါဖြင့် အတိတ်အကြောင်းနဲ့လည်း မဆက်သွယ်ဘူး။ အနာဂတ်လည်း သူဆက်သေးသလားလို့ မေးလို့ရှိရင် . . . (မဆက်သွယ်ပါဘုရား) မဆက်သေးဘူး။ ခုခဏပဲ ရှိသေးတယ်။

ကောင်းပြီ . . . ဒါဖြင့် ဩော် တို့အခုရနေတဲ့ ခန္ဓာငါးပါး ကဖြင့် အမွေမွေးတဲ့ခန္ဓာငါးပါး၊ ဘယ်သူဖန်ဆင်းတဲ့ ခန္ဓာငါးပါး မှမဟုတ်ဘူး။ အာရုံပေါ်တော့ တိုက်ပြီးသကာလ ပေါ်တဲ့ခန္ဓာ ငါးပါး။ ဒါပဲရှိတယ်။ ဒါပဲရှိတယ်။ ဒါကဒွါရ၊ ဒါကအာရုံ၊ အာရုံနဲ့ ဒွါရတိုက်တော့ နာမက္ခန္ဓာလေးပါးပေါ်တယ်။ ပေါင်းလိုက်တော့ ခန္ဓာငါးပါး ဖြစ်သွားတယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဦးသံဒိုင် . . . ပစ္စုပ္ပန်အဖြစ်ဖြင့် ကျေနပ်ပလား။ ဦးထွန်းရင်ရောကျေနပ်ပလား ပစ္စုပ္ပန်ခန္ဓာငါးပါး။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာငါးပါးမှ ခင်ဗျားတို့ ဉာဏ်ပေးလိုက်လို့ရှိရင် အခုဖြစ်တာသိတာပေါ့။ အခုဖြစ်တာ ခင်ဗျားတို့သိမယ်မဟုတ်ဘူးလား။ အခုဖြစ်တာသိသွားလို့ရှိရင် အခုပျက်တာ ပေးလိုက်လို့ရှိရင်ဖြင့် ခင်ဗျားတို့ ဝိပဿနာဉာဏ်ချက်ချင်းရမယ်။ မရပေဘူးလား . . .။

ဝိပဿနာဉာဏ်ရတယ်ဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးက ဒါ – ဦးထွန်းရင်တို့ ဦးသံဒိုင်တို့နေရရာကျပြီဗျား။ ခင်ဗျားတို့ နဂိုစာအုပ်ကြီးနဲ့ ဆရာသမားတွေကလဲ၊ အင်း . . . စာဆိုတိုင်းပြောနေကြတယ်။ စာဆိုတိုင်းပြောနေကြတယ်။ ကွဲရမနော် စာဆိုတိုင်းပြောလို့ မဟုတ်တာတွေ တစ်ပုံကြီးပဲ။

နို့ ဘုရားဟောတော်မူတာက စာပဲမဟုတ်လား။ အို ဘုရားဟောတော်မူတာ ခန္ဓာကြည့်ဟောတာပါ။ ဘုရားကလည်း စာမှမထားခဲ့သေးဘဲ။ ဘုရားပရိနိဗ္ဗာန်စံလို့ ခုနစ်နှစ်ရှိမှ ပေါ်လာတဲ့စာ။ ဘာဆိုင်တာမှတ်လို့။ ဒီစာ မဟုတ်ဘူးလား . . . (တင်ပါ့)။

ဒါ–မယူပါနဲ့၊ ဒါ–မယူပါနဲ့ . . . တဲ့။ ယခုအဲဒီစာကို ထိုးတွင်းသိတဲ့ဆရာကဟောလို့ ပစ္စုပ္ပန်ခန္ဓာယူပါ . . .။

ဦးထွန်းရင် . . . ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။ ကဲဒါဖြင့် သဘောကျပလား၊ပစ္စုပ္ပန်ခန္ဓာငါးပါး။ ဒါဆိုတော့ ဘုန်းကြီးက ဉာဏ်သွင်းလို့ လွယ်တယ်။ (သင်္ခါရဉာဏ်ရော ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



သင်္ခါရဉာဏ် . . . အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ ဟော . . သင်္ခါရရှင်းပေးမယ် နေဦး– သင်္ခါရကွန္တာမှာ မရှင်းတော့ဘူး။ ပြန်ပြီး ဖွင့်လိုက်မယ်နော် . . . မေးပါ၊မေးလို့ဖြေရတာ အဖိုးတန်တယ်။

ဥပမာ... ဒါက ကံကပေးတယ် ဦးသံဒိုင်ရဲ့။ ကံကအခုမှ လုပ်ပေးတယ်။ ဆိုက်ရောက်မှ ထည့်လိုက်တဲ့မျက်လုံး ဆိုက်ရောက်မှ ထည့်တဲ့မျက်လုံး။ အတိတ်ကံက မျက်လုံးကတော့ ချုပ်ချုပ်ပြီးခဲ့ပါပြီပေါ့ . . .။

ဒါဖြင့် ဒါဟာ ယခုဆိုင်နားကျမှ ဖျတ်ခနဲပေါ်လာတဲ့ မျက်လုံး။ ဒါကလည်း အထုပ်တွေက၊ ဟိုမှာ အမျိုးမျိုးကုန် ပစ္စည်းတွေက အကုန်ပြောင်းလဲပြီးကုန်ပြီ။ အပူ၊ အအေးနဲ့ အကုန်ပြောင်းလဲပြီးကုန်ပြီ။ အပူရုပ် ပြောင်းလိုက်၊ အအေးရုပ်ပြောင်းလိုက်၊ အပူရုပ်ပြောင်းလိုက် ပျက်စီးကုန်ပြီ။

ယခု ခင်ဗျားမျက်မှောက်ရောက်နေတဲ့ အထုပ်က ပစ္စုပ္ပန် အထုပ်ကြီးပါကလား။ ဒါဖြင့် ဒီက ပစ္စုပ္ပန်နဲ့ ဒီကပစ္စုပ္ပန်နဲ့ သွားပြီးတည့်ကြလို့ "စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ" မလာပေဘူးလား . . . (လာပါတယ်ဘုရား)

အဲဒီတော့မှ စက္ခုဝိညာဏ်လို့ ဝိညာဏ်ကလေး မြင်စိတ်ကလေးပေါ်တယ်။ စာဆိုမှာတော့ "မြင်စိတ်ကလေးနဲ့"လို့ဆိုပါတယ်။ ဘယ်၊ မြင်စိတ်တွင် ပေါ်လို့နာမက္ခန္ဓာလေးပါး ခွဲကောင်းတဲ့တရားလား၊ မခွဲကောင်းတဲ့တရားလား။

www.burmeseclassic.com

www.burmeseclassic.com



"ကေပ္ပါဒ"

ကေပ္ပါဒ,ကေနီရောဓ ကောလမ္ဗဏ ကေဝတ္တုက္က ဆိုတော့ ဒီဝေဒနာနဲ့ တွဲရမယ်မဟုတ်ဘူးလား။ သညာနဲ့ရော...(တွဲရပါမယ်) သင်္ခါရနဲ့ရော.. (တွဲရပါမယ်) သူ့ဟာနဲ့သူ တွဲရမယ်။ သို့သော် အကြောင်းအကျိုး မလုံလောက်သေးပါဘူးတဲ့။ တွဲဟာ ဖြစ်ပုံသာ ဘုန်းကြီးပြောတာပါပဲ။

ဦးသံဒိုင် ယုံမှားတဲ့ သံသယကို ကျုပ်ရှင်းမပေးသေးပါဘူး။ ဖြစ်ကောင်းတာ ပြတုန်းရှိသေးတယ်။ ဦးထွန်းရင် ရှင်းပြီလား။ ဖြစ်ကောင်းတာကတော့ ဒီအတိုင်းပဲ စာဆိုနဲ့ ဘယ့်နှယ်နေသတုံး..(ခြားနားပါတယ်ဘုရား)။

မခြားနားဘူးလား . . . သူ့ကို ဖဿပစ္စယာများလို ဝေဒနာလာမှကိုးဗျ။ ဒီလိုမှ မဟုတ်ဘဲ,ပဲ၊ ဒီလိုမဟုတ်ဘူး။ နာမက္ခန္ဓာလေးပါး၊ ကေပ္ပါဒ, ကေနီရောဓ, ကောလမ္ဗဏ, ကေဝတ္တုက္က တစ်ပြိုင်တည်းဆိုတော့ ဦးသံဒိုင်ဟာ အသာထားလိုက်ဦးစို့။ ခန္ဓာငါးပါး ပြည့်ပလား၊ မပြည့်သေးဘူးလား၊ ရှင်းလိုက်ဦး..(ပြည့်ပြီပါပြီဘုရား)။

ဟော..ဒါနဲ့ ဒါက ရူပက္ခန္ဓာ မဟုတ်ဘူးလား၊ တစ်ပေါင်းတည်းဖြစ်တာက နာမက္ခန္ဓာ။ ၄နှင့် ၁ပေါင်းလျှင် ၅ ဖြစ်သွားတယ်။ ဒါ..ပစ္စုပ္ပန်ခန္ဓာ မဟုတ်ရင် ဘာတုံး၊ ဒါကို ဝိပဿနာရှုရမယ်။ မနေ့ကဟာရှုလို့လည်းမရဘူး။ တမြန်နေ့ကဟာ ရှုလို့လည်း မရဘူး။ နက်ဖြန်ခါဟာကို ရှုလို့လည်း မရဘူး။ ဦးထွန်းရင် ကျေနပ်ပြီလား..(မှန်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပြီနော် . . ။(မှန်ပါ)။ မဟုတ်ဘူး၊ သာမုရမ်းမခေါ်နဲ့။ ခင်ဗျားတို့ သာခုက ကြောက်စရာကြီး မဟုတ်ဘူးလား။ မသိတဲ့ လူခေါ်တဲ့ သာခုက နွားသတ်တာ သာမုခေါ်နေရင် ခက်မယ်။ မဟုတ်ဘူးလား။ နွားသတ်သမား အမျှဝေနေသလို ဖြစ်နေမှာ တစ်ချို့ဟာတွေ . . ။

ခန္ဓာငါးပါး ဖြစ်တာတော့ ဦးသံဒိုင်က ကောင်းကောင်း ကျေနပ်ပြီဆိုကြပါစို့။ သင်္ခါရက္ခန္ဓာ ဖြစ်ပုံကလေး ဒီအထဲမှာ အတွင်းဝင်နေပုံကလေး မကျေနပ်တာဘဲ မဟုတ်လား . . ။

(တင်ပါ့ဘုရား၊ မကျေနပ်တာမဟုတ်ဘူး၊ နားမလည်တာ ဖြစ်ပါတယ်ဘုရား)။

ကဲ . . လေ့လာပါတယ်။ သို့သော် . . ဘုန်းကြီးဦးကလျာဏ နဲ့ ခင်ဗျားတို့နဲ့ အင်မတန် ရင်းပါတယ်။ ဦးကလျာဏ က ဘုန်းကြီးဆီမှာ စာဆိုဝါနဲ့ ပေါက်တဲ့လူ၊ ဘုန်းကြီးဆီမှာ စာဆို ဝါနဲ့ ပေါက်တဲ့လူ . . (တင်ပါ့ဘုရား)။ ဒီမှာနေသွားတယ်၊ နှစ်ဝါက ဒီမှာနေတယ်။ ဘုန်းကြီးဆီမှာ ပဋ္ဌာန်းကောင်းကောင်း ပေါက်တဲ့သူပဲ။ အရင်းတွေဗျ . . စပ်လိုက်ရင်အရင်းတွေ၊ ဘုန်းကြီးဆီမှာ သူက နှစ်ဝါက ရောက်တယ်။ ဒီမှာ အဘိဓမ္မာ ဆိုသွားတယ်။

ကဲ . . ဒါဖြင့် ခန္ဓာငါးပါးကုန်ပြီ၊ ပစ္စုပ္ပန်ခန္ဓာငါးပါး ကုန်ရင်ဖြင့် အတိတ်က မပါလာတာ သေချာပါပြီဘုရား လို့ မဆိုနိုင်ဘူးလား . . (ဆိုနိုင်ပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဆိုနိုင်ပါပြီ။ ဒါဖြင့် ဒီတွင်ပဲ ဝိပဿနာဉာဏ် သမ္မာရက္ခန္ဓာ လည်း မရှင်းသေးပါဘူးလား . . လို့ ဆိုတဲ့အခါကျတော့ကိုတဲ့၊ ခင်ဗျား ဒီလိုလုပ် ဖြေလိုက်တာပေါ့ . . တဲ့။

ဒီအထဲမှာ စာဆိုကတော့ ဘုရားကဟောတယ်။ ဟောစဉ်က ဟောစဉ် ဖြစ်စဉ်နှစ်မျိုးမှာ ဟောစဉ်က "စက္ခုံစ ပဋိစ္စ" သူ့ကိုလည်း အစွဲပြုရမယ်။ သူလည်းအကြောင်းပဲ၊ ဟောဒီအိတ် အထည်ထုပ်တွေလည်း အကြောင်းပဲကွ။ ဒီအကြောင်းနှစ်ခု မျက် လုံးနဲ့ အဆင်းတည်းဟူသော အကြောင်းနှစ်ပါးပေါင်းမိလို့ ဝိညာဏ်ပေါ်သကွာ။ "စက္ခုံစ ပဋိစ္စ ရူပေစ" ဟု စက္ခု ဝိညာဏ်၊ မျက်လုံးဝိညာဏ်ကလေး ပေါ်တယ်။

ကဲ . . ဦးသံဒိုင်တစ်ခုတည်းပေါ်ကောင်း, မပေါ်ကောင်း (မပေါ်ကောင်းပါဘုရား)။

မပေါ်ကောင်းရင် နာမက္ခန္ဓာလေးပါပဲ ပေါ်လိမ့်မယ်။ မပေါ် ရဘူးလား။ ပေါ်ရတော့ သူက . . သူက ဒီနေရာမှာ ခေါင်းဆောင် နေလို့ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓ, သင်္ခါရက္ခန္ဓာ လျှိုပြီးဝင်လိုက် တာ၊ သူက ခေါင်းဆောင်နေလို့။ သဘောကျရဲ့လား။

ဒါဖြင့် ဦးသံဒိုင် ဟင်းချိုသောက်ပါလား၊ ဆားငန်တဲ့ ဟင်း ချိုသောက်ပါလား၊ ဆားငန်တဲ့ ဟင်းချိုသောက်လိုက်တော့၊ ဦးသံဒိုင်က သောက်လိုက်တော့ "ငန်လိုက်တာဘုရား" မဟုတ် ဘူးလား။ ငန်တာက ပြဋ္ဌာန်းသွားလို့ပါ . . တဲ့၊ ချိုတာကလေး များ မပါဘူးလားလို့မေးရင် ဘယ့်နှယ်ပြောမယ် . . (ပါ ပါတယ်)။

www.burmeseclassic.com

www.burmeseclassic.com



ငုပ်ပါတယ်။ ငုပ်လျှိုးပြီးပါတယ်. . ရှင်းပြီလား. . ။ ချိုတာက လေးလည်း ပါ ပါတယ်။ ခရမ်းချဉ်သီးကလေးများရော မပါဘူး လား၊ ဟင်းချိုဖြင်း ခရမ်းချဉ်သီး ခပ်ကြဲသေးတာကိုး။ အချိုမှုန့် ကလေးများရော မပါဘူးလား။ ငံပြာရည်ကလေးများရော မပါ ဘူးလား၊ အဲဒီတော့ . . ပါ ပါတယ်ဘုရား)။

နို. . ခင်ဗျားဉစ္စာကို ငန်တာတစ်ခုတည်း ခေါင်းဆောင်ပြော တာကိုး . . ဆိုတော့ ဒီပြင်ဟာတွေက မထက်လို့ပါဘုရား။ မဆိုနိုင်ဘူးလား. . (ဆိုနိုင်ပါတယ်ဘုရား) သူတို့က မထက်ဘဲနဲ့ ဝင်ရပါတယ်။ ရှင်းပြီလား . . (ရှင်းပါပြီဘုရား)။

သို့သော်. . ဒါက သာမညရှင်းပေးတာ။ ဓိသေသ မဟုတ် သေးပါဘူး သာမညရှင်းပေးတာပါ။ စေတနာက မစေ့ဆော်ဘဲနဲ့ ဟောဒီမျက်လုံးက ဒီကိုမတည့်ဘူးဗျ၊ စေတနာက တွန်းမပေး လို့ရှိရင် ဒီကို တည့်တည့်မသွားဘူး။ အဆင်းဆီ တည့်တည့် သွားပါမလား . . (မသွားပါဘုရား)။

မြားချိန်သလို စေတနာတည့်ပေးမှ။ မြားက စေတနာကလေး ဟိုဘက်တည့်ပေး၊ ဒီဘက်တည့်ပေး၊ ဒီလိုမှ မြားချိန်တော့ ပစ်ကွက်ကိုမမှန်ဘူးလား . . (မှန်ပါတယ်ဘုရား)။

ကိုင်း စေတနာပါပလား, သူက တည့်ပေးနေတယ်။ ဒါနဲ့ ဒါတည့်ပေးသလို သင်္ခါရက္ခန္ဓာတည့်ပေးတယ်။ ဟော. . မင်းပစ် ရမယ့် အဆင်းကွဆိုပြီးသကာလ ဝေဒနာက ခံစားပေးတယ်။ သညာက မှတ်ပေးတယ်။ စေတနာ သင်္ခါရက စေ့ဆော်ပေး တယ်။ ဝိညာဏက္ခန္ဓာက ဒါ ငါပစ်ရမှာပဲဆိုပြီး သေသေချာချာ သိတယ်။ သဘောကျရဲ့လား . . (မှန်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် ဖဿကလည်းတဲ့ . . ဒီဟာနဲ့ဒီဟာ ဆက်သွယ်ပေး တယ်ဆိုတော့ သင်္ခါရက္ခန္ဓာကလည်း မပါဘူးလား။ ဒါဖြင့် မပြဋ္ဌာန်းဘဲနဲ့ ပါတယ်။ ပြဋ္ဌာန်းတာက ဝိညာဏ်။ မပြဋ္ဌာန်းတာ က ကျန်ခန္ဓာသုံးပါ။ ရှင်းပြီလား . . ဟင်းချိုဟင်း သောက်သ လိုပဲ၊ ဆားလွန်ကဲသွားလို့။

တစ်ချို့နေရာကျတော့ ဆားမလွန်ကဲဘဲ ငရုတ်သီး လွန်ကဲ တာ ရှိတယ်မဟုတ်လား၊ ငရုတ်သီးလွန်ကဲတယ်။ ဘုရားဖူးတဲ့ အခါ ကျတော့ စေတနာလွန်ကဲတယ်။ စိတ်က နောက်ဆုတ် နေရတယ် . .။ စေတနာလွန်ကဲနေတယ်။ သဘောကျရဲ့လား။

ဒါဖြင့် ဒီနေရာမှာ သူ မလွန်ကဲဘဲနဲ့ သမ္ပယုတ္တ အဖြစ်နဲ့ ပါနေတယ်။ ယှဉ်ဖော်ယှဉ်ဖက်အဖြစ်နဲ့ ပါရတယ်။ သဘောပေါ ရဲ့လား။

ဒါဖြင့် ခန္ဓာငါးပါး ပြည့်မပြည့် . . (ပြည့်ပါပြီ)၊ ပြည့်တယ်နော် . . မပြည့်သေးဘူးလား ဦးထွန်းရင် (ပြည့်ပါပြီဘုရား)။

ဒီတော့ နှစ်ခုပေါင်းလိုက်ရင် သူတို့နှစ်ခု ပေါင်းလိုက်ရင် ရူပက္ခန္ဓာက ရုပ်ချည်းမို့ တူရာပေါင်းလိုက်တော့ တစ်ခုတည်း ဖြစ်သွားတယ်။ နာမက္ခန္ဓာက တစ်ပေါင်းတည်းဖြစ်လို့၊ တစ် ပေါင်းတည်းဖြစ်သွားလို့ ခန္ဓာက ဦးသံဒိုင် . . ငါးပါးဖြစ်တယ်။ ဒါကို အတိတ်ခန္ဓာလား၊ ပစ္စုပ္ပန်ခန္ဓာလား မေးပြီ . . (ပစ္စုပ္ပန် ခန္ဓာပါဘုရား)။

ကဲ . . ဦးထွန်းရင် သေချာပလား၊ ဘာခန္ဓာတုံး . . (ပစ္စုပ္ပန် ခန္ဓာပါ) ပစ္စုပ္ပန်ခန္ဓာဖြစ်ရင် ခင်ဗျားတို့ဉာဏ်နဲ့ ရှာကြည့်မရဲပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ အတိတ်ခန္ဓာတော့ ခင်ဗျားတို့ ရှာလို့မရဘူး၊ သဘော ကျရဲ့လား . . (ကျပါတယ်ဘုရား)၊

အတိတ်ခန္ဓာ ရှာလို့ရှိရင် တွေ့နိုင်ပါ့မလား . . (မတွေ့နိုင်ပါ ဘုရား)။

ဘယ်တွေ့မလဲ ခင်ဗျားတို့ မရှိတာချည်း ရှိတယ်ဆိုရင် မှားမနေဘူးလား။ ရှိတယ်ဆိုရင် ရှုံးတယ် ဆိုရမှာပေါ့ . . (တင်ပါ့ဘုရား) ရှုံးတယ်လည်းဆိုရမှာပဲ။

ကဲ ဒါဖြင့် ပစ္စုပ္ပန် ခန္ဓာငါးပါး သဘောကျသွားပြီလား (ကျပါတယ်ဘုရား)။

ကျတယ်။ ဒါဖြင့် ဒါ ပစ္စုပ္ပန်ခန္ဓာငါးပါး။ ဝိပဿနာ ကျုပ် မထည့်သေးဘူးနော်။ ဒီဥစ္စာနဲ့ ဝိစိကိစ္ဆာကလေး ခွာကြဦးစို့ . . မူလစကားကလေး ပြန်အုပ်ကြဦးစို့ . . ။ နာရီက သိပ်မရှိဘူး၊ နာရီက သိပ်မရှိဘူး။

ဒါနှစ်ခုက ရူပက္ခန္ဓာဆို ရုပ်တရားတွေပဲ။ ဒီလေးခုက နာမက္ခန္ဓာဆို နာမ်တရားတွေပဲ။ ဒီတော့ ပဋိစ္စသမုပ္ပါဒ် သူက ပဋိစ္စသမုပ္ပါဒ်။ သူက ပဋိစ္စသမုပ္ပန္န။ သူတို့ နှစ်ခုကအကြောင်း။ သူတို့လေးခုကရော (အကျိုးပါဘုရား)။

အကျိုးဆိုတော့ ဦးသံဒိုင်အကြောင်း အကျိုးလားလို့ မေးတဲ့ အခါကျတော့။ ခန္ဓငါးပါးလား၊ အကြောင်းအကျိုးလားလို့ မေးတဲ့အခါကျတော့ ဘယ့်နှယ်ဖြေမလဲ . . (အကြောင်းအကျိုး ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအကျိုးပဲရှိပါတယ်။ ဒီထဲက ငါဘယ်ကမြင်ပါလိမ့် မတုံး . . ဆိုတဲ့။ အကြောင်းအကျိုးသာ ရှိတယ်လို့ သိသဖြင့် ဝိစိကိစ္ဆာ သေသွားပြီ။

အကြောင်းအကျိုးသာ ရှိတော့တယ်။ ပုဂ္ဂိုလ်, သတ္တဝါ ဦးသံဒိုင်ပါသေးသလား . . (မပါပါဘုရား) ဦးထွန်းရင်ပါသေးသလား . . (မပါ ပါဘုရား)။

ဒါဖြင့် . . ပုဂ္ဂိုလ်၊သတ္တဝါမရှိပါဘူး။ ဟောဒီအကြောင်းနှစ်မျိုး၊ ဟောဒီအကျိုးလေးမျိုး၊ ဒါပဲရှိတယ်။ ရှင်းပြီလား။

ဒါပဲရှိတယ်ဆိုတော့ အကြောင်းအကျိုးသိရင် ငါဘယ်က လာပါလိမ့်မတုံး ဆိုတဲ့ ဒီအထဲမှာ ဒိဋ္ဌိက ဝင်နိုင်သေးရဲ့လား (မဝင်နိုင်ပါဘုရား)။

မဝင်နိုင်ဘူး။ ဒါက ရုပ်တရားဖြင့် ရုပ်တရားပဲ။ ငါမရှုပ်နဲ့။ ဒါက နာမ်တရားဖြင့် နာမ်တရားပဲ . .။ ငါမရှုပ်စေနဲ့ . . ဆိုတော့ အကြောင်းနဲ့အကျိုးသိတုန်းက ယုံမှားမိခြင်း ဝိစိကိစ္ဆာ သေခဲ့ပါတယ်။ ရှင်းပြီလား။ ဒီအကြောင်းနှစ်ကြောင်းကြောင့် ဒီအကျိုးလေးမျိုး။ ဝိစိကိစ္ဆာ လာနိုင်သေးရဲ့လား . .။ သိကြား၊ ဗြဟ္မာ၊ ဘုရား လာဖန်ဆင်းတာ ဟုတ်သေးရဲ့လား . .။ (မဟုတ်ပါဘုရား) ခန္ဓာငါးပါးပဲ။

ဒါဖြင့်ရင် ဒါကံက ကံကဖြစ်စေတဲ့ ကမ္မဇရုပ်။ ရှင်းပြီလား။ ဒါမေးလို့ရှိရင် ဥတုက ဖြစ်စေတဲ့ အထည်ရုပ်တွေဆိုတော့ ရှင်းမနေဘူးလား . .။ ဒါက ဒီကံ ဥတု နှစ်ခုပေါင်းပြီး လုပ်လိုက်တဲ့ နာမက္ခန္ဓာ လေးပါး။ ပိုရှင်းမသွားဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေနည်းတာမဟုတ်ဘူး။ ခင်ဗျားတို့ တိတ်ရီကော်ဒါပါရင် သိပ်ကောင်းမှာပဲ။ ဒါသေဘာတွေ၊ ယုံမှားသံသယပါသေးရဲ့လား၊ သံသယဝင်စရာ ရှိသေးရဲ့လား..(မရှိပါဘုရား)။

မရှိလို့ရှိရင် ဒါနှစ်ခုကို ရုပ်ခေါ်မယ်။ ဒီလေးခုကို နာမ်ခေါ်မှာပဲ။ မသေချာဘူးလား၊ ဦးထွန်းရင် သေချာပြီလား..(တင်ပါဘုရား)။

ဒါဖြင့် ဒီနှစ်ခုက အကြောင်း။ ဒီလေးခုက အကျိုးဆိုရင် မှန်တာပဲ။ ဒါဖြင့် အကြောင်းအကျိုးသိတော့ ဝိစိကိစ္ဆာ ဆေးတယ်။ ရှင်းပြီလား။

ဒါဟာ ရုပ်နဲ့နာမ်ပဲ ရှိတော့တယ် ဆိုတာတော့ မသိသေးဘူးလား..(သိပါတယ်) ဒိဋ္ဌိဘယ်နေရာက ခိုမတုံး။ ခိုနိုင်သေးရဲ့လား။ ဒီထဲ ငါပါသေးရဲ့လား၊ ပါသေးသလား.. (မပါပါဘုရား) ဒီထဲရော..(မပါ ပါဘုရား) ဒီထဲမှာရော..(မပါပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိကွာနေတယ်၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကွာနေတယ်။ တစ်နာရီ မပြည့်သေးပါဘူး..တဲ့ ဟောတာ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာနေတယ်။

ဒါ..သိကွာ ရှိသေးတယ်လို့။ သိကွာ..ကျင့်ကွာ..ပယ်ကွာ..။အကွာသုံးမျိုးဟောရဦးမယ်။

ဒါ..သိကွာ။ နောက်ကျတော့ ကျင့်လို့ကွာသေးတာ ရှိသေးတယ်။ နောက်ကျတော့ မလာနဲ့ဆိုတော့ အာဏာနဲ့ကို ပယ်ကွာတာ ရှိသေးတယ်။ အကွာသုံးမျိုး၊ ဒိဋ္ဌိဝိစိကိစ္ဆာ ကွာနည်းတွေ သုံးမျိုးရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စုံအောင် ပြောရဦးမယ်၊ ဘုန်းကြီးက ပြောပါမယ်။ ခင်ဗျားတို့ ကယ်တင်ရတာ လွယ်တယ်ထင်သလား၊ ကျုပ်ဆန်အိတ် ပိုးချင်သေးတယ်ပြောတာ၊ ဆန်အိတ်ပိုးတာ ဒီကျောကပိုးပြီး ဟိုနေရာချလိုက်ရင် ပြီးသွားတာပဲ၊ ခင်ဗျားတို့နှစ်ယောက် ပိုးရတာ လွယ်တာမဟုတ်ဘူး။ လွယ်ပါ့မလား . . (မလွယ်ပါဘုရား)။

ရှင်းပြီလား၊ သို့သော် ကယ်တော့ ကယ်တင်မှာပေါ့ဗျာ . . (အခြေကကိုင်နေရတာ) ခု . . တော်တော်ရှင်းပြီလား . . (ရှင်းပါပြီဘုရား)။

ကဲ ဟဲ တစ်ခေါက်ပြန်ပြောပါဦးမယ်။ ဟောဒီမျက်လုံးတွေကလည်း ကံကပေးလိုက်တဲ့မျက်လုံး။ ကံက ခဏခဏထည့်ပေးတယ်၊ တစ်လုံးပျက်ရင်း တစ်လုံးထည့်ပေးရင်း၊ ပသာဒရုပ်ဆိုတော့ ဒီအထဲမှာလည်း ကံတည်းဟူသော အကြောင်းကြောင့်ဖြစ်တဲ့မျက်လုံး။ ဒါက ဥတုကြောင့် ဖြစ်တဲ့ အထည်အလိပ်။ မဆိုနိုင်ဘူးလား . . (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ . . ကံနဲ့ ဥတုနဲ့ ပေါင်းလိုက်တဲ့ အခါကျတော့ နာမ်ပေါ်လာတယ်။ "စက္ခုံစ ပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ပေါ့။ မပေါ်ဘူးလား . . (ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ သူက နာမက္ခန္ဓာ ဘယ်နှစ်ပါးဖြစ်သလဲ . . (လေးပါးဖြစ်ပါတယ်ဘုရား)

ဒါဖြင့် ရူပက္ခန္ဓာနှစ်ခု ထိခိုက်တာနဲ့ နာမက္ခန္ဓာ လေးပါးပေါ်တယ်။ လက်နှစ်ခု ထိခိုက်တာနဲ့ အသံပေါ်လာတယ်။ မပေါ်ဘူးလား . . (ပေါ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပါပဲ..တဲ့။ ဒါဟာ ပစ္စုပ္ပန်လား၊ အတိတ်လား၊ အနာဂတ်လားလို့ မေးရင် ဘယ့်နှယ်ဖြေမလဲ..(ပစ္စုပ္ပန်ပါဘုရား)။

ဟာ..ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာကို ခင်ဗျားတို့ တွေ့ပြီ။ သဘောကျရဲ့လား၊ ဘယ်ခန္ဓာတွေ့တာလဲ..(ပစ္စုပ္ပန်ခန္ဓာပါဘုရား)။

ကိုင်း..နားဘက်က နှာ့ထောင်လိုက်တော့ ခု ပန်ကာလည်နေတယ် ရှဲရှဲ..ရှဲရှဲနဲ့။

အင်း ကြားတဲ့နားနဲ့ ဟိုက အသံနဲ့ ပေါင်းမိရုံနဲ့ ဝိညာဏ်နာမက္ခန္ဓာလေးပါးပေါ်ဦးမှာပဲ..(မှန်ပါ့ ပေါ်ပါတယ်) ဟုတ်လား၊ ကြားတဲ့အခါလည်း ခန္ဓာငါးပါးပေါ်ဦးမှာပဲ။

အနံ့ကလေး ရှူတဲ့အခါ၊ အရသာကလေး စားသောက်နေတဲ့အခါ ခန္ဓာငါးပါးပေါ်ဦးမယ်။ သဘောကျရဲ့လား။

ဥပမာ အထည်အလိပ် စမ်းနေတဲ့အခါ ငါးပါးမပေါ်ဘူးလား (ပေါ်ပါတယ်) ကာယဒွါရမှာ ငါးပါးပေါ်မယ်။

မနောဒွါရက အိပ်ရာထဲမှာ မှိုင်တွေချ ကြံနေတဲ့ အခါရော (ငါးပါးပေါ်ပါတယ်) အဲဒီငါးပါးတွေလှည့်ရမယ်။

ဒွါရခြောက်ပါးမှာ ငါးပါးပဲ လှည့်ရမယ်။ ဒီငါးပါးချုပ်သွားရင် နောက်ငါးပါးနဲ့ အသက်ရှင်၊ မျက်လုံးပေါက်က ငါးပါးချုပ်သွားရင် နားပေါက်က ငါးပါးနဲ့အသက်ရှင်နေတယ်။ ရှင်းပြီလား။ နားပေါက်က ငါးပါးချုပ်သွားတော့ နှာခေါင်းပေါက်က ငါးပါးနဲ့ အသက်ရှင်တယ်။

www.burmeseclassic.com

တစ်ခါတလေ နှာခေါင်းချည်း ထပ်ပြီးတော့ ရှင်ချင်လည်း ရှင်မှာပေါ့ဗျာ။ တစ်ခါတလေကျတော့ လျှာငါးပါးနဲ့ အသက်ရှင်နေတာရော မရှိဘူးလား.. (တင်ပါ) တစ်ခါတလေကျတော့ ကိုယ်ပေါက်ကပေါ်တဲ့ ငါးပါးနဲ့ရော အသက်ရှင်နေတာ မရှိဘူးလား (ရှိပါတယ်ဘုရား) တစ်ခါတလေ မနောပေါက်က ပေါ်နေတဲ့ ငါးပါးနဲ့ရော.. (ရှိပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး တစ်နေ့ဘယ်နှစ်ပတ် လှည့်သတုံး မေးလိမ့်မယ် (မရေတွက်နိုင်ပါဘုရား)။

အဲဒီ မရေတွက်နိုင်တာကို တစ်ပတ်တစ်ပတ်ကို ကျုပ်တို့က တစ်ဉာဏ်တစ်ဉာဏ် လိုက်ဖို့ အရေးကြီးတယ်..။ တစ်ဉာဏ်တစ်ဉာဏ်လိုက်တော့ ဦးသံဒိုင်သေတာကို ဦးသံဒိုင်မြင်ပြီပေါ်ပြီလား..(မှန်ပါ) ဦးသံဒိုင်ခန္ဓာငါးပါးသေရင် ဆိုင်းဘုတ်ကို ဦးသံဒိုင်ဆွဲလိုက်တော့၊ ကိုထွန်းရင်ဆွဲလိုက်၊ ကိုယ့်အသေကိုယ်မြင်ပြီ။ မမြင်ဘူးလား..(တင်ပါ) ရှုခိုင်းတဲ့ အခါမှာလေ၊ မမြင်နိုင်ဘူးလား..(တင်ပါ)။

မြင်လို့ရှိရင် သူများအသေမြင်တာလား၊ မိမိအသေ မိမိမြင်တာလား၊ ဘယ့်နှယ်ဖြေကြမလဲ..(ကိုယ့်အသေကိုယ်မြင်တာပါ)။

အဲ သူများ သေတာတော့ ခင်ဗျားတို့ မသာပို့ဖူးပါတယ်။ ကိုယ်သေတော့ ဘယ်တော့မှ မပို့ဖူးဘူး။ ကဲ မသာပို့ချင်သံလား၊ ရိပ်မိပြီလား။ ဦးထွန်းရင် ပြောင်ပြောင်ပြောနော်..၊ အိမ် ဖော ဘ်မေ့မနေနဲ့။ ရိပ်မိပလား၊ မရိပ်မိဘူးလား..(ကိုယ့်အသေ ကိုယ်မသိတော့ အင်မတန် ညံ့လေရဲလို့ ရှက်မိပါတယ်)။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အောင်မယ် ခင်ဗျား ဒီရောက်လာတယ်ဆို ကျုပ်က အညှံ့မို့ ရောက်လာတယ်လို့ ယူပြီးသား။ ခင်ဗျား ရုက်မနေနဲ့တော့၊ ရုက်မနေနဲ့တော့ နိဗ္ဗာန်မရသေးရင် အညှံ့ချည်းပေါ့..(ညှံ့လို့မဲ ရောက်လာတာပါဘုရား)။

ကဲ ဒါဖြင့် ဦးသံဒိုင် တစ်နေ့ ခန္ဓာငါးပါး ဘယ်လောက်လဲ ပြီတုံး၊ ဒါဖြင့် ကုဋေငါးထောင်ကျော် လဲတာ ခင်ဗျားသဘော ကျသွားမှာပေါ့။ မကျသေးဘူးလား။

ဒါဖြင့် တစ်ပါး တစ်ပါးလဲတော့၊ ခန္ဓာငါးပါး တစ်ပါးပါး လဲလိုက်တော့ ငါးပါးစလုံး လဲနေတယ်ဆိုတော့ သဘောအားဖြင့် တော့ သိပါပြီတဲ့။ သိတော့ ငါးပါးစလုံး ရှုလို့မရပါဘူး။ သဘောပြောင်းသွားပြီ။ ငါးပါးစလုံး လဲတာကိုတော့ ဆရာဘုန်း ကြီးက ရှင်းပြတယ်။

ရှင်းပြလို့ ခင်ဗျားတို့စိတ်ထဲမှာ ကျေနပ်တယ်။ မျက်လုံး ပေါက်က ငါးပါးလဲတယ်။ မျက်လုံးပေါက်တွင်လည်း ငါးပါး ချင်းကို ထပ်ပြီး အမျိုးမျိုးလဲလိုက်တယ်။ မရှိပေဘူးလား။ နားပေါက်ကရော ထပ်ထပ်ပြီး လဲနေတယ်၊ အဆက်ဆက် ကြားနေရင် အဆက်ဆက် ငါးပါးဖြစ်မှာပဲ။

ဒါဖြင့် အသေပေါင်း ရေတွက်နိုင်သေးရဲ့လား..(မရေတွက် နိုင်ပါဘုရား)။

အဲဒီ အသေပေါင်း မရေမတွက်နိုင်တာကို အသေသိစေတဲ့ ဉာဏ်က ရှုပေးစမ်းပါဆိုတာ ဝိပဿနာ ရှုခိုင်းတာ၊ ကိုယ့်အသေ ကိုယ်ရှုခိုင်းတာ။ ပေါ်ပြီ...။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းရင် ဝိပဿနာရှုဆိုတာ ဘာပါလိမ့်မတုံး။ ကုသိုလ်ရအောင် ရှုတာလား၊ ကိုယ့်အသေ ကိုယ်ပြန်မြင်အောင် ရှုခိုင်းတာလား၊ အဲဒါ ဖြေကြစမ်းပါ..(ကိုယ့်မသာ ကိုယ်မြင်ချင်တယ်ဘုရား)။

အဲဒါ မြင်ချင်တာမဟုတ်ဘူး။ မြင်အောင်ပြတာ..(မြင်ပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ကိုယ့်မသာ ကိုယ်ကြည့်။ သဘောကျရဲ့လား၊ (မှန်ပါ့) ဘုန်းကြီးရှင်းပြမယ်နော်..။

ဦးသံဒိုင် သံသရာအစ အဝိဇ္ဇာ တဏှာကသာ ဘုရားဟောနိုင်တယ်။ ပုဂ္ဂိုလ်အစ မဟောနိုင်ဘူး။ ဟောနိုင်ပါ့မလား (မဟောနိုင်ပါဘုရား)။

အဝိဇ္ဇာ တဏှာကသာ ဦးသံဒိုင် စတယ်ဆိုတာ ဘုရားကဟောနိုင်တယ်။ ပုဂ္ဂိုလ်အစ ဟောစမ်းပါဆိုတော့ ငါဘုရားမဟောရုံပဲ။ မထင်ဘူးကွဲ့။ ရှင်းပြီလား..(တင်ပါ့ဘုရား)။

"ပုဗ္ဗကောဋိ န ပညာယတိ"။

ရှေ့အစွန်း မမြင်ဘူး။ စ တဲ့တရားသာ သူသိတယ်၊ စတဲ့ခန္ဓာ မသိဘူး။ ဘယ်လောက် ရှည်ခဲ့တယ်ဆိုတာ။ အဲဒီလောက် ရှည်ခဲ့တဲ့ အသေကို ဦးသံဒိုင်မြင်ဖူးပါရဲ့လားလို့ မေးတော့..(မမြင်ဘူးပါဘုရား)။

မြင်နိုင်တဲ့ဉာဏ် ကင်းခဲ့လို့ မလာပေဘူးဗျ။ အခုတော့ပေးပြီတဲ့၊ ဒီဆရာဘုန်းကြီးက ကိုယ့်အသေကို ကိုယ်မြင်တဲ့ဉာဏ်ကို ပေးပြီ။ ဟောဒီ မျက်လုံးထဲက မြင်စိတ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားတယ်။ မြင်တာကလေးက သူမမြင်တော့ဘူးလို့ ပျက်လို့ပေါ့။ ပျက်တာကလေးကို နောက်ကဉာဏ်နဲ့ ကြည့်လိုက်တော့ ဒါဟာ ကိုယ်သေတာဆိုတာ ပေါ်လာတာပဲ။

ကိုထွန်းရင် ကိုယ်သေတာ ကိုယ်မမြင်ဘူးလား..(မြင်ပါပြီဘုရား)။

ကိုယ်သေတာကို မြင်လို့ရှိရင်ဖြင့် တိုတိုရှင်းရှင်း ပြောကြပါစို့ ဦးသံဒိုင်ရေ၊ နောက်ဘာခန္ဓာ လိုချင်သေးသလဲဆိုရင် အို သေရမှာဖြင့် မလိုချင်ပါဘုရား. (မလိုချင်ပါဘုရား)။

ဟင် မလိုချင်ရင် မဖြစ်တော့ဘူး။ မဖြစ်တော့ ဘာတုံး အသေဇာတ်သိမ်းတယ်။ မလိုချင်မှ မလိုချင်ဘဲကိုး၊ မလိုချင်တာက ဘာလို့ မလိုချင်တာတုံး မေးဖို့ မလိုဘူး၊ မလိုချင့်ဘာက အသေမြင်လို့ မလိုချင်ဘာ။ အသေဟာ ကျုပ်တို့ ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ...။

သူလာတော့ ဒီက နောက်ဝယ်လိုချင်တဲ့ တဏှာကနောက်က ကျုပ် ခိုပါရစေဦး၊ ကပ်လို့ရသေးရဲ့လား..(မရပါဘုရား) မရတော့ဘူး။ မင်္ဂကဖြတ်တယ်။ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ်။ မပြတ်ဘူးလား။

နို့မို့လို့ရှိရင် "ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ"ဆိုတာ မလာဘူးလား..(လာပါတယ်) "ဥပါဒါန ပစ္စယာ ကမ္မဘဝေါ" ဆိုတော့ အနာဂတ်အကြောင်း သူမလုပ်နိုင်သေးဘူးလား၊ တဏှာ ဥပါဒါန် ကံဟာ အနာဂတ် အကြောင်းပဲ..။ အနာဂတ် ခန္ဓာကြီးဟာ ခင်ဗျားတို့ ကျောင်း

www.burmeseclassic.com



ဆောက်ထားတဲ့ လူတွေလိုပဲ ဒုက္ခခန္ဓာကြီးပေါ်ချင်ပေါ်နေမယ်။ လိုချင်ရင် ဒီဆက်သွားရင် ပေါ်မယ်။

ကဲ မဂ်အခြားမဲ့ကနေ ဖိုလ်လိုက်လာဦးမှာပဲ။ အဲဒီတော့ တဏှာ ဥပါဒါန် ကံလာဦးသေးရဲ့လား၊ မလာဘူး။ မလာတော့ကို ဘာဖြစ်လို့ ဦးသံဒိုင်မှာ တဏှာ ဥပါဒါန် ကံမလာပါလိမ့်မလဲလို့ မေးဖို့ မလိုဘူးလား (လိုပါတယ်ဘုရား)။

ပဟာဒီ ကိုယ့်အသေ ကိုယ်မြင်တာက မဂ်၊ ပဟာဒီမဂ်က ပဟာဒီ ပဋိစ္စသမုပ္ပါဒ် လာသမျှ အနာဂတ်တွေ ဖျက်ချတယ်။ မဖျက်သေးဘူးလား။ ဝင်ခွင့်ရသေးရဲ့လား (မရပါဘုရား)။

မဂ်ဆိုတာ နှစ်ဖက်စွန်း။ သူကတော့ ဒုက္ခသစ္စာကို သိတယ်။ ဒီနောက်က အနာဂတ်တဏှာကိုလည်း ဖြတ်တယ်။ မဖြတ်ဘူးလား (ဖြတ်ပါတယ်) မဂ်ကိုး (တင်ပါ) နို့ နှစ်ဘက်စွန်းလေ။ သူ့ကိုတော့ ဒုက္ခသစ္စာလို့ သိတယ်။ ကိုယ့်အသေကိုတော့ ဘာသစ္စာလို့ သိသတုံး . . (ဒုက္ခသစ္စာ)။

ဒုက္ခသစ္စာလို့သိနေတဲ့။ နောက်ကလာနေကျ ဓမ္မနိယာမ၊ ဘုရားဟောသိရင် ဓမ္မနိယာမနော်၊ ဘုရားဟောသိရင် ဒါဟာ နိယာမ လာမယ်နော်။ ဘုရားမပွင့်ရင် ဘာမှ မပေါ်ဘူး . .။ မဂ်ပေါ်သေးရဲ့လား၊ မပေါ်တော့ ဒါ နိယာမ မဖြစ်သေးဘူးလား (ဖြစ်ပါတယ်)။

ခု ဘုရားပွင့်ပေးလိုက်တယ်တဲ့။ ခင်ဗျားတို့ကို ဒီနိယာမဟာ နောက်ပို့ရမလား၊ မပို့ရသေးဘူးလား၊ နိယာမလာခွင့် ပေးသေးသလား . . (မပေးပါ) မပေးလို့ရှိရင် အနာဂတ်ဘဝမှာ ဦးသံဒိုင်

www.burmeseclassic.com

www.burmeseclassic.com



တို့ ဘာဒုက္ခသစ္စာပေါ်စရာ လိုသေးသလား၊ လိုသေးသလား၊ ဘယ့်နှယ်ကြောင့် အနာဂတ် ဒုက္ခသစ္စာတွေ မလာပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှင်ရင် ဟောဒီအသေမြင်လို့ ဟောဒီအသေမလာ တာဘုရား . .။အသေခန္ဓာက လာသေးရဲ့လား။ ရှင်းပြီလား။

ဒါဖြင့် ဒီအသေကို မြင်ဖို့ရာဟာ ဆရာကောင်း သမား ကောင်း မကပ်ရင် ခင်ဗျားတို့ နားလည်ဖို့ရာ မလွယ်ဘူး။ ပေါ်ပြီလား။ ကိုယ့်အသေကိုယ် မြင်ဖို့နော်၊ ဝိပဿနာကို ခင်ဗျား တို့က သာမညဆရာနဲ့ တွေ့တော့ ဘုန်းကြီးအသားယူပြောတာ မဟုတ်ပါဘူး၊ ဝိပဿနာဆိုတာ ရှုရင် ကျေးဇူးများတာလောက် ပဲ သိတာ။ ခုလို နက်နက်နဲနဲ မသိဘူး။ ကိုယ့်အသေကိုယ် ရှုတာက ဝိပဿနာ၊ ဝိပဿနာဆိုတာ ဘာပါလိမ့်မလဲ . .(ကိုယ့် အသေကိုယ် ပြန်ကြည့်တာပါဘုရား)။

သဘောကျရဲ့လား။ ဒါဖြင့် ရ ထားတဲ့ ခန္ဓာ သာယာဦးမလား (မသာယာပါဘုရား) သာယာစရာ မရှိလို့ ရှိရင် သာယာစရာ မရှိအောင် ဘယ်သူက လုပ်သတုံး။ ဟောဒီမြင်တာကလေးက လုပ်တယ်။ မြင်တာကလေးက မဟုတ်ဘူးလား . . ရှင်းပြီလား။

ဒါဖြင့် မြင်တာကလေးက မဂ်လို့ဆိုလို့ရှိရင် လွဲပါ့မလား (မလွဲပါဘုရား) ဒါဟာ ဝိပဿနာမဂ်ပဲ။ မဂ်စစ်မဟုတ်သေးဘူး။

ကဲ ဒါဖြင့် အချိန်ကလည်း နည်းနည်းများသွားလို့ ဒီနေ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ အကြမ်းသတ်ပဲပေးမယ်။ အနုမဟုတ်သေးပါဘူး။ ဒိဋ္ဌိ ဝိစိကိစ္ဆာသတ်ရင် သောတာပန် ဖြစ်ရမှာကိုးဗျ။ မူလစကား ဖြေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဒီနှစ်ခုမျက်လုံးနဲ့အဆင်းရုပ်က အကြောင်း ။ နာမက္ခန္ဓာ လေးပါးက အကျိုး . . ။အကြောင်းအကျိုးသိရင် ဒိဋ္ဌိ ဝိစိကိစ္ဆာကွာတယ်။ အကြောင်းအကျိုးသိရင် . . (ဒိဋ္ဌိဝိစိကိစ္ဆာ ကွာပါတယ်ဘုရား)။

ကောင်းပြီ . . ။ အကြောင်းထဲမှာပဲ ဒါ ငါလို့ဆိုရမလား၊ ရုပ်လို့ဆိုရမလား . . (ရုပ်လို့ဆိုပါမယ်) ဒီအကြောင်းထဲမှာလည်း ငါလို့ဆိုမလား၊ ရုပ်လို့ဆိုမလား၊ (ရုပ်လို့ဆိုပါမယ်)။

ဒီအကျိုးထဲမှာရော ငါလို့ဆိုမလား၊ နာမ်လို့ဆိုမလား (နာမ်ပါဘုရား)။

ဒါဖြင့် နာမ်ရုပ်က ပြိုင်ဖြစ်နေတာ ဒိဋ္ဌိက မကွာပေဘူးလား၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာသွားပြီ။

ဒါ အသိ ကွာ။ ပြီလား . . အလုပ်နဲ့ကွာတာမဟုတ်သေးဘူး။

ဒါဟာ သာမညဆရာနဲ့ဆိုရင် ခင်ဗျားတို့ မှားသွားမယ်။ သောတာပန်တည်ပြီပေါ့ကွ။ ဟောချင် . . ဟောချမယ်။

ဒါက ဉာတပရိညာပဲ ရှိသေးတယ်။ တီရဏပရိညာပွားရဦးမယ် . . ။ပဟာနပရိညာလည်း ပယ်ရဦးမယ် . . ။ သုံးချက်မရှိဘူးလား။

အဲဒီသုံးချက်မပါဘဲနဲ့ တချို့ ဘဝင်မြင့်ပြီးသကာလ ဆရာများနဲ့တွေ့နေလို့ အသိကွာကို သူဟာ အပယ် ကွာထင်နေကြတယ်။

ဘယ်နှစ်ခါ ကွာစရာရှိသေးသတုံးလို့ သူတို့က မေးကြတယ်။ ဟ . . ဘယ်နှစ်ခါ ကွာစရာရှိရမတုံး၊ ကွာစရာသုံးခါပဲ ရှိတာပေါ့။ ဘုန်းကြီးကပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



မယုံလို့ရှိရင် ယုတ္တိစမ်းကြစို့. . .။ ဒီဝိပဿနာရှုလို့ရှိရင် မဂ္ဂင်က ငါးပါးနဲ့ရှုရတယ်။ ရှစ်ပါးပြည့်ရဲ့လား၊ ကြည့်လေ။

ဝိပဿနာ ရှုတဲ့အခါ ဦးသံဒိုင်တို့ကမှတ် ရှုတဲ့အခါကျတော့ သတိပါလို့ကော ရှုနိုင်တယ်ဆိုရင် ပြောပါ. .(ရှုနိုင်ပါတယ်)။ သမာဓိပါလို့ကော. .(ရှုနိုင်ပါတယ်ဘုရား)။ ဝီရိယပါလို့ကော (ရှုနိုင်ပါတယ်) အကြံကောင်းလို့ကော (ရှုနိုင်ပါတယ်) အမြင်ကောင်းလို့ကော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ. .(ရှုနိုင်ပါတယ်)။

ဒီထဲက ငါးပါးရှိတယ်။ ငါးပါးက တဒင်္ဂသာ ပယ်နိုင်တယ်တဲ့၊ အမြစ်ပြတ်အောင် မပယ်နိုင်ဘူး။

BURMESE CLASSIC .com

အဲဒါကို သူတို့တချို့ အလွယ်ကြိုက်ပြီးတော့ အလွယ်ဟောတဲ့ ဆရာတွေက "မင်း သောတာပန်တည်ပြီ၊ သွားတော့ ကိစ္စမရှိဘူး၊ မင်းဟာမင်း ဘာဖြစ်နေနေ" ဒီလိုဟောချလိုက်တယ်။ အဲဒီလို ဆရာနဲ့တွေ့မှာ ဘုန်းကြီးက သိပ်စိုးရိမ်တာပဲ။

စိုးရိမ်တယ်၊ ဘဝရှုံးမသွားပေဘူးလားဗျ. .(တစ်သံသရာလုံးရှုံးတယ်) တစ်သံသရာလုံး ရှုံးတယ်။ ဒီဘဝမှာတော့ သူ့ခမျာ တဒင်္ဂကွာတာနဲ့ လိုရင်းမှ မဆိုက်သေးဘဲနဲ့ ဆရာမြှောက်တာနဲ့ ချောက်ကျနေတယ်။ မကျပေဘူးလား။ သိပ်ရှည်တာပဲ၊ ဒါတွေက (အသိနောက်ကျနေပါတယ်ဘုရား)။

ဒီနေ့ အသိကွာကလေးပဲ။ ရှင်းပြီလား. .(မှန်ပါ) ခန္ဓာငါးပါးဘစ်နေ့ ဘယ်လောက်လဲသလဲ . .(မရေမတွက်နိုင်အောင်လဲပါတယ်) မရေမတွက်နိုင်အောင် လဲတယ်။ အဲဒီသူ လဲတော့ ဘျပ်တို့က ဉာဏ်က နောက်ကနေပြီးတော့ 'လဲပြီ–လဲပြီ'လို့

www.burmeseclassic.com

www.burmeseclassic.com



သိပေးတာ ဝိပဿနာ။ ကိုယ့်ဉာဏ်မီသလောက် ပုထုဇဉ် ဉာဏ်မီသလောက် လဲပြီ–လဲပြီ သိရင် ဝိပဿနာ။ ကုဋေ ငါးထောင်ကျော်ဆိုတာ ဘုရားဖြစ်ပြီးမှ သိတဲ့အသိ..။ ခင်ဗျား တို့ ကျုပ်တို့အသိမဟုတ်ဘူး။

အဲဒါ ကျုပ်ဒါလောက် ဘုန်းကြီးက ပြောလိုက်ပြန်တော့ မျက်စိတစ်မှိတ် ကုဋေငါးထောင်ကျော် မြင်ရဲ့လား၊ မမြင်သေး ဘူး။ မမြင်သေးရင် မင်းဖျင်းလို့ မမြင်သေးတာ။

ဒီလိုဆိုရင် ခက်ကောင်းခက်ရချည်ရဲ့၊ ခက်ကောင်းခက်ရ ချည်ရဲ့။ ဘုရားဖြစ်ပြီးမှ မြင်တဲ့အမြင်။ ဘုန်းကြီးလိုက်တာက စာပေကျမ်းဂန်နဲ့ အလုံးစုံလိုက်တာ။ သူတို့က ဘုရားဖြစ်ပြီးမှ မြင်တဲ့အမြင်ကိုပဲ လိုက်နေလို့၊ မောရုံရှိမယ်။

ဒါကြောင့် ဦးသဒ္ဒိုင်တို့ ဒီနေ့စကား နှစ်ခွန်းပဲပြောမယ်။ ဘုရားမဖြစ်ခင်က ကျင့်စဉ်တစ်မျိုး..။ ဘုရားဖြစ်ပြီးမှ မြင်တဲ့ ကျင့်စဉ်ကတစ်မျိုး . .။ ဘယ်ကျင့်စဉ် လိုက်ရမလဲဆိုတော့ (မဖြစ်ခင်က ကျင့်စဉ်လိုက်ရပါမယ် ဘုရား)။

အဲဒါမဖြစ်ခင်က ကျင့်စဉ်၊ ဒါ လိုက်ရမှာ။ ရှင်းပြီလား။ ဘုရားဖြစ်ပြီးမှတော့ နာမ်က ကုဋေတစ်သိန်းပျက်တယ်၊ ဘယ်သူလိုက်နိုင်ပါ့မလဲ။ ရုပ်က ကုဋေငါးထောင်ကျော် ပျက် တယ်ကွ၊ ဘယ်သူလိုက်နိုင်ပါ့မလဲ။ လိုက်နိုင်တဲ့လူ မြင်သေး ရဲ့လား . . .။

အဲဒါ စာတတ်ဘုန်းကြီးက အဲဒါကို ဟောနေပြန်တော့ သူလည်း မျက်စိလည်နေတာပဲ။ ဦးထွန်းရင် မလည်ဘူးလား။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူကအဖြေ . . ။ ဘုရားသည် ဘယ်အမြင်နဲ့ ဘုရားဖြစ်တာတုံး။ ငါးထောင်ကျော်မြင်မှ ဘုရားဖြစ်တာလား၊ ကုဋေတစ်သိန်းမြင်မှ ဘုရားဖြစ်တာလား။ ဟုတ်လား၊ သူ့ဉာဏ်နဲ့တော့ ပဋ္ဌာန်းပွန်တည့်တည့်ကလေး ဘယ်လောက်ပဲ ပျက်နေနေ သူပျက်တာတွေ သူမြင်လို့ ဘုရားဖြစ်တာလို့မေးဖို့။ ကိုင်း . . ဒီနေ့ နာရီစေ့သွားပြီ၊ တော်ကြစို့ . . . ။

သာဓု . . သာဓု . . သာဓု။

BURMESE CLASSIC .com

www.burmeseclassic.com